

# သူ့ဝိညာဉ်နှင့် ကိုယ့်နှလုံးသား

မြတ်ငြိမ်း

# Devil's Gamble

FRANK G. SLAUGHTER

ပထမတွဲ

စာမူခွင့်ပြုချက် ၅၈၉ /၉၇ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် ၃၂၀ /၉၈ (၈)

မျက်နှာဖုံးပုံနှိပ်သူ ဦးတိုးဝင်း (၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်
(၉၆/ခ) ၁၁ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ အောင်စေတနာ ပုံနှိပ်တိုက်
(၉၀) ဓပုလ္လ (၂)လမ်း၊ ဃ/ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးသန်းမြင့်၊ လင်းလင်းစာပေ
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ ပိုက်ပိုက်

ပုံနှိပ်မှတ်တမ်း ပထမအကြိမ်။
၂၀၀၀–ပြည့်နှစ်၊ မတ်လ၊

အုပ်ရေ ၅၀၀

စာအုပ်ချုပ် ပပစိုးနှင့်အဖွဲ့

တန်ဖိုး (၁၅၀) ကျပ်။

# သူ့ဝိညာဥ် နှင့် ကိုယ့်နှလုံးသား မြှုပ်ငွေ

**Davil's Gamble**

FRANK G.
SLAUGHTER

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စု သားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အ
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အ
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အ

စည်းကမ်းလိုက်နာ သေးကင်းကာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသ
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

# (ပထမပိုင်း)

သူက သူ့ကားကို ဂါရှင်တန် မြို့ပတ်လမ်း ဖြစ်သည့် အိုင်-၄၉၅ လမ်းမကြီးမှ ခွဲထွက်သော ဆင်ခြေလျှော လမ်းသွယ်ကလေးပေါ်သို့ ချိုးကွေ့လိုက်၏။ ထို့နောက် ဒါးလက်စ်နိုင်ငံတကာလေဆိပ်၏ အနောက်ဘက်ခြမ်းဆီသို့ ဦးတည်ပြီး မောင်းလာသည်။ လေဆိပ်သို့ မောင်းရင်း မော်တော်ကားတွင် တပ်ဆင်ထားသည့် ရေဒီယိုကို ဖွင့်သည်။ နံနက်ရှစ်နာရီသတင်း ကြေညာချက်ကို နားထောင်လာသည်။ သူ့အမည်မှာ ဒေါက်တာမိုက်ကယ်ကန်နီး ဖြစ်၏။

သည်နေ့ကား တနင်္လာနေ့။ ဇွန်လ၏တနင်္လာနေ့တစ်နေ့။ ခါတိုင်း တနင်္လာနေ့များ အတိုင်းပါပဲ။ ဘာမျှပိုပြီးထူးခြားမှုမရှိ။ သူက ခါတိုင်းလိုပင် ပိုတိုမက် မြစ်ကမ်းနဖူးပေါ်ရှိ ရုံးပိတ်ရက်နားခိုရာ ကွန်းရိပ်သာကလေးမှ ပြန်လာခြင်းဖြစ်

၏။ သူ့ရုံးခန်းမှာဆေးတက္ကသိုလ်နှင့်ဆက်နေသည့်တက္ကသိုလ်ဆေးရုံနားတွင် ရှိ၏။

မည်သို့ဖြစ်စေ၊ သည်နေ့တော့ ခပ်စောစော ထွက်မည့်လေယာဉ်အဓေါက်ဖြင့် လိုက်သွားပြီး အသားအစားထိုးခွဲစိတ်ကုဆရာဝန်များ ညီလာခံကို တက်မည်။သူက ညီလာခံတွင် တင်သွင်းဖတ်ကြားမည့် သုတေသနစာတမ်းအကြောင်းစဉ်းစားလာသည်။

အသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီ ဖြစ်သော မိုက်သည် ဆေးတက္ကသိုလ်၊ အသားအစားထိုး ခွဲစိတ်ကုဘာသာဌာနတွင် လက်ထောက်ကထိက ဖြစ်၏။ သည်ဘာသာရပ်ဆိုင်ရာ ဆေးလောကတွင် အောင်မြင်ကျော်ကြားမှု အတိုင်းအတာအရတော့ သူသည် အောက်ခြေမှာပဲ ရှိသေးသည်။သို့သော် သူကတက္ကသိုလ်ဆေးရုံမှာ နေရာတစ်နေရာရထားသည်။နောက်ပြီးနယူးယောက်ရှိ ဘဲလ်ဗျူးဆေးရုံမှာလည်း ရုပ်အလှပြင်ခွဲစိတ်ကု ဆရာဝန်အဖြစ် နှစ်နှစ်တိတိ တာဝန်ထမ်းခဲ့သည်။ သည်လိုအတွေ့အကြုံတွေ ရှိထားသည့် မိုက်အတွက် ရှေ့ရေးအလားအလာသည် ကောင်းနေ၏။

စကော့ချ်နှင့်အိုင်းရစ်အနွယ်မှ ဆင်းသက်လာသော မိုက်၏ အရပ်မှာ ခြောက်ပေရှိသည်။ လှိုင်းတွန့်ဆံပင်များနှင့်ကြွေးညွတ်သော နှုတ်ခမ်းမွေးများ ရှိသည်။မျက်လုံးတွေကတော့ အပြာရောင်။ မျက်နှာပေးမှာ ခပ်ရှင်ရှင် ခပ်သွက်သွက်။ သူက တင်းနစ်ရိုက်သည်။ ရေကူးသည်။ သည်တော့ သူ့ကိုယ်ခန္ဓာမှာ ကျစ်လျစ် မာကျောနေသည်။ သူ ဆေး



ပညာဖြင့် ဘွဲ့ယူခဲ့သည့် ဗာဂျီးနီးယားတက္ကသိုလ်မှာ ဆိုလျှင် မိုက်ကယ်ကန်းသည် ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင် ဖြစ်ခဲ့၏။ သို့သော် ခုချိန်ထိ အတွယ်အတာ အနှောင်အဖွဲ့ဟူ၍ မရှိရအောင် သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ခဲ့၏။

'မိစ္ဆာဝါဒီ အယူသည်းဂိုဏ်းမှ ပြင်းထန် ရက်စက်သော အမျိုးသမီး လင်းတောလ်မင်းကို အက်ဖ်ဘီအိုင်က မည်သည့်နေရာဒေသသို့ ခေါ်ဆောင်သွားသည်"ဆိုသည်ကို ယခုတိုင် သို့လော သို့လော တွေးနေကြဆဲဖြစ်ပါသည်။ လွန်ခဲ့သည့် ခြောက်လအတွင်း ချီကာဂိုမြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများအနက် အနည်းဆုံး ဆယ်ကြိမ်ခန့်မှာ လင်းတောလ်မင်း၏ လက်ချက်ဖြစ်ပါသည်။ သူ့လက်ချက်ကြောင့် လူငါးဆယ်ခန့် သေဆုံးခဲ့ပါသည်'

ရှစ်နာရီသတင်း ကြေညာသူ၏အသံက မိုက်၏ အတွေးများကို ထိုးဖောက်ဝင်ရောက်လာသည်။

'လင်းတောလ်မင်းအား ချီကာဂိုတရားရုံး တစ်ခုခုတွင် တရားစွဲရန် အစီအစဉ်သည် ရုတ်တရက် ပျက်သွားပါသည်။ ထိုသို့ ပျက်သွားရခြင်းမှာ လင်းတောလ်မင်းက သူ့ဂိုဏ်းအကြောင်း သူသိထားသမျှ အသေးစိတ် ထုတ်ဖော်အစစ်ခံမည်ဟု အာဏာပိုင်များအား ကတိပေးသောကြောင့် ဖြစ်ပါသည်။ သူ ထုတ်ဖော်အစစ်ခံမည့် အကြောင်းအရာတွေထဲတွင် မိစ္ဆာဝါဒီဂိုဏ်း၏ စစ်ဆင်ရေးများ၊ အဖွဲ့ဝင်များ၊ တိုင်းပြည်တစ်ဝန်းရှိ အခြားအလားတူ ဂိုဏ်းများနှင့် ဆက်သွယ်မှုများ ပါဝင်မည်ဟု ကြားသိရပါသည်။ ထိုသို့ ဖော်

ကောင် လုပ်သည့်အတွက် အာဏာပိုင်များက လင်းတောလ်မင်းအား လူသတ်မှုဖြင့်တရားမစွဲဘဲ သက်ညှာသောပုဒ်မဖြင့် တရားစွဲရမည် ဖြစ်ပါသည်။ ယခုကဲ့သို့ လင်းတောလ်မင်း စိတ်ပြောင်းပြီး အာဏာပိုင်များနှင့်အပေးအယူလုပ်အောင် စွမ်းဆောင်ခဲ့သူမှာ သူနှင့် ရင်းနှီးသည့် သတင်းစာဆရာ တစ်ယောက် ဖြစ်ပါသည်။ အမြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေခဲ့သည့် အဓိပ္ပာယ်မဲ့ အကြမ်းဖက်မှုများအတွက် တာဝန်ရှိခဲ့သည့် လင်းတောလ်မင်းအား အထူးတရားရုံးဖွဲ့ပြီး စစ်ဆေးရန် ဝါရှင်တန်မြို့တော်သို့ခေါ်ဆောင်သွားလိမ့်မည် ဟု ယုံကြည်ရပါသည်။

'လင်းတောလ်မင်းထုတ်ဖော်အစစ်ဆေးမခံနိုင်မီအတွင်း အခြားအယူသည်းဂိုဏ်းများက လုပ်ကြံသတ်ဖြတ်မည့်အရေးနှင့် ပတ်သက်၍ အက်ဖ်ဘီအိုင်က အထူးလုံခြုံရေးအစီအစဉ်များ ပြုလုပ်ထားပါသည်။ယခုအချိန်တွင် လင်းတောလ်မင်းသည် ဝါရှင်တန်မြို့တော်သို့ ပျံသန်းနေသည့် လေယာဉ်တစ်စီးပေါ်တွင် ရှိနေမည်ဟု ယူဆရပါသည်။ ဝါရှင်တန်မြို့တော်တွင် လင်းတောလ်မင်း၏အစစ်ခံချက်များကို အထူးခုံရုံးက လျှို့ဝှက်ကြားနာရန် မနက်ဖြန်တွင် စတင်....'

ထိုအခိုက် တဝေါဝေါဟိန်းထွက်လာသည့်လေယာဉ်စက်သံကြီးက သတင်းကြေညာသူ၏ အသံကို ဝါးမျိုသွားသည်။ လေယာဉ်ကြီးက ဆယ့်သုံးမိုင်လောက် လှမ်းသည့် နေရာမှ ဒါးလက်စ် လေယာဉ်ကွင်းဆီသို့ နိမ့်ဆင်းပျံသန်းလာသည်။ မိုက်က စက်ခလုတ်ခုံပေါ်ရှိ ဆက်သွယ်ရေးစက်ကို လှမ်းဖွင့်



လိုက်သည်။အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းမှာမြေပြင်ထိန်းသိမ်းရေး မျှော်စင်နှင့် လေယာဉ်များ ဆက်သွယ်သည့် လမ်းကြောင်း ဖြစ်၏။

သူ့ကားကလေးမှာ အမိုးဖွင့်ထားသဖြင့်သူ့ခေါင်းပေါ်သို့ ဆောက်လာသည့် ဘိုအင်း ၇၂၇ လေယာဉ်ကြီးကို ကောင်းစွာ မြင်နေရသည်။ မိုက်က လေယာဉ်ကြီးကို မော့ကြည့်ရင်း ရုတ်တရက် အံ့သြတုန်လှုပ်သွားသည်။ လေယာဉ်ကြီးသည် နိမ့်ဆင်းပျံသန်းလာသော်လည်း လေယာဉ်မှူးက လေယာဉ်ဘီးများကို မချရသေးပါကလား။ စက္ကန့်အနည်းငယ် ကြာတော့ ဆက်သွယ်ရေးစက်ထဲမှ ထွက်လာသည့် အသံက မိုက်၏ စိုးရိမ်ထိတ်လန့်မှုကို အတည်ပြုပေးလိုက်၏။

'ဒါးလက်စ်မျှော်စင်....ခု ပြောနေတာ ထရိုင်ကွန်တီနင်တယ် ခရီးစဉ် ခြောက်နှစ်သုညပါ၊ ကျွန်တော့် လေယာဉ်ဘီးတွေချလို့မရဘူး'

'ဒါးလက်စ်မျှော်စင်မှ....ခြောက်နှစ်သုည၊ပေငါးထောင်ကို ပျံတက်ပြီး ကွင်းပေါ်မှာဝဲနေပါ'

မြေပြင်ထိန်းသိမ်းရေးမှူး၏အသံမှာ တည်ငြိမ်လှသည်။ သူ့အသံတည်ငြိမ်သလောက် သူ့စိတ်တွေ တည်ငြိမ်နိုင်ပါ့မလားဟု မိုက် တွေးမိ၏။

'ဘာဖြစ်တယ်လို့ ထင်လဲ'

'ဘီးတွေကို လက်နဲ့တွန်းချကြည့်ဖို့တွဲဖက်လေယာဉ်မှူးကို ခိုင်းထားတယ်၊ လောလောဆယ်မှာ ခင်ဗျားက ပြေးလမ်းကြောင်းကို ရှင်းပြီး အမြှုပ်တွေ ဖျန်း....'

'ကောင်းပြီ ခြောက်နှစ်သုည၊ ကျွန်တော်တို့ အရေးပေါ် ဆင်းသက်နိုင်ဖို့ စပြီး စီစဉ်မယ်'

သူ့အသံသည် တည်တည်ငြိမ်ငြိမ် ရှိနေဆဲပင်။

ထိုအခိုက် အသံလှိုင်းထဲသို့ ဒုတိယအသံတစ်သံ တိုးဝင်လာသည်။ သည်အသံက စူးရှသည်။ ဩဇာအာဏာရှိသံပေါက်သည်။

'ဝါရှင်တန် မျှော်စင်က ပြောနေတယ်၊ ဘာပြဿနာရှိလဲ'

'ခြောက်နှစ်သုညရဲ့ဘီးတွေ ချမရဘူး၊ ကျွန်တော်တို့ အရေးပေါ် ဆင်းသက်နိုင်ဖို့ ပြင်ဆင်နေတယ်'

ဒါးလက်စ်မျှော်စင်က ပြန်ဖြေသည်။

'ကောင်းပြီ ဒါးလက်စ်၊ ခြောက်နှစ်သုည အခြေအနေဘယ်လိုလဲ'

'ကျွန်တော်တို့ ပေငါးထောင်ကို တက်ပြီး ဝဲနေတယ်၊ ကျွန်တော့်တွဲဖက်လေယာဉ်မှူးက ဘီးတွေ ချလို့ရအောင် ကြိုးစားနေတယ်'

လေယာဉ်ကြီးသည် လေယာဉ်ကွင်းဘက်သို့ ဦးတည်ပြီး ခေါင်းမော့ပျံတက်သွားသည်။ မိုက်က သူ့ကားကလေးကို လမ်းဘေးသို့ ကပ်ပြီးရပ်လိုက်၏။ ထို့နောက် ကားထဲတွင်



ပါသည့် မှန်ဘီလူးအားကောင်းလှသောမှန်ပြောင်းကို ထုတ်ယူသည်။

မှန်ပြောင်းကိုချိန်ပြီး လေယာဉ်ကြီးကို ကြည့်သည်။ သူ့ချက်ချင်းမြင်လိုက်ရ၏။ လေယာဉ်ဘီးတွေ ကျမလာသေး။ သူ ကြည့်နေခိုက်မှာပင် ဘီးဖုံးတွေ ပွင့်လာသည်။ ဘီးတွေကို မြင်ရပြီ။ ထို့နောက် ဘီးတွေ တဖြည်းဖြည်း နိမ့်ကျလာသည်။

သည်တွဲဖက်လေယာဉ်မှူးကို ဂုဏ်ထူးဆောင်တံဆိပ်ပေးသင့်တယ်။ သည်လူက အသက်ပေါင်းများစွာကို ကယ်လိုက်နိုင်တာပဲဟု မိုက် တွေးနေ၏။

'ခြောက်နှစ်သုညမှ....ဒါးလက်စ်မျှော်စင်....တွဲဖက် လေယာဉ်မှူးက ဘီးတွေကို ကိုယ်တိုင်တွန်းချနေတယ်'

'ကောင်းပြီ၊ ဘီးတွေချပြီး စိတ်ချရရင် ပြော'

'ကောင်းပြီ၊ ဒီကုန်ပစ္စည်းတစ်မျိုးကိုတော့ ပျော်ပျော်ကြီး ကန်ချပစ်ချင်....'

ဆက်သွယ်ရေးစက်ထဲမှ လေယာဉ်မှူး၏ အသံသည် ခပ်အုပ်အုပ် ပေါက်ကွဲသံကြီးထဲတွင်နစ်မြုပ်သွားသည်။ထင်းရှူးပင်ကြီးများ အပေါ်ဘက်ဆီမှ ပျံသန်းရင်း မြောက်–တောင် ပြေးလမ်းကြောင်းဆီသို့ နိမ့်ဆင်းလာနေသည့် လေယာဉ်ကြီးကို လိုက်ကြည့်နေသော မိုက်ကယ်ကန်းကတော့ ဘာဖြစ်သွားသည်ကို ချက်ချင်းသိလိုက်၏။ သူကြည့်နေသည့် မှန်ပြောင်းထဲမှ မြင်လိုက်ရသည်မှာ လေယာဉ် ရှေ့ပိုင်းဓာတ်ဆီတိုင်ကီကြီး ဖောင်းကြွလာခြင်းပင်။ ကလေးတစ်ဦး

၏ ပူဖောင်းကို လေမှုတ်သွင်းလိုက်သည့်နှယ် ရှိ၏။ သူနှင့် ဆယ်မိုင်လောက်ဝေးသည့် လေယာဉ်ကြီးဆီမှ ပေါက်ကွဲသံကြီး သူ့နားထဲသို့ ဝင်ရောက်မလာနိုင်မီ အတွင်းမှာပင် ဘာဖြစ်သွားပြီ ဆိုသည်ကို သူသိလိုက်၏။ လက်ကယ်တော့ တွဲဖက်လေယာဉ်မှူးက လေယာဉ်ဘီးကို အတင်းတွန်းချလိုက်ခြင်းသည် လေယာဉ်ကွင်းတွင် တပ်ဆင်ထားသည့် ဖောက်ခွဲကိရိယာအား စနက်တံ ဖြုတ်ပေးသလို ဖြစ်သွားလေသည်။

မိုက်က ဖြစ်ပျက်နေသော မြင်ကွင်းဆီမှ သူ့အကြည့်ကို မခွာနိုင်။ လေယာဉ်ရှေ့ပိုင်း အောက်ဘက်မှ ရောင်သတ္တုပြားကြီးသည် ခေါက်ဆီတိုင်ကီမှ ပြုတ်ထွက်သွားသည်။ လေယာဉ် ကိုယ်ထည်နှင့် သတ္တုပြားကြီး ကင်းကွာသွားသည်နှင့် လေဟာပြင်ထဲသို့ ခပ်သေးသေးအရာတစ်ခု လွင့်စဉ်အွက်ကျလာသည်။ ၎င်းအရာအား တွဲဖက်လေယာဉ်မှူးဖြစ်ကြောင်း ယုံမှားသံသယ ဖြစ်စရာမလို။ သူက ခြေတွေလက်တွေကို ယမ်းခါနေ၏။ သူ့ကြည့်ရသည်မှာ လေထီးအလွတ်ခုန်သမားတစ်ဦး သူ့လေထီးမဖွင့်မီ လေထုထဲတွင် ဟန်ရေးပြ ဆော့ကစားနေသည်သို့ ရှိ၏။ တစ်ခုပဲ ရှိသည်။ ယခုကျလာသည့် တွဲဖက်လေယာဉ်မှူး၏ ကိုယ်ပေါ်တွင် ဘာလေထီးမျှ မပါခြင်းပင်။

မိုက်က တွဲဖက်လေယာဉ်မှူးထံမှ မျက်စိ ခွာလိုက်၏။ လေယာဉ်ကြီးကို ပြန်ကြည့်သည်။ အံ့သြစရာကောင်းသည်မှာ လေယာဉ်ကြီး တစ်စစီ ပြုတ်ထွက် မသွားသေးခြင်းပင်။ နောက်ပြီး တွဲဖက်လေယာဉ်မှူး အသက်ဖြင့်ရင်းပြီး တွန်းချ



ခဲ့သည့် လေယာဉ်ဘီးများသည် နေသားတကျဖြစ်သည်အထိ ကျနေပြီ။ ဘီးတွေ ပြန်ခေါက်မသွားအောင် ချိတ်ပြီး မပြီးတော့ မိုက် မပြောနိုင်။

'ခြောက်နှစ်သုညမှ ဒါးလက်စ်မျှော်စင်'

လေယာဉ်မှူး၏ ထိတ်လန့်တကြားအသံသည် ဆက်သွယ်ရေး စက်ထဲမှ ပေါ်ထွက်လာ၏။ ဘယ်နတ်ဒေဝါများက စောင့်ရှောက်ထားသည် မသိ၊ ဆက်သွယ်ရေး စက်သည် ကောင်းမွန်နေဆဲဖြစ်၏။

'ကျွန်တော်တို့ ပေါက်ကွဲမှုတစ်ခု ဖြစ်တယ်၊ ထိန်းသိမ်းရေး ခလုတ်တွေ အားလုံး ပျက်သွားပြီ၊ ကျွန်တော့် ဘီးတွေ ကျနေပြီလား'

'ဟုတ်ပြီ ခြောက်နှစ်သုည၊ ခင်ဗျားဘီးတွေ ကျနေပြီ၊ နေရာတကျ ရှိပုံရတယ်၊ ခင်ဗျား ဆင်းသက်ဖို့ လမ်းရှင်းထားပြီ'

မျှော်စင်၏ ဆက်သွယ်ရေးစက်ထဲမှ တစ်ဆင့် ကြားနေရသည်မှာ အရေးပေါ် ကယ်ဆယ်ရေးယာဉ်များ ဥသြသံ တစီစီ ဖြစ်၏။ ကယ်ဆယ်ရေးယာဉ်များက ခပ်လှမ်းလှမ်းရှိ လေယာဉ်ကွင်းထဲတွင် နေရာယူရန် ဝင်ရောက်လာကြခြင်း ဖြစ်၏။

'ဘီးတွေ ပြေးလမ်းကြောင်းနဲ့ ထိပြီးဘီးတွေချက်ကျိုးသွား ဖြစ်မယ်'

လေယာဉ်မှူး၏အသံကို ကြားရ၏။

'ဖြည်းဖြည်းချင်း အရှိန်သတ်ပါ'

ဖျောင်းဖျောင်းဖျဖျ ပြောနေသည့် မြေပြင်ထိန်းသိမ်းရေးမှူး၏ အသံကို ဖြတ်ပြီး ထိတ်လန့်တကြား အော်လိုက်သည့် လေယာဉ်မှူး၏အသံ ထွက်ပေါ်လာသည်။

'ကျွန်တော့်ဘရိတ်တွေမမိတော့ဘူး၊ စက်ကို ပြောင်းပြန်လှည့်လို့လဲ မရတော့ဘူး၊ ကျွန်တော်တို့ လေဆိပ် ပင်မအဆောက်အဦးကို ဝင်တိုက်တော့မယ်'

လေယာဉ်မှူး၏ ကြေညာချက်အပြီးတွင် တစ်ဖြုတ်မျှ တိတ်ဆိတ်သွား၏။ ထို့နောက် မိန်းကလေးတစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။ သွေးရူးသွေးတန်းဖြင့် စူးစူးဝါးဝါး အော်လိုက်သည့်အသံမှာ 'သခင်ကြီး....ကယ်တော်မူပါ' ဟူ၏။ သွေးရူးသွေးတန်း အော်ဟစ်သံကို ဝုန်းခနဲ တိုက်မိသံကြီးက ဖြတ်တောက်ပစ်လိုက်၏။ ထို့နောက်မှာ တော့ တိတ်ဆိတ်ခြင်း။ ထိုအတောအတွင်း ထိန်းသိမ်းရေးမှူး၏ စက်ထဲမှတစ်ဆင့် ကြားနေရသည်မှာ တိုက်ခိုက်မှုဖြစ်ပွားရာသို့ အသော့မောင်းလာသည့် ကယ်ဆယ်ရေးယာဉ်များ၏ ဥသြသံများ။

မိုက်က ချက်ချင်းပင်ပြည်နယ်ရဲအဖွဲ့၏လေလှိုင်းကိုပြောင်း၍ ဖမ်းလိုက်၏။ ပြည်နယ်ရဲအဖွဲ့၏ကြေညာချက်ကို အချိန်မီကလေးပင် ကြားလိုက်ရ၏။

'ဒါးလက်စ် နိုင်ငံတကာ လေဆိပ်၌ ယခုကလေးပင် ပေါက်ကွဲမှုနှင့် မီးလောင်မှုဖြစ်ပွားပါသည်။နယ်မြေအတွင်းရှိ ကယ်ဆယ်ရေးအဖွဲ့အားလုံး အခင်းဖြစ်ပွားရာသို့ သွားနေပြီ ဖြစ်ပါသည်။ တိုက်ခိုက်မှု၏ ဖြစ်စဉ်နှင့်အတိုင်းအဓာ



ကို ခန့်မှန်းပြီးချိန်အထိ အခြားအဖွဲ့များက ယာဉ်သွားလာမှုကို ထိန်းသိမ်းထားမည်ဖြစ်ပါသည်။ယခုအချိန်ထိ သိသာထင်ရှားသည်မှာ လေယာဉ်ကွင်းသို့ဆင်းလာသည့်လေယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လေဆိပ်ဆောင်ကိုဝင်တိုက်မိခြင်း ဖြစ်ပါသည်'

ဘုရားကယ်တော်မူပါ။ လေယာဉ်ထဲမှ ခရီးသည်တွေ မှန်ချပ်နံရံများ ကွဲရှပြီး စူးဝင်သည့်အန္တရာယ်မှ ကင်းဝေးပါစေဟု မိုက် ဆုတောင်း၏။ ထိုနောက် သူ့ကားကလေးကို ဂီယာထိုးပြီး တစ်ရှိန်ထိုး မောင်းထွက်ခဲ့၏။ ကားကို လေးလမ်းသွား လမ်းမကြီးပေါ်သို့ မောင်းတင်သည်။ ကံအားလျော်စွာ လမ်းပေါ်တွင် ကားတွေ ရှင်းနေသည်။ ကားအရှိန်ကို မြှင့်တင်သည်။ ကားကလေးကို တရိပ်ရိပ်ပြေးအောင် မောင်းရင်း လေယာဉ်မှူး၏ စကားလုံးများ အကြောင်း စဉ်းစားနေမိ၏။

'ဒီကုန်ပစ္စည်းတစ်မျိုးကိုတော့ ပျော်ပျော်ကြီး ကန်ချပစ်ချင်....'

လေယာဉ်မှူး၏စကားများက ဘာအဓိပ္ပာယ်ကို ဆောင်ပါလိမ့်။

၂

လေယာဉ်ကွင်း ဝင်ပေါက်နှင့် မိုင်ဝက်လောက် အကွာသို့ ရောက်တော့ ရပ်တန့်ထားသည့် ကားတန်းရှည်ကြီးကို မိုက် တွေ့ရ၏။ သည်ကားတွေကို ရပ်ခိုင်းထားသည့် ရဲတစ်ယောက် ယောက်ကတော့ ရှေ့ဘက်တစ်နေရာရာမှာ ရှိမည်။ လေယာဉ် ကွင်း ဝင်ပေါက်မှာ ဖြစ်ဖို့များသည်။

မိုက်က တုံ့ဆိုင်းမနေဘဲ ကားတန်းရှည်ကြီးကို ကျော်တက် ခဲ့၏။ ရပ်ထားရသည့်ကားတွေထဲမှ ဒေါသ ထွက်နေသည့် ယာဉ်မောင်းသူတွေက လက်သီး လက်ခမောင်းတန်း ပြကြ သည်။ ဆဲရေးတိုင်းထွာကြသည်။ သူတို့ကို အမိန့်ဖြင့် အတင်း ရပ်ခိုင်း၍သာ ရပ်ထားကြရသည်။ လေယာဉ်ကွင်းထဲမှ တိုက် ခိုက်မှုအကြောင်း သူတို့ သိလိုက်ဟန်မတူ။



လေဆိပ်ဝင်ပေါက်သို့ ရောက်ခါနီးတွင်မှ နယ်စီးရဲမှူးရုံး မှ ရဲကားတစ်စီးက သူ့ကို ဆီးတားသည်။ ကားနံဘေးတွင် ဖားပြုပ် မျက်နှာနှင့် ရဲအရာရှိ တစ်ယောက်က မိုက်အား အစိမ်းလိုက် ဝါးစားတော့မည့်ပုံစံဖြင့် ကြည့်နေသည်။

'သေတော့မှာပဲ၊ ခင်ဗျား ဘယ်ကိုသွားမလို့လဲ'

မိုက်က သူ့ပိုက်ဆံအိတ်ကို ထုတ်ယူပြီး မှတ်ပုံတင် ကတ် ပြားကို ပြသည်။

'ကျွန်တော်က ဆရာဝန်ပါ၊ နောက်ပြီး ဂျော့တောင်း က မှုခင်းဆရာဝန်ပါ'

'ကျုပ် ဂရုမစိုက်ဘူး၊ ခင်ဗျားဟာခင်ဗျား သမ္မတကြီး ပဲ....'

ထို့နောက် ဒေါသလှိုင်းတွေ ရုတ်ခြည်း ရပ်တန့်သွား သည်။

'ခြေ....ခင်ဗျားက ဆရာဝန်လား၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ လမ်းလျှောက် စကားပြော စက်ကလေးနဲ့ ဗိုက်ပူတွေ ဦးစီးညွှန်ကြားနေတဲ့ ပုဂ္ဂိုလ်ကို မေးလိုက်ပါလားဗျာ၊ ကျွန်တော့်ကို အထဲ ဝင်ခွင့် ပြုမပြု ဆိုတာ သိရအောင်လေ၊ အထဲမှာ ဘာတွေဘယ်လို ဆော ရှက်ရမယ်ဆိုတာ ကျွန်တော် သိတယ်လေ၊ ခင်ဗျားနဲ့ဒီအပြ ဘက်မှာ ငြင်းခုံနေရတာ အကျိုးမရှိပါဘူး'

ရဲအရာရှိက လမ်းလျှောက် စကားပြောစက်ဖြင့် ဆက် သွယ် စကားပြောသည်။

'ဒီအပြင်ဘက်မှာ ဆရာဝန်တစ်ယောက် ရောက်နေပါတယ်၊ သူက အထဲကိုဝင်လာပြီး ကူညီချင်ပါတယ်တဲ့၊ ဆရာ သူ့ကို ဝင်ခွင့်ပြုစေချင်ပါသလား'

'ဝင်ခွင့်ပြုစေချင်သလား....ဟုတ်လား၊ သူ့ကို မင်းကိုယ်တိုင် လိုက်ပို့၊ဒေါက်တာ ဆမာသာဆီကို ခေါ်သွား၊ သူ့ခမျာ ဧလချီးလည်နေပြီ'

'သူတို့က အိုကေလို့ ပြောပါတယ် ဆရာ၊ ကျွန်တော်နဲ့ လိုက်ခဲ့လေ၊ ဒါမှ လမ်းမှာ ဆရာ့ကို ဘယ်သူမှ မတားမှာ'

ကွေ့ဝိုက်သွားသော ချဉ်းကပ်လမ်းအတိုင်း ရဲကားနောက်မှ လိုက်သွားသည်။ အိုးရင်း ၇၂၇ လေယာဉ်ကြီးသည် ခေတ်မီလှပစွာ မှန်ချပ်ကြီးများဖြင့်ကာရံထားသည့် လေဆိပ်အဆောက်အဦးထဲသို့ ခေါင်းထိုးပြီး ရပ်တန့်နေလေပြီ။ လေယာဉ် ရပ်တန့်သွားချိန်တွင်လေယာဉ်တောင်ပံက မှန်ချပ်ကြီးများကို ကွပ်ထားသည့် သတ္တုဘောင်များကို တိုက်မိ၏။ ကြမ်းပြင်မှ မျက်နှာကြက်အထိ တက်သွားသည့် အဆိုပါ သတ္တုချောင်းတွေသည် ဘောင်အဖြစ်သာ မကဘဲ မျက်နှာကြက် ခုံးခုံးကြီး၏ ထောက်တိုင်များအဖြစ်လည်း တည်ရှိနေသည်။

လေယာဉ် ခေါင်းထိုးဝင်သွားသည့် နေရာ၏ တစ်ဖက်တစ်ချက်ရှိ မှန်ချပ်ကြီးများမှာ ကွဲရှပြိုပျက်ခြင်း မရှိ။ ၎င်းမှန်ချပ်ကြီးများကို ဖောက်ထွင်းမြင်နေရသည်မှာ မီးခိုးလုံးကြီးများကြားမှ လူးလွန့်တက်နေသည့် မီးတောက်များ။ ၎င်း မီးတောက်များကို ငြိမ်းသတ်ဖို့ ကြိုးစားနေသည့် မီး



သတ် ပိုက်ခေါင်းများမှ ထွက်လာသည့် ရေလုံးများ။ လေယာဉ် ခေါင်းပိုင်းမှာ မီးလောင်နေဆဲ ဖြစ်၏။ လေဆိပ်အဆောက်အဦးထဲသို့ ခေါ်သွင်းခြင်း မခံရမီ အချိန်ကလေး ရခိုက် မိုက် စဉ်းစားမိလိုက်၏။ လေယာဉ်ရှေ့ပိုင်းမှ ပါလာသူတွေထဲတွင် အသက်ရှင်လျက်ထွက်လာနိုင်သူတစ်ဦးတလေပင် ရှိပါလေစ။

မှန်ချပ်နံရံကြီးတွေနှင့်သတ္တုဘောင်ကြီးတွေက လှသည်။ မျက်စိပသာဒ ဖြစ်စေသည်။သည်မှန်ချပ်နံရံကြီးတွေကြောင့်ပင် ဒါးလက်စ် လေဆိပ်သည် ကမ္ဘာပေါ်ရှိ အခြားအခြားသော လေဆိပ်များနှင့်မတူ၊ တမူထူးနေစေ၏။ သည်လို မှန်ချပ်ကြီးတွေ ကာရံပြီး အဆောက်အဦးဆောက်ဖို့ စိတ်ကူးရခဲ့သည့် ဗိသုကာပညာရှင်မှာလည်း အောင်မြင်ကျော်ကြားခဲ့၏။သို့သော် တကယ်တမ်းကျတော့ သည်မှန်ချပ် နံရံကြီးများသည် အားပျော့လှကြောင်း မိုက်ချက်ချင်းမြင်တွေ့လိုက်ရ၏။

လေဆိပ်အဆောက်အဦး အတွင်းဘက်မှ ကြမ်းပြင်များပေါ်တွင် မှန်ကွဲစတွေ ပြည့်နှက် ပြန့်ကြဲနေ၏။ လေယာဉ်ရှေ့ပိုင်းတွင် ပါလာသူများအား သယ်ထုတ်လာရာမှ ကျခဲ့သည့် သွေးများက ကြမ်းပြင်ကို ချောကျိနေစေ၏။ မိုက်မှာ လမ်းလျှောက်ဖို့ပင် ခက်ခက်ခဲခဲဖြစ်နေ၏။

'ကျွန်တော်တို့ လေဆိပ်ပင်မ အဆောက်အဦးကိုဝင်တိုက်တော့မယ်' ဟူသော လေယာဉ်မှူး၏ အသံကို ဆက်သွယ်ရေးစက်ထဲမှ ကြားလိုက်ရသည်မှာ မိနစ် နှစ်ဆယ် ကျော်ကျော်

လောက်ပဲ ရှိသေးသည်။ သည်တော့ အခင်း ဖြစ်ပွားသည့်နေရာတွင် ဝရုန်းသုန်းကားဖြစ်နေဆဲကို မြင်တွေ့ရသည်မှာ သိပ် မထူးဆန်းလှပါချေ။ လေယာဉ်ပျက်ကျမှု၊ လေယာဉ် တိုက်မှု၊ သို့မဟုတ် လေယာဉ်ကွင်းထဲတွင်ဖြစ်ပေါ်တတ်သည့် အရေးအခင်းများလို ထိန်းသိမ်းရန် လေ့ကျင့်ထားသည့် မီးသတ်သမားများက သူတို့လုပ်ဆောင်စရာ ရှိသည်များကို ထိရောက်စွာ ဆောင်ရွက်နေ၏။

မီးတောက်ကြီးများသည် လေယာဉ်ဦးခန်းမှ တိုးထွက်နေဆဲ ဖြစ်၏။ မီးကျီးခဲလို ပူကြွပ်နေသည့် သတ္တုများနှင့် ရေလုံးများ ထိတွေ့ပြီး ပူလောင်သော ရေငွေ့တွေ တရှိန်ရှိန် တက်နေ၏။ မီးခံဝတ်စုံနှင့် မျက်နှာအကာများ ဝတ်ဆင်ထားသည့် မီးသတ်သမားများက လူသေများကို သယ်ထုတ်လာ၏။ တစ်နေရာတွင် စီတန်းပြီး ချထား၏။ ထိုနေရာတွင် ရဲအရာရှိတစ်ဦးနှင့် လေကြောင်း ကုမ္ပဏီ စာရေးတစ်ဦးက သေဆုံးသူ မည်သူမည်ဝါ ဖြစ်ကြောင်း သိနိုင်ရန် အထောက်အထားများကို ရှာဖွေနေ၏။

လေယာဉ်ကြီးတည့်တည့် ဝင်တိုက်မိသည့်နေရာတစ်ပိုက်ရှိ ဈေးဆိုင်များ၊ စားသောက်ဆိုင်များမှာ တငွေ့ငွေ့ လောင်နေဆဲ ဖြစ်၏။ လေဆိပ် အမှုထမ်းများက မီးသတ်ဘူးများကိုင်ပြီး ငုပ်မီးတောက်များကို ငြိမ်းသတ်ဖို့ ကြိုးစားနေ၏။ သည်တော့ မီးသတ်သမားများအနေဖြင့် ပို၍ အရေးကြီးသည့် အလုပ်များကို လုပ်ခွင့်ရသွားသည်။ မီးသတ်သမား



များက လေယာဉ်ရှေ့ပိုင်းကိုလောင်နေသည့်မီးကို လေယာဉ်နောက်ပိုင်းသို့ ကူးမလာအောင် တားထားဖို့ အားထုတ်ကြသည်။

လေဆိပ် အဆောက်အဦး၏ တစ်ဖက်စွန်းတွင်မူ ပွဲကြည့် ပရိသတ်တစ်စု။ သူတို့အုပ်စု ရှေ့တိုးမလာနိုင်အောင် လေဆိပ် လုံခြုံရေးဝန်ထမ်းတစ်ဦးက ဟန့်တားထားသည်။ မိန်းမတွေက ငိုယိုနေကြသည်။ လူကြီးတွေ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး ကလေးတွေက အော်ဟစ်နေကြ၏။ သို့သော် သူတို့ အသံတွေသည် ရေငွေ့ထွက်သံ တရှဲရှဲနှင့်မီးသတ်ကားများမှ စက်သံတွေကို တိုးမပေါက်နိုင်ပေ။

ထို့နောက် မိုက်ဘာအုံတဖြဲတွေ့လိုက်ရသည်မှာ အပန်းဖြေခရီးပြန်ပွဲကြည့် ပရိသတ်များ။ သူတို့က သွေးပျက်ဖွယ် မြင်ကွင်းကို ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ယူရင်းအလုပ်များနေကြသည်။ တချို့က ရုပ်ရှင်ကင်မရာ အသေးစားကလေးများဖြင့် ရိုက်နေကြသည်။ ၎င်းတို့နှင့်အတူ မြင်ကွင်းထဲတွင် ယောက်ယက်ခတ် လှုပ်ရှားနေသည်မှာ ရုပ်မြင်သံကြား အဖွဲ့တစ်ဖွဲ့ ဖြစ်၏။ သူတို့က ရုပ်မြင်သံကြား ကင်မရာတွေ၊ မိုက်ကရိုဖုန်းတွေ၊ ထိန်ထိန်ညီး မီးမောင်းကြီးတွေနှင့် အလုပ်ရှုပ်နေကြ၏။ သူတို့က မီးလောင်နေဆဲ ဖြစ်သည့် လေယာဉ်ရှေ့ပိုင်းကိုရိုက်ကူးနေကြ၏။ ရဲအဖွဲ့ဝင်များ၏ အမိန့်တွေကိုလည်း ဂရုမစိုက်။ မီးသတ်သမားများ၏ ကျိန်ဆဲသံကိုလည်း အမှုမထား။

အလောင်းများ စီတန်းထားသည့် နေရာနားတွင် စိတ်ကသိကအောက် ဖြစ်နေဟန်ရှိသည့် ထောင်ထောင် မောင်းမောင်း လူတစ်ယောက် ရှိ၏။

ထိုသူက မီးခံဝတ်စုံဝတ်ထားသည့် မီးသတ်သမားတစ်ဦးကို ဖမ်းတားသည်။ မီးသတ်သမား သယ်ထုတ်လာသည့် ခရီးသည်၏ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ မျက်ခွံကို လှန်ပြီး မျက်စိသူငယ်အိမ်ကို ကြည့်သည်။ ထို့နောက်အခြားအလောင်းများနှင့် အတူထားရန် ခေါင်းတစ်ချက် ဆတ်ပြသည်။ မိုက်က ဆေးအိတ်ကို ဆွဲပြီး သေဆုံးများ၊ မီးလောင်ထားသည့် လူသေများမှ ပွဲကျသည့်အသားစများ ချောကျိနေသည့် ကြမ်းပြင်ပေါ်မှ ခက်ခက်ခဲခဲလျှောက်ပြီး ထောင်ထောင် မောင်းမောင်း ပုဂ္ဂိုလ်ထံ သွားသည်။

'ဒေါက်တာဆမေသာပါလား'

'ဟုတ်တယ်၊ ဘာလုပ်မလို့တုံး'

'ကျွန်တော်က တက္ကသိုလ်ဆေးရုံက ဒေါက်တာမိုက်ကယ်ကန်းပါ၊ ကျွန်တော် ကူညီနိုင်တာများ ရှိပါသလား'

'စိတ်မရှိနဲ့နော် ဒေါက်တာ၊ ကျုပ်က ခင်ဗျားကို အော့နှလုံး နာစရာကောင်းတဲ့ တီဗွီအဖွဲ့ထဲက တစ်ယောက်ယောက်အောက်မေ့လို့၊ လေယာဉ် ရှေ့ပိုင်းက လူအားလုံးလိုလိုကတော့ သေကုန်ပါပြီ၊ အခြားလူတွေကတော့ နောက်ပိုင်းထွက်ပေါက်ကနေ ကယ်ထုတ်သွားပါပြီ၊ ဟိုရှေ့နားကမိန်းမတွေကို တစ်ချက်လောက် ကြည့်လိုက်ပါလား၊ အဲ့ဒီအထဲက တစ်ယောက်ကတော့ အသက်ရှင် နေနိုင်သေးတယ်'



'ကျွန်တော် သွားကြည့်လိုက်ပါ့မယ်'

မိုက်က မီးလောင်နေသည့်နေရာနှင့် ပေငါးဆယ်လောက်ကွာသည့် အာမခံအရောင်းဌာနသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။

'ကျုပ် သူတို့ကို ပစ်မထားပါဘူး၊ ခဏနေရင် နောက်ဆုံးပေါ် ပစ္စည်းကိရိယာတွေပါတဲ့ ကယ်ဆယ်ရေးအဖွဲ့နှစ်ဖွဲ့ ရောက်လာပါလိမ့်မယ်၊ အဲဒီတော့မှပဲ သူတို့ကို ကျွမ်းကျင်သူတွေက အစွမ်းကုန် ကယ်ဆယ်ပါလိမ့်မယ်'

ဒေါက်တာဆမေသာက နောက်ဘက်မှလှမ်းအော်ပြောသည်။

'သူတို့ကို ကျွန်တော် ဂရုစိုက်လိုက်ပါ့မယ်'

မိုက် ကတိပေးလိုက်၏။ ဒေါက်တာဆမေသာ ဆောင်ရွက်နေသည်မှာ မှန်သည်ဟုလည်း သဘောပေါက်လိုက်၏။ ဒေါက်တာဆမေသာက သေချာပေါက် သေဆုံးသူများနှင့် အသက် ရှင်နိုင်သေးသူများကို ခွဲခြားထားသည်။ မလှမ်းမကမ်းရှိ အင်ဒရူးလေယာဉ်ကွင်းမှ ရေမရဟတ်ယာဉ်ကြီးဖြင့် ပျံသန်းလာပြီး ခေတ်အမီဆုံးကိရိယာတန်ဆာပလာများ တပ်ဆင်ထားသည့် ကယ်ဆယ်ရေးအဖွဲ့ကလိုအပ်သည်များကို ဆက်လုပ်လိမ့်မည်။

အာမခံစာချုပ်များ အရောင်းကောင်တာရှေ့တွင် အုပ်ထားသည့် အရာနှစ်ခုရှိသည်။ ၎င်းအရာနှစ်ခုကို အာမခံအရောင်းစာရေးမကငုံ့ကြည့်နေသည်မှာ ခရီးသွားညှိသည်

တစ်ယောက်က မြွေသမှာယ် ပြနေသူဘစ်ဦးအား နှစ်သက်အံ့ဩစွာ ကြည့်နေသည်သို့ရှိ၏။

'ရင်တုန်စရာ ကောင်းလိုက်တာ ဒေါက်တာရယ်'

ကြမ်းပေါ်တွင်ရှိနေသည့်ကိုယ်ခန္ဓာနှင့်ခုအနက် အနီးဆုံးကိုယ်ခန္ဓာ တစ်ခုအနီးတွင် ဒူးထောက်ထိုင်ပြီး ခေါင်းအိတ်ကို ကြမ်းပြင်ပေါ်သို့ချလိုက်သည့် မိုက်အား အမျိုးသမီးက ပြော၏။

'မှန်နံရံကြီးကို လေယာဉ်ခေါင်းကြီး ဝင်တိုက်တော့ ကျွန်မက အဆောက်အဦးရဲ့ ဟိုဘက်စွန်းကနေ ကြည့်နေမိရက်သား ဖြစ်နေတာရှင့်၊ အဲဒီမှာ သတ္တုတောင်ကြီးအစ်ခုနဲ့ တိုက်မိပြီး လေယာဉ်ဦးခန်းက မှန်တွေ ကွဲကုန်တော့တာပဲ၊ အဲဒီမှာ လေယာဉ်ဦးခန်းက ကွဲသွားတဲ့ မှန်ပေါက်ထဲကနေ ဟောဒီအမျိုးသမီး လွင့်ထွက်လာပြီး ကြမ်းပြင်ပေါ်ကို မျက်နှာနဲ့ ကျတော့တာပဲ'

အမျိုးသမီးက ကျောချမ်းသွားသလို တစ်ကိုယ်လုံး တုန်သွား၏။

'သူ့မျက်နှာနဲ့ကြမ်းပြင် ထိတဲ့အချိန်မှာထွက်လာတဲ့အသံဟာ ရေစိုအဝတ်တစ်ခုကို လုံးပြီး ရေချိုးခန်းကြမ်းပြင်ပေါ် ပစ်ချလိုက်တဲ့ အသံမျိုးပါပဲရှင်'

မိုက်က သူနှင့်နီးသည့် အမျိုးသမီး၏မျက်နှာကို ကြည့်ရန် စောင်ကိုဆွဲလှန်လိုက်၏။ အရောင်းစာရေးမကလည်း အနီးကပ် ကြည့်လို့ရအောင် ခါးကိုကိုင်းလိုက်၏။



'အလို....ဘုရားရေး အဲဒါ လင်းတောလ်မင်းပဲ၊ တရားစီရင်ချက်က ကဗျာဆန်လိုက်တာနော်'

ထူးဆန်းအံ့ဩစရာကောင်းသည်မှာအမျိုးသမီး၏အဝတ်အစား အားလုံးနီးပါးသည် မီးလောင်ကျွမ်းသွားပြီ ဖြစ်သော်လည်း သူ့မျက်နှာမှာ ဒဏ်ရာတစ်ချက်မျှ မရခြင်းပင်။ မီးလောင်သည့် ဒဏ်ရာများမှာ ပြင်းထန်လွန်းသဖြင့်မီးသတ်သမားများက သူ့အား လေယာဉ်ထိုင်ခုံပေါ်မှ ဆွဲယူပြီး မီးလောင်နေသည့် လေယာဉ်ထဲမှ သယ်ထုတ်ရတွင် သူ့ကိုယ်ပေါ်မှ အရေပြားတွေ တောင်တောင်များများ စုတ်ပြတ်၍ ကွာကျကုန်သည်ကိုတွေ့ရ၏။

ယုံကြည်ရန် ခက်လောက်သည်မှာ သူ့မျက်နှာပေး ဖြစ်၏။ တစ်ကိုယ်လုံး မီးလောင်ပြီး သေရသူ တစ်ယောက်အဖို့ ဝေဒနာကို မခံမဆံ့ ခံစားခဲ့ရသည့်သွင်ပြင် ပေါ်သင့်၏။ သို့သော် ထိုသို့သော သွင်ပြင်ကာကွက်ကာမျိုး လုံးဝမတွေ့ရ။ သည့်အစား ငြိမ်သက်နေပြီဖြစ်သည့် သူ့ရုပ်လက္ခဏာများမှာ ထူးထူးခြားခြားဖြစ်နေ၏။

သူ့မျက်နှာပေါ်တွင် ထင်ဟပ်နေသည့် ညစ်ကျယ်ကျယ် အပြုံးတစ်ရပ်က မိုက်အား တုန်လှုပ်သွားစေ၏။ မည်သို့ဖြစ်စေ ဖြစ်ပေါ်လာသည့် ခံစားချက်ကို စကားလုံးများဖြင့် ဖော်ပြလိုက်သည်မှာ အာမခံ အရောင်းစာရေးမပင် ဖြစ်သည်။

'သူ့မျက်နှာကို ကြည့်စမ်း ဒေါက်တာ၊ သူ့ကို အက်ဖ်ဘီအိုင်က ချိကာဂိုကနေ ခေါ်မလာခင် မနေ့ညက ဘီဗွီပေါ်

မှာ ပြတော့ သူ့မျက်နှာပေးက ခု မျက်နှာပေးအတိုင်းပဲ၊ သူ့ကြည့်ရတာ မလိုင်တွေ ခိုးစားထားတဲ့ ကြောင်နဲ့တူပါ”

သည်မိန်းကလေး ပြောတာ မှန်သည်ဟု မိုက် စိတ်ထဲမှ သဘောတူလိုက်၏။ သူက ကြမ်းပြင်ပေါ်မှ အမျိုးသမီးကို ခပ်သွက်သွက် စစ်ဆေးကြည့်သည်။ လင်းတောလ်မင်း သေဆုံးသွားပြီ ဆိုသည်ကို တစ်စက္ကန့်လေးမျှ ယုံမှားသံသယ ဖြစ်စရာမလို။ မိုက်က လင်းတောလ်မင်း၏မျက်နှာကို စောင်ဖြင့် ပြန်ဖုံးလိုက်သည်။ ပြီးတော့ အခြား အမျိုးသမီး၏ မျက်နှာပေါ်မှစောင်ကိုလှပ်လိုက်သည်။မြင်ရသည့် မြင်ကွင်းကြောင့် မိုက်ပင် ကြက်သီးညင်း ထသွားသည်။

အာမခံအရောင်းစာရေးမ ပြောသလိုပင် ဒုတိယ မိန်းကလေး၏ မျက်နှာမှာ ကြမ်းပြင်နှင့် ရိုက်မိသည်မှာ ထင်ရှားနေ၏။ သူ့မျက်နှာ အစိတ်အပိုင်းများမှာ စက္ကူပျော့ဖတ် နီးပါး ဖြစ်နေပြီ။ သို့သော် အရေပြား စုတ်ပြတ်ခြင်းမှာမူ ညာဘက်မျက်လုံးထောင့်တွင် မဆိုစလောက်ကလေးပဲ ရှိ၏။ ခုလို ခဏတစ်ဖြုတ် စစ်ဆေး ကြည့်ရုံလောက်ဖြင့်တော့ ထိခိုက်မှုမဖြစ်ခင်က သူ့ရုပ်သွင် မည်သို့ရှိမည် ဆိုသည်ကို မိုက် မခန့်မှန်းနိုင်တော့။ သို့သော် ထိခိုက်ဒဏ်ရာ ရပုံမပေါ်သည့် သူ့ခန္ဓာကိုယ်ကမူ ချစ်စရာ ကောင်းလောက်အောင် လှသည်။ ရှည်လျားသော အရိုးကြီးများ ကျိုးပဲ့ခြင်း မရှိသည့်အတွက် သူ့အရပ်သည် ငါးပေ ရှစ်လက်မလောက် မြင့်မည်ဟု မိုက် ခန့်မှန်းလို့ရသည်။ကိုယ်ခန္ဓာအချိုးအစားက အရပ်နှင့် လိုက်ဖက်ပြေပြစ်သည်။



မှုန်နံ့ရုံကြီးနှင့် လေယာဉ်ဦးခန်း တိုက်မိပြီး ပေါက်ထွက်သွားသည့် [illegible]မှုန်တွေထဲမှ သည်မိန်းကလေး လွင့်ကျလာသည်မှာ သိသာသည်။ သူ လွင့်ကျလာပြီးမှ လေယာဉ်ဦးခန်းနှင့် ရှေ့ပိုင်းကို မီးလောင်ခြင်း ဖြစ်မည်။ ထို့ကြောင့် သူလို လွင့်ကျမလာသည့် လင်းတောလ်မင်းမှာမီးဒဏ်သင့်ပြီး သေဆုံးရခြင်း ဖြစ်၏။ မည်သို့ဖြစ်စေ ထိုသို့ လွင့်ကျလာပြီး မျက်နှာနှင့် ကြမ်းပြင် ရိုက်မိသဖြင့် သူ့မျက်နှာမှာ ရုပ်မပေါ်တော့။ နောက်ပြီး ဦးနှောက်ထိခိုက်သွားနိုင်သည်။ သည့်ထက် ပိုဆိုးသည်မှာ ဦးခေါင်းခွံကျိုးပဲ့သွားနိုင်သည်။

နှာခေါင်းမှာ နှာခေါင်းဟူ၍ မမှတ်မိနိုင်တော့လောက်အောင် ပြားချပ်နေ၏။ မေးရိုးအပေါ်ခြမ်းမှာ အတွင်းဘက်သို့ နိမ့်ဝင်သွားသည်။ မေးရိုးအောက်ဘက်ခြမ်းမှာမူ အနေအထား ပျက်သွားပုံမပေါ်။ သို့သော် အရိုးတွေကျိုးကုန်သည်တော့ သိသာသည်။ သို့ဖြစ်သည့်တိုင် မိုက်က မေးရိုးအပေါ်ခြမ်းကို လက်ညှိုး၊ လက်မဖြင့် ညှပ်ကိုင်ပြီး ညင်ညင်သာသာ လှုပ်ကြည့်ရာ ကျိုးနေသည့်အရိုးများ ပွတ်တိုက်သံကို ကြားနေရ၏။

သည်မိန်းကလေး၏ နှာခေါင်းနှင့်ပါးစပ်မှထွက်နေသည့် သွေးတွေကလည်း တော်တော်ကြီး များသည်။ကြမ်းပြင်မှာ သွေးတွေကြောင့် ချောကျိနေ၏။ သူ့ခေါင်း အောက်ရှိ ကြမ်းပြင်တွင် သွေးအိုင်ထွန်းနေ၏။ သို့သော် မိုက်၏စိတ်မှန်း အရဆိုလျှင် သွေးကြောပြတ်သည့် ပမာဏမှာ သေလောက်အောင် မများနိုင်။ သို့ဖြစ်သည့်တိုင် ကျောက်သားလို မာ

ကျော့သော ကြမ်းပြင်နှင့် ဦးခေါင်း ရိုက်မိသ[illegible]အတွက် ဦးခေါင်းနောက်ထိခိုက်ပြီး သွေးလွန်ပြီး သေသွားနိုင်သည်။

မိုက်က ပို၍ စေ့စေ့စပ်စပ် စမ်းသပ်ကြည့်သည်။ မိန်းကလေး၏ နှလုံးကို နားကြပ်ဖြင့် ထောက်ကြည့်သည်။ နှလုံးခုန်သံ မကြားရ။ သို့သော် သူ့ကြွက်သားတွေကို စမ်းကြည့်တော့ တစ်မျိုးခံစားရသည်။

နားခေါင်းမှထွက်နေဆဲဖြစ်သည့် သွေးတွေကလည်းအနီရောင် တောက်တောက် ဖြစ်နေသည်။ သည်တော့ အသက်ငွေ့ငွေ့ကလေးတော့ ရှိနေသေးသည်ဟု မိုက် ကောက်ချက်ချလိုက်၏။

'ဒီမိန်းကလေးဟာ အသက်ရှင်နေတုန်းပဲဗျို့'

မိုက်က လေဆိပ်ဆေးအကျဆိုင်ရာ ညွှန်ကြားရေးမှူးကို လှမ်းအော်ပြောလိုက်၏။ လေဆိပ်အရာဝန်က လမ်းလျှောက်စကားပြောစက်ကလေးဖြင့် ထိခိုက်ဒဏ်ရာရသူများကို လူနာတင် ကားများဆီသို့ အမြန်ဆုံး ပို့ပေးရန် ညွှန်ကြားနေ၏။

'စစ်တပ်ကယ်ဆယ်ရေး တပ်ဖွဲ့ဆီကကော သတင်း ရပြီလား'

'ပင်မအဆောက်အဦးရှေ့မှာ ခုလေးပဲ ရဟတ်ယာဉ် တစ်စီး ဆင်းလာတယ်ဗျို့'

အသံဘယ်သံကိုကြားရသဖြင့် မိုက် ခေါင်းမော့ကြည့်လိုက်၏။ သူတစ်ယောက်အာမခံအရောင်းကောင်တာပေါ်တက်ပြီး ရပ်နေသည်။ လက်ထဲမှာ လျှပ်တစ်ပြက်မီးသီးတပ်ဆင်ထား



သည့်ကင်မရာတစ်လုံး ကိုင်ထားသည်။ နောက်ပြီး မော့ကြည့်နေသည့်မိုက်၏ မျက်နှာနှင့် မိန်းကလေး၏ စုတ်ပြတ်နေသော မျက်နှာကို ပေါင်းပြီးချိန်နေသည်။ လျှပ်တစ်ပြက် မီးလုံးမှ ဝင်းခနဲလက်လာသည့် အလင်းရောင်က မျက်လုံးများကို ပြာဝေသွားစေ၏။ မိုက် ဒေါသထွက်သွားသည်။ ဓာတ်ပုံသမားကို အဲ့လိုးပစ်ဖို့၊ ထိုင်ရာမှ ထဖို့ ဟန်ပြင်လိုက်၏။ ထို့နောက်တွင်မှ ကိုယ့်စိတ်ကိုယ် ထိန်းလိုက်သည်။ သည်မိန်းကလေးသည် မိမိ၏ကျွမ်းကျင်သော အကူအညီကိုအရေးတကြီး လိုအပ်နေသည် မဟုတ်လား။ တကယ်လို့ သည်မိန်းကလေးသည် တကယ်ပင် မသေသေးဟုဆိုလျှင် သည်မိန်းကလေး၏ အသက်ကို မိမိ ကယ်တင်နိုင်ပါလိမ့်မည်။

'ခင်ဗျားနာမည် ဘယ်လိုခေါ်ပါသလဲ ဒေါက်တာ'

သတင်းထောက်၏ မေးခွန်းကို မိုက်က မကြားယောင်ဆောင်နေလိုက်၏။ သူက လေဆိပ်အရာဝန်၏ အသံကိုပဲ နားစွင့်နေသည်။

'အသက်ရှူကိရိယာနဲ့ နှလုံးခုန်စက်ပါယူပြီး သူတို့လာနေကြပြီ၊ စစ်တပ်ကယ်ဆယ်ရေးတပ်ဖွဲ့ ခင်ဗျားလိုက်သွားရင် ကောင်းလိမ့်မယ် ဒေါက်တာကန်း၊ ဟိုတောလ်မင်းဆိုတဲ့ မိန်းကလေးကကော'

'သူကတော့ ဆုံးသွားပြီ'

'သူ့ အလောင်းကိုလဲ ရဟတ်ယာဉ်ပေါ်က ရေခဲခန်းထဲ သယ်သွားပေးပါဗျာ၊ ဒီမိန်းကလေးကို ဒီနေရာကနေ သယ်

ထုတ်သွားဖို့ အက်ပ်ဘီအိုင်က ကျုပ်ကိုလည်ပင်းညှစ်ပြီးခိုင်းနေတယ်ဗျ'

မိုက်က သူ့ဆေးအိတ်ထဲတွင် အမြဲ ဆောင်ထားသည့် အရေးပေါ် လည်ချောင်းခွဲစိတ် ကိရိယာဘူးကလေးကို ထုတ်ယူသည်။ အထဲမှ ခွဲစိတ်ဓားကလေးကို ယူလိုက်၏။ ထိုအခိုက်မှာပင် လေတပ်ယူနီဖောင်း ဝတ်ထားသည့် တုတ်တုတ်ခိုင်ခိုင် တပ်ကြပ်ကြီး တစ်ယောက် သူ့ဆီသို့ပြေးလာသည်။ လေတပ်သားကြီးက ဘီးတပ်လူနာတင်စင်ကို တွန်းလာသည်။ လူနာတင်စင်ပေါ်တွင် အသက်ရှူကိရိယာနှင့် နှလုံးခုန်စက်ကလေးကလည်း ပါလာသည်။ သူ့နောက်မှ တပ်ကြပ်တစ်ဦး ကပ်ပါလာလေသည်။ တပ်ကြပ်ထံတွင်လည်း အသက်ကယ်ကိရိယာတစ်စုံ ပါလာသည်။ သို့သော် အော်ဟစ်ပြောဆိုနေသည့် စကားများကိုကြားပြီး အပြေးရောက်လာသော ရုပ်မြင်သံကြားအဖွဲ့ထဲက လေတပ်သားတွေထက် စောပြီးရောက်လာသည်။ ခေတ်ပုံဆရာက ကိုက်အနည်းငယ်အကွာမှနေပြီး အားကောင်းလှသော မီးလုံးများကို ဖွင့်လိုက်၏။ မိုက်မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ်လုပ်နေခိုက်မှာပင် ရုပ်မြင်ကင်မရာမှ မော်တာလည်သံကြားလိုက်ရ၏။

'ခင်ဗျားတို့ဟာ တော်တော်သောက်သုံးမကျတဲ့သောက်ရှုးတွေပဲ'

မိုက်က ဒေါသဖြင့် ဟောက်ပစ်လိုက်၏။



'ဒါပေမယ့် မီးတွေတော့ဆက်ဖွင့်ထား၊ ကျွန်တော် ခွဲစိတ်စရာကလေး ရှိတယ်၊ အဲ့ဒါ ခင်ဗျားတို့ ရှေ့ကမကွယ်ကြနဲ့ဗျာ'

'ကောင်းပါပြီ ဒေါက်တာ'

ခေတ်ပုံဆရာက ပြော၏။ မီးမောင်းကိုဆက်ပြီးထိုးပေးထားသည်။ မိန်းကလေးမျက်နှာပေါ်မှာ ချွေးသံရွှဲရွှဲဒဏ်ရာများကို အသေးစိတ်မြင်သာအောင် အလင်းရောင်ပေးနေသည်။ မိုက် ပြုလုပ်ရမည့် ခွဲစိတ်မှုက နုနယ်သိမ်မွေ့လွန်းလှသည်။

'ဒေါက်တာကန်း၊ ကျွန်တော် တပ်ကြပ်ကြီး စတုန်းပါ၊ ဒေါက်တာ ဘာလုပ်ချင်သလဲဆိုတာသာ ကျွန်တော်တို့ကို ပြော'

တပ်ကြပ်ကြီးသည် ဟောဟဲလိုက်နေ၏။

'ဆရာကြီး၊ ခင်ဗျာ့လက်ကိုဒီကလေးမရဲ့လည်ပင်းအောက်မှာ ခုလိုက်ပါ၊ ကျွန်တော် သူ့ကို လေပြွန် ဖောက်ပေးမလို့'

လေတပ်သားကြီးကို နောက်ထပ်ညွှန်ကြားချက်များပေးနေစရာ မလိုတော့။ ဆရာကြီးက လက်သီးဆုပ်လိုက်၏။ ပြီးတော့ မိန်းကလေး၏ လည်တိုင်အောက်ဘက်မှခုလိုက်၏။ လည်တိုင်သည် ကော့တက်လာ၏။ ထိုအခါ လည်စေ့၊ သို့မဟုတ် ဇလုတ်ကို ကာကွယ်ထားသည့်ရိုးဆက်အရွတ်များပေါ်လာသည်။

'ဆရာ့မှာ ပိုက်ပါလား'

'သေးသေးလေးတစ်ခုပဲပါတယ်၊ ဒါပေမယ့် ကျွန်တော့်က အသက်ရှူကိရိယာတပ်သို့ ရရုံလေးကပ်ပဲ လေပြွန်ဖောက်ပေးမှာပါ'

မိုက်က ခွဲစိတ်ဓားကို လက်ညှိုး၊ လက်မဖြင့် ညှပ်ကိုင်သည်။ ဓားသွားကို လက်မဝက်လောက်နီးပါးပဲမြင်ရသည်။ သူက လည်စေ့အောက်ဘက်ရှိ ရိုးဆက်အရွတ်ကို တိတိရိရ ဖြတ်ချလိုက်၏။ ဓားကို ဖိထားသည့် လက်အချိန်အဆမှာ နည်းလွန်း များလွန်းလို့မဖြစ်။ ဖိအားများသွားလျှင် အသံအိတ်ထဲရှိ အသံကြိုးများကို ထိခိုက်သွားနိုင်သည်။ ထို့နောက် ခွဲထားသည့် ကွဲကြောင်းထဲတွင် မြင်နေရသည့် အမြှေးပါးပါးကလေးကို ဓားဦးဖြင့် ထိုးဖောက်ပြီး အသက်ရှူလမ်းကြောင်း ဖွင့်ပေးလိုက်၏။

မိုက်ကခွဲထားသည့်ကွဲကြောင်းကို ဟနေအောင် ဓားဖြင့် ကလန့်ထားသည်။ ပြီးတော့ ပိုးသတ်ထားသည့် အိတ်ထဲမှ သတ္တုပိုက် သေးသေးကောက်ကောက်ကလေးကို ထုတ်ယူသည်။

ဓားဖြင့်ကလန့်ထားသည့်ခွဲကြောင်းထဲသို့ သတ္တုပိုက်ကွေးကလေးကိုထိုးထည့်သည်။ ထို့နောက်တော့ လေပြွန်မိုက်ကလေး ပြန်ပြီးပြုတ်ထွက်မသွားအောင် ပိုက်နှုတ်ခမ်းစွန်းကို တိပ်စဖြင့်ကပ်ပြီး ထိန်းထားလိုက်သည်။

ကိုအခိုက်တွင် တပ်ကြပ်ကြီးစတုန်းကအသက်ရှူကိရိယာထဲမှ အောက်ဆီဂျင်ဓာတ်ငွေ့ဘူးနှင့်ဆက်ထားသည့် ပိုက်ဟစ်ချောင်းကိုဆွဲထုတ်သည်။ မိုက်က အဆိုပါပိုက်ကို မိန်း



ကလေးတွင်တပ်ထားသည့် လေပြွန်နှင့်ဆက်ပေးသည်။ တပ်ကြပ်ကြီးက အောက်ဆီဂျင်ဓာတ်ငွေ့ဘူးခလုတ်ကို လှည့်ဖွင့်သည်။ ထိုအခါ အောက်ဆီဂျင်ပိုက်ထဲတွင် ဓာတ်ငွေ့တွေ ပြည့်လာပြီး အောက်ဆီဂျင်ဓာတ်ငွေ့များကို မိန်းကလေး၏ အဆုတ်ထဲသို့ တွန်းသွင်းလိုက်လေသည်။

'ခင်ဗျားတို့ သူ့ကို ရဟတ်ယာဉ်ဆီကို ခေါ်မသွားခင် နှလုံးခုန်စက်လဲ တပ်ပေးလိုက်ကြရအောင်'

မိုက်ကပြောလိုက်တော့ တပ်ကြပ်ကြီးက ဘက်ထရီဖြင့် လည်ပတ်စေသည့်စက်နှင့်ဆက်ထားသည့် အဖိုနှင့်အမ လျှပ်စစ်ခေါင်းနှစ်လုံးကို လက်ကမ်းပေးလိုက်၏။

'ဖမစ်သားတွေ...ခင်ဗျားတို့ဟာက အားလုံးကို တစ်ခုမကျန် လိုက်ရိုက်နေတာပဲလား'

မိုက်ကဒေါသတကြီးဖြင့် ကြိမ်းမောင်းလိုက်၏။သို့သော် ရုပ်မြင်ကင်မရာမော်တာကရပ်မသွား။ သည်တော့ မိုက်က ကလေးမ၏ကိုယ်ခန္ဓာကိုကျော်ဖြတ်ပြီးမတ်တတ်ရပ်လိုက်၏။ သူ့ခေါင်းနှင့်ပခုံးက ရုပ်မြင်ကင်မရာမှန်ဘီလူး ရှေ့တွင် ကာဆီးထားပြီးသား ဖြစ်သွားသည်။ ထို့နောက် သူက မိန်းကလေး၏ဘလောက်စ်အင်္ကျီကိုဆွဲဖြဲလိုက်သည်။ပြီးတော့ လျှပ်စစ်ခေါင်းအဖိုနှင့်အမနှစ်ခုကို တစ်ခုနှင့်တစ်ခုရှစ်လက်မ လောက်ခွာပြီး နှလုံးရှိသည့်နေရာ၏အောက်ဘက်နား အရေပြားပေါ်တွင် တင်လိုက်သည်။

ကံအားလျော်စွာပင် မိန်းကလေးရင်သားများမှာ သူ့အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်နှင့်မလိုက်ဖက်ဘဲ သေး

နေသည်။ သည်တော့ လျှပ်စစ်ခေါင်းများကို နေရာဘကျ တင်ပေးဖို့ သိပ်အခက်အခဲမတွေ့ရတော့။ တပ်ကြပ်ကြီး စတုန်းက နှလုံးခုန်စက်ခလုတ်ကိုဖွင့်လိုက်သောအခါ လျှပ်စစ် စီးကြောင်းက နှလုံးကြွက်သားများကိုဖြတ်ပြီးခေါင်းတစ်ခု မှတစ်ခုဆီသို့ စီးသွားသည်။ လျှပ်စစ်ဖြတ်စီးသွား သဖြင့် နှလုံးကြွက်သားများကျုံ့သွားစေသည်။ရင်ဘတ်ကြွက်သား များကတော့ တဆတ်ဆတ်တုန်နေသည်။

'ဒီတစ်ချီတော့ သွေးခုန်လာပြီဆရာဒေါ်'

မိန်းကလေး၏လက်ကောက်ဝတ်ကိုစမ်းနေသည့် စတုန်းက ပြောလိုက်၏။

'အဲဒါဟာ သွေးခဲမသွားသေးဘူးဆိုဘဲ့ အခီပွာယ်ပဲ။ ဒီတော့ ဒီမိန်းကလေး အသက်ရှင်ဖို့လမ်းရှိတယ်၊ ဒါပေမယ့် ရှင်မယ်လို့ တပ်အပ်တော့မပြောနိုင်ဘူး'

'အသက်ရှင်မယ် မရှင်ဘူးဆိုတာကို ဘယ်အချိန်ကျမှ သေချာပေါက်ပြောနိုင်မလဲ ဒေါက်တာ'

ရုပ်မြင်သံကြားသတင်းထောက်ကမေးသည်။ သူ့အမေး ကို တိုတိုတုတ်တုတ် ဖြေရန် မိုက် မတ်တတ် ရပ်လိုက်၏။ ထိုအခါ သူ့ကိုဝိုင်းကြည့်နေသည့် လူဘစ်စ်ကိုတွေ့လိုက်ရ၏။ လေကြောင်းကုမ္ပဏီမှ စာရေးတွေ၊ ပျက်စီးသွားသည့် စား သောက်ဆိုင်မှစားပွဲထိုးမယ်၊ တစ်ဒါဇင်မကသောက်ရှိသည့် အခြားသူတွေအပြင် ယူနီဖောင်းဝတ် လေဆိပ် လုံခြုံရေး ဝန်ထမ်းတစ်ဦးလည်းပါသည်။



'ဒီလူတွေကို လူစုခွဲလိုက်ပါ ရဲဘော်ရေ၊ ကျွန်တော်တို့ ဒီမိန်းကလေးရဲ့ အသက်ကိုကယ်ဖို့ ကြိုးစားနေပါတယ်'

ဆပ်ကပ်ပွဲကလေးတစ်ခုတွင် သရုပ်ဆောင်ပြသူလိုဖြစ်နေ သည့်အတွက် မိုက် ဒေါသထွက်သွားသည်။

'လုပ်ဆောင်ချက်ကတော့ အရမ်းတော်ပါပေတယ်ဗျာ၊ ငါးမိနစ်မပြည့်မီအတွင်းမှာ မိန်းကလေးရဲ့နှလုံးရောအဆုတ် ပါ အလုပ်လုပ်လာအောင် စွမ်းဆောင်နိုင်ခဲ့တာကလား'

ကင်မရာကိုင်ထားသည့် သတင်းထောက်က ပြောသည်။ ပြီးတော့ နေရာရွှေ့ပြီး နောက်ထပ် ဓာတ်ပုံရိုက်နေသည်။

ဝိုင်းကြည့်နေသည့် လူစုထဲမှ ထွက်ပေါ်လာသည့် ထော မနာပြုသံများက မိုက်အား ပိုပြီး ဒေါသထွက်သွားစေ၏။

'ကောင်းပြီ ဆရာကြီး၊ ဒီကလေးမကို ခင်ဗျားတို့ရဟတ် ယာဉ်ဆီကို သယ်ရအောင်' ဟု တပ်ကြပ်ကြီးကိုပြောသည်။ ထို့နောက် လုံခြုံရေး ဝန်ထမ်းဘက်တို့ လှည့်ပြီး.... 'ကျွန် တော်တို့ ဒီလူတွေကြားထဲက ထွက်လို့ရအောင် လမ်းရှင်း ပေးပါ' ဟု ပြောလိုက်၏။

'ကျွန်တော်တို့ သူ့ကို လူနာတင်စင်ပေါ် တင်နေတုန်း အသက်ရှူစက်နဲ့ နှလုံးခုန်စက်ကို ဆရာကထိန်းထားပေးပါ၊ ဘဲလ်ရေ... မိန်းကလေးရဲ့ ခြေထောက်ကိုကိုင်'

တပ်ကြပ်ကြီးစတုန်းက မိုက်ကိုတစ်လှည့်၊ သူ့လက်ထောက် တပ်ကြပ်ကိုတစ်လှည့် ပြောသည်။

အထူးကယ်ဆယ်ရေးတပ်ဖွဲ့မှ ဒုတိယရဲဘော်က ရှေ့သို့တိုး လာပြီး မိန်းကလေး၏ ခြေထောက်ကိုကိုင်သည်။ စတုန်းက

မိန်းကလေး၏ကိုယ်ကို မ, သည်။ အသက်ရှူစက်နှင့် နှလုံးခုန်စက်ကိုဝမ်းဗိုက်ပေါ်တင်ပြီး လှည်းစင်ပေါ်သို့ ရွှေ့ကြသည်။ တစ်ချိန်တည်းတွင် စောင်ဖြင့်အုပ်ထားသည့် လင်းတောလ်မင်း၏ အလောင်းကိုလည်း အခြားကယ်ဆယ်ရေးတပ်သားများက ဒုတိယ လှည်းတင် စင်ပေါ်သို့ တင်လိုက်ကြ၏။ လုံခြုံရေးဝန်ထမ်းများက ရှေ့မှဦးဆောင်သွားပြီး ပွဲကြည့်ပရိသတ်ကိုရှင်းပေးသည်။ စပ်စပ်စုစုလူများက နာမည်ကြီးလင်းတောလ်မင်းအား အလောင်းအဖြစ်ဖြင့်ဖြစ်စေ ကြည့်ရလျှင် တော်ပြီဟု နှလုံးသွင်းကာ ဝိုင်းကြည့်ကြသည်။ ကယ်ဆယ်ရေး တပ်သားများက လှည်းတင်စင်နှစ်ခုကို ရဟတ်ယာဉ်ကွင်းတွင် စောင့်နေသည့် ရောမရဟတ်ယာဉ်ကြီးဆီသို့ ခပ်သွက်သွက် တွန်းသွားကြသည်။

ပထမလှည်းတင်စင်ကို ရဟတ်ယာဉ်ပေါ်ရှိ လူနေခန်း၏ နောက်ဘက်ဆီသို့ တွန်းသွားသည်။ မိုက်အနေဖြင့် လုပ်စရာရှိသည်ကို လွတ်လွတ်လပ်လပ် ကျယ်ကျယ်ဝန်းဝန်း လုပ်ဆောင်နိုင်ရန်ဖြစ်၏။ လင်းတောလ်မင်း၏ အလောင်းပါသည့် ဒုတိယလှည်းတင်စင်ကိုတော့ လေယာဉ်မှူးအခန်း၏ နောက်နားတွင် ချထားကြသည်။ ထိုအချိန်မှာပင် နေကာမျက်မှန်တပ်ထားသည့် အရပ်ဆားဝတ်စုံဖြင့် ထောင်ထောင်မောင်းမောင်း လူတစ်ယောက်က အခန်းထဲသို့ဝင်လာသည်။ မိုက်က ထိုလူကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

'ခင်ဗျားက ဒီအထဲမှာဘာလာလုပ်ရပြန်တာလဲ၊ လက်ရှိအတိုင်းတောင် ကျုပ်တို့မှာ ကျပ်ကျပ်တည်းတည်းဗျ'



မိုက်က ဟောက်ပစ်လိုက်၏။ ထိုလူက သူ့အင်္ကျီအိတ်ထဲမှ မှတ်ပုံတင် ကတ်ပြားကို ထုတ်ပြသည်။ ကတ်ပြားပေါ်မှ စာလုံးများကို မိုက် ကြည့်လိုက်၏။ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးအဖွဲ့။

'အက်ဖ်ဘီအိုင်က စုံထောက် တောက်ဖို့ပါ'

'နေစမ်းပါဦး၊ သေနေပြီဖြစ်တဲ့မိန်းကလေးတစ်ယောက်ကို အက်ဖ်ဘီအိုင်က ဘာကိစ္စလိုက်ကြည့်နေရတာလဲဗျ'

ရဟတ်ယာဉ်စက်များစတင်နှိုးပြီဖြစ်ရာ သူတို့နှစ်ယောက်မှာ အော်ဟစ်ပြောဆို နေကြရ၏။

'ချီကာဂိုက လာတဲ့ လေယာဉ်ပေါ်မှာ တောလ်မင်းကောင်မလေးကို စောင့်ရှောက်ဖို့ ပါလာတဲ့ ကျွန်တော့် အချစ်ဆုံး မိတ်ဆွေနှစ်ယောက်စလုံး အသက်ဆုံးသွားတယ်ဗျ၊ ချီကာဂို ဘာသာရေးအယူသည်းဂိုဏ်းထဲကတစ်ယောက်ယောက်က ဒီမိန်းကလေး တရားရုံးမှာ အစစ်မခံနိုင်ဖို့ နှုတ်ပိတ်ပစ်ချင်တာကိုး၊ ဒီတော့ ဗိုင်းနမိုက်နှစ်ချောင်းကို လေယာဉ်ဘီးချတဲ့ ဝှီးရိယာနဲ့ ဆက်ထားလိုက်တယ်၊ ဒီတော့ ဒါ့ကြောင့်လေဆိပ်ကို ဆင်းခါနီးမှာ ဘီးတွေချမယ်၊ ဘီးတွေ ချလိုက်ရင် တွဲဖက်လေယာဉ်မှူးက လူအားနဲ့ တွန်းချမယ်၊ အဲဒီအခါမှာ ဒိုင်းနမိုက်တွေက ထပေါက်ကွဲမယ်ပေါ့ဗျာ....'

'ဘုရား....ဘုရား၊ ဒီကိစ္စကို စီမံတဲ့လူဟာ ဒီပေါက်ကွဲမှုကို လူတိုင်းမြင်သာတဲ့နေရာမှာဖြစ်အောင် သေသေချာချာ စီမံထားတာကလား'

တပ်ကြပ်ကြီး စတုန်းက ဝင်ပြော၏။

'သူတို့ ဒီလိုတောင် စိမ့်နိုင်တဲ့နောက် တောလ်မင်းရဲ့ အလောင်းကို လူနာတင်ကားနဲ့ ဒါ့းလက်စ်ကနေ သယ် အသွားမှာ ကြားဖြတ် အပိုင်စီးသွားနိုင်တယ်၊ အဲဒီလိုအပိုင် စီးပြီးတဲ့နောက် အလောင်းကို သိမ်းထားမယ်၊ တောလ် မင်းနဲ့တူတဲ့ မိန်းကလေးတစ်ယောက် မတွေ့တွေ့အောင် ရှာ မယ်၊ ပြီးမှ တောလ်မင်းတစ်ယောက် ပြန်လည်ရှင်သန်လာ ပြီလို့ ပြောကြမယ်၊ တကယ်တော့ ဒီမိန်းကလေးက ချီကာဂို က မိစ္ဆာဝါဒီဂိုဏ်းမှာ တော်တော်အဆင့်မြင့်တဲ့ မယ်တော် တစ်ဦးဗျ'

နှလုံးခုန်စက်နှင့် တွဲပြီး တပ်ဆင်ထားသည့် ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် တင်ဟပ်နေသည့် နှလုံးခုန်နှုန်းသည် အနည်းငယ် ဖောက်ပြန်လာသည်။ မိုက်က လျှပ်စစ်ခေါင်း နှစ်ခုကို ကမန်းကတန်း နေရာရွှေ့ပေး လိုက်၏။ ထိုအခါ တွင်မှ နှလုံးခုန်နှုန်း ပြန်ပြီးမှန်လာသည်ကို တွေ့ရ၏။

'နှလုံးခုန်စက်က လျှပ်စစ်ခေါင်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အကြိမ်ကြိမ် ဒုက္ခတွေ့နေကြရတာ ဆရာရေ့၊ ဒီခေတ်ဒီအခါမှာတော့ ကျွန်တော်တို့ ဘာကိုမှ အားထား လို့ မရပါဘူး ဆရာရယ်'

စတုန်းက ညည်းတွားသည်။ သည်တော့ မိုက်က....

'ခင်ဗျားတို့ ရဟတ်ယာဉ်ပေါ်မှာ ထရန်စ်ဗင်းနပ်စ်က သိတာ နှလုံးခုန် ကိရိယာရှိလားဗျ' ဟုမေးလိုက်၏။



'ရှိမယ်ထင်တယ် ဆရာ၊ ဒါပေမယ့် ဘယ်လို သွင်းရမယ် ဆိုတာ ကျွန်တော်မသိဘူး'

'ကျွန်တော် သိပါတယ်၊ အဲဒီ ပစ္စည်းကို သုံးလိုက်ရင် နှလုံးခုန်အောင် ပို့ပြီး ထိထိရောက်ရောက် လုပ်နိုင်လိမ့်မယ်'

တပ်ကြပ်ကြီးစတုန်းက အခန်း၏ တစ်ဖက်တစ်ချက်ရှိ နံရံကပ် ဗီရိုတွေကို မွှေနှောက် ရှာဖွေနေ၏။ ထို့နောက် အဝတ်ဖြင့်ပတ်ထားသည့် ဘူးတစ်ဘူးကို ယူလာသည်။

'ဟောဒီမှ ဆရာ၊ ပစ္စည်းကိရိယာတွေကတော့အထဲမှာ'

'သူ့ညာဘက်လက်မောင်းကို ပျဉ်ပြားတစ်ခုမှာ ကပ်ပြီး ချည်ထားလိုက်၊ဒါပေမယ့် ကျွန်တော်အလုပ်လုပ်လို့ရအောင် လက်မောင်းကွေးနေရာကို ချန်ထား'

ပိုးသတ်ထားသည့် အထုပ်ထဲတွင် တွေ့ရသည့် ခွဲစိတ်ခန်း သုံး လက်အိပ်တစ်စုံယူပြီး မိုက်က သူ့ လက်များတွင်စွပ် သည်။ ထို့နောက် လက်မောင်းကွေး အထက်နားကို အရက် ပျံဆွတ်ထားသည့် ဂွမ်းစဖြင့် ပွတ်တိုက်သည်။ သူ ပွတ်တိုက် သည့် အရေပြားအောက်တွင် သွေးပြန်ကြောကြီးတွေ ရှိနေ တတ်သည်။ ပြီးတော့ အထုပ်ထဲမှ နှစ်လက်မ ပတ်လည် အပေါက်ဖောက်ထားသည့် အစတစ်စထုတ်ယူပြီး သူ အလုပ် လုပ်မည့် နေရာပေါ်တွင် ကပ်လိုက်၏။

'ဆရာ ဘာတွေလုပ်နေတယ် ဆိုတာ ပြောပြနိုင်မလား ဆရာ'

အက်ဖ်ဘီအိုင် စုံထောက်က လူနာတင်စင် ခြေရင်းသို့ လာရပ်ရင်း မေးသည်။

'ကျွန်တော်တို့ ဒီမိန်းကလေးရဲ့ နှလုံးကိုခုန်အောင် နှလုံးခုန်စက်နဲ့ လုပ်ထားတယ်၊ ဒါပေမယ့် လျှပ်စစ်ခေါင်းတွေက ကောင်းကောင်း အလုပ်မလုပ်ဘူး၊ နောက်ပြီး သူ့ အဆုပ်တွေထဲကိုလဲ အောက်စီဂျင် သွင်းပေးထားတယ်၊ ဒါမှ အောက်စီဂျင်ဓာတ်ဟာ သွေးစီးဆင်းမှုကတစ်ဆင့် တစ်ကိုယ်လုံးကို ပြန့်နှံ့သွားမယ်လေ'

မိုက်က အလုပ်လုပ်ရင်း ရှင်းပြသည်။

'သူ အသက်ရှင်နေသလိုပေါ့နော်'

'သူ အသက်ရှင်နေတယ်လို့ ကျွန်တော် ထင်တယ်ဗျ'

မိုက်က ဖောင်းကြွနေသည့် အကြောစိမ်းကြီး ပေါ်မှ အရေပြားကို ဓားချက်သေးသေးဖြင့် ခွဲလိုက်၏။ သည်နေရာရှိ အကြောကြီးတွေမှာ အကြောဆေး သွင်းရာတွင်၊ သို့မဟုတ် သွေးစစ်ရန်သွေးထုတ်ရာတွင် သုံးသည့် အကြောကြီးများ ဖြစ်၏။

'နှလုံးခုန်စက်က နှလုံးကိုဆွဲလှုပ်လိုက်တိုင်း လျှပ်စစ်ဓာတ်က ရင်ဘတ် ကြွက်သားတွေကိုပါ လှုပ်ရှားစေတာကိုး၊ ရင်ဘတ်ကြွက်သားတွေ တဆတ်ဆတ် တုန်နေတာ ကြည့်ပါလား၊ တကယ်လို့ အထူးတီထွင်ထားတဲ့ လျှပ်စီး ခေါင်းကလေးကို သွေးပြန်ကြောထဲကတစ်ဆင့်နှလုံးကြွက်သားတွေဆီ ရောက်အောင် ပို့ပေးနိုင်ရင် နှလုံးလဲတုန်မယ်၊ ရင်ဘတ်ကြွက်သားတွေလဲ မတုန်ခါတော့ဘူး'

'အဲဒီလိုသာ လုပ်နိုင်ရင်တော့ ဆရာဟာ မှော်ဆရာပဲ'



မိုက်က ကလေးမ၏ လက်မောင်းမှ သွေးပြန်ကြောများကို သေသေချာချာ ကြည့်နေသည်။

'သူဟာ သွေးထွက်အရမ်းများပြီး သွေးအားသိပ်နည်းနေတယ်၊ ဒီသွေးပြန်ကြောတွေဟာ ပျက်စီးလုနီးပါးဖြစ်နေတော့ သူ့ကိုယ်ထဲကို အမြန်ဆုံး သွေးသွင်းမပေးနိုင်ရင်....'

သူက စကားကို ဆုံးအောင်မပြော။ ခွဲစိတ်ဓားထိပ်ဖျားကလေးဖြင့် သွေးပြန်ကြော နံရံကို ဖောက်လိုက်၏။ စိမ့်ထွက်လာသည့် သွေးအလျဉ်ကို သွေးပြန်ကြောပေါ်တွင် လက်ညှိုးဖြင့် အသာဖိထားခြင်းဖြင့် ထိန်းထား၏။ ညာဘက်လက်က လျှပ်စီးခေါင်းလေးကိုယူလိုက်သည်။ လျှပ်စီးခေါင်း၏အရင်းပိုင်းတွင် အင်္ဂလိပ်စာလုံး ဝိုင်ကဲ့သို့ အမြီးနှစ်ခုရှိသည်။ အမြီးတစ်ခုမှာ လျှပ်စီးကြောင်းလွှတ်ရန်ဖြစ်၏။ အခြားအမြီးတစ်ခုမှာ လျှပ်စီးခေါင်းထိပ်ရှိ ပူဖောင်းကလေးထဲသို့ မှုတ်သွင်းရန် ဖြစ်၏။

'သွေးအလျဉ်က လျှပ်စီးခေါင်းကလေးကို သွေးပြန်ကြောတစ်လျှောက် တွန်းသွားမယ်၊ လျှပ်စီးခေါင်း ထိပ်ကလေးသွေးပြန်ကြော ကျယ်ဝန်းတဲ့နေရာ ရောက်သွားတာနဲ့ လျှပ်စီးခေါင်းထိပ်က ပူဖောင်းကလေးထဲကို ကျွန်တော်တို့ လေမှုတ်သွင်းလို့ရပြီ'

မိုက်က လျှပ်စီးခေါင်းကလေးကို နှလုံးဆီသို့ ရောက်အောင် တဖြည်းဖြည်းချင်း တွန်းသွင်းနေ၏။ ပလတ်စတစ်ပိုက်ပေါ်တွင် ရေးမှတ်ထားသည့် အကွာအဝေး အမှတ်အသားများကို ဂရုတစိုက်ကြည့်သည်။ တပ်ကြပ်ကြီး စတုန်း

က ပိုက်အဆုံးရှိ အမြီးနှစ်ခွအနက်အမြီးတစ်ခုကိုပိုးသတ်ထားသည့် ဆေးထိုးအပ်နှင့် ဆက်သွယ်လိုက်သည်။

'လေနည်းနည်းလေးသွင်းလိုက်ပါ ဆရာကြီး၊ ခုလောက်ဆို ကျွန်တော်တို့ ညှပ်ရိုးအောက်က သွေးလွှတ်ကြောကို ရောက်နေပြီ'

'အဲဒါက ဘာအဓိပ္ပာယ်လဲ ဆရာ'

စုံထောက် စတက်ဖို့က မေးသည်။

'လျှပ်စီးခေါင်းထိပ်ဟာ ညှပ်ရိုးအောက်ဘက် တစ်နေရာရာကို ရောက်နေပြီ၊ နှလုံးရဲ့ ညာဘက် ခန်းမကြီးကို ရောက်အောင် နောက်ထပ်ခြောက်လက်မ၊ ဒါမှမဟုတ် ရှစ်လက်မလောက် ထပ်သွင်းရဦးမယ်'

'အဲဒီနောက်ကော'

'လျှပ်စီးခေါင်းထိပ်က နှလုံးကြွက်သားဆီကို လျှပ်စစ်အား တိုက်ရိုက် လွှတ်ပေးလို့ ရပြီပေါ့'

'မိုင်ပါပေဗျာ၊ အရမ်းကို မိုင်တာပါပဲ'

'ကျွန်တော်တို့ဘက်က ကံသာရင်ပေါ့ဗျာ၊ လောလောဆယ်မှာတော့ သွေးလန့်တာနဲ့ ဦးနှောက်ထိခိုက်မှုက ကျွန်တော့်ထံကို ဆန့်ကျင့်လှုပ်ရှားနေကြတယ်ဗျ'

နောက်ထပ်တစ်မိနစ်နီးပါးလျှပ်စီးကြောင်းပိုက်ကလေးသည် ဆက်လက် ရွေ့လျားနေ၏။ ထိုနောက် မှာတော့ မိုက်၏ အာရုံခံစားမှုထက်မြက်လှသောလက်ချောင်းကလေးများက သွေးခုန်နှုန်း အပြောင်းအလဲကို ချက်ချင်း သတိထားလိုက်မိ၏။ လျှပ်စီးခေါင်းထိပ်သည် နှလုံး၏ ညာဘက်



အခန်းကျဉ်းသို့ ရောက်နေပြီ။ ထိုနောက် နှလုံးအဆို့အောက်ရှိ ကြွက်သားထူထူတွေ ကာရံထားသော အခန်းကျယ်ကြီးသို့ ရောက်သွားလိမ့်မည်။ အဆိုပါ နှလုံးအခန်းကျယ်ကြီး၏ကြွက်သားနံရံများကို လျှပ်စီးခေါင်းက လျှပ်စစ်ဓာတ်ဖြင့် တို့ထိ လှုပ်ရှားပေးလိမ့်မည်။

'ဆရာကြီးရေ၊ လျှပ်စီးကြောင်းဆက်ပေးလိုက်ပါတော့၊ ဒါဆိုဟုတ်သွားပြီ'

တပ်ကြပ်ကြီးက လျှပ်စီးကြောင်းကို သွက်သွက်လက်လက်ပင် ပြောင်းပြီး တပ်ဆင် ပေးလိုက်၏။ စောစောက မိန်းကလေး၏ ရင်ဘတ်ပေါ်ရှိ လျှပ်စီးခေါင်းသို့ စီးနေသည့် လျှပ်စစ်ဓာတ်သည် ယခု လျှပ်စီး ပိုက်ကလေးမှ တစ်ဆင့် နှလုံးဆီသို့ တိုက်ရိုက်စီးသွားလေပြီ။

'ဆရာ မှန်သွားပြီ ဒေါက်တာကန်းရေ့'

ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် နှလုံးခုန်သည့် မျဉ်းတွန့်ကလေးတွေ ပေါ်လာသည်ကို မြင်ရသည်နှင့် တပ်ကြပ်ကြီး စတုန်းက ကြွေးကြော်လိုက်၏။

'ကျွန်တော် တွေ့ဖူးမြင်ဖူးသမျှတွေထဲမှာတော့ အချောမွေ့ဆုံး လုပ်ရပ်ပဲ ဆရာရေ့'

'ကျွန်တော်ကတော့ ဘာတွေဖြစ်သွားတယ်ဆိုတာ နားမလည်နိုင်လောက်အောင်ပဲ ဒေါက်တာ၊ ဒါပေမယ့် ဘာကြီးပဲဖြစ်သွားသွား၊ ဒီကလေးမရဲ့ အသက်ကို ကယ်လိုက်နိုင်တဲ့အတွက် ဆရာ့ကို ဂုဏ်ပြုထိုက်ပါတယ်'

စတက်ဖို့က လေးစားအံ့သြစွာ ပြောလိုက်၏။

‘ကျွန်တော်တို့ ခင်ဗျားတို့ အားလုံးရဲ့ အချိန်တွေကို ဖြုန်းတီးပစ်ရ ရောက်နိုင်ပါသေးတယ်၊ ဒီ မိန်းကလေး တကယ် အသက် ရှင်မရှင်ဆိုတာကို နှလုံး လျှပ်စစ် မှတ်တမ်း ကပဲ ပြောနိုင်ပါလိမ့်မယ်’

မိုက်က လျှပ်စီးပိုက်ကလေးကိုမိန်းကလေး၏လက်မောင်းတွင် ကပ်ပြီး ချည်နှောင်ရင်း ပြောလိုက်၏။

‘ငါးမိနစ်အတွင်း ဆေးရုံခေါင်မိုးပေါ်က ရဟတ်ယာဉ်ကွင်းမှာ ကျွန်တော်တို့ ဆင်းမယ်လို့ တက္ကသိုလ် ဆေးရုံက အရေးပေါ်အခန်းထံ အကြောင်း ကြားထားတယ် ဒေါက်တာ ကန်း၊ နောက်ထပ် အထူး ညွှန်ကြားချက်တွေများ ရှိသေးသလား’

လေယာဉ်မှူးက ရှေ့ခန်းမှနေပြီး လှမ်း၍ သတင်းပို့သည်။

‘သူတို့ကိုပြောပါ၊ အရေးပေါ် အခန်းကိုသွားဖို့ အားအကောင်းဆုံး ဓာတ်လှေကားတစ်စီး အသင့်စောင့်နေဖို့၊ နောက်ပြီး မိန်းကလေးကို အမြန်ဆုံးသွေးသွင်းပေးဖို့ ‘အို’ သွေးအမျိုးအစား အဆင်သင့်ဖြစ်ထားဖို့၊ ဦးနှောက်ထိခိုက်မှုက မပြင်းထန်ဘူး၊ နောက်ပြီး နှလုံးလျှပ်စစ်မှတ်တမ်းက ဦးနှောက်လှိုင်းတွေ ပြနေရင်တော့ သူ အသက် ရှင်နေသေးလို့ပဲ၊ ပြန်ကောင်းသွားဖို့ကိုပဲ အလားအလာ ကောင်းနိုင်တယ်’

‘သူ့မျက်နှာကို ဘယ်လိုလုပ်မလဲ ဆရာ’

စုံထောက် စတက်ဖို့က မေးသည်။



‘သူ့မျက်နှာကို နောက်မှ ပြုပြင်ပေးနိုင်တယ်၊ အလှပြင်နဲ့ ပြန်လည်တည်ဆောက်ခွဲစိတ်ကုပညာဟာ ကျွန်တော့်ရဲ့ အထူးကပညာရပ်ပဲ’

‘ဆင်းမယ် အသင့်ပြင်ထားပေါ့၊ ဒီ အဆောက်အအုံကြီး တွေပေါ်မှာ လေတိုက်နှုန်းက ပြင်းတယ်ဗျို့၊ ဒါပေမယ့် ကျွန်တော် ထိန်းနိုင်သလောက် ညင်သာအောင် ဆင်းပေးပါမယ်’

လေယာဉ်မှူးက လှမ်းအော်ပြောသည်။

ရဟတ်ယာဉ်ကြီးသည် ညင်ညင်သာသာပင် ဆင်းသက်လိုက်နိုင်၏။ ခေါင်မိုးပေါ်ရှိ ရဟတ်ယာဉ်ကွင်းနှင့် အရေးပေါ် ကုသခန်းကို ဆက်သွယ်ထားသည့် အမြန် ဓာတ်လှေကားက လူနာတင်စင်ကို မြေကြီးထပ်သို့ အမြန်ဆုံးသယ်ပို့နိုင်ခဲ့၏။

အရေးပေါ်လူနာခန်းတွင်တာဝန်ကျနေသည့်ဒေါက်တာ စတီးဗင် ပေါ်တာက အသင့် စောင့်ကြိုနေ၏။ ငယ်ရွယ် နုနယ်သော ခွဲစိတ်ဆရာဝန်ကလေးမှာ မိုက်နှင့် သက်တူရွယ်တူ လောက် ရှိ၏။ သူတို့နှစ်ဦးသည် အလုပ်သင် ဆရာဝန်ဘဝ ကတည်းက သည် ဆေးရုံကြီးမှာပင် အတူတွဲပြီး တာဝန် ထမ်းခဲ့ကြသည့် မိတ်ဆွေဟောင်းများဖြစ်သည်။

‘မိုက်ရေ၊ ခင်ဗျားက ကနဦးလူဆိုတော့ ခင်ဗျားပဲဆက်ပြီး ကြီးကြပ်ပါ’

‘ကျွန်တော်တို့ သူ့ကို နှလုံးလျှပ်စစ်မှတ်တမ်းတင်စက်နဲ့ စမ်းကြည့်မယ်၊ သူ အသက်ရှင်မရှင် သိရအောင် အဲဒီအချိန်

မှာ ခင်ဗျားက အို့ သွေးသွင်းဖို့ စီစဉ်ပေးပါ၊ သူ့ မျက်နှာ ဒဏ်ရာတွေကြောင့် သွေးထွက် အတော်များသွားတယ်၊ ဒါပေမယ့် သွေးလန့်မှုနှင့် ဦးနှောက်ထိခိုက်မှုကို ကျွန်တော်တို့ အဓိကထားပြီး အနိုင်တိုက်ရလိမ့်မယ်’

ဒေါက်ဘာပေါ်တာက စတင် လှုပ်ရှားသည်။ အရေးပေါ် လူနာအခန်းတွင်အခန်းကန့်ကလေးပေါင်းတစ်ဒါဇင်လောက် ရှိသည်။ မိုက်က လူနာတင်စင်ကို ပထမဦးဆုံး အခန်းကန့်ကလေးထဲသို့ တွန်းသွားသည်။ ထိုနေရာတွင်မှ လိုအပ်သလို ထိထိရောက်ရောက် ကုသနိုင်မည်။ သည်အခန်းကန့်ကလေးထဲတွင် နှလုံးလျှပ်စစ် မှတ်တမ်းတင်စက်ရှိသည်။ သည်စက်က လူတစ်ယောက်အတွက်သေရေးရှင်ရေးကိုအဆုံးအဖြတ် ပေးလိမ့်မည်။

သည်စက်က ဦးနှောက်တွင်း လျှပ်စစ်လှုပ်ရှားမှုကို တိုင်းထွာပေးမည် ဖြစ်သလို နှလုံးလှုပ်ရှားမှုကိုလည်း ဖော်ပြပေးပေလိမ့်မည်။

မိုက်က တစ်ချက်ကလေးမျှ အချိန်ဆိုင်းမနေ။ သွေးတွေဖြင့် စေးကပ်ပြီး အနီရောင်ပေါက်နေသော ရှေ့ဝါရောင်ဆံပင်တွေကို ဆွဲလှန်သည်။ပြီးတော့ စမ်းသပ်စစ်ဆေးရာတွင် ပြုလုပ်သလို ဦးရေပြားထဲသို့ လျှပ်စီးအပ်ကလေးတွေ ပုံစံတကျ ထိုးစိုက်သည်။

သူက အပ်ကလေးတွေကို မြန်နိုင်သမျှမြန်အောင် ထိုးစိုက်နေချိန်တွင် အသက်ကြီးကြီးသူနာပြုဆရာမကြီး မစ္စစ်ဆောင်းဒါးက အပ်ကလေးတွေကို မှတ်တမ်းတင်စက်နှင့်ဆက်သွယ်



ပေးနေ၏။ တစ်ချိန်တည်းတွင် မိန်းကလေး၏နှလုံးနှင့် ထိတွေ့နေသော လျှပ်စစ်ဝါယာမှ ထုတ်လွှတ်နေသည့်သတင်းပေးချက်ကို ဖြည့်စွက်အားပေးသည့်အနေဖြင့် အခြားသူနာပြုတစ်ယောက်က လျှပ်စီးခေါင်းကလေးများကိုမိန်းကလေး၏ ကိုယ်ပေါ်တွင် လိုက်ပြီး ကပ်ပေးနေသည်။ နောက်ဆုံးတော့ အပ်စိုက်သည့်လုပ်ငန်း ပြီးဆုံးသွားသည်။ မိုက်က နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး ရပ်သည်။ အသက်ကြီးကြီးသူနာပြုဆရာမကြီးအား ခေါင်းဆတ်ပြလိုက်သည်။

‘စက်ဖွင့်လိုက်တော့၊ ကျွန်တော်တို့ ဆက်ပြီး အားထုတ်ရမလား မထုတ်ရဘူးလား ဆိုတာ တစ်မိနစ်အတွင်း အဖြေပေါ်လိမ့်မယ်’

မစ္စစ်ဆောင်းဒါးကစက်ခလုတ်ကိုဖွင့်လိုက်၏။နှစ်ယောက်သား ခါးကိုင်းပြီး ရုပ်သံလွှင့် ဖန်သားပြင်ကို ငုံ့ကြည့်ကြသည်။ ဖန်သားပြင်ပေါ်တွင် ဘာမျှထွက်ပေါ်မလာ။ မိုက်စိတ်ဓာတ် ကျသွားသည်။ သူသည် လွန်ခဲ့သည့် နာရီဝက်လုံးလုံး လူသေအလောင်းကြီးကို အသက်သွင်းဖို့ အားထုတ်နေခဲ့မိပါကလားဟု တွေးမိ၏။ ထိုနောက်တွင်မှ စက်က ပူနွေးလာသည်။ ဖန်သားပြင်ပေါ်တွင် မျဉ်းတွန့်ကလေးရေးရေးပေါ်လာသည်။

နှလုံးလျှပ်စစ် မှတ်တမ်းတင်စက်က ဖော်ပြနေကျ ဖြစ်သည့် ပုံမှန်ပုံစံမျိုး မဟုတ်။ မည်သို့ဖြစ်စေ သိသာမြင်သာသည်တော့ အမှန်။ ထိုမျှမကသေး၊ ကွဲပြားသော လှိုင်းတွန့်ကလေးတွေကိုလည်း မြင်တွေ့ရသည်။သည်လှိုင်းတွန့်ကလေး

များက ဦးနှောက်တွင်း လျှပ်စစ်လှုပ်ရှားမှုကို ကိုယ်စားပြု ဖော်ပြသော လှိုင်းတွန့်ကလေးများ။ ဖန်သားပြင်၏အောက် ခြေတွင်မူ လေးလေးမှန်မှန် ဖြစ်ပေါ်နေသည့် ပုံစံတကျ လှိုင်းတွန့်ကလေးများကို တွေ့ရ၏။ သည်လှိုင်းတွန့်များက တော့ နှလုံးကို အတုခုန်ခိုင်းထားခြင်းကို ဖော်ပြသည့် လှိုင်း တွန့်ကလေးများ။

'ဆရာ သူ့ကို သေလူအဖြစ်ကနေ ရှင်သူဖြစ်အောင် လုပ် လိုက်နိုင်ပါပြီ ဒေါက်တာ'

သူနာပြုဆရာမကြီးက မှတ်ချက်ချသည်။ သူကား အခွေ့ အကြုံ ရင့်ကျက်လှသည့် ဆရာမကြီး ဖြစ်၏။ သို့တိုင် သူ့ အသံတွင် အံ့ဩသံကလေး စွက်နေသည်။ ပြီးမှ သူက ဆွေး ဆည်လိုက်သည်။

'ဒါပေမယ့်လို့ ဆရာရေ၊ သူကိုယ်တိုင် ဖြစ်ဖြစ်, သူ့ ရည်းစားဖြစ်ဖြစ် ခုလိုဖြစ်နေတဲ့ သူ့မျက်နှာကို မြင်တွေ့သွား ရင် ဆရာ့ကို ကျေးဇူးတင်ပါဦးမလား မသိဘူး'

'သူ့ရည်းစားဆိုတာက ဘယ်က ပေါ်လာရတာလဲ'

'သူ့ ဘယ်ဘက်လက်မှာ ဝတ်ထားတဲ့ စိန်လက်စွပ်ကလေး ကို မတွေ့မိဘူးလို့ ဆရာ မပြောနဲ့လေ၊ ဒီတော့ ဒီလက်စွပ် ကလေး ပျောက်ခြင်းမလှ ပျောက်မသွားခင် သူ့လက်က ချွတ်ပြီး ဆေးရုံမီးခံသေတ္တာထဲ ထည့်ထားမှ ကောင်းမယ် ဆရာ'

၃။

ဒဏ်ရာရသွားသည့် မိန်းကလေး၏နှာခေါင်းတစ်ဝိုက်မှ ကျိုး သွားသည့် အရိုးများကို မိုက်က ပိတ်ပါးစကလေးများဖြင့် ဆိုင်းပြီး ထုပ်ပေးနေ၏။ သူ ထုပ်ရှုပြီးချိန်တွင် ဒေါက်တာ စတီးဝပ်ပေါ်တာက မိန်းကလေး၏ဘယ်ဘက်ခြေကျင်းဝတ် အပေါ်ဘက်ကိုဓားချက်သေးသေးဖြင့်သွေးပြန်ကြောတစ်ခု ကို ဖော်ထုတ်လိုက်၏။ ၎င်းသွေးပြန်ကြောကို သွေးသွင်း ကိရိယာဖြင့် ဆက်ပြီး 'အို'သွေးကို တောင်သွင်းပေးသည်။ 'အို' သွေးအမျိုးအစားကို အရေးပေါ်ကုသခန်းတွင် အမြဲ သိုလှောင်ထားသည်။ 'အို'သွေးက အခြား သွေး အမျိုး အစားနှင့် တည့်သည်။ 'အို'သွေး သွင်းပေးလျှင် ပြဿနာ မပေါ်သလောက်နီးပါး ရှိသည်။

တစ်ချိန်တည်းတွင် ဓာတ်ခွဲခန်းပညာရှင်များက သွေး နမူနာများ ထုတ်ယူပြီး မိတ်ဖက်သွေးအမျိုးအစားကို အတိ

အကျ ဖော်ထုတ်သည်။ နောက်ပြီး သွေးလန့်မှုနှင့် သွေးကြောပြတ်မှု အတိုင်းအတာကိုလည်း ဖော်ထုတ်ပေးသည်။

မိုက်က မိန်းကလေး၏နှာရိုးကို နဂိုပုံစံအတိုင်း ပြန်ဖြစ်အောင် တတ်နိုင်သလောက် ပြန်ပြီး ပုံသွင်းပေးသည်။ ပို၍တိကျသော ပြန်လည်တည်ဆောက်ရေးကိုမူ နောက်မှပြုလုပ်ရမည်။ ကောင်မလေး ပြန်ပြီး သတိလည်လာသည် အထိစောင့်ရမည်။

သွေးသွင်းပေးခြင်းဖြင့် သွေးလန့်မှုကိုအနိုင်တိုက်ရမည်။ ပြီးမှ အခြားထိခိုက်ဒဏ်ရာရမှုများ ရှိမရှိကို စေ့စေ့ စပ်စပ် စစ်ဆေးရှာဖွေရမည်။ အထူးသဖြင့် ခေါင်းကိုထိခိုက်မိသဖြင့် ဖြစ်ပေါ်လာသည့် ဦးနှောက်ပျက်စီးမှုသည် တစ်သက်လုံး ထိခိုက်နိုင် မထိခိုက်နိုင်ကို စစ်ဆေးကြည့်ရမည်၊

'နှလုံးခုန်နှုန်းပြ လှိုင်းတွန့်တွေမှာ တစ်ခါ နှစ်ခါလောက် ကျုံ့သွားတာ ကျွန်မ သတိထားလိုက်မိတယ် ဆရာ'

မစ္စစ်ဆောင်းဒါးက သတင်းပို့သည်။ နှာခေါင်းရိုးများ ချည်ထုပ်မှုကို လက်စသတ် ပြီးစီးသွားသည့် မိုက်က....

'နှလုံးခုန်စက်ကို ရပ်လိုက်လေ၊ ဘာဖြစ်လာမလဲ ကြည့်ရအောင်'

ဟု ညွှန်ကြားလိုက်၏။

နှလုံးခုန်စက်မှ လျှပ်စစ်စီးဆင်းမှုကို ဆရာဝကြီးက ရပ်ပစ်လိုက်၏။ သူတို့အားလုံး၏ မျက်လုံးများသည် ရုပ် သံလွှင့် ဖန်သားပြင်ကို စူးစိုက်ကြည့်နေကြ၏။



စောစောကဆိုမိန်းကလေး၏နှလုံးထဲသို့ ရောက်နေသော လျှပ်စီးခေါင်း၏ လှုံ့ဆော်မှုကြောင့် နှလုံးခုန်ကြောင်းပြသသည့် လှိုင်းတွန့်ကလေးများသည် ဖန်သားပြင်ပေါ်တွင် ထင်ဟပ်နေ၏။ သို့သော် ယခုတော့ မျဉ်းတွန့်ကလေးတွေ ပျောက်ပြီး အပြားကြီး ဖြစ်သွားသည်။

အတော်ကြာကြာ ဘာမျှဖြစ်ပေါ်မလာ။ မိုက်က နှလုံးခုန်စက် ခလုတ်ကို ပြန်ဖွင့်ဖို့ လက်လှမ်းလိုက်၏။ ထိုအခိုက်တွင်မှ လှိုင်းတွန့် ဝေဝေဝါးဝါးကလေး ရုတ်တရက် ပေါ်လာသည်။ သည်လှိုင်းတွန့်ကလေး ပေါ်လာခြင်းသည်အဓိပ္ပာယ် တစ်မျိုးပဲ ထွက်သည်။ နှလုံးသည် သဘာဝလှုံ့ဆော်ချက်ကို တုံ့ပြန်ပြီး သူ့ဘာသာသူခုန်နေပြီဆိုသည့် အဓိပ္ပာယ် ဖြစ်၏။ ဒုတိယတစ်ချက် အခုန်တွင် အားကောင်းလာသည်။ ထို့နောက်မှာတော့ သူ့ကိုယ်သူယုံကြည်စိတ်ချသွားသည့်အလား စည်းချက်မှန်မှန် ဆက်ခုန်နေတော့၏။

'ဟား....အဲဒါကတော့ နတ်သိကြားတွေ တန်ခိုးပြလိုက်တာပဲဗျို့'

ဒေါက်တာပေါ်တာ၏အသံသည် စိတ်လှုပ်ရှားမှုကြောင့် အက်ကွဲနေ၏။

'ဟုတ်ပါ့၊ ကျွန်တော်တို့လုပ်တာ မဟုတ်ဘူး၊ နတ်သိကြားတွေက သူတို့ဘာသာ လုပ်သွားတာ'

မိုက်က ပြန်ပြောလိုက်၏။

* * *

မိုက်က သူ့လူနာကို အရေးတကြီး လူနာစောင့်ကြပ်ဆောင်သို့ ကိုယ်တိုင်ကိုယ်ကျ ကြီးကြပ်ပြီး ပြောင်းရွှေ့ပေးသည်။ သည်အခန်းတွင် လူနာ၏အခြေအနေကို သူနာပြုဆရာမများက မပြတ်စောင့်ကြည့်ပေးနေသည်။ မိုက်ကအဆိုပါအဆောင်မှ ပြန်ထွက်လာသောအခါ အဆောင်အပြင်ဘက်ရှိ ဧည့်ခန်းတွင် လူတစ်ယောက် ထိုင်စောင့်နေသည်ကိုတွေ့ရ၏။ ထိုလူမှာ ဆံပင်တွေဖြူနေပြီး မျက်မှန်ထူထူကြီး တပ်ထားသည်။

'ဒေါက်တာကနန်းပါလား'

'ဟုတ်ပါတယ်'

'ကျုပ်က ဂျော့စတန်းဖိုးပါ၊ စတားနယူးသတင်းစာက အုပ်ချုပ်မှုအယ်ဒီတာပေါ့၊ ဂျက်နက်ဘက်....'

မိုက် အူကြောင်ကြောင် ဖြစ်နေသည်ကိုကြည့်ပြီး အဘိုးကြီးက စကားရပ်လိုက်၏။

'ခင်ဗျား သူ့နာမည်ကိုတောင် မသိဘူးပေါ့...ဟုတ်လား'

'အဖြစ်အပျက်တွေက သိပ်မြန်ဆန်လွန်းနေတော့ အင်း... ခုတော့ မီးစ်ဘတ်တစ်ယောက် အသက်ရှင်တော့မယ့်ပုံပါပဲ'

'ဘုရားသခင်ရဲ့ ကျေးဇူးတော်၊ နောက်ပြီး ခင်ဗျားရဲ့ ကျေးဇူးကြောင့်ပါပဲ ဒေါက်တာ၊ ဂျက်နက်က ကျုပ်တူမဗျ၊ ချီကာဂိုရိုးမှာတော့ အတော်ဆုံး သတင်းထောက် တစ်ယောက်ပေါ့၊ သူကလင်းတောလ်မင်းရဲ့အမှုကို အစကတည်းက လိုက်နေတာ၊ အယူသည်းဂိုဏ်းဝင်မဟုတ်တဲ့ လူတွေထဲမှာ



သူ့လောက် လင်းတောလ်မင်းနဲ့ရင်းနှီးတဲ့သူ ဘယ်သူမှ မရှိဘူးလို့ ဆိုရမှာပဲ'

'အဲဒါကတော့ သံသယဖြစ်စရာရှိတဲ့ ဂုဏ်ပုဒ်လို့ဆိုရမှာပဲ'

'ခင်ဗျားဟာ ဂျက်နက်လို သတင်းထောက်မျိုးဖြစ်နေရင် ခင်ဗျား အဲဒီလိုပြောမှာမဟုတ်ဘူး၊ မနေ့ညက သူကျွန်တော့်ဆီကို ချီကာဂိုကနေ ဖုန်းဆက်တယ်လေ၊ လင်းတောလ်မင်းကို အက်ဖ်ဘီအိုင်က ဝါရှင်တန်ကို ဒီမနက်ခေါ်လာလိမ့်မယ်တဲ့၊ လင်းတောလ်မင်းနဲ့အတူ သူလဲပါလာမယ်တဲ့၊ လင်းတောလ်မင်းဟာ ဘာဖြစ်လို့ တရားရုံးမှာ အစစ်ခံချက် ပေးသလဲ ဆိုတဲ့အကြောင်း သတင်းဇာတ်လမ်းတစ်ပုဒ်ရေးနေတယ်လို့ ဂျက်နက်က ပြောတယ်၊ အဲဒီသတင်းဇာတ်လမ်းကိုဒီမနက်ဒီကို ရောက်တဲ့အခါကျုပ်ဆီပို့ပေးမယ်လို့ ပြောထားတာ၊ တကယ်တော့ တောလ်မင်းဆိုတဲ့ ကလေးမလေး ခုလို ဖွင့်ဟ ဝန်ခံလာအောင် ဂျက်နက်က သိမ်းသွင်းခဲ့တယ်ဆိုတာ ကျုပ် ပြောရဲတယ်ဗျ'

'သိမ်းသွင်းပြီး အထူးသတင်း ဇာတ်လမ်းတစ်ပုဒ်ရတယ် ဆိုပါတော့'

'ဘူ သေချာပေါက်ရခဲ့တယ်လေ၊ ချီကာဂိုမှာရှိတဲ့သတင်းစာတိုင်းနဲ့ သတင်းဌာနအားလုံးက ဒီသတင်းကိုအသေအလဲ လိုချင်နေကြတာ၊ ဒီတော့ ဂျက်နက်ကို လျှော့မတွက်လေနဲ့၊ လေယာဉ်ပျံတိုက်မှုဖြစ်တော့ လေဆိပ်မှာ ကျွန်တော်ရှိတယ်၊ သူ့ကို စောင့်နေတာ၊ ဒါပေမယ့် မီးကိုနိုင်အောင် သတ်ဖို့

ရှုတ်ရှုတ်သဲသဲဖြစ်နေချိန်မှာ ကျုပ်ကိုအထဲမဝင်ရဘူးလို့ ရဲအဖွဲ့က တားထားလို့ မဝင်ရဘူးလေ။

'ရဟတ်ယာဉ်ပေါ်ကို တောလ်မင်းရဲ့ အလောင်းနဲ့အတူ နောက်တစ်ယောက်ကိုပါ တင်သွင်းတာကို ကျုပ်မြင်လိုက်ရတယ်၊ ဒါပေမယ့် ဘယ်သူရယ်လို့မသိပါဘူး၊ လေယာဉ်ကွင်းလုံခြုံရေးတာဝန်ခံက ပြောပြမှသိရတာ၊ ဒါနဲ့ ဒီကိုရောက်အောင် အမြန်ဆုံး ပြေးလာခဲ့တာပဲ၊ ဒါပေမယ့် ဒါးလက်စ်မှာ သူတို့ပြောလိုက်ပုံအရဆိုရင် သူ သေပြီလို့ပဲ ကျုပ်က သေချာပေါက် တွက်ထားတာဗျ'

'ခင်ဗျားတူမဟာ သေတော့မလို့ပါပဲ၊ ဒါပေမယ့်အသက်ရှင်နေသေးတယ် မစ္စတာ စတန်းဖီး၊ တို....ညွှန်းအပြင်ဘက်မှာ ကော်ဖီဆိုင် ရှိတယ် ခင်ဗျ၊ ကျွန်တော်တို့ အဲ့ဒီကိုသွားပြီး ကော်ဖီလေး၊ မုန့်လေး စားကြရအောင်လား၊ ကျွန်တော်က ဗိုက်ဟောင်းလောင်း ဖြစ်နေပြီ'

သူတို့နှစ်ယောက် စားရင်းသောက်ရင်း မိုက်ကဂျက်နက်နံ့ဘေးတွင် ဒူးထောက်ထိုင်နေချိန်မှ စ,ပြီး ယခု အချိန်ထိအတွင်း ဖြစ်ပျက်ခဲ့သမျှကို သတင်းစာဆရာကြီးအားအသေးစိတ် ပြန်ပြောပြလိုက်၏။

'ဒါဆို သူ့မျက်နှာကဒဏ်ရာတွေကိုတော့ ခင်ဗျားဘာမှမလုပ်နိုင်သေးဘူးပေါ့'

'ပထမဦးစားပေးပြီးလုပ်ရမယ့်အလုပ်တွေကို ပထမလုပ်ရပါတယ်ခင်ဗျ၊ ဒါပေမယ့် သွေးထွက်မလွန်အောင် နှာခေါင်းရိုးကျိုးတာကိုတော့ ပြန်ပြီး စည်းထုပ်ပေးထားပါ



တယ်၊ အဲဒါ စိတ်ချသွားရပြီဆိုတာနဲ့ သူ့မျက်နှာကို ကျွန်တော် ပြုပြင်ပေးပါ့မယ်'

'သူ့မျက်က တော်တော်ဆိုးဆိုးရွားရွား ပျက်စီးသွားသလား'

'အပြင်ပန်းအားဖြင့်တော့ ညာဘက်မျက်လုံးထောင့်မှာ နည်းနည်းလေး ကွဲသွားတယ်၊ ဒါပေမယ့် မေးစေ့အပေါ်ခြမ်းက အရိုးတွေ ကျိုးပဲ့ကုန်တာ တော်တော်ကြီးဆိုးပါတယ်၊ မေးစေ့အောက်ပိုင်းလဲ ကျိုးသွားတာပဲ၊ ဒါပေမယ့် အနေအထားပျက်မသွားဘူး၊ ဒီတော့ ထိန်းသိမ်းရတာ သိပ်မခက်ဘူးပေါ့၊ ဒါနဲ့ စကားမစပ်မေးရဦးမယ်၊ သူမကြာခင်က ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံလောက် ဦးဆီမှာရှိလား၊ ဒီထိခိုက်မှုမဖြစ်ခင်က သူ့ရုပ်သွင် ဘယ်လိုရှိလဲဆိုတာ သိရရင် ကျွန်တော့်အတွက် အထောက်အကူရနိုင်ပါလိမ့်မယ်'

'အိမ်မှာတော့ ရောင်စုံဓာတ်ပုံတစ်ပုံရှိတယ်ဗျ၊ သတင်းစာတိုက်က ကိုယ်ရေးမှတ်တမ်းဌာနမှာတော့ တခြားပုံတွေရှိလိမ့်မယ်၊ သူ့မျက်နှာ အမာရွတ်ကြီးတွေထင်နေမှာလားဟင်'

'ကျွန်တော် ပထမဦးဆုံးစစ်ဆေးကြည့်တဲ့ အနေအထားအရတော့ အမာရွတ်ထင်မယ်ဆိုရင်တောင် မဆိုစလောက်ကလေးပဲ ထင်လိမ့်မယ်လို့ ကျွန်တော်ပြောပါရစေ'

'ခွဲစိတ်ကုသမှုလုပ်မှတော့ သေချာပေါက်....'

'ကုသမှုကိုပါးစပ်ထဲက တစ်ဆင့်လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်၊ အရေပြားကွဲသွားတာက ညာ

တက် မျက်လုံးထောင့်တစ်နေရာတည်းပါ၊ သူတော်တော် ချောခဲ့လှခဲ့သလားဟင်'

'ကြည့်ကောင်းတယ်လို့ပြောရလိမ့်မယ်၊ ဒါပေမယ့်တော် တယ်၊ သူ့လုပ်ငန်းထဲမှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထား တယ်၊ လင်းကောလိပ်က တခြားလူတွေသက် သူ့ကိုပိုပြီး ယုံကြည်စိတ်ချတာမို့ သူ့ကို တော်တော်များများ ဖွင့်ပြော ခဲ့တယ်၊ ကောလိပ်မင်းနဲ့ တွေ့ဆုံမေးမြန်းခဲ့တာတွေကို ဂျက် နက်က တိပ်ခွေနဲ့တောင် သွင်းထားခဲ့တာ၊ နောက်ပြီး ဒီမိန်းကလေးရဲ့ မိစ္ဆာဒိဋ္ဌိအကြောင်း စာတစ်အုပ်ရေး ဖို့လဲ စာချုပ်ထားခဲ့တာဗျ၊ အဲဒီစာအုပ်ကို ဂျက်နက် ပြီး အောင် ရေးနိုင်ခဲ့ရင် ကျုပ်ရဲ့သတင်းစာက တစ်ပိုင်းစီထည့် သွင်း ဖော်ပြဖို့လဲ စာချုပ်ထားပြီးသား'

'သူစာရေးနိုင် မရေးနိုင်ဆိုတဲ့မေးခွန်းအတွက် အဖြေကို နက်ဖြန်ဆို ကျွန်တော်တို့ သိနိုင်ပါပြီ၊ သူ့ကို ကြည့်ပေးဖို့ ဒေါက်တာ ဖျော့ရှ်ဖော်ဂါတီကိုပြောထားတယ်၊ ဒီဆေးရုံရဲ့ အမှုထမ်း ဆရာဝန်တွေထဲမှာ သူက အတော်ဆုံး ဦးနှောက် နဲ့ အာရုံကြောဆရာဝန်ပဲ၊ နောက်ပြီး ဦးနှောက်ထိခိုက်မှုနဲ့ ပတ်သက်လို့လဲ ကျွမ်းကျင်တယ်'

'ကျုပ် သူ့ကိုသိတယ်ဗျ'

'သူပြန်ကောင်းလာရေးကို အဆိုးဆုံးဒုက္ခပေးနိုင်တာက တော့ သူ့နှလုံးအခုန်ရပ်သွားမှာရယ်၊ သူ့ဦးနှောက်ဆီကို သွေးလွှတ်မှု ခဏလေးဖြစ်ဖြစ် ရပ်သွားတာရယ်ပဲခင်ဗျ'



'ဦးနှောက်အကန့်တွေထဲကို အောက်ဆီဂျင်လုံလုံလောက် လောက် မရောက်တာ ငါးမိနစ်ကျော်သွားရင် တစ်သက် လုံး ဦးနှောက်ပျက်သွားတယ်ဆိုတာ တကယ်ပဲလားဒေါက် တာ'

'အဲဒါ အကြမ်းဖျဉ်းပြောတဲ့စကားပါ၊ ငါးမိနစ်ထက် အချိန်ကြာပေမယ့် ကြီးကြီးကျယ်ကျယ် ထိခိုက်မသွားတဲ့ ဖြစ်ရပ်တွေ ကျွန်တော်ကြုံခဲ့ဖူးပါတယ်'

'ကျုပ်တူမလေးကို စိတ်မမှန်တော့တဲ့ ဘဝမျိုးနဲ့တော့ အဆုံးမသတ်ပါစေနဲ့ဒေါက်တာကန်းရယ်၊ အဲဒီလို ဖြစ်တာ ကို ကျုပ်ကော သူ့ခင်ပွန်းလောင်းကော နောက်ပြီး ဂျက်နက်ကိုယ်တိုင်ပါ လိုချင်မှာ မဟုတ်ဘူး'

'ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားနေပါတယ် မစ္စတာ စတန်းဖီး၊ နောက်ပြီး ဆေးရုံမှာတပ်ဆင်ထားတဲ့ ပစ္စည်းကိရိ ယာတွေရယ်၊ ဆေးကျောင်းတစ်ခုလုံးကိုကျွန်တော်တို့အသုံး ချနိုင်တာရယ် ပေါင်းလိုက်ရင် ကျွန်တော်တို့ရဲ့ အစွမ်းကုန် ဆိုတာ တော်တော်ကြီး ကောင်းမွန်နေပါတယ်'

'သူ့ကို ခင်ဗျားလက်ထဲ ထည့် အပ်ထားပါတယ် ဒေါက်တာ၊ ကဲ....ကျုပ်သွားဦးမှ၊ ချီကာဂိုက ဂျယ်ရယ် ဟတ်ချင်ဆန်ကို ဖုန်းဆက်ရဦးမယ်၊ သူက 'စတားနယူး' သတင်းစာအတွက် ချီကာဂိုနယ်မြေတာဝန်ခံ ဘာသာရေး သတင်း အယ်ဒီတာလေ၊ သူနဲ့ ဂျက်နက်က နောက်လမှာ လက်ထပ်ဖို့ စီစဉ်ထားတာ'

☆

## ၄။

တက္ကသိုလ်ဆေးရုံနှင့် လမ်းဖြတ်နှစ်ဖြတ် အကွာလောက်တွင် ရှိသည့် မိုက်၏ရုံးခန်းသို့ ဂျက်နက်ဘတ်၏ဓာတ်ပုံများ ထိုနေ့ညနေပိုင်းမှာပင် ရောက်လာ၏။ ဂျော့စတန်းဖိုးက သူကတိပြုထားသည့် အတိုင်း ဓာတ်ပုံများကို အထူး စာပို့သမား တစ်ဦးလွှတ်ပြီး ပို့ခိုင်းလိုက်ခြင်းဖြစ်၏။

သူ့ဦးလေးပြောသလိုပင် ဂျက်နက်ဘတ်၏ ရုပ်သွင်သည် ထိခိုက်မှုမဖြစ်မီက သိပ်ချော သိပ်လှဟု မဆိုသာသည့်တိုင် ကြည့်ကောင်းသူတစ်ဦးဖြစ်၏။ မည်သို့ဖြစ်စေ မိုက်က ဓာတ်ပုံတွေကို အသေးစိတ်လေ့လာကြည့်သည်။ ကျွမ်းကျင်လိမ္မာသော အသားအစားထိုး ခွဲစိတ်ကုသမှု ဆရာဝန်တစ်ဦး၏ လက်ထဲသို့ရောက်သွားလျှင် သည်မိန်းကလေး တကယ့်အလှကို ရရှိပိုင်ဆိုင်နိုင်သည်။ မိုက်က ဖြစ်ပေါ်နေသည့် အနေ



အထားများကို ကြည့်၏။ ဖြစ်ပေါ်နေသည့် အနေအထား
တွေက သူ့ကို စိန်ခေါ်နေသည်။ သည်အနေအထားတွေကို
တွေ့ရလေ၊ သည်စိန်ခေါ်ချက် တွေကို သူ အံတုဖက်ပြိုင်
အနိုင်ရမည်ဟု စိတ်ထဲမှာ ယုံကြည်လာလေဖြစ်၏။

* * *

မိုက်က ညနေဘက် အိမ်သို့မပြန်မီ တက္ကသိုလ်ဆေးရုံသို့
တစ်ခေါက်ဝင်သည်။ လူနာများကို လှည့်လည်ကြည့်ရှု စစ်
ဆေးသည်။ ဂျက်နက်ကတော့ အရေးပေါ်လူနာကုသခန်းမှ
ပြောင်းရွှေ့လာပြီးနောက် တစ်နာရီခန့်မှ စ၍ကာ အသက်
မှန်မှန်ရှူနေပြီဖြစ်ကြောင်းသိရ၏။ နှလုံးလှုပ်ရှားမှုကလည်း
အားရှိသည်။ သွေးသွင်းပေးထားသဖြင့် သူ့သွေးပေါင်
ချိန်မှာ ပုံမှန်အဆင့်သို့ ပြန်ရောက်နေပြီ။

မိုက်က သတိမေ့နေဆဲဖြစ်သည့် မိန်းကလေး၏ မျက်နှာ
နှင့် ခေါင်းမှ နေရာအတော်များများကိုတိုင်းထွာပြီး မှတ်
စုအုပ်ကြီးတွင် ရေးမှတ် ထားသည်။ ပြီးတော့ သူ
ချက်ချင်း ပုံထုတ်ကင်မရာဖြင့် ဓာတ်ပုံတွေရိုက်ယူသည်။

ဒေါက်တာဖေဘ်ဂါဆီက သည်မိန်းကလေးကိုလာရောက်မကြည့်ဖြစ်သေး။ သို့သော် ညနေ ခြောက်နာရီတွင် သူ့လူနာများကို လှည့်လည်စစ်ဆေးရင်း ဝင်ကြည့်လိမ့်မည်ဟု ဦးနှောက်နှင့် အာရုံကြော ဆရာဝန်၏ ရုံးက လှမ်းပြီးအကြောင်းကြားထားသည်။

မိုက်သည် ဂျော့တောင်းရှိ သူ့အိမ်ခန်းသို့ ညနေခြောက်နာရီခွဲတွင် ပြန်ရောက်သည်။ သူပြန်ရောက်ပြီး မကြာမီမှာပင် ကယ်လီဖုန်းခေါ်သံ မြည်လာသည်။ ခေါ်သူမှာ ဦးနှောက်နှင့်အာရုံကြောဌာနမှ ဒေါက်တာဂျော့ရှ်ဖေဘ်ဂါပင်ဖြစ်၏။

'ဘတ်ဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်တဲ့ ကျွန်တော့်ယူဆချက်ကို ခင်ဗျားသိချင်မယ်ထင်လို့ ဖုန်းဆက်လိုက်တာပဲမိုက်ရေ၊ ကျွန်တော် ခုလေးပဲ သူ့ကိုစမ်းသပ်စစ်ဆေးပြီးကျောရိုးဖောက်ကြည့်ခဲ့တယ်'

'ဘာများထူးခြားလဲ'

'သူ့သတိတော့ ပြန်လည်မလာသေးဘူး၊ ဒါပေမယ့်ကျောရိုးအရည်ဖိအားက ပုံမှန်အောင်အတွင်းမှာပဲရှိတယ်၊ ပြီးတော့ ကျောရိုးအရည်ထဲမှာ သွေးလဲမတွေ့ရဘူး'

တွေ့ချက်နှစ်မျိုးစလုံးမှာ မင်္ဂလာသတင်းများဖြစ်၏။ ခေါင်းတွင်ထိခိုက်သည့် ဒဏ်ရာသည် တကယ်ပင် ဆိုးရွားပြင်းထန်ပါက ကျောရိုးအရည်ဖိအား တက်လာပေမည်။ ဦးနှောက်ကိုဝိုင်းရံထားသည့် အရည်နှင့် ကျောရိုးနဗ်ကြောစုကို ဝိုင်းရံထားသည့် အရည်တွေထဲတွင် သွေးမတွေ့ရခြင်း



မှာ ခေါင်းကို ရိုက်မိသည့်အတွက် ပေါ်ပေါက် လာသည့် ဦးနှောက်ထိခိုက်မှုမှာ မဆိုးရွားလှဟု အဓိပ္ပာယ်ရပေသည်။

'သူ့အခြေအနေနဲ့ ပတ်သက်ပြီး ကျွန်တော် စိုးရိမ်တာတစ်ချက်ပဲ ရှိတယ်ဗျ၊ အဲဒါကတော့ သူ့နှလုံးသားဟာမခုန်ဘဲရပ်နေခဲ့တာငါးမိနစ်ကျော်သွားတယ်၊ အဲဒီချောက်ကမ်းပါးကို စိတ်ပိုင်းဆိုင်ရာချို့တဲ့မှုမရှိဘဲ ကျော်ဖြတ်လာနိုင်တယ်၊ ဒါပေမယ့် အဲဒီနောက်မှာမှ ဓိတ္တဇဝေဒနာရှင်လဲဖြစ်သွားနိုင်တယ်'

'ခင်ဗျားရဲ့ ပထမခန့်မှန်းချက်ပဲ မှန်ပါစေလို့ ကျွန်တော်တို့ ဆုတောင်းရမှာပေါ့ဗျာ....၊ သူ့ကို သွားကြည့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဂျော့ရှ်၊ ခင်ဗျား သူ့ကိုဆက်ကြည့်သွားမယ် မဟုတ်လား'

'ကြည့်မှာပါ...ကြည့်မှာပါ၊ ဒါပဲနော်'

မိုက်က သူ၏အိပ်ခန်းကျဉ်းကလေးထဲသို့ဝင်ခဲ့၏။ သည်အခန်းကလေးကား သူ၏နားခိုရာလည်းဖြစ်၊ အလုပ်ခန်းလည်းဖြစ်၏။ ထိုနောက် ဂျက်နက်ဘတ်၏မျက်နှာကို တကယ်တမ်း ခွဲစိတ်ပြီး ပြန်လည်ပုံဖော်ခြင်း မပြုလုပ်မီ ဂျက်နက်၏ခေါင်းပုံစံကိုထုလုပ်ဖို့ လိုအပ်သည်များကို စတင်ပြင်ဆင်စေတော့၏။

သူက နမူနာဦးခေါင်းပုံစံကိုမထုလုပ်မီ ဂျက်နက်ဘတ်၏ဓာတ်ပုံနှစ်ပုံကို အလင်းရောင်ကောင်းကောင်းရသည့် စားပွဲကလေးတစ်လုံးပေါ်ရှိ စင်ကလေးတစ်ခုတွင် မှီ၍ထောင်ထားသည်။ သည်ဓာတ်ပုံတွေက 'စတားနယူး' သတင်းစာ

တိုက် ကိုယ်ရေးမှတ်တမ်းဌာနမှ ပေးပို့လိုက်သည့် ဓာတ်ပုံတွေ။ တစ်ပုံက မျက်နှာကို ရှေ့တည့်တည့်မှ ရိုက်ထားပြီး၊ နောက်တစ်ပုံက မျက်နှာ ဘေးတိုက်ပုံ ဖြစ်၏။ ထိုနှစ်ပုံ၏ နံဘေးတွင် ထောင်ထားသည်မှာ ဂျော့ဇတန်းဖီး၏ အိမ်မှ ရောင်စုံဓာတ်ပုံ။ သူကပွဲထိုင်ဝတ်စုံကိုဝတ်ထားသည်။ ညနေပိုင်း ညစာ်ခံပွဲတစ်ခုတွင် ရိုက်ထားမှန်း သိသာသည်။

သူ့ကြည့်ရတာ ကျန်းကျန်းမာမာ တောင့်တောင့်တင်းတင်း ရှိသည်။ ဥာဏ်ရည်ထက်မြက်ပုံရသည်။ နောက်ပြီး ဆွဲဆောင်မှုအပြည့်ရှိသည်။ သူသည် အထက်တန်းကျောင်းတို့၊ ကောလိပ်ကျောင်းတို့မှာတုန်းက 'အလှဘုရင်မ' ဘွဲ့ကို မရခဲ့တာတော့ သေချာသည်။ သို့ပေမယ့် လူတစ်စု၊ လူတစ်အုပ်၏ ခေါင်းဆောင်လောက်တော့ ဖြစ်ခဲ့လိမ့်မည်။ လေယာဉ်ပျံကွင်းမှာ ကတည်းက မိုက် သတိပြုမိခဲ့သည်မှာ သည်မိန်းကလေး၏ ဆံပင်။ သူ့ဆံပင်တွေမှာ ရွှေရောင်နှင့် အနီရောင် ရောစပ်ထားသည့် ရွှေနီရောင်။ သို့သော်အရောင် မရင့်။ ပြန်လည်ပြုပြင်ရန် သိပ်အခက်အခဲတွေ့မည် မဟုတ်။

မိုက်၏ သွက်လက်ကျွမ်းကျင်သော လက်ချောင်းကလေးများက နမူနာဦးခေါင်းပုံစံကို စတင်ပုံသွင်းသည်။ ထိုသို့ ပုံသွင်းရင်း သူ၏ကနဦးအတွေးသည် မှန်ကန်ကြောင်း ပို၍ ယုံမှတ်လာ၏။ သည်မိန်းကလေး ကောင်းကောင်း သတိရလာ၍ သူ့မျက်နှာသွင်ပြင်များကို ပြန်လည်တည်ဆောက် လိုက်လျှင် ဂန္ထဝင်အလှတစ်ရပ်ကို ပိုင်ဆိုင်ဖို့အလားအလာ အများကြီးရှိသည်။ အဆိုပါစိတ်ကူးကြောင့် တက်ကြွလာ



သော မိုက်က လုပ်လက်စအလုပ်ကိုရပ်ပြီး စာအုပ်စင်ရှိရာသို့ သွားသည်။ စွယ်စုံကျမ်းကြီးတွေထဲတွင် ခေါမခေတ်က ထုလုပ်ခဲ့သည့် ဦးခေါင်းပုံစံများကို ရှာကြည့်သည်။ သူ အထူးရှာဖွေနေသည်မှာ ဂန္ထဝင်အလှရှင် 'အက်ဖရိုဒိုက်'၏ ပုံဖြစ်၏။ သည်ပုံစံကို ဗြိတိသျှပြတိုက်ထဲတွင် ကြည့်ခဲ့ဖူးသည်။ သို့သော် သည်ပုံကိုတွေ့အောင် နာရီဝက်လောက် ရှာကြည့်ရသည်။ သည်ပုံကား ခေါမအချစ်နှင့် အလှနတ်ဘုရားမ 'အက်ဖရိုက်ဒိုက်'၏ ကိုယ်တစ်ပိုင်းပြတ် ရုပ်တုဖြစ်၏။ သည်ရုပ်တုကို ခေါမပန်းပုဆရာကြီး 'ပရက်စီတလိစ်'က ထုလုပ်ခဲ့သည်။ ခေါမခေတ်၏ အလှဆုံးရုပ်တုတွေထဲမှ တစ်ရုပ်ဖြစ်၏။

ချစ်စရာကောင်းလှသည့် ခေါမဦးခေါင်းပုံစံကို ကြာကြာ လေ့လာကြည့်လေ၊ နောက်ပြီး ဂျက်နက်၏ ဓာတ်ပုံများနှင့် နှိုင်းယှဉ်ကြည့်လေ သူ့စိတ်ကူးမှန်နေပြီဟု ယုံကြည်စွဲမှတ်လာလေဖြစ်၏။ မိန်းကလေး၏ မျက်နှာသွင်ပြင်များက စင်းလုံးချော လှပနေသည်မဟုတ်။ သို့ပေမယ့် 'အက်ဖရိုဒိုက်'၏ မျက်နှာ၊ ခေါင်းအချိုးအစားများနှင့် အတော်ကြီး တူနေသည်။ သည်တော့ 'အက်ဖရိုဒိုက်'၏ ရှားရှားပါးပါး အလှမျိုးကို မပိုင်ဆိုင်နိုင်သည့်တိုင် 'အက်ဖရိုဒိုက်' လို လှသည့် ဂန္ထဝင်အလှမျိုးကိုတော့ ရရှိသွားနိုင်သည်။

စွယ်စုံကျမ်းစာအုပ်ကြီးကို ယူသွားပြီး အက်ဖရိုဒိုက်၏ပုံကို ဂျက်နက်၏ ဓာတ်ပုံများနံဘေးတွင် ယှဉ်ပြီး ထောင်ထား လိုက်၏။ ပြီးတော့ ပုံသွင်းလက်စ ဦးခေါင်းပုံစံကို ဆက်ပြီ

စိတ်ပါလက်ပါ ပုံသွင်းသည်။ပလာစတာရုပ်တုပုံကိုသွင်းရင်း မကြာ....မကြာ နားသည်။ ဓာတ်ပုံတွေကို စေ့စေ့စပ်စပ် ကြည့်သည်။ ဓာတ်ပုံထဲမှ မျက်နှာ၏ အစိတ်အပိုင်းများကို တိုင်းတွာသည်။ အက်ဖရိုဒိုက်၏ မျက်နှာ အစိတ်အပိုင်း များကို တိုင်းတွာသည်။

ညဆယ်နာရီလောက် ရောက်တော့ ခြေကုန် လက်ပန်းကျ နေပြီ။ သို့သော် ရင်ထဲမှာ ကျေနပ်ပီတိဖြစ်နေသည်။သူသွင်း ထုနေသည့် ဦးခေါင်းပုံစံသည် ဂျက်နက်ဘတ်၏ မျက်နှာနှင့် တပြည်းဖြည်း တူစပြုလာပြီ။ ထို့အတူ ခေါ်မအာချစ်နှင့်အလှ နတ်ဘုရားမ၏ ဂန္ဓဝင်အလှမျိုးလည်း ပေါ်လွင်စ ပြုလာပြီ ဖြစ်၏။

ပလာစတာ ပုံညွန်း ကိရိယာများကို ပစ်ချလိုက်ချိန်တွင် သည်ည သူလုပ်ခဲ့သည့် အလုပ်၏ ရလဒ်များနှင့် ပတ်သက်၍ ပို၍ ကျေနပ်ပီတိဖြစ်နေမိ၏။ သူက သူအကြိုက်ဆုံး ဖြစ်သည့် ကာဘွန် ဝီစကီကို စိတ်လက်ပေါ့ပါးစွာ တမြုံ့မြုံ့ သောက် ပစ်လိုက်၏။ပြီးတော့ အိပ်ရာမဝင်မီ ဆယ့်တစ်နာရီ သတင်း ကိုကြည့်ရန် ရုပ်မြင်သံကြား စက်ခလုတ်ကို ဖွင့်လိုက်၏။

★

၅။

'ဆရာ့လူနာ အခြေအနေ ကောင်းပါတယ် ဒေါက်တာ ကန်း'

နောက်တစ်နေ့ နံနက်တွင် အထူးကြပ်မတ် ကုသခန်း တာဝန်ခံ ဆရာမကြီး မစ္စစ်ရှက်ဖ်တဲက မိုက်အား ဆီးကြို နှုတ်ဆက်သည်။

'သူ ဘယ်တော့လောက် သတိပြန်လည်လာမယ် ထင်လဲ ဆရာ'

'ဒေါက်တာ ဖော်ဂါတီက မှန်းချက် တစ်ခုကို အရမ်း မပြောဘူးဗျ၊ လူနာအတွက် ညက နှလုံးခုန်စက် သုံးရသေး လား'

'တစ်ခါမှ မသုံးရဘူး၊ သူ့ရဲ့ သွေးခုန်နှုန်းက ကျန်မရှိ သွေးခုန်နှုန်းအတိုင်း ကောင်းနေပါတယ်'

‘ဒါဆိုရင်တော့ လျှပ်စီးပိုက်ကို ဒီညနေပိုင်းလောက်မှာ ပြန်ထုတ်ပစ်မှ ထင်ပါရဲ့၊ သွေးပြန်ကြောကြီးက သွေးထွက်များလာရင် ချည်ထားဖို့ လိုအပ်မယ့် ပစ္စည်း ကိရိယာတွေ အသင့်လုပ်ထားလေ’

‘ကျွန်မကလဲ သူ့ကိုယ်နဲ့ဆက်ထားတဲ့ အဲဒီလျှပ်စစ်လှိုင်း မြစက်ကြီးကို ဖြုတ်ပစ်ချင်လှပါပြီဆရာ၊ နှလုံး သွေးလွှတ်ကြောနဲ့ဆိုင်တဲ့ကိစ္စတွေမှာ ဒီစက်ကို ဘယ်အခါလိုမယ်၊ဘယ်အခါမလိုဘူးဆိုတာ ကျွန်မတို့ မသိဘူး၊ဦးနှောက် လျှပ်စစ် မှတ်တမ်းတင်စက်ကော ဆရာ’

‘သူ သတိ ပြန်လည်လာတဲ့အချိန်ထိ ဦးနှောက် လျှပ်စစ် လှုပ်ရှားမှုကို မှတ်တမ်းတင်ထားချင်သေးတယ်’

ဂျက်နက်ဘတ်ရှိနေသည့် အထူးကြပ်မတ်ကုသခန်းထဲသို့ ဝင်ပြီး အကြမ်းဖျဉ်း စစ်ဆေးကြည့်သည်။ သတိ ပြန်လည် မလာသေးခြင်းမှအပ အခြား အလန့်တကြား ဖြစ်လောက်စရာ အနေအထား ဘာမျှမတွေ့ရ။ တစ်ခုတော့ ရှိသည်။ သတိ ပြန်လည်မလာသေးခြင်းမှာ ကောင်းသော နိမိတ် လက္ခဏာ မဟုတ်။ တစ်နာရီ ပိုကြာသွားလေ တစ်နာရီစာ ပို၍ စိုးရိမ်စရာကောင်းလေ ဖြစ်၏။

စမ်းသပ် စစ်ဆေးမှု ပြီးခါနီးလောက်တွင် သူ့စိတ်ထဲ တစ်မျိုးကြီးခံစားမိ၏။ သူ စမ်းသပ်စစ်ဆေးသည်မှာ သိမ်မွေ့ ပြီး အကျဉ်းချုံးသွန်းသဖြင့် သာမန်အိပ်ပျော်နေသည့် မိန်း ကလေးတစ်ယောက် ဆိုလျှင်ပင် သိနိုင်စွမ်းရှိမည် မဟုတ်။ သို့သော် ဂျက်နက်ကတော့ မိုက် ပြောသမျှ၊ ပြုလုပ်သမျှကို



သိရှိခံစားရှိရဟန် ပေါ်နေ၏။ မိုက် စိတ်ထဲတွင် လှုပ်လှုပ် ခတ်ခတ်ဖြစ်သွား၏။ ထိုအခိုက်မှာပင် တာဝန်ခံဆရာမကြီးက လည်း မေးခွန်းတစ်ခု မေးသည်။

‘သူဟာ သူ သတိမေ့နေတယ်လို့ပဲ ကျွန်မတို့ကိုယုံစေချင်ပုံ ရတယ်၊ ဒါပေမယ့် သူဖြစ်စေချင်တာထက် ပိုပြီး သတိရှိနေ တယ်လို့ ဆရာ တစ်ခါတလေ မခံစားရဘူးလား ဒေါက်တာ ကန်း’

‘ခင်ဗျား အဲဒီလိုထင်ရလောက်အောင် ဘာ အကြောင်း တွေ ရှိလို့လဲ’

‘ကျွန်မက ဒီလုပ်ငန်းထဲမှာ ကျင်လည်ခဲ့တာ သိပ်ကြာပြီ
မဟုတ်လား၊ ဒီတော့ လူတွေဟာ အပြင်ပန်းသွင်ပြင်မှာမြင်
နေရသလိုမှ ဟုတ်ရဲ့လားဆိုတာ သံသယဝင်လာမိတယ်’

‘ကျွန်တော်လဲ ခုလေးပဲ အဲဒီခံစားချက်မျိုး ခံစားလိုက်ရ
တယ်ဗျ၊ဘာကြောင့်လဲဆိုတာတော့ ကျွန်တော်လဲမစဉ်းစား
တတ်ဘူး၊ ဒီတော့ ကျွန်တော်တို့နှစ်ယောက်စလုံး မှားနေ
တာပဲ ဖြစ်မှာပါ၊ သူ့ရဲ့ ဦးနှောက် လျှပ်စစ်လှိုင်း ပုံစံမှာ
ပြောင်းလဲမှုများ တွေ့ရသေးသလား’

‘ဦးနှောက်လှိုင်းတွေက ပိုပြီး ခိုင်မာလာတယ်၊ ဒါပေမယ်
တစ်ခါ နှစ်ခါလောက်တော့ ကျွန်မ မသိတဲ့ ပုံစံမျိုးတွေ
ပေါ်လာတာ တွေ့ခဲ့ရတယ်’

‘ဦးနှောက်လှိုင်းတွေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော
မပိုင်ဘူးဗျ၊ ဒါပေမယ့် ဖော်ဂါတီ ခုလေးပဲ ဝင်လာပါပြီ
သူဆိုရင် ပြောပြနိုင်ပါလိမ့်မယ်’

'ခင်ဗျားတို့နှစ်ယောက် ဘာတွေ တီးတိုးတီးတိုး လုပ်နေကြတာလဲ'

ရွှေဝါရောင်ဆံပင်နှင့် ထောင်ထောင် မောင်းမောင်း ဦးနှောက်နှင့်အာရုံကြော ဆရာဝန်က မေးလိုက်၏။

'ဘာတ်ဆိုတဲ့ မိန်းကလေးတာ သတိ မေ့နေတုန်းပဲဗျ။ ဒါပေမယ့် ကျွန်တော်တို့သိတာထက် ပိုပြီး သူဟာသတိရနေတယ်လို့ ကျွန်တော်တို့ နှစ်ယောက်စလုံးက ထင်နေကြလို့'

'အဲ့ဒီ ဦးနှောက်လှိုင်းတွေနဲ့ ပတ်သက်ပြီး ကျွန်မတို့ သိုလော....သိုလော တွေးနေကြတာ ဆရာရဲ့၊ ကျွန်မကဒီဘက်မှာ အလုပ်လုပ်နေပေမယ့် ရုပ်သံလွှင့်စက်တွေကို တစ်ဖက်က ကြည့်နေတာ၊ အဲဒါက အကျင့်ဖြစ်နေပြီလေ'

တာဝန်ခံဆရာမကြီးက ရှင်းပြသည်။

'အဲဒီလှိုင်းတွေက ဘာများ ထူးထူးခြားခြား ဖြစ်နေလို့လဲ'

'အဲဒီလှိုင်းတွေဟာ ပုံမှန်ဦးနှောက်လှိုင်းတွေနဲ့မတူဘူးဖြစ်နေတယ်၊ ဒါပေမယ့် ဘယ်လို ခြားနားတယ်ဆိုတာ ကျွန်မ တိတိကျကျ မပြောတတ်ဘူး'

သူနာပြု ဆရာမကြီး၏အသံသည် စိတ်လှုပ်ရှားမှုကြောင့် ရုတ်တရက် မြင့်တက်သွားသည်။

'ဟော....ဟော.... ခုပဲ အဲဒီလှိုင်းတွေ တသီကြီးပေါ်လာပြီ'

ကွန်ပျူတာဖန်သားပြင်ပေါ်တွင်ထင်နေသည့် ဦးနှောက်လှိုင်းပုံစံကိုကြည့်ရန် ဆရာဝန်နှစ်ယောက်စလုံးကမန်းကတန်း



လှည့်ကြည့်လိုက်ကြ၏။ မစ္စစ်ရှက်ဖ်တဲဘာဆိုလိုသည်ကို မိုက်ချက်ချင်း သဘောပေါက်သွားသည်။ ငါးစက္ကန့်မျှသော ကာလအတွင်း ငြိမ်းငြိမ်းချမ်းချမ်း အနားယူမှုစက်နေခြင်း လက္ခဏာအဖြစ် လေးလေးမှန်မှန် လှုပ်ရှားနေသည့် ပုံမှန်လှိုင်းများနေရာ၌ လှိုင်းတွန့်သေးပြီး ပို၍ သွက်လက်လှုပ်ရှားသော ပုံစံတစ်ခုပေါ်လာသည်။

'အဲဒါ 'သီတာ'စည်းချက်လို့ခေါ်တယ်၊ ဒါပေမယ့် သတိလစ်နေတဲ့လူနာမှာ ပေါ်လာတာတော့ အတော်ထူးခြားတယ်'

ဒေါက်တာဖော်ဝါတီက ရှင်းပြသည်။

'ဘာဖြစ်လို့လဲ ဂျော့ရှ်'

'မပြောတတ်ဘူး၊ ဒီအဖြစ်မျိုးဟာ စိတ်နယ်လွန်ပညာနဲ့ ပိုပြီး ဆက်စပ်နေတယ်ဗျ'

'အထူးအာရုံသိမှုလား၊ အကြားအမြင်ရတာမျိုးလေ'

'အဲဒါက တစ်မျိုးအပါအဝင်ပေါ့၊ ဒါပေမယ့် အဲဒီကိစ္စာ အတော်ရှုပ်ထွေးနက်နဲတာဗျ၊ ဒီတော့ တစ်ယူသန်ချင်တဲ့ ဆရာဝန်အများစုက စီလွန်ကိစ္စတွေနဲ့ ခပ်ကင်းကင်းနေကြတယ်၊ ဒါပေမယ့် တချို့လူတွေဟာ စိတ်အာရုံ ရုပ်ဖော်မှုအပိုင်းမှာ တခြားလူတွေထက် အများကြီးပိုပြီး ထိရောက်ကြတယ်ဆိုတာ ကျွန်တော်တို့ငြင်းလို့မရဘူး'

'ပန်းပုထုတာနဲ့ပတ်သက်လို့ ကျွန်တော့်မှာ အတွေ့အကြုံ အနည်းအကျဉ်းရှိတယ်ဗျ၊ အဲဒီ အတွေ့အကြုံကလေးအရ ခင်ဗျားပြောတာကို သဘောပေါက်လို့ရတယ်'

'ခင်ဗျား ဗီဝတို့ပြန်မှုအကြောင်း ဘယ်လောက်ထိသိ သလဲ'

'အဲဒီပညာရပ်နဲ့ပတ်သက်ပြီး အလုပ်လုပ်နေတဲ့လူတွေရဲ့ အဆိုအရတော့ သူ့ဘာသာသူ သီးခြားလှုပ်ရှား နေတဲ့ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုတွေကို ထိန်းချုပ်လို့ရတယ်တဲ့၊ ဆိုလိုတာက နှလုံးခုန်နှုန်း သွေးလည်ပတ်မှုနှုန်းနဲ့ တခြား ရုပ်ပိုင်းဆိုင်ရာ ဖြစ်စဉ်တွေဆိုတာသိမ္ပ၊ ဒါမှမဟုတ် စိတ်နဲ့ ဘာမှမဆိုင်ဘဲ သီးခြားလှုပ်ရှားနေတယ်လို့ ကျွန်တော်တို့ ယူဆထားခဲ့ကြတယ်မဟုတ်လား၊ အေး...အဲဒီ ရုပ်ပိုင်းဆိုင်ရာ ဖြစ်စဉ်တွေကိုထိန်းချုပ်ဖို့ စိတ်ပိုင်းအရလေ့ကျင့်သင်ကြား ပေးလို့ ရတယ်တဲ့'

'အင်း...တော်တော်ကောင်းတဲ့ရှင်းပြချက်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ စိတ်လှုပ်ရှားမှုအခြေအနေက ရုပ်ပိုင်းဆိုင်ရာ အနေအထားကို အနည်းနဲ့အများဆိုသလို ထိန်းချုပ်ပြုပြင်လို့ပဲ၊ ခုဆိုသူတေသနသမားတော်တော်များများကစိတ်ကို ထိန်းချုပ်ပြုပြင်မယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာအနေအထားတွေကို ပြောင်းလဲလို့ရတယ်၊ တိုးတက်ကောင်းမွန်အောင်လုပ်လို့ရတယ်လို့ စပြီးယုံကြည်လက်ခံလာကြပြီလေ'

'အဲဒါကိုကျွန်တော်လက်ခံတယ်၊ လွန်ခဲ့တဲ့ နေ့တုန်းက ကျွန်တော်အိန္ဒိယမှာ နှစ်ပတ်သုံးပတ်သွားနေခဲ့တယ်၊ ရုပ်ပြင်ပညာနဲ့ပတ်သက်တဲ့ နိုးနွေ့ဖလှယ်ပွဲတစ်ခုကိုသွားတက်တာ၊ ရုပ်ပြင်ပညာဟာ ခရစ်တော်မမွေးမီ နှစ်ပေါင်းငါးရာခွဲ ခုနှစ်ရာအတွင်းကတည်းက ပေါ်ခဲ့တာကလား၊ အဲဒီမှာ



'ဖကီး'ဘုန်းကြီးတွေ ပြုလုပ်ခဲ့တဲ့လက်ရာတချို့ကို ကျွန်တေ တွေ့ခဲ့ရတယ်၊ အဲဒီလက်ရာတွေဆိုရင် ဘယ်လို နည်းပညာ ပြုလုပ်ထားတယ်ဆိုတာ ရှင်းပြဖို့မလွယ်ဘူးဗျို့'

မိုက်က သူ့အတွေ့အကြုံကို ပြန်ပြောပြ၏။ ထိုအခ ဦးနေ့ခက်နှင့်အာရုံကြောဆရာဝန် ဖော်ဂါတိက သူသိထာ သည့် သတင်းအချက်အလက်များကို ပြောပြပြန်၏။

'စိတ်နယ်လွန်ပညာရပ်ဆိုင်ရာ သုတေသနစီမံကိန်းတစ် နှစ်ခုရဲ့ အဆိုအရတော့ စိတ်အာရုံရိပ်....ဒါမှမဟုတ် စိတ်ဂ ပုံဖော်မှုတွေ တိုးပွားဆက်မြက်လာမှုကြောင့် ဖြစ်ပေါ်လ တဲ့ ဇီဝကမ္မဖော့ ပြန်ချက်တွေကိုတွေ့ရှိထားတယ်တဲ့၊နောက် အဲဒီ စိတ်အာရုံရိပ်တွေဆက်မြက်လာမှုနဲ့အတူ 'သိတာ'ဆို ဦးနှောက် လျှပ်စစ်လှိုင်းစည်းချက်မြန်လာမှုက တွဲဖက်ပါလ နေတယ်ဆိုပဲ'

'ဒါဆိုရင် ဂျက်နက်ဘတ်ဟာ မသိစိတ်နယ်ပယ်ထဲက စိတ်ကူးပုံဖော်မှုတွေ...ဒါမှမဟုတ် အိပ်မက်တွေမက်နေတ လို့ ဆရာဆိုလိုတာလား၊ ဦးနှောက်လျှပ်စစ်တိုင်း ကိရိ မှာ ပေါ်နေတဲ့ 'သိတာ'စည်းချက် ပိုပြီး မြန်လာလေ အောင် စိတ်အာရုံရိပ်တွေက ဆက်မြက်နေတယ်၊ ဒါပေ သိမှုနယ်ပယ်...ဒါမှမဟုတ် သတိပြန်လည်လာတဲ့အဆင့် တော့ တိုးဖောက်မတက်နိုင်သေးဘူးလို့ ဆိုလိုတာလ

'ဆက်ပြောပါဦး'

'သူ့ရဲ့ ဦးနှောက် လှိုင်းစည်းတွေဟာ အိပ်မက်ထ မြင်မက်နိုင်လောက်အောင် ကျုံးမာသန်စွမ်းနေလျက်

နဲ့ ဘာဖြစ်လို့ သိမ္ဗုနယ်ပယ်ကိုရောက်အောင် မစွမ်းဆောင်နိုင်ရတာလဲ’

‘အဲဒီကိစ္စကရှင်းပြရခက်ပါတယ်လို့ ခင်ဗျားကိုကျွန်တော်ပြောထားသားပဲ’

‘ဒီတော့ ကျွန်တော်တို့ ဘာလုပ်လို့ရနိုင်သလဲဆရာ’

‘သူ ဇီဝကမ္မဘုံ ပြန်မှုအကြောင်း သင်ကြားထားရင် ကျွန်တော်တို့ အဲဒီနည်းကိုအသုံးပြုမယ်၊ လောလောဆယ် အချိန်မှာတော့ ဘယ်ပုံဘယ်နည်းသုံးမယ်ဆိုတာ အတိအကျ မပြောနိုင်သေးဘူး၊ ဒါပေမယ့် သူသင်ကြားထားပုံမှ…’

‘ဒါက ကျွန်တော်တို့သိတာလေ’

ဦးနှောက်ဆရာဝန်က အံ့အားတသင့်ဖြင့် မိုက်ကိုကြည့်သည်။

‘ခင်ဗျား ဘာဆိုလိုတာလဲမိုက်’

‘ဒီမိန်းကလေးက လင်းတောလ်မင်းနဲ့ အတော်ရင်းနှီးပုံရတယ်၊ ဒါကြောင့် သူစီးလာတဲ့လေယာဉ်ပေါ်မှာဂျက်နက်ပါ လိုက်ခဲ့ဖို့ ဇွတ်တောင်းဆိုခဲ့တယ်၊ သူက ဂျက်နက်ကို ယုံကြည် စိတ်ချပုံလဲ ရတယ်၊ ဒါကြောင့် သူ ဘယ်သူ့ကိုမှ မပြောခဲ့တဲ့ အကြောင်းတွေ ဂျက်နက်ကိုအတော်များများ ပြောပြခဲ့တယ်’

‘အင်း…စတားနယူး သတင်းစာထဲမှာ ဂျက်နက်ဘတ်ရဲ့ နာမည်နဲ့ ရေးတဲ့ သတင်းဇာတ်လမ်းတစ်ပုဒ်ဖတ်ရတာသတိရပြီ၊ လင်းတောလ်မင်းက ချီကာဂိုမှာရှိတဲ့ သူ့ရဲ့အယူသည်း ဂိုဏ်းမှာ မာရ်နတ်ကိုးကွယ်တဲ့ ကျင့်စဉ်တွေကို ဦးစီးပြီး လေ့



ကျင့်ပေးခဲ့တဲ့ အကြောင်း ____ ကြွားလုံးထုတ်ခဲ့တာကလား၊ ဒီ ဘတ်ဆိုတဲ့ ကောင်မလေးဟာ လင်းတောလ်မင်းရဲ့ အဖွဲ့မှာ ဝင်ခဲ့တယ်လို့ ခင်ဗျား ဆိုလိုတာလား’

‘သူ့အကြောင်း သူ့ဦးလေးရဲ့ ပြောပြချက်အရ ဆိုရင်တော့ လုံးဝမဖြစ်နိုင်ဘူး၊ အင်းလေ…သူက အထာညက် သတင်းထောက် တစ်ယောက် ဆိုတော့ သူ ဟန်ဆောင်ကောင်းဟန် ဆောင်ခဲ့…မဖြစ်နိုင်ဘူး၊ အဲဒီလို ဟန်ဆောင်လိမ့်မယ်လို့လဲ ကျွန်တော်မထင်ဘူး၊ ဒါပေမယ့် လင်းတောလ်မင်းနဲ့ အရမ်းနီးစပ်ဖို့အတွက် လင်းတောလ်မင်းရဲ့ စိတ်သဘောထားကို နားလည်နေတာ ဖြစ်ရမယ်၊ ညီအစ်မချင်း စာနာနားလည်မှုရှိတဲ့ သဘောပေါ့ဗျာ’

‘ဘာလဲ…ဗုံးတွေ ထောင်ပြီး အပြစ်မဲ့တဲ့လူတွေကို သတ်လိုက်ရတဲ့ အတွက် ပီတိဖြစ်တဲ့ စိတ်သဘောထားမျိုးကိုပြောတာလား’

ဖော်ဂါတီက မျက်ခုံးများကို အဓိပ္ပာယ်ပါစွာ ပင့်တင်လျက် မေး၏။

‘ခင်ဗျားလူနာ သတိပြန်လည်လာတဲ့အခါ ကျွန်တော်တို့ကို အများကြီး ပြောပြနိုင်ပါလိမ့်မယ်’

‘ဒါမှမဟုတ်လဲ တောလ်မင်းအကြောင်းရေးမယ့်စာအုပ်ထဲမှာ ထည့်ရေးဖို့ သူ့စိတ်ထဲမှာပဲ ထားချင် ထားမှာပေါ့၊ အယူသည်းဂိုဏ်းဝင်တွေကို တရားစွဲ အပြစ်ပေးနိုင်အောင် လင်းတောလ်မင်း အနေနဲ့ အစွဲတွေဖျောက်ပြီး တရားရုံးမှာ အစစ်ခံဖို့ ဂျက်နက်ဘတ်က ဖျောင်းဖျခဲ့တယ်လို့ ကျော့စတန်း

ဖိုးက ထူးဆန်းတယ်၊ တကယ်လို အဲဒီအတိုင်း မှန်ခဲ့ရင်.... နောက်ပြီး အာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာသိလောက်အောင် သတိပြန်လည်လာရင် လင်းတောလ်မင်း သေရတဲ့ အတွက်နဲ့ သူ ခုလို ဝေဒနာတွေ ခံစားနေရတဲ့အတွက် သူ့ကိုယ်သူ အပြစ်တင်မိမှာပဲ’

‘သူ သတိပြန်လည်လာဖို့ တွန့်ရှုံ့နေပြီး ဦးနှောက်လျှပ်စစ် မှတ်တမ်းစက်ပေါ်မှာ ‘သီတာ’ လှိုင်းတွေ ပေါ်နေတာ အဲဒါကြောင့် ဖြစ်နိုင်တယ်၊ ဒီစိတ်နယ်လွန်ကိစ္စဟာကူးစက် ပြန့်ပွားတတ်တာ ဖြစ်ရမယ်၊ ခင်ဗျားကိုကြည့်လေ၊ ခင်ဗျား အတွေးအခေါ်တွေဆိုရင် ကျွန်တော့်ထက်အများကြီး သာ သွားပြီ’

ဖော်ဂါတီက တွေးတွေးဆဆဖြင့် ပြောသည်။

‘အဲဒါကို ကျွန်တော့် အတွေးအခေါ်လို့ တကယ်တမ်း ပြောလို့မရပါဘူး ဆရာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင် ကျော်ကျော်လောက်ကပလေတိုပြောခဲ့တယ်လေ၊ ‘ဦးခေါင်း နဲ့ ကိုယ်ခန္ဓာ ကျန်းမာချင်ရင် စိတ်ကို အရင်ကုစား’ တဲ့၊ ဒါပေမယ့် သိပ္ပနယ်ပယ်ကိုတောင်ရောက်အောင်မလာချင်တဲ့ သူကို ဘယ်လိုလုပ် ဆက်သွယ်စကားပြောမလဲ၊ စကားပြောလို့ မရတော့ လိပ်ပြာမသန့်ဖြစ်နေတဲ့ သူ့စိတ်ကို ဘယ်လိုလုပ်ပြီး ကုစားမလဲ’

‘အဲဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး၊ ဒါပေမယ့် ဒီကိစ္စကို ကူညီနိုင်တဲ့ လူတစ်ယောက်ကိုတော့ ကျွန်တော်သိ



တယ်၊ စိတ်ရောဂါကုပညာဌာနက မဂ်ဂါမောကွာ ရန်းဒေါမက် ကာသီပေါ့၊ သူက စိတ်နယ်လွန်ရောဂါပညာရပ်နဲ့ပီအိပ်ချ်ဒီ ဘွဲ့ ယူထားတဲ့လူဗျ၊ ဒီလူက စံလွန်စိတ်ရောဂါနဲ့ ပတ်သက်လာရင် ဟိုစပ်စပ် ဒီစပ်စပ် လေ့လာချင်တဲ့လူ၊ နောက်ပြီး ဝိညာဉ် လောကနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ဆန်းကျယ်ကိစ္စတွေ ဒီလူလုပ် တာ ကျွန်တော် တွေ့ဖူးတယ်’

‘ကျွန်တော် လွန်ခဲ့တဲ့နှစ်က နယူးယောက်မှာ သင်တန်း သွားတက်နေတုန်း ဒီလူ ဒီကို ရောက်လာတာ ဖြစ်မယ်၊ ကျွန်တော် သူ့ကို သိပုံမရဘူးဗျ’

ဟု မိုက်က ပြန်ပြောသည်။

‘ဒီလူက မဟာပညာရှင်တွေ စုဝေးရာဖြစ်တဲ့ ကာလီဖိုး နီးယားက စတန်းဖို့ သုတေသနဌာနနဲ့ ဒျုခ်မှာရှိတဲ့ စိတ်နယ် လွန် ရောဂါစမ်းသပ်ခန်းမှာ အလုပ်လုပ်သေးတယ်၊ လွန်ခဲ့တဲ့ ခြောက်လလောက်ကမှ ဒီကို ရောက်လာတာ၊ ကျွန်တော် ကြားရသလောက်တော့ စိတ်ကုထုံး ရှာဖွေရာမှာ ဒီလူက တော်တော် ထိရောက်အောင်မြင်တယ်ဆိုပဲ၊ ဒါပေမယ့် သူ့ ကုထုံးတချို့ဟာ တော်တော်ကြီး ခေတ်နောက်ကျနေပြီလို့ လဲ ပြောကြတယ်’

‘ဘယ်လိုကုထုံးတွေကို ပြောတာလဲ ဆရာ’

‘အိပ်မွေ့ချကုထုံး၊ စိတ်ချောက်ချားလာအောင် ဆေး ခပ်ပျော့ပျော့သုံးတာမျိုးတွေပေါ့၊ ဒါပေမယ့်ကျွန်တော်တို့

ကြားနေရတဲ့ သတင်းအတော်များများဟာ ကောလာဟာလ သက်သက် ဖြစ်နေမယ်လို့ ကျွန်တော်ထင်တယ်'

'ဒီမိန်းကလေးကို လာကြည့်ဖို့ မက်ကာသီကို ကျွန်တော် ပြောမယ်၊ ဒါပေမယ့် ခင်ဗျားကလဲ ဒီကလေးမကို ဆက်ပြီး ကြည့်နေပါဦး ရျော့ရှ်၊ သူ သတိလည်မလာမချင်းကျွန်တော် တို့ အန္တရာယ်နယ်မြေထဲက မလွတ်သေးဘူးလေ'

'သူ ခုလိုပြောနေတုန်း ခင်ဗျား သူ့မျက်နှာကို ခွဲစိတ်ပြု ပြင်ပေးနိုင်မလား'

'ဂျော့စတန်းဖီးကတော့ ကျွန်တော့်ကို ခွင့်ပြုချက်ပေး နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မလုပ်တာ ကောင်းပါ တယ်၊ သူ့မျက်နှာကို ပြန်ပြီး ဖွဲ့စည်း တည်ဆောက်ပြီးရင် မြင်ရမယ့် မျက်နှာမျိုးကို ကျွန်တော် ပန်းပုရုပ် ထုနေတာ ပြီးလုပြီ၊ ဒါပေမယ့် သူ့လက်မှတ်နဲ့ ခွင့်ပြုချက် မရမချင်း လိုအပ်တဲ့ပြုပြင်မှုတွေ မလုပ်ချင်ဘူး'

'ခွင့်ပြုချက် ရပြီးရင်တောင် ခင်ဗျား ဘာတွေလုပ်မယ် ဆိုတာကို သူ အလုံးစုံသိနေအောင် သေသေချာချာ လုပ် ထားနော်'

ဟု ဦးနှောက်နှင့်အာရုံကြော ဆရာဝန်က သတိပေး၏။

'တာဝန်မဲ့ ကုသမှုပုံစံမနဲ့ တရားစွဲခံရတဲ့အခါမှာ ကာယ ကံရှင်ရဲ့ သဘောတူ ခွင့်ပြုချက်အရ ကုသတယ်ဆိုတဲ့ အယူ အဆဟာ တရားရုံးတော်မှာ သိပ် မခိုင်မာလှဘူး၊ ခွဲစိတ်



ကုသမှုကို ဘယ်လို လုပ်မယ်ဆိုတာ သူတို့ကောင်းကောင်း နားမလည်ပါဘူးလို့ လူနာတွေက အမြဲတမ်း တိုင်တမ်းကြ တာမျိုး၊ သူတို့တင်လားဆိုတော့မဟုတ်ဘူး၊ ခုံသမာဓိအဖွဲ့က လဲ နားလည်တာ မဟုတ်ဘူး၊ သက်သေ အထောက်အထား ကို တင်ပြထားတာတောင် တရားဆိုင်ရတဲ့ ဆရာဝန်ကို စာ နာရ ကောင်းမှန်း သိကြတာမဟုတ်ဘူး'

★

၆။

မိုက်က ဆေးကျောင်းရှိ ဒေါက်တာ ရန်းဒေါမက်ကာသီအံ ရုံးခန်းသို့ တယ်လီဖုန်းဆက်သည်။ သို့သော် စိတ်ကုဆရာဝန်သည် နှီးနှောဖလှယ်ပွဲတစ်ခုသို့ သွားနေကြောင်း သိရသည်။ သို့ဖြစ်၍ မနက်ဖြန့်ဒေါက်တာမက်ကာသီပြန်ရောက်လာလျှင် ဂျက်နက်ဘတ်အား လာကြည့်ပေးပါရန် မှာကြားထားလိုက်၏။

ဂျော့စတန်းဖီးက မိုက်ထံ ဆယ့်တစ်နာရီလောက် ဖုန်းဆက်သည်။

'တက္ကသိုလ်ဆေးရုံက ကျုပ်ရဲ့ သတင်းထောက်က ပြောတယ်ဗျ၊ ဂျက်နက်ဟာ ဘယ်တော့မှ သတိပြန်လည်လာမှာ မဟုတ်တော့ဘူးလို့၊ အဲဒီမှာ သတင်းတွေ ဖြန့်ခံနေတယ်တဲ့၊ အဲ့ဒီ သတင်း အမှန်ပဲလား ဒေါက်တာကန်း'



'ဆေးရုံတွေမှာကတော့ ကောလဟာလ သတင်းတွေကို ထွက်နေကျပဲ မစ္စတာစတန်းဖီး၊ အဲဒီ သတင်းကို သတင်းထောက်တွေကပဲ စတင် လွှင့်လိုက်တယ်လို့ ကျွန်တော်တော့ သံသယဖြစ်တယ်၊ ဒါမှ သူတို့အဖို့ ရေးစရာသတင်းကလေး ဘာလေး ရအောင်လေ'

'ခင်ဗျား ပြောတာ မှန်နိုင်ပါတယ်၊ ဒီ 'သိက္ခာရှိစွာ သေဆုံးခြင်း' ကိစ္စက လူတွေအရမ်း စိတ်ဝင်စားနေတော့ ဒီကိစ္စဟာ သတင်းတန်ဖိုး ရှိတဲ့ကိစ္စ ဖြစ်လာနေတယ်၊ ဒါနဲ့ ဂျက်နက်ရဲ့ အခြေအနေက ဘယ်လိုလဲ'

'ဦးကို ကျွန်တော် သတိပေးခဲ့သလိုပါပဲ၊ ထွက်နေတဲ့ သတင်းဟာ အမှန်ဖြစ်မသွားနိုင်ဘူးလို့ ကျွန်တော် မပြောနိုင်ပါဘူး'

'လောလောဆယ်တော့ ကောင်းနေတယ်လား'

'ဒီလောက်အပြင်းအထန် ဒဏ်ရာရထားတဲ့ လူနာ တစ်ယောက် ဒီလောက် အခြေအနေကောင်းလာတာမျိုး ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး ခင်ဗျ'

'ဒါတောင်မှ တကယ်လို့ သူ သတိပြန်လည်လာရင်....'

'အဲဒီတံတားကိုရောက်တဲ့အခါ....ဒါမှမဟုတ် ရောက်ခဲ့ရင် အဲဒီအခါမှပဲ ကျော်ဖြတ်ကြတာပေါ့ဦး'

မိုက်က ခိုင်မာပြတ်သားစွာပြောလိုက်၏။

'ကျုပ် ခုလေးပဲ 'ပို့စ်'သတင်းစာက မြို့တော်သတင်း အယ်ဒီတာနဲ့ စကားပြောဖြစ်တယ်၊ သူတို့က နက်ဖြန်ထုတ် သတင်းစာမှာ သတင်းတစ်ပုဒ် ထည့်မယ်လေ၊ ဂျက်နက်

အသက်ရှင်နေဖို့ဆိုတာ [illegible]တွေကို အချိန်ပြည့် အားကိုးနေရမယ်တဲ့၊ [illegible] ကိစ္စဟာ ပြည်ဖုံးကားချကြရမယ့် ကိစ္စလား၊ [illegible]ား မချရမယ့် ကိစ္စလား ဆိုတာ သို့လောသို့လော တွေးကြရတော့မယ်တဲ့'

'ဦးအနေနဲ့ ကောလဟာလ သတင်းတချို့လဲ ရပ်သွားအောင်၊ နောက်ပြီး 'ပို့စ်'ထက်ဦးအောင် သတင်း တစ်ပုဒ် ထည့်လို့ရပါတယ်၊ ဂျက်နက်ရဲ့ နှလုံးခုန်နှုန်းဟာသန်မာပြီး သူ့အင်အားနဲ့သူ ခုန်နိုင်နေပြီဖြစ်တဲ့ အတွက် သူ့ နှလုံးထဲ ထည့်ထားတဲ့ လျှပ်စီးပိုက်ကို ဒီညနေပဲ ပြန်ထုတ်လိုက်တော့မယ်လို့၊ နောက်ပြီး သူဟာ ကောင်းကောင်း အသက်ရှူနေပြီဖြစ်တဲ့အတွက် စက်ကိရိယာအကူအညီ ဘာမှမလိုတော့ဘူးလို့၊ အဲဒီသတင်းတွေကို ကျွန်တော်က ပြောတယ်လို့ပဲ ထည့်ရေးလိုက်ပါ၊ အဲဒါအပြင် နောက်ထပ် နှစ်ဆယ့်လေးနာရီ မပြည့်မီအတွင်း သူပြန်ပြီး သတိလည်လာလိမ့်မယ်လို့ ကျွန်တော်က ယုံကြည်စိတ်ချနေတဲ့အကြောင်းလဲ ရေးလိုက်ပါ'

'ကျုပ် ဒီသတင်းကို ထည့်မယ်၊ ဝေါလ်စထရီ ညနေပိုင်း သတင်းစာမှာထည့်ဖို့ အချိန်မီ သေးတယ်၊ ဒါပေမယ့် ခင်ဗျား တွယ်မိတွယ်ရာကို လက်တစ်ဖက်တည်း တွယ်ထားသလို ဖြစ်မနေဘူးလား ဒေါက်တာကနန်း'

'သူ အသက်ရှင်ဖို့ အခွင့်အလမ်းရှိနေတယ်ဆိုလို့ကတော့ ကျွန်တော် လက်တစ်ဖက်တည်းလဲ တွယ်ထားမှာပဲ မစ္စတာစတန်းဖီး၊ ကျွန်တော့် လက်တစ်ဖက်နဲ့ နောက်ထပ် သစ်ကိုင်း



တစ်ကိုင်းကို ဖမ်းဆွဲရင်လဲ ကျွန်တော့်အတွက် မထိခိုက်နိုင်ပါဘူး'

'ဒါထက် အက်ဖ်ဘီအိုင်က ခင်ဗျားကိုဆက်သွယ်သလား'

'ဟင့်အင်း....သူတို့က ဘာကိစ္စ ဆက်သွယ်ရမှာလဲ'

'လေယာဉ် အပျက်အစီးတွေကြားထဲမှာ ဂျက်နက် ကိုင်လာပုံရတဲ့ သားရေအိတ်တစ်လုံး တွေ့ရတယ်၊ အဲဒီသားရေအိတ်ဟာ ဂျက်နက်ထိုင်ခဲ့တဲ့ လေယာဉ် ရှေ့ခြမ်းကနေပြီး အပြင်ကိုလွင့်စဉ်ထွက်လာပုံရတယ်၊ ဒီတော့ အထဲမှာပါတဲ့ ပစ္စည်းတွေဟာ သိပ် မပျက်စီးဘူးပေါ့'

'အဲဒါတွေကို ဦး စစ်ဆေး မကြည့်ဘူးလား'

'မကြည့်ရသေးဘူး၊ ဒါဟာ အရေးပါတဲ့ သက်သေအထောက်အထားဆိုပြီး သားရေအိတ်ကို အက်ဖ်ဘီအိုင်က ထိန်းသိမ်းထားတယ်၊ ဒါပေမယ့် ကျုပ်သတင်းရသလောက်ဆိုရင် အိတ်ထဲမှာ ဂျက်နက် ရေးမှယ့် ဆောင်းပါးတွေနဲ့ ပတ်သက်တဲ့ မှတ်စုတွေရယ်၊ လင်းတောလ်မင်းနဲ့ အမေးအဖြေ လုပ်တာတွေကို အသံသွင်းထားတဲ့ တိပ်ခွေတွေရယ်ပဲ ပါတယ်တဲ့၊ မြို့နယ်တရားရုံးက ကျုပ်ရဲ့ရှေ့နေတွေက ဂျက်နက်ရဲ့ ပစ္စည်းမှန်သမျှကို အရင်းဆုံးဆွေမျိုးဖြစ်တဲ့ ကျုပ်ကို လွှဲပြောင်းပေးဖို့ လျှောက်ထားနေပြီ၊ ဒီနေ့ မကုန်ခင်မှာပဲ တရားရုံးက ကျုပ်တို့ကို အနိုင်ပေး ဆုံးဖြတ်မှာပေါ့'

'လင်းတောလ်မင်းရဲ့ အလောင်းကို လာတောင်းတဲ့သူများ ရှိသေးလား'

'ကျုပ် သိသလောက်တော့ မရှိဘူး၊ ဒီမိစ္ဆာဝါဒီ ကောင်မလေးနဲ့ [illegible]ပါတယ်လို့ ပြောချင်တဲ့ လူတောင် ရှိဟန်မတူပါဘူး၊ ဂျက်နက်ရဲ့ အခြေအနေကိုတော့ ခင်ဗျား ကျုပ်ကို မပြတ်သတင်းပေးနေပါနော်၊ ပေးမယ် မဟုတ်လား'

'ဟုတ်ကဲ့ပါ၊ အပြောင်းအလဲ ရှိရှိချင်း ပြောပါမယ်'

'ဒါထက် ပြောရဦးမယ်၊ ဂျက်နက်ရဲ့ ခင်ပွန်းလောင်း ဂျယ်ရယ်ဟတ်ချင်ဆန်လဲ ဒီညနေ လေယာဉ်နဲ့ ချီကာဂိုကနေ ရောက်လာပြီး သူက ကျုပ်တို့နဲ့ ဆက်သွယ်ထားတဲ့ သတင်းစာ တစ်ဒါဇင်လောက်မှာ ဘာသာရေး တွေးခေါ် မြော်မြင်ရေးကဏ္ဍကို တာဝန်ယူထားတဲ့ အယ်ဒီတာလေ'

'ဒါဆို သူက ဓမ္မကထိကလား'

'မဟုတ်ဘူး၊ ဒါပေမယ့် သူက တရားဓမ္မကိုလိုက်စားတဲ့ လူ၊ အီပစ္စကပယ် ကျောင်းတော်မှာလဲ တက်တက်ကြွကြွ လှုပ်ရှားနေတဲ့လူပဲ၊ သူက ခင်ဗျားနဲ့ စကားပြောချင်လိမ့်မယ်၊ ကောင်မလေး ရာသက်ပန်ပုံပျက်ပန်းပျက်ဖြစ် သွားမယ့် ကိစ္စကိုတော့ နည်းနည်း လျှော့လျှော့ပေါ့ပေါ့ ပြော'

'အဲဒီလို ဖြစ်မယ်လို့ ကျွန်တော်မထင်ဘူး၊ တိတိကျကျ ပြောရရင် သန်ဘက်ခါဆိုရင် ခွဲစိတ်ပြုပြင်ပြီးတဲ့အခါ ဖြစ်ပေါ်လာမယ့် သူ့ရဲ့မျက်နှာ နမူနာပုံစံတောင် ပြီးတော့မယ်၊ အဲ...သူက သဘောတူ လက်ခံရင်ပေါ့လေ'



'သဘာဝကပေးထားတို့ အနေအထားထက် ပိုလှလာအောင် ပြုပြင်ယူတာဟာ အမြော်အမြင်ရှိရာရောက်ပါ့မလား ဒေါက်တာ'

'အဲဒါကိုတော့ သူပဲဆုံးဖြတ်ပါစေဦး၊ ကျွန်တော်ထင်ပါတယ်၊ ကျွန်တော်တင်ပြတဲ့ အပြောင်းအလဲတွေ သူ သဘောကျမှာပါ'

မွန်းလွဲ တစ်နာရီမထိုးမီ နေ့လယ်စာ ထွက်စားတော့မည်ဆဲဆဲတွင် သူ့ရုံးခန်းမှ သူနာပြုဆရာမက ဧည့်သည် တစ်ဦးရောက်နေကြောင်း သတင်းပို့သည်။ ဧည့်သည်မှာ သူနှင့်အတူ ရဟတ်ယာဉ်ပေါ်တွင် ပါလာသည့် အက်ဖ်ဘီအိုင် စုံထောက် စတက်ဖို ဖြစ်၏။

'ကျွန်တော် ခုလေးပဲ ဗိုက်ဖြည့်တော့မလို့ဗျ၊ နေ့လယ်စာ စားပြီးပြီလား'

မိုက်က မေးသည်။

'ဟင့်အင်း'

'ဒါဆို ကျွန်တော်နဲ့ လိုက်ပြီးစားပါလား၊ လမ်းထောင့်မှာ ဖွယ်ဖွယ်ရာရာ စားသောက်ဆိုင်လေးတစ်ဆိုင် ရှိပါတယ်'

စတက်ဖိုက သူ့လက်ပတ်နာရီကို ကြည့်သည်။

'သုံးနာရီမှာ ဒါးလက်စ် လေယာဉ်ကွင်း၊ လေကြောင်း ထိန်းသိမ်းရေးမှူးကို သွားတွေ့ရမယ်၊ မနေ့က လေကြောင်းအစီအစဉ် ခြောက်နှစ်သူညကို ညွှန်ကြားခဲ့တဲ့

လူလေ၊ ဒါပေမယ့် ကျွန်တော်တို့ စားရင်းသောက်ရင်း စကားပြောဖို့ အချိန်ရပါတယ်’

‘ပေါက်ကွဲမှုဖြစ်ရတဲ့ အကြောင်းရင်းကို သိရပြီလား’

စားသောက်ဆိုင်သို့ လျှောက်သွားရင်း မိုက်က မေးလိုက်၏။

‘တပ်ဆင်သွားပုံက ရိုးရိုးကလေးပါပဲ၊ ဗိုင်းနမိုက် သုံးလေးချောင်း ထောင်ထားတယ်၊ ဘီးတွေကိုချလိုက်တဲ့အခါမှာ ဗိုင်းနမိုက်တွေ ပေါက်ကွဲပြီး လေယာဉ်အတက်အဆင်းကိရိယာ၊ အချိုးအကွေ့ကိရိယာနဲ့ ဘရိတ်တွေအကုန်ပျက်သွားတော့တာပဲ’

‘ဒီကိစ္စကို စီစဉ်တဲ့လူဟာ သူ့အလုပ်ကိုသူ တော်တော်ကျွမ်းကျင်ရမယ်ဗျ’

‘အာမန်ဒက်စကောဟာ ကျွမ်းကျင်တဲ့လူပေါ့၊ ဗီယက်နမ်မှာသူ့ကိုတပ်ကနေထုတ်ပစ်ခဲ့ကတည်းကဒီလူ့အကြောင်းကို အမေရိကန်ကြည်းတပ်က သိခဲ့တယ်လေ’

‘ဒီကိစ္စကို ဘယ်သူစီစဉ်တယ်ဆိုတာ ခင်ဗျားတို့ ဘယ်လိုလုပ် သိလဲ’

‘ချီကာဂိုက ဘာသာရေးအယူသည်းဂိုဏ်းမှာ တောလ်မင်း ပြီးရင် ဒက်စကောဟာ အဓိကပဲဆိုတာ ကျွန်တော်တို့အတော်ကြာ ကြာကတည်းက သိထားတယ်၊ ဒါပေမယ့်သူ့ကို လက်ဆုပ်လက်ကိုင် သက်သေ အထောက်အထားပြပြီး မဖမ်းနိုင်ခဲ့ဘူး၊ သူတို့ဂိုဏ်းက ဖောက်ခွဲခဲ့တဲ့ စောစောပိုင်းပေါက်ကွဲမှုတွေမှာလဲ ဒီလက်ရာမျိုးတွေပဲ တွေ့ခဲ့ရတယ်၊



ဒီတော့ ဒါတွေဟာ ဒက်စကောရဲ့ လက်ချက်တွေပဲဆိုတာ သေချာနေတယ်လေ’

စားသောက်ဆိုင်သို့ ရောက်တော့ သူတို့နှစ်ယောက်ကို စားပွဲတစ်လုံးတွင် နေရာချပေးသည်။ သူတို့က အစားအသောက်မှာ မှာပြီးမှ စကားဆက်ကြသည်။

‘ဂျက်နက်ဘတ်ရဲ့ လက်ဆွဲသားရေအိတ်ကကော ခင်ဗျားတို့ မစွတော့ စတန်းဖီးကို လွှဲပေးမှာလား’

‘ကျွန်တော်တို့ အပေးအယူလုပ်ထားတယ်၊ အိတ်ထဲမှာပါတဲ့စာ အားလုံးကို ကျွန်တော်တို့ မိတ္တူကူးယူထားမယ်၊ ဒါကို စတန်းဖီးက သဘောတူရမယ်၊ အဲဒီလိုသဘောတူရင် မူရင်းစာတွေကို ကျွန်တော်တို့က စတန်းဖီးကို လွှဲပေးမယ်၊ ဒါပေမယ့်ဗျာ....ကံမကောင်းချင်တော့ ကျွန်တော်တို့သိချင်နေတဲ့ အယူသည်း အုပ်စုဝင်တွေရဲ့ နာမည်တွေ မပါဘူးဗျ၊ သူ့စာမူကြမ်းတွေမှာကော တိပ်ခွေထဲမှာပါ မပါဘူး’

‘နေပါဦး၊ အယူသည်း အုပ်စုဆိုတာက ဘာကိုဆိုလိုတာလဲဟင်’

‘အဲဒီစကားလုံးက အားလုံးကို ခြုံငုံမိအောင်သုံးထားတဲ့ စကားပါ၊ အဲဒီစကားလုံးကအစွန်းရောက်ပြုမြင်ပြောင်းလဲရေးသမားတွေ၊ ကြောင်တောင်တောင်လူတွေ၊ စိတ်ကစဉ့်ကလျား ဖြစ်နေတဲ့လူတွေ၊ တစ်ယူသန် ဘာသာရေးသမားတွေကို ညွှန်းတာဗျ၊ ဒီတော့ဒီစကားလုံးကအဓိပ္ပာယ်တိတိကျကျ မရှိပါဘူး၊ တောလ်မင်းက မိစ္ဆာဝါဒ ကိုးကွယ်သူတစ်စုရဲ့ ခေါင်းဆောင်ဖြစ်ပုံရတယ်၊ အဲဒီမိစ္ဆာဝါဒီ

တွေက သူတို့ ထူးချွန်တဲ့ မိုးဖောက်ခဲ့မှု၊ မီးရှို့မှု တွေ့လုပ်ရပ်တွေ အကွက်ဆင် ကာကွယ်ပေးတဲ့ အနေနဲ့ မာရိနတ်ကို ကိုးကွယ်ကြတယ်လေ၊ ကျွန်တော်တို့ ထင်တာတော့ မိစ္ဆာဝါဒဂိုဏ်းမှာ ပါဝင်တဲ့ ယောကျ်ား အားလုံးဟာ ပြစ်မှုတစ်ခုခုကြောင့် တပ်ကနေအထုတ်ခံရတဲ့ ဗီယက်နမ် စစ်ပွဲပြန်တွေချည်းပဲ ဖြစ်မယ်'

'အဲဒါသာ အမှန်ဖြစ်ခဲ့ရင် ဒက်စကော့ဆိုတဲ့လူက ဘယ်လိုလုပ်ပြီး လေယာဉ်ပျံပေါ်မှာ ဗုံးတပ်ဆင်နိုင်ရတာလဲ'

'ဒီလူ အတော်ကို လျင်လျင်မြန်မြန် အလုပ် လုပ်ရလိမ့်မယ်၊ တောလ်မင်းကို ဝါရှင်တန်ရောက်အောင် ခေါ်လာရမယ် ဆိုတဲ့ ညွှန်ကြားချက်ကို ချီကာဂို အက်ဖ်ဘီအိုင်က ညဉ့်သန်းခေါင်လောက်ကျမှ ရတာဗျ၊ အဲဒီညွှန်ကြားချက် ရပြီးတာနဲ့ သူတို့ တောလ်မင်းကို ဖျောင်းဖျကြရမယ်၊ ဂျက်နက်ဘတ် မပါရင် မလိုက်ဘူးလို့ တောလ်မင်းက ငြင်းတဲ့အခါ ဂျက်နက်ဘတ်ကို သွားတွေ့ကြရမယ်၊ ဂျက်နက် မလိုက်ရင် တောလ်မင်းက အစစ်ခံတော့မှာ မဟုတ်တဲ့ အကြောင်း ရှင်းပြပြီး ဂျက်နက်ပါလိုက်ခဲ့ဖို့ ပြောကြမယ်၊ အဲ့ဒီ အတောအတွင်းမှာ သတင်း ပေါက်ကြားသွားတယ်'

'ဂျက်နက်ဘတ်ဆီကလား'

'မဟုတ်ဘူး၊ ချီကာဂိုက ဂျက်နက်ဆင်ရဲ့အခန်းကတယ်လီဖုန်းကို ကျွန်တော်တို့ စစ်ဆေးပြီးပြီ၊ ဂျက်နက် ဆက်ဘာ မစ္စတာ စတန်းဖီးတစ်ဦးပဲ ရှိတယ်၊ ဒီတော့ သတင်း ပေါက်



ကြားမှုဟာ အက်ဖ်ဘီအိုင်ထဲကပဲ ဖြစ်ရမယ်၊ ဒီကိစ္စကြီးက ရှင်ဆိုင်ရာမှာ ကြည်နူးစရာကိစ္စကြီး မဟုတ်ဘူးဗျ'

စတက်ဖို့က လေသံမာမာဖြင့် ဆက်ပြောသည်။

'ဒက်စကော့ ရည်ရွယ်တဲ့အတိုင်း ဆိုရင် လေကြောင်းခရီးစဉ်အမှတ် ခြောက်ရာ့နှစ်ဆယ်ဟာ လေထဲမှာ ပေါက်ကွဲပျက်စီးသွားရမယ်ဗျ၊ ဒီတော့ ဒီယမ်းဗုံးပေါက်ကွဲမှုနဲ့ပတ်သက်တဲ့လူဟာ ဘယ်သူပဲဖြစ်ဖြစ်ပေါ့၊ ဒီလူဟာ လင်းတောလ်မင်းကို စောင့်ရှောက်လိုက်ပါလာတဲ့ ကျွန်တော်တို့ လူတွေကော တခြား ခရီးသည်တွေပါ သေကုန်မယ်ဆိုတာ သိနေရမယ်

'ဒီလေယာဉ်ကို ဖောက်ခွဲပစ်တဲ့ တခြား အကြောင်းက ဂျက်နက်ဘတ်ကိုပါ တစ်ခါတည်း နှုတ်ပိတ်ပစ်ဖို့ကော မဖြစ်နိုင်ဘူးလား'

'အဲဒီအတိုင်းပဲ ကျွန်တော်တို့ စဉ်းစားတယ်၊ ဒါကြော ဂျက်နက်ဘတ်ကို နှစ်ဆယ့်လေးနာရီ လုံးလုံး နာရီမလပ် အစောင့်ချထားဖို့အတွက် ခင်ဗျားရဲ့ ခွင့်ပြုချက်လိုချင်တယ်

'ခွင့်ပြုပါတယ်ဗျာ၊ အဲ....ဆေးရုံ အာဏာပိုင်တွေက သဘောတူတယ်ဆိုရင်ပေါ့'

'သူတို့ သဘောတူလာအောင် ကျွန်တော်တို့လုပ်လို့ရပ တယ် ဒေါက်တာကန်း'

'ဒါဆို ဘာကိစ္စ ကျွန်တော့် လာပြောနေသေးလဲ'

'အကြောင်း တစ်ကြောင်းကြောင့်ပေါ့၊ ကျွန်တော်တို့ ကျွန်တော်တို့ရဲ့ အရှိန်အဝါကို သုံးလိုက်တိုင်း တစ်ယောက ယောက်က သူနဲ့ ပတ်သက်တဲ့ လွှတ်တော်အမတ်ကိုတိုင်တော

တာပဲ၊ လွှတ်တော်အမတ်ထဲ ဒီကိစ္စဟာ နိုင်ငံရေးအရ အမြတ်ထွက်နိုင်တယ်ဆိုတာ ချက်ချင်းသိတယ်၊ ဒီတော့အက်ဖ်ဘီအိုင်ရဲ့ လှုပ်ရှား ဆောင်ရွက်မှုတွေကိုအရင်က စုံစမ်းစစ်ဆေးထားတာထက် ပိုပြီးနက်နက်နှိုက်နှိုက်နိုင်အောင် လွှတ်တော်ကော်မတီကို တင်ပြတော့တာပဲ၊ အဲဒါနဲ့ ကျွန်တော်တို့ အက်ဖ်ဘီအိုင်မှာ နေ့ခက်ထပ် နှိပ်ကွပ်မှုတစ်ခုနဲ့ ရင်ဆိုင်ရပြန်ရော ဗျ’

‘ဘာတွေ ဘယ်လို ပါဝင် ပတ်သက်နေတယ် ဆိုတာ ကျွန်တော် သိပါတယ်’

‘ခင်ဗျားအကုန်လုံးကို မသိနိုင်ဘူးဒေါက်တာ၊ ကျွန်တော် ဒီကိုလာတာဟာလဲ ခင်ဗျားရဲ့ ကတိစကားကိုလိုချင်လို့၊ ခု ကျွန်တော်ပြောမယ့်ကိစ္စကို ဘယ်သူ့မှ မပြောပါဘူး ဆိုတဲ့ ကတိစကားပဲ’

‘ခင်ဗျားပြောမယ့်ကိစ္စဟာ ကျွန်တော့် လူနာရဲ့အကျိုးကို မထိခိုက်နိုင်ဘူးဆိုရင် ကျွန်တော် ကတိပေးပါတယ်’

‘ထိခိုက်နိုင်တယ်’

‘ဒါဆိုရင်တော့ ဘယ်ဟာက ထုတ်ပြောသင့်တယ်၊ ဘယ်ဟာက ထုတ်မပြောသင့်ဘူးဆိုတာ ကျွန်တော်ချိန်ဆဆုံးဖြတ်ရလိမ့်မယ်’

စတက်ဖို့ ခေါင်းညိတ်လိုက်၏။

‘ခင်ဗျားနဲ့ဒီလိုပဲ သဘောထားလိမ့်မယ်ဆိုတာကျွန်တော် ကြိုက်တိ သိတယ်၊ ဒါကြောင့် ဒီအကြောင်းကို ကျွန်တော့် ညွှန်ကြားရေးမှူးနဲ့ ကြိုတင်ပြီးညှိခဲ့တယ်၊ ဒီတော့ ကျွန်တော်



ပြောမယ့် အကြောင်းအရာတွေကို အများပြည်သူသိအောင် ထုတ်ပြောတော့မယ်ဆိုရင် ကျွန်တော်တို့ကိုကြိုတင်ပြီး အသိပေးပါ၊ ပြောသင့် မပြောသင့်ဆိုတာတော့ ခင်ဗျားဘာသာ ဆုံးဖြတ်ဖို့ ကျွန်တော်တို့ သဘောတူတယ်၊ အဲဒါဆိုရင်ကော ဖြစ်မလား’

‘ဒီမေတ္တာရပ်ခံချက်က မျှတတဲ့ မေတ္တာရပ်ခံချက်မဟုတ်ပါဘူး၊ ကျွန်တော် လက်ခံတယ်’

နေ့လယ်စာစားအပြီး ကော်ဖီသောက်ရင်း စတက်ဖို့က ဆက်ပြောသည်။

‘ကျွန်တော်တို့ အာရုံလှည့်စားမှုအစီအစဉ်လုပ်မယ်၊ အဲဒီလို လုပ်ရတဲ့အကြောင်းက တစ်ခုပဲရှိတယ်၊ ချီကာဂိုက လာတဲ့ လေယာဉ်ပေါ်မှာ ဂျက်နက်ဘတ်ပါလာမယ်၊ အဲဒီသို့ လိုက်ပါခွင့်ရတဲ့အတွက်ဂျက်နက်ဟာ သတင်းထောက်တစ်ယောက် အနေနဲ့တန်ဖိုးတက်သွားမယ်၊ ပြီးတော့ သူ့ အလုပ်ရှင်အတွက် အကျိုးရှိမယ်၊ ဒါက သေချာတယ်၊ ဒါပေမယ့်သူပါလာတဲ့ အတွက် ကျွန်တော်တို့အဖို့ဘာမှမထူးဘူး၊ တောလ်မင်းရဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဘယ်သူလဲဆိုတာတို့၊ သူတို့ ဘာဆက် လုပ်မလဲဆိုတာတို့ကို ကျွန်တော်တို့ ဘာမှမသိရဘူး’

‘တောလ်မင်း အဖမ်းခံရတော့ သူတို့နဲ့ အဆက်အသွယ် ပြတ်သွားတာ ဖြစ်မှာပေါ့၊ ဘာပဲ ဖြစ်ဖြစ်လေ၊ ဒက်စကော့ကတော့ လေယာဉ်ကို ဖောက်ခွဲဖို့ ဖြစ်ကလတ်ဘန်း လုပ်သွားရတယ် မဟုတ်လား’

'အတောင်ကြီးကို ကျပ်တည်းတဲ့ အနေအထားတွေထဲမှာ လုပ်သွားရလို့ပါ၊ အစီအစဉ်က ထိမှာပါးနပ်ပြီး ဗုံးထောင်ရမယ့် နေရာတွေကို သေသေချာချာ ရေးထားတာဗျ၊ ဒါပေမယ့် ဖောက်ခွဲရေးသမားဟာ လေယာဉ်ဂိုဒေါင်ထဲရောက်အောင် ဝင်ရမယ်၊ ပြီးတော့ လေယာဉ်ထဲဝင်ရမယ်၊ ဝါယာတွေအားလုံး နေရာတကျဖြစ်အောင် ဆက်ရမယ်၊ ပြီးရင် အပြင်ပြန်ထွက်ရမယ်၊ အဲဒါတွေအားလုံး မိနစ်ပိုင်း အတွင်း ပြီးအောင် လုပ်ရတာဗျ'

'ခင်ဗျား ဘယ်လိုလုပ်ပြီး သိလဲ'

'စက်ပြင်သမား အတော်များများဟာ လေယာဉ်ပေါ်မှာ တစ်ညလုံး အလုပ်လုပ်နေကြတာဗျ၊ အဲ....မနက် ခုနစ်နာရီမှာ ဆယ့်ငါးမိနစ်လောက်ပဲ လူပြတ်သွားတယ်၊ အဆိုင်းပြောင်းတဲ့ အချိန်ပေါ့၊ စက်ပြင်အဖွဲ့က ညဆယ့်တစ်နာရီကနေ ခုနစ်နာရီထိ တစ်ဆိုင်း၊ ခုနစ်နာရီကနေ သုံးနာရီထိတစ်ဆိုင်းလေ၊ အဲဒီနှစ်ဆိုင်း အသွက်အဝင်မှာမှန်းခြေဆယ့်ငါးမိနစ်လောက်ပဲ လေယာဉ်ပေါ်မှာ လူပြတ်သွားတာ၊ အဲဒီအချိန်ကလေးအတွင်းမှာပဲထရိုင်ကွန်တီနင်တယ်လေကြောင်းရဲ့ စက်ပြင်ဆရာဝတ်စုံကို ဝတ်ပြီး စက်ပြင်ကိရိယာ သေတ္တာတစ်လုံးကိုဆွဲလာတဲ့ တစ်စုံတစ်ယောက်ဟာ လေယာဉ်ဂိုဒေါင်ထဲကို ဝင်တယ်၊ သူ့ရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုပေါင်းစပ်ပြီး ဒက်စကောဲ့ဟာ ဗုံးတွေကို နေရာတကျ တပ်ဆင်တယ်၊ အသစ်ဝင်မယ့် စက်ပြင်အဖွဲ့မလာမီ အပြင်ကို ရအောင် ပြန်ထွက်သွားတယ်'



'ကျိုးကြောင်း ဆီလျော်သလိုပါပဲ'

'ဆီလျော်သလိုပါပဲ မဟုတ်ဘူး ဒေါက်တာ၊ သေကို သေချာတယ်၊ ခရီးစဉ်အမှတ် ခြောက်ရာ့နှစ်ဆယ် ပျံတက်သွားပြီးမှလေယာဉ်ကွင်းအမှုထမ်းတွေရဲ့ ကားရပ်ကွင်းက အမှိုက်ပုံး တစ်ခုထဲမှာ စက်ပြင်ဆရာဝတ်စုံတစ်ခုကို တွေ့ကြရတယ်လေ၊ ဒါပေမယ့် ဒီဝတ်စုံကို အန္တရာယ်ဖြစ်ရမ်နဲ့ ဆက်စပ်ပြီး ဘယ်သူမှ မစဉ်းစားမိကြဘူး၊ နောက်ဆုံး လေယာဉ်ကြီး ဒါးလက်စ်မှာ ပေါက်ကွဲပျက်စီးမှပဲ အတွေးပေါက်ကြတာကိုး'

'သံသယဖြစ်ဖွယ်ရှိတဲ့ လူတစ်ယောက်ကို တွေ့မိတယ်လို့ ဘယ်သူကမှ မပြောဘူးလား'

'အလုပ်သမား အဆိုင်းပြောင်းချိန်မှာ လူတွေက ဥဒဟို ဝင်လိုက်ထွက်လိုက် လုပ်နေကြတာဗျ၊ ဒီတော့ ဘယ်သူက သတိထားမိပုံမရဘူး၊ ဒီတော့ လင်းတောလ်မင်းရဲ့ အ အစည်းမှာ ကျန်နေတဲ့ ခေါင်းဆောင်တွေ လန့်ဖျပ် ထွ လာအောင် ကျွန်တော်တို့ တခြား တစ်နည်းနည်းကို သုံး တော့မယ်'

'ဒါပေမယ့် ဘယ်လိုသတင်းမျိုးကို သုံးမလဲ'

'ဝေါလ်စထရိ ညနေပိုင်းထုတ် သတင်းစာမှာ သတ ဆောင်းပါးတစ်ပုဒ် ထည့်ပေးဖို့မှတ္တာ စတန်းဖီးကသဘော တူထားတယ်၊ အဲဒီသတင်းထဲမှာ လင်းတောလ်မင်းက သူ အတူ တွဲလုပ်ခဲ့တဲ့ လူတွေရဲ့ နာမည်တွေ၊ သူတို့ရဲ့ အကြမ်းဖ

လုပ်ငန်းတွေကို စီစဉ်ခဲ့တဲ့နေရာဒေသတွေကိုကျက်နက်ကို ဖွင့်ပြောခဲ့တယ်ဆိုတဲ့အကြောင်း ပါမယ်လေ'

'ဘာဖြစ်လို့ ခင်ဗျားတို့က ဂျက်နက်ဘတ်ကို အထင်းအကြမ်း လုပ်နေတာပါကလား'

'အဲဒါက အကြမ်းဖျင်းစိတ်ကူးပဲ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်လဲ စိတ်ပူတာပါပဲ၊ အဲဒီ မကောင်းဆိုးဝါးတွေဟာ လူပေါင်းငါးဆယ်ကျော် သေအောင် လုပ်ခဲ့ကြပြီ၊ ဒီအထဲမှာ ခရီးစဉ် အမှတ်ခြောက်ရာ့နှစ်ဆယ်ပေါ်က လူတွေလဲ ပါတယ်၊ မစ္စတာစတန်းဖီးက အားပေးပါတယ်၊ တာယ်လို ဂျက်နက်ဘတ်သာ အတိသည်နေရင် ဒီ မိစ္ဆာ ဒါဇီတွေကို ချေမှုန်းဖို့ ပူးပေါင်းဆောင်ရွက်မှာသေချာပါတယ်တဲ့'

'အင်း....နောက်ဆုံးတော့ စာရင်းထားကိစ္စ ပေါ်လာပြီပေါ့၊ တခြားလူတွေရဲ့ အသက်ပေါင်းများစွာကို ကယ်ဘယ်ဖို့ အသက်တစ်ချောင်းကို စွန့်စားဖို့ ခင်ဗျားကြံသည်နေတာပဲ၊ ဒါပေမဲ့ စွန့်စားရတဲ့တစ်ယောက်အတွက် အတော်ကြီး အန္တရာယ်များတယ်နော်'

'ခင်ဗျားတူနဲ့ကို အထူး စောင့်ကြပ် ကုသခန်းကနေ သီးသန့်အခန်းကို ပြောင်းရွှေ့ထားခြင်းအားဖြင့် ခင်ဗျား ကျွန်တော်တို့ကို အများကြီး ကူညီရာ ရောက်နိုင်ပါတယ် ဒေါက်တာကန်း'

စခန်း သောက် ဆိုင် ထဲမှ ထွက်လာကြခိုက် တောက်ဖို့က ပြောသည်။



'သူ လောလောဆယ်ရှိနေတဲ့အထူးစောင့်ကြပ်ကုသခန်းမှာထက် သီးသန့်ခန်းမှာရှိနေရင် သူ့ကို ကာကွယ် စော ရှောက်ရတာ ပိုပြီးလွယ်မယ်ဗျ၊ ခုဆိုရင် သူဟာ ရောဂါ ဖြ ဖြစ်မယ့် အန္တရာယ်မျိုး မရှိတော့ဘူး မဟုတ်လား'

'ခု ခင်ဗျားတို့ သူ့ကို ပို့လိုက်တဲ့ အနေအထားမျ လောက်တော့ စိုးရိမ်စရာ မရှိပါဘူး၊ ကျွန်တော်တို့ လုပ် ထာတာ စက်ပေါ်မှာစပေါ်နေတဲ့ သူ့ရဲ့ဦးနှောက် လှုပ် လှိုင်းတွေကို ဂရုစိုက်ပြီး စောင့်ကြည့်နေရုံလောက်ပါပဲ'

'ဒါဆို ခင်ဗျား သူ့ကိုရွှေ့ပေးမှာလားဟင်၊ ကျွန်တေ မစ္စတာစတန်းဖီးကိုလဲ ပြောပြီးပြီ၊ သူက သဘော တူ ထယ်'

'ခင်ဗျားက အစစအရာရာကို စောင့်စေ အောင် ဖေ ထားတာပဲနော်'

'အစစ အရာရာတော့ မဟုတ်နိုင်ဘူး ဒေါက်တာ အဲဒီလိုသာ စဉ်းစားခဲ့ရင် လမ်းတောလမ်းကို ဝါရှင် ကို ခေါ်လာခဲ့ဖို့ အမိန့်ရောက်လာတုန်းက ချိုင်ဂိုမှာ ရှိ တဲ့ ဗိုလ်ကလေးဦးကြီးကို အစောင့်တွေ လှုပ်လှုပ်ချ ခဲ့မှာပေါ့'

☆

## ၇။

လူနာများအား ညနေတစ်ခေါက် လှည့်လည် စစ်ဆေးရန် ဆေးရုံသို့ ရောက်လာသောအခါ ဂျက်နက်အား သီးသန့်အခန်းတစ်ခန်းသို့ရွှေ့သွားပြီဖြစ်ကြောင်း တွေ့ရ၏။ ခုတော့ သတင်းထောက်တွေ ရစ်သီရစ်သီ လုပ်နေလို့ မရတော့။ သို့သော် သီးသန့်အခန်းပေါက်ကို ကောင်းကောင်းမြင်သာသည့် အခန်းကျဉ်းကလေး တစ်ခန်းတွင် ထိုင်နေသည့်လူငယ်တစ်ယောက်ကို တွေ့ရ၏။ သူ့ကြည့်ရတာ သွက်လက် ဖျတ်လတ်ပုံ ရသည်။ နှုတ်ခမ်းမွှေးကို တိတိရိရိ သေသေသပ်သပ် ညှပ်ထားသည်။

'ကျွန်တော်က ဒေါက်တာကန်းပါ'

မိုက်က အက်ဖ်ဘီအိုင်စုံထောက်နှင့် လက်ဆွဲ နှုတ်ဆက်သည်။



'အင်ဧပက်တာစတက်ဖ့်နဲ့ ကျွန်တော်တို့နေ့လယ်စာအတူစားခဲ့ကြတယ်ဗျ'

'စုံထောက် ဂျင်မက်အိုင်ဗာပါ ဒေါက်တာ၊ သိရတာ ဝမ်းသာပါတယ်'

'ကျွန်တော် အလုပ်လုပ်ရင်း လူနာခန်းထဲမှာ နာရီဝက်လောက် ရှိနေပါမယ်၊ တကယ်လို့များ ကော်ဖီ တစ်ခွက်တလေ သောက်ချင်လို့ နေ့လယ်စာ စားခန်းကို သွားချင်ရင် ပြောတာပါ'

'စိတ်မရှိပါနဲ့ ဒေါက်တာ၊ ကျွန်တော့်ကို အမိန့်ပေးထားတာက ဆယ့်တစ်နာရီမှာ လူစားလဲမယ့်လူ ရောက်မလာမချင်း ဘာအကြောင်းကြောင့်မှ ဒီနေရာက မခွာရဘူးတဲ့ ခင်ဗျ'

အခန်းထဲတွင် တာဝန်ခံဆရာမ အယ်လင်စထရာဘို ရှိနေသည်။ သည်အမျိုးသမီးနှင့် မိုက်က မိတ်ဆွေဟောင်းများ ဖြစ်၏။ တစ်ခါတလေတော့လည်း ထိုအဆင့်ထက် ပိုခဲ့ကြသည်။ အမျိုးသမီးက မိုက်အား နွေးထွေးလိုက်လှဲစွာကြိုဆို နှုတ်ဆက်သည်။

'ဝါရှင်တန်မြို့တော်မှ အကျော်ကြားဆုံး ရုပ်အလှပြင်ခွဲစိတ်ကုဆရာဝန် ဖြစ်ရတာ ရင်ထဲမှာ ဘယ်လို ခံစားရလဲဟင်'

'အဲဒီလူကို တွေ့တဲ့အခါ ကျွန်တော် မေးကြည့်လိုက်ပါ့မယ်'

'ဒီည အိမ်ပြန်ရောက်ရင် မှန်ထဲမှာကြည့်လိုက်လေ၊ ရှင် အဲဒီလောက် ဆောင်မြင့်ကျော်ကြားမယ် ဆိုတာ ကျွန်မ သိ ထားခဲ့ရင် ကျွန်မတို့နှစ်ယောက်အတူ ဓါတ်ပုံချိုချိုကလေး တွေ ရိုက်ထားကြကတည်းက ရှင့်ကိုအမှတ်တရအဖြစ် ထားဖို့ တောင်းခဲ့ပါတယ်'

အခန်းထဲသို့ အခြား သူနာပြုတစ်ယောက် ဝင်လာသည် နှင့် သူ့ လေသံရှတ်ခြည်းပြောင်းသွားသည်။

'မီးဖိုအတိုင်းရှိအခြေအနေ ကောင်းပါတယ် ဆရာ ကိုတာ ကန့်၊ ကျွန်မတို့မှာ ရုပ်သံလွှင့်စက်အစ်ခုရှိ နေတယ်၊ ဒီတော့ သူ့ရဲ့ဦးနှောက်လျှပ်စစ်မှတ်တမ်းကို စောင့်ကြည့် နေကြတယ်'

'ကောင်းတယ်၊ ကျွန်တော် ဒီမှာရှိနေတုန်း သူ့ နှလုံး ထဲက လျှပ်စီးခြေဖဝါးကိုမြန်ထုတ်ကြမယ်'

'သွေးကြောပိတ်တဲ့ ကိစ္စပေါ်လာတော့အသင့်ပဲ၊ မစက် ရှက်ဖိတ်က ဆရာလိုချင်တယ်ဆိုတဲ့ ... ဟိုး... 'သီတာ' လိုင်းတွေကတော့ အရင်ကထက်ပိုပြီးစိပ်လာတယ်၊ အချိန်ယံဗိုကြာလာတယ် ဆရာ၊ လူနာက ခြေတွေလက်တွေလဲ လှုပ်လာတယ်'

သူ လက်မောင်းကို ငြိမ်အောင်ပျူငြိမ်းစစ်ခုနှင့် တွဲချည် ထားရာမှ ဖြေပေးသည့်အခိုက် ဂျက်နက်အတ်ကတူလ်ရှိုးမှုမပြု။ သွေးပြန်ကြောကြီးအတွင်း ထည့်ထားသည့် လျှပ်စီးပိုက်ကို ညင်ညင်သာသာကလေး ဖြန်ထုတ်ပေးသည်။ နောက်ဆုံး



ပြီးခါနီးတွင်ရှိ အသံတစ်သံကိုကြားလိုက်ရသဖြင့် မိုက်ပ
ဆတ်ခနဲ တုန်သွားသည်။

'သေတော့မှာပဲ၊ နာလိုက်တာ'

မိုက် ကမန်းကတန်း မျက်လွှာပင့်ကြည့်လိုက်၏။ သူမြင်မှု
တွေ့ဖူးသမျှ မျက်လုံးတောထဲတွင် ချစ်စရာအကောင်းဆုံ
မျက်လုံးအစုံကိုကြည့်လိုက်သား ဖြစ်နေသည်။ မျက်
သူငယ်အိမ်များမှာ ထိန်ဂံဒဏ်ရာရမှုများကြောင့် အတိ
တလန့် ဖြစ်နေသည်သို့ ပြူးကျယ်ရှိုင်းစက်နေသဲ၊ ကြည့်ရာဥ
မှာ ရေငွေ့ဖုံးနေသည့် ကန်ရေပြင်ကလေးနှစ်ခုလို ရီဝေ
မှိုင်းညို့နေ၏။ သူငယ်အိမ်ကိုဝိုင်းရံထားသည့် မျက်
အရောင်မှာမူ ချစ်စရာ့ခရမ်းရောင်။ သည်မျက်လုံးတွေ
ကြိုင်ကြည့်လိုက်တော့ တစ်နည်းတစ်ဖုံ ရင်ခုန်လှုပ်ရှားမှု
ဆောင်းနေသည်။ ဓာတ်ပုံတွေထဲတွင်တွေ့ရသလို သာမ
ရှက်ကြမ်းရေကျိုမျှအသရှိသော မိန်းကလေးတစ်ယောက်
သည်လို ရင်ခုန်လှုပ်ရှားဖွယ်မျက်လုံးများရှိနေ လိမ့်မည်
မိုက် ထင်မှတ်မထားခဲ့။ ဈေးစတန်းနေလှကလေးထားသ
ရောင်စုံဓာတ်ပုံထဲမှာပင် သူ့ မျက်လုံးများ၏ အလှသ
မပေါ်လွင်ခဲ့။

'အိပ်ရာကထဖို့ဆုံးဖြတ်လိုက်ပြီလား' မိုက်က အပြုံးအဲ
ဖြင့် မေး၏။ 'ကျွန်တော်တို့က ခင်ဗျား ဘယ်တော့မှ
အိပ်ရာထပါမလဲလို့ စဉ်းစားနေကြတာ'

'ရှင်ဘယ်သူလဲဆိုတာရယ်၊ ဘာတွေဖြစ်နေသလဲဆို
ရယ်ကို ပြောပြနိုင်မလားဟင်'

သူ့အသံက ခပ်အုပ်အုပ်နှင့်နှာသံပါနေသည်။ သူ့နှာခေါင်းကို စည်းထုပ်ထားသောကြောင့်ဖြစ်၏။ သို့သော် စောစောပိုင်းက ရိုက်ထားသည့်ဓာတ်မှန်များအရ မေးရိုးအောက်ခြမ်းမှ အရိုးများကျိုးပဲ့ပြီး နေရာလွဲသွားခြင်းမရှိ။ ထို့ကြောင့် တစ်ဖက်လူနားလည်နိုင်လောက်အောင် စကားပြောနိုင်နေခြင်းဖြစ်၏။

'ကျွန်တော် လုပ်လက်စအလုပ်ကလေးကို ပြီးအောင် ဆက်လုပ်လိုက်ပါရစေဦး၊ ခင်ဗျားနည်းနည်းတော့နာလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော်ဘတ်နိုင်သလောက် ညင်ညင်သာသာလုပ်ပါ့မယ်၊ ပြီးမှ စကားပြောကြတာပေါ့ဗျာ'

လျှပ်စီးပိုက်ကို ထုတ်ယူရသည်မှာ မိနစ် အနည်းငယ်ပဲကြာသည်။ နာကျင်မှုကြောင့် ညည်းသံကို တစ်ကြိမ်နှစ်ကြိမ်ကြားလိုက်ရ၏။ သို့သော် အော်ဟစ် ညည်းညူခြင်းမျိုး မဟုတ်။ ဖြတ်ထားသည့် သွေးကြောမှ သွေး နည်းနည်းပဲ ထွက်သည်။ မိုက် သွေးထွက်ခြင်းကို အလွယ်တကူပင် ထိန်းချုပ်လိုက်၏။

'ဟောဒီမှာ ထင်ကျန်မယ့် အမာရွတ်ကလေးက သိပ်သေးလွန်းတော့ ဒီနေရာမှာ အမာရွတ် ရှိနေမှန်းတောင် ခင်ဗျားသိမှာ မဟုတ်ဘူး'

သွေးကြောပေါ်မှ ခွဲထားသည့်အရေပြားကို ထိပ်စဖြင့် ကပ်ရင်း မိုက်ကပြောလိုက်၏။

'ကျွန်မမျက်နှာက မျက်နှာတည့်တည့်ပေါ်ကို ဆင်နင်းခံထားရသလို ခံစားနေရတယ်ရှင့်'



'ဒါးလက်စ်လေဆိပ်ကြမ်းပြင်ပေါ်ကို ခင်ဗျားကျသွားတော့ ဆင်နင်းခံရတဲ့ အဖြစ်မျိုးနဲ့ ခင်ဗျား ကြုံခဲ့ရတယ်လေ'

သူက သူနာပြုဆရာမဘက်လှည့်ကာ....

'ကျေးဇူးပဲ မီးစ်စထရာဘို၊ ကျွန်တော် မီးစ်ဘတ်နဲ့ခဏ တစ်ဖြုတ် စကားပြောနေလိုက်ဦးမယ်၊ ဒါပေမယ့် ခင်ဗျားကို ဒီမှာဆွဲထားပြီး ဒုက္ခပေး မနေတော့ပါဘူး'

သူနာပြုဆရာမက သွေးတိတ် ကိရိယာများ ထည့်ထားသည့် လင်ပန်းနှင့် လျှပ်စီးပိုက်ကိုယူပြီး အခန်းပြင်သို့ ထွက်သွားသည်။ မိုက်က ကုလားထိုင်တစ်လုံးဆွဲယူပြီး ဂျက်နက်ဘတ်၏ ခုတင်နံဘေးတွင် ဝင်ထိုင်သည်။ ပြီးတော့ ခုတင်အတင့်အနှိမ့် ပြုလုပ်သည့် ခလုတ်ကိုကိုင်သည်။

'ခေါင်းနည်းနည်းထောင်နေရင် စကားပြောရတာပိုပြီး လွယ်လိမ့်မယ်၊ ခင်ဗျားသက်တောင့်သက်သာ အနေအထားကို ရရင်ပြောလေ'

မိုက်က ခုတင်ခေါင်းရင်းပိုင်းကို မြှင့်တင်သည်။ ခုတင်ခေါင်းရင်းပိုင်းသည် လေးဆယ့်ငါးဒီဂရီလောက် ထောင်သွားသည်။ ထိုအခိုက်တွင် ထိတ်လန့်တကြား ညည်းတွားလိုက်သည့် ဂျက်နက်၏ အသံကို ကြားရသည်။ မိုက်က ခလုတ်ကို ကြည့်နေရာမှ ခေါင်းမော့ကြည့်လိုက်၏။

ခုတင် ခေါင်းရင်းပိုင်းမှာ မြင့်တက်လာသဖြင့် ခုတင်နံဘေးရှိ စားပွဲပုကလေးပေါ်မှ မှန်ကလေးကို ကောင်းကောင်း မြင်ရသည့် အနေအထားသို့ ရောက်သွားသည်။

မှန်ကလေးမှာ အမျိုးသမီးလူနာများအလှပြင်လျှင် ကြည့်ဖို့သို့မဟုတ် အမျိုးသားလူနာများ မုတ်ဆိတ်ရိပ်လျှင် ကြည့်ဖို့အသင့် ထားပေးခြင်းဖြစ်၏။

'အဲ့ဒါ ကျွန်မ မျက်နှာလား ဟင်၊ ဒါမှမဟုတ် ကျွန်မ မျက်နှာကော ကျန်သေးရဲ့လား'

မိန်းကလေးက ငိုညည်းလိုက်၏။

'ခင်ဗျားမျက်နှာ အစိတ်အပိုင်းအားလုံး သူ့နေရာနဲ့သူရှိတယ်'

မိုက်က မိန်းကလေး ပို၍ သက်တောင့်သက်သာရှိအောင် ခြေတံကောက်ကွေး အောက်တွင် ခေါင်းအုံးပေးရင်း အားပေး စကား ပြောလိုက်၏။

'ခင်ဗျားအရေပြားကွဲသွားတာတော့ နည်းနည်းလေးရယ်ဗျ'

မိန်းကလေး၏ ညာအက်မျက်လုံးထောင့်မှ ပတ်တီးနေရာကို လက်ဖြင့် တို့ထိလိုက်၏။

'ဟဲ့....ဒဲ့ဒီဒဏ်ရာကို ကျွန်တော် ကုသပြီးပြဲ့အခါမှာ အဲ့ဒီနေရာမှာ ဒဏ်ရာရခဲ့တယ်ဆိုတာတောင် ခင်ဗျားသိမှာမဟုတ်တော့ဘူး'

'ရှင်ကဘာလဲ....မှော်ဆရာလား'

'ရုပ်အလှပြင် ခွဲစိတ်ကု ဆရာဝန်တစ်ယောက်ပါ၊ ဒါပေမယ့် ကျွန်တော်တို့လဲ မှော်ဆရာရဲ့ ကျွမ်းကျင်လိမ္မာမှုမျိုးလိုအပ်တယ်ဗျ၊ ခင်ဗျာ့ကိစ္စမှာတော့ အရင်တုန်းက ခင်ဗျာ့



မျက်နှာအတိုင်း ပြန်ဖြစ်စေရမယ်လို့ ကျွန်တော် ကတိပေးနိုင်ပါတယ်'

'ကျွန်မကို ချောပါတယ် လှပါတယ်လို့ ဟိုတုန်းကတည်းက ဘယ်သူကမှ ပြောခဲ့ဖူးတာ မဟုတ်ဘူး၊ ဒီကြားထဲခုတော့....'

သူ့အသံ ဆို့နစ်ပြီး မျက်နှာကို တစ်ဖက်သို့လှည့်သွားသည်။

'အနေအထားက ခု ခင်ဗျား မြင်ရတဲ့ အနေအထားနီးပါးလောက်ကောင်း ဆိုးမှာမဟုတ်ပါဘူး'

ပိုက်က အားပေးစကားပြောရင်း ကြည့်မှန်လေးကိုကြည့်လို့မရအောင် အဖုံးအုပ်ပစ်လိုက်၏။

'ခင်ဗျားထက် ပိုပြီး ဒဏ်ရာပြင်းထန်တဲ့ မျက်နှာတွေအများကြီးကို ကျွန်တော် ပြန်ပြီး ပြုပြင်ပေးခဲ့ပြီးသားပါဗျာ'

'ဒါပေမယ့် ရှင့်အနေနဲ့ အစိတ်စိတ်အမြွာမြွာ ခွဲစိတ်ပစ်ရမယ် မဟုတ်လား၊ ဒီတော့ အမာရွတ်တွေ ကျန်နေတော့မှာပေါ့'

'အဲ့ဒီနေရာမှာ ခင်ဗျား ကံကောင်းတာပေါ့၊ အလုပ်အားလုံးနီးပါးကို ခင်ဗျာ့ပါးစပ်ထဲကနေပြီး တစ်ခါတည်းလုပ်လို့ရတယ်ဗျ'

မိန်းကလေး၏ မျက်ဝန်းထဲမှ မျက်ရည်များကို တို့ပစ်ဖို့ဘားပွဲပုကလေးပေါ်ရှိ ဘူးတစ်ဘူးထဲမှ စက္ကူတို့ပတ်ပဝါခစ်စကို ယူပြီးပေးလိုက်၏။

'ရှင် ဘယ်လိုလုပ်ပြီး တစ်ခါတည်းလုပ်နိုင်မှာလဲ'

'အဓိကအလုပ်က ခင်ဗျားရဲ့ ပါးရိုးနှစ်ဖက်ကို ပြန်ပြီး မြှင့်တင်ဖို့ပါပဲ၊ ပါးရိုးနှစ်ဖက်ညီအောင်နဲ့ ပုံစံတကျ ဖြစ်အောင် တစ်ခါတည်း တစ်ချိန်တည်းလုပ်ရမယ်ဗျ၊ နောက်ပြီး ခင်ဗျားရဲ့တင်ပါးရိုးထိပ်ပိုင်းက အရိုးသေးသေးလေး တစ်စကိုလဲ ဖဲ့ယူရလိမ့်မယ်ဗျ၊ ခင်ဗျားအတွက် နှာခေါင်းရိုး အသစ်လုပ်ပေးဖို့လေ'

'ကျွန်မနှာခေါင်းမှာ အရင်က ခုံးခုံးကလေး ဖုနေတာ ရှိတယ်၊ ဆယ်နှစ်သမီးတုန်းက ဘောစ်ဘောကစားရင်း နှာခေါင်းရိုး ကျိုးသွားတာလေ'

'ခင်ဗျားက အဲဒီခုံးခုံး ဖုဖုကလေးကို ဆက်ရှိနေစေချင်သလား'

'ဟင့်အင်း'

'ဒါဆို ကျွန်တော်ပြုပြင်ပြီးချိန်မှာ အဲဒီအဖုရှိမနေစေရဘူး၊ အဲ့....ခင်ဗျာ့မေးရိုးတွေကိုတော့ ခဏလောက် ဝါယာနဲ့ တွဲထားရလိမ့်မယ်၊ အဲဒီအခါကျ ခုပြောနေသလို ပြောရတာ လွယ်ချင်မှလွယ်မယ်၊ ဒါမှမဟုတ် အသံ ကြည်ချင်မှ ကြည်မယ်'

'စကားပြောရတာ ကျွန်မပြောနေတာ မဟုတ်သလိုဘဲ လည်ချောင်းထဲက လေ လုံလုံလောက်လောက် မထွက်သလိုပဲ'

'လွန်ခဲ့တဲ့ သုံးဆယ့်ခြောက်နာရီလုံးလုံး ခင်ဗျားအသက်ရှူနေတာ ခင်ဗျားရဲ့ အသက်ရှူလေပြွန်ထဲကို ထည့်ထားတဲ့



ပိုက်ကလေးကတစ်ဆင့် ရှူနေတာ၊ အဲဒီပိုက်ကလေး ရှိနေသမျှကာလပတ်လုံး အဆုတ်ကထုတ်လိုက်တဲ့လေတချို့ တစ်ဝက်ဟာ လည်ချောင်းထဲက အသံကြိုးတွေအောက်ကိုရောက်ကုန်တယ်ဗျ၊ ဒါပေမယ့် ပိတ်ပါးခေါက်စကလေး တစ်ခုလောက် ခုပေးလိုက်ရင် အသံပိုပြီး ကျယ်လာလိမ့်မယ်'

မိုက်က ပိတ်ခေါက်စကလေးတစ်ခုကို လေပြွန်ပိုက် အဝပေါ်တွင် တင်ပေးလိုက်၏။ ထိုအခါ မိန်းကလေး၏ အသံသည် ချက်ချင်းပင် ပိုကျယ်ပြီး ပိုကြည်လင်လာသည်။

'ကြည့်ရတာ ရှင်ဟာ ကျွန်မရဲ့အသက်သခင်ကျေးဇူးရှင်ဖြစ်နေပြီထင်ပါရဲ့ ဒေါက်တာ'

'ကန်း၊ မိုက်ကယ်ကန်းပါ'

'ကျွန်မ ကျေးဇူးတင် ဝမ်းမြောက်ရမယ် ထင်ပါတယ် ဒေါက်တာကန်း၊ ဒါပေမယ့် ဟိုမှန်လေးထဲ ကြည့်လိုက်မိတော့ ...

သူ့အသံနစ်သွားသည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားသည်။

'ကျွန်မမျက်နှာ အရင်ကအတိုင်း ပြန်ဖြစ်လာမယ်ဆိုတာကို ကျွန်မခုထိ မယုံနိုင်သေးဘူး ဖြစ်နေတယ်'

'ခင်ဗျား တခြားတစ်ယောက်ယောက်နဲ့ ရုပ်ချင်းဆင်နေတယ်ဆိုရင်လဲ ခင်ဗျားကို မျက်နှာအသစ် တစ်ခု ရအောင် ကျွန်တော်လုပ်ပေးနိုင်တယ်နော်၊ အဲဒီလို အလှပြင်ခွဲစိတ်ကုသမှုတွေကို ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ လုပ်နေကြတာပါ...'

'ဖြစ်ရပ်တစ်ခုလုံးကတော့ တော်တော် ကိုးရိုးကားရား နိုင်တာပဲနော်၊ လင်းတောလ်မင်းက ကျွန်မမပါရင် ဝါရှင်တန်ကို မလာဘူးဆိုလို့ အက်ဖ်ဘီအိုင်က ကျွန်မကို လာခေါ်တော့ ကျွန်မအိမ်မှာ အိပ်ပျော်နေပြီ၊ ဟော....ခုတော့ ကြည့်ပါဦး၊ ကျွန်မမျက်နှာတစ်ခုလုံး စုတ်လို့ ပြတ်လို့'

'အဲဒါတော့ ခင်ဗျားကံကောင်းခဲ့ပါတယ်၊ ဒါးလက်စ်လေဆိပ် ပင်မ အဆောက်အဦးကြီးက မှန်ချပ်ကြီးတွေကို လေယာဉ်ခေါင်းနဲ့ဝင်တိုက်မိပြီး စက္ကန့်ပိုင်း အတွင်းမှာပဲ လေယာဉ်စက်ခန်းနဲ့ ရှေ့ခြမ်းတစ်ခြမ်းလုံး မီးဟုန်းဟုန်း ထတောက်တာဗျ'

'အိပ်မက်တစ်ခုလိုပဲ၊ နှလုံးသွေးပျက်စရာ ကောင်းတဲ့ အိပ်မက်တစ်ခုလိုပါပဲ၊ အဲဒါတွေဖြစ်တာ ရှင်မြင်လိုက်ရလား'

ဂျက်နက်က အံ့သြတွေဝေစွာ ပြော၏။

'တစ်စိတ်တစ်ပိုင်းတော့ မြင်လိုက်ရတယ်၊ မနေ့မနက်က ကျွန်တော်က ဒါးလက်စ် အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ သိပ်မဝေးလှတဲ့ လမ်းမကြီးပေါ်မှာ ရှိနေတယ်လေ'

'ကျွန်မ အဲဒီလောက် အကြာကြီး သတိမေ့နေတယ်၊ ဟုတ်လား'

'ဟုတ်ပါ့ဗျာ၊ ကျွန်တော်တို့ ခဏတစ်ဖြုတ်တော့ ထင်လိုက်ကြသေး၊ ခင်ဗျား ဘယ်တော့မှ ပြန်ပြီးသတိလည်လာမှာ မဟုတ်တော့ဘူးလို့'



'အဲဒီလို သတိလည်မလာပါစေနဲ့လို့ ဆုတောင်းမိမတတ်ဘဲ....'

'အစစအရာရာ အဆင်ချော သွားမှာပါ၊ ကျွန်တော် အာမခံတယ်ဗျာ၊ ဟုတ်ပြီလား'

မိန်းကလေးက မိုက်အား ခဏကြာမျှ အကဲခတ်လျက် ကြည့်နေ၏။ ပြီးမှ ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီလေ၊ ကျွန်မမှာ တခြားရွေးစရာလမ်းလဲ သိပ်မရှိပါဘူး'

'ကျွန်တော်ပြောသလိုပေါ့၊ ကျွန်တော်က ဒါးလက်စ်ကို အလာမှာ အဲဒီ (၇၂၇)လေယာဉ်ကြီး အရေးပေါ် ဆင်းလာတာကို မြင်ရတာဗျ၊ ခင်ဗျား အဲဒီအကြောင်း ပြောချင်ရဲ့လား၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားမှာ ဦးနှောက်ထိခိုက်မှု ပြင်းပြင်းထန်ထန် ဖြစ်သွားတယ်လေ'

'ပြောချင်ပါတယ်၊ ရှင် အချိန်ရရင်ပေါ့၊ ကျွန်မသိသင့် သိထိုက်တာတွေ အများကြီး ရှိနေတယ်မဟုတ်လား'

'ဟုတ်ပြီ...ဆက်လုပ်၊ ဒါပေမယ့် ခင်ဗျား ငြီးငွေ့လာမယ်၊ ဒါမှမဟုတ် ခေါင်းကိုက်လာတယ်ဆိုရင်တော့ ဆက်မပြောနဲ့တော့'

'ကျွန်မကတိပေးပါတယ်၊ အက်ဖ်ဘီအိုင်က လင်းတောလ်မင်းကို ဝါရှင်တန်ကိုခေါ်လာဖို့ ဆုံးဖြတ်လိုက်တော့ ကျွန်မကို ညဉ့်သန်းခေါင်လောက်ကြီးမှာ အိပ်ရာထဲကနေ ခေါ်ထုတ်သွားကြတာရှင့်၊ ကျွန်မမှာ အနက်ကယ်ရှော့ဆီ ကမန်းကတန်း လှမ်းပြီးဖုန်းဆက်၊ အဝတ်အစားအိတ်ထဲကိုအဝတ်

အထည်ကလေး ပစ်ထည့်ရုံပဲ အချိန်ရတယ်၊ ပြီးမှ လင်းတောလ်ကို ဖမ်းထားတဲ့ အကျဉ်းထောင်ကို သွားရတာ၊ နောက်ပြီး အဲဒီအကျဉ်းထောင်ကနေ လေယာဉ်ဆီကို တိုက်ရိုက် လိုက်ပို့ပေးတာပဲ’

‘အဲဒီလောက်အထိတော့ မစ္စတာ၃စတန်းဖီးက ပြောပြထားတယ်ဗျ၊ သူ့ခမျာ ခင်ဗျားနဲ့ ပတ်သက်ပြီး အရမ်းသောကရောက်နေရှာတာ၊ ခင်ဗျား ခုလိုသတိရနေပြီဆိုတာ သိရရင် သူ အရမ်းဝမ်းသာမှာပါ၊ ‘ကျွန်တော် ဒီဆေးရုံကနေ ပြန်သွားရင် သူ့ဆီဖုန်းဆက်လိုက်ပါဦးမယ်၊ ကဲ....ဆက်ပြောပါဦး’

‘လေယာဉ်မယ်က မနက်စာလာပို့ချိန်မှာ ကျွန်မက သူတို့မနက်ခေါစော ခရီးစဉ်တွေမှာ ပထမတန်းခရီးသည်တွေကို တိုက်လေ့ရှိတဲ့ ရှန်ပိန်-နှစ်ခွက်တောင် သောက်ပြီးနေပြီရှင့်၊ ဒီတော့ ကျန်တဲ့ခရီးစဉ်တစ်လျှောက်လုံး ကျွန်မ အိပ်ပျော်လာပုံရတယ်၊ ကျွန်မတို့ လေယာဉ်ဆင်းမယ်လုပ်တော့ လေယာဉ်ဘီးတွေ ချလို့မရဘူး၊ ဒါပေမယ့် တွဲဖက်လေယာဉ်မှူးကိုယ်တိုင်သွားပြီး လက်နဲ့တွန်းချနေတဲ့ အကြောင်း လေယာဉ်မှူးက ခရီးသည်တွေကို သတိပေးသံ ကြားလိုက်ရတယ်၊ အဲဒီတော့ ဘာကြောင့်မှန်းမသိဘူး၊ လင်းတောလ်မင်းဟာ ကြောက်လန့်တကြား ဖြစ်သွားတယ်၊ ဒါနဲ့ ကျွန်မက ကျွန်မရဲ့ ထိုင်ခုံခါးပတ်ကိုဖြုတ်ပြီး သူ့ကို အားပေးစကားလှမ်းပြောတယ်’



‘အင်း....အဲ့ဒီလို စည်းကမ်းဖောက်လိုက်တာဟာ ခင်ဗျား့အသက်ကို ကယ်လိုက်တာပဲ၊ လေယာဉ်ခေါင်းပိုင်းကို မီးစ,မလောင်မီ လွင့်စဉ်ကျလာတဲ့ ခရီးသည်ဆိုလို့ ခင်ဗျားတစ်ယောက်ပဲရှိတာ’

‘အဲဒီနောက် ပေါက်ကွဲမှုဖြစ်တာပဲ၊ ပြီးတော့ လေယာဉ်ဘီးတွေနဲ့ လေယာဉ်ပြေးလမ်း ထိတာကို သိလိုက်တယ်၊ ဒီတော့မှ တွဲဖက်လေယာဉ်မှူးက ဘီးတွေကို ချလိုက်နိုင်ပြီဆိုတာ သိပြီး သက်သာရာရသွားတယ်လေ’

‘သူ့ခမျာ ဘီးတွေချရင်း အသက်ဆုံးသွားရှာတယ်’

‘အဲ့ဒီနောက် လေယာဉ်မှူးက ပြောတယ်၊ လေယာဉ်ကို ရပ်လို့မရတော့ဘူးတဲ့၊ တစ်ခုခုကို ဝင်တိုက်မိတော့မယ်တဲ့ လေယာဉ်မယ်ကလေးက ခရီးသည်တိုင်း ခေါင်းငုံ့နေဖို့ ခေါင်းအုံးပေါ်မှာ မှောက်နေဖို့ခေါင်းအုံးတွေထုတ်ပေး အလုပ်ရှုပ်နေတယ်၊ လင်းကတော့ လေယာဉ် တိုက်မိရ ကျွန်မတို့ အားလုံး မီးလောင်ပြီး သေတော့မှာပဲ ဆို အကြောင်း သံကုန်ဟစ်ပြီး အော်နေတယ်၊ ကျွန်မက သူ့ မစိုးရိမ်ဖို့အားပေးတယ်၊ သူ ခုလိုလိုက်လာဖို့ ဖျောင်းဖျ တာ ကျွန်မလေ’

‘ခင်ဗျားတို့ နှစ်ယောက် အရမ်း ရင်းနှီးသွားတယ်၊ ခင်ဗျား့ဦးလေးက ပြောတယ်’

‘တခြားလူတွေဆို ရင်းနှီးဖို့မပြောနဲ့၊ သူ့အနားတော ကပ်ခွင့်ရတာမဟုတ်ဘူး၊ သူနဲ့ပတ်သက်ပြီး ကျွန်မမှာတာ ရှိတယ်လို့ ကျွန်မ ခံစားရတယ်လေ၊ ဒါပေမယ့် သ

မီးလောင်ခံရမှာကို သိပ်ကြောက်ပြီး သွေးရူးသွေးတန်း အော်ဟစ်....'

'ဟုတ်တယ်၊ ကြားလိုက်ရတယ်၊ ကျွန်တော်က လေယာဉ်မှူးနဲ့ ဒါးလက်စ် လေကြောင်းထိန်း မျှော်စင်တို့ စကားပြောနေတာကို စက်ပေါ်မှာနားထောင်နေရင်း သူ့အသံကိုပါ ကြားလိုက်ရတာ'

'အိုး....နှလုံးသွေးပျက်ချင်စရာကြီးပါရှင်၊ အဲဒီနောက် လေဆိပ် အဆောက်အဦးကြီးက ကျွန်မတို့ဆီ ပြေးလာနေလိုက်သလို ကျည်ဆန်ရထားကြီး ကျနေတာပဲ၊ အဲဒီနောက်တော့ ကျွန်မလဲ ဘာမှမသိတော့ဘူး'

'တိုက်ခိုက်မှုကြောင့် လေယာဉ်စက်ခန်းတံခါး ပွင့်သွားတာ သေချာတယ်၊ အဲဒီနောက် မှန်တွေကွဲပြီးအပေါက်ဖြစ်သွားတဲ့အထဲကနေ ခင်မျှား လွင့်စဉ်ထွက်လာတာမဲ၊ လေဆိပ် အဆောက်အဦးရဲ့ ကြမ်းပြင်ပေါ် ကိုမျက်နှာနဲ့ကျတာ။

'လေယာဉ်ကြီး ထိုးဆင်းသွားတာမြင်ရတာနဲ့ကျွန်တော်လဲ လေဆိပ်ကို အမြန်သုံးရောက်အောင် သွားတာပဲ၊ ပဝ်မအဆောက်အဦးထဲကို ကျွန်တော် ရောက်တော့ ကြမ်းပြင်ပေါ်မှာ ခင်မျှားနဲ့ တောလင်းဆိုတဲ့ ကောင်မလေးကိုတွေ့ရတယ်၊ အဆောက်အဦးနံရံမှာ တစ်နေတဲ့ လေယာဉ်ကြီးထဲက သူ့ကိုယ်ခန္ဓာကို မီးသတ်သမားတွေကဆွဲထုတ်လာတာ၊ ဒါပေမယ့် အဲဒီကတည်းက သူသေနေပါပြီ။

'ခင်မျှားကိုစစ်ဆေးကြည့်တော့ အသက်လဲ မရှူဘူး၊ နှလုံးလဲ မခုန်တော့ဘူး၊ ဒါပေမယ့် ဘာကြောင့်မှန်း မသိ



ဘူး၊ အသက်ရှင်နိုင်သေးတယ်လို့ ကျွန်တော်ထင်တယ်၊ဒါနဲ့ ခင်မျှားအဆုတ်ထဲကိုလေသွင်းလို့ရအောင် လေပြွန်အတုတပ်ပေးလိုက်တယ်၊ ကံကောင်းချင်တော့ စစ်တပ် အတူး ကယ်ဆယ်ရေး တပ်ဖွဲ့က အသက်ရှူစက်တွေ၊ နှလုံးခုန်စက်တွေနဲ့ ရောက်လာကြတယ်၊ အဲဒီမှာ ခင်မျှားကို နှလုံးခုန်စက်ကော အသက်ရှူစက်ပါ တပ်ပေးပြီး တက္ကသိုလ်ဆေးရုံကို ခင်မျှားနဲ့ အတူ ကျွန်တော်ပါ တစ်ခါတည်း လိုက်လာတာဗျ'

'လင်းတောလ်မင်းက ဘယ်ပုံဘယ်နည်းနဲ့ သေသွားရတာလဲ'

'မီးလောင်လို့ပေါ့၊ ခင်မျှားတို့ နှစ်ယောက်ဆီကို ကျွန်တော် ရောက်တော့ သူ့ကိုကယ်နိုင်စရာလမ်း မရှိတော့ဘူး၊ ဒီတော့ ခင်မျှားကိုပဲ အာရုံစိုက်ပြီး ကုခဲ့ရတာပေါ့'

'ဪ....လင်း....လင်း.... သနားပါတယ်၊ ပြစ်မှုပေါ်အောင် ရှုံးတောမှာ အသနားခံပြီး တခြားလူတွေရဲ့နာမည်ကို ဖော်ထုတ်အစစ်ခံဖို့၊ ကိုယ့်ဘဝကိုကောင်းကောင်းမွန်မွန်ဖြစ်အောင် ပြုပြင်ဖို့....သူ့ကို ကျွန်မပဲ နားချခဲ့တာ'

'အဲဒီလူတွေရဲ့ နာမည်တွေကို ခင်မျှားသိလား'

'ဟင့်အင်း....သူက မပြောဘူး၊ ကျွန်မကလဲ မသိချင်ပါဘူး၊ အဲဒီသတင်းမျိုးသိထားရင် ချီကာဂိုမှာနေရတာ စိတ်မချရဘူးရှင့်'

တကယ်လို့ အက်ဖ်ဘီအိုင်ရဲ့ အစီအစဉ်က အောင်မြင်မှုရှိလို့ ဟိုလူ့ဖမ်း၊ သည်လူ့ဖမ်းဆိုရင် ဝါရှင်တန်မှာလည်း စိတ်မချရမပါဘူးဟု မိုက် တွေး၏။ သို့သော် သူ့ စိုးရိမ်မှုကို

အသံထွက်၍တော့ မပြော။ ဂျက်နိုက်ဘတ်မှာ သူ့အသက်အန္တရာယ်ကိစ္စကို စိုးရိမ်သောကရောက်စရာမလိုဘဲနှင့်ပင်စိတ်ညစ်စရာတွေ တစ်ပုံကြီး ရှိနေသည် မဟုတ်လား။

'အဲ့ဒါကတော့ ကံကြမ္မာရဲ့ ပြက်ရယ်ပြုမှု တစ်မျိုးလို့ ခေါ်ရတော့မှာပဲ၊ ဒါမှမဟုတ် ခက်ထန်မာကျောတဲ့ တရားစီရင်မှုတစ်မျိုးလို့ ခေါ်ရလိမ့်မယ်၊ သူဟာ ပထမ အနေအထား အတိုင်းဆိုရင် တစ်သက်တစ်ကျွန်း ထောင်ကျမယ်၊ ဒီထက်ဆိုးရင် သေဒဏ်ကျခံရမယ်၊ အဲ့ဒါကို ပြစ်ဒဏ်လျော့ပါစေတော့ ဆိုပြီး အစိုးရဆီမှာ ဖော်ကောင်လုပ်မယ့် လမ်းကြောင်းကို ရွေးခဲ့တယ်၊ အဲ့ဒီလိုရွေးပြီးကာမှ ဝါရှင်တန်ကို အလာမှာ လေယာဉ်ပျက်ကျရတယ်လို့ ရှင်'

'အဲ့ဒါ လေယာဉ် ပျက်ကျရုံသက်သက် မဟုတ်ဘူး၊ တစ်ယောက်ယောက်က ဗုံးကို စနစ်တကျ တပ်ဆင်ထားတာ၊ ဒါမှ လေယာဉ်ဘီးတွေချတဲ့အခါ ခနက်တံကို ဖြုတ်ပြီးသား ဖြစ်နေအောင် စီမံထားတာ၊ အစီအစဉ်ကလေ ဆိပ်နားကို လေယာဉ်ချဉ်းကပ်လာပြီး လေယာဉ်ဘီးတွေချလိုက်တာနဲ့ လေထဲမှာ ပေါက်ကွဲပျက်စီးဖို့ စီစဉ်ထားတာ'

'လေယာဉ်ပေါ်မှာပါလာတဲ့လူတွေ အကုန်လုံး....အထူးသဖြင့် ကျွန်မ သေအောင်ပေါ့လေ၊ အဓိပ္ပာယ်ကတော့သူတို့ ထင်ကောင်း ထင်နေလိမ့်မယ်၊ ချီကာဂိုဗုံးဖောက်ခွဲမှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ လူတွေအကြောင်း လင်းတောလ်မင်းက ကျွန်မကို ပြောပြထားပြီလို့'



'အက်ဖ်ဘီအိုင်ကလဲ အဲ့ဒီအတိုင်းပဲ သုံးသပ်တယ်၊ ဒီအခန်းဟာ နှစ်ဆယ့်လေးနာရီပတ်လုံး အစောင့်ချထားတဲ့ အခန်းပဲ'

မိန်းကလေးသည် ကြက်သီးဖြန်းဖြန်း ထသွားသည်။

'ပြဿနာတွေ ရှုပ်ထွေးကုန်တော့တာပဲ'

'ခင်ဗျားဟာ အသက်ရှိနေတယ်၊ နောက်ပြီးခင်ဗျားဆန္ဒရှိမယ်ဆိုရင် ဟိုအရင်တုန်းကထက် အများကြီးပိုပြီးချောလှလာနိုင်တယ်ဗျ'

'နေပါဦး၊ ရှင်က ဘယ်သူလဲ၊ မဟာတန်ခိုးရှင်ဆရာဝန်လား'

မိုက်က ရယ်မောလိုက်၏။

'အဲ့ဒီလောက်ကြီးတော့ မဟုတ်ပါဘူး၊ ကျွန်တော်အထူးကျွမ်းကျင်တဲ့ ပညာရပ်က ရုပ်အလှပြုပြင်မှုနဲ့ ပြန်လည်တည်ဆောက်ခြင်း ဆိုင်ရာ ခွဲစိတ်ကုသမှု ပညာရပ်ပဲ၊ ဒီတော့ ခင်ဗျားမျက်နှာ သစ်သစ်လွင်လွင် လှလှပပလေး ဖြစ်လာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော် သိတယ်၊ အဲ.... ခင်ဗျားက လုပ်စေချင်တဲ့ဆန္ဒ ရှိရင်ပေါ့လေ'

'ကျွန်မကို စောင့်ရှောက်ဖို့ ဦးလေးဂျော့က ရှင့်ကိုခွင့်ပေးထားပြီလား'

'ဟုတ်ကဲ့....ခင်ဗျား သတိ ရလာတဲ့အခါ ခင်ဗျားရဲ့ သဘောတူ ခွင့်ပြုချက်ရပြီးမှဆိုတဲ့ ခြွင်းချက်နဲ့ပေါ့'

'ဒီကိစ္စကြီးကို မြန်မြန်ပြီးစေချင်ပြီရှင်၊ ဒီတော့ ရှင် ဘယ်တော့ စပြီးလုပ်မလဲ'

'ကံ့ကောင်းလို့ မြန်လှရင် သန်ဘက်ခါပေါ့၊ ခုချိန်ထိ ခင်ဗျားကို ယာယီခေတ်မှန်တွေပဲ ရိုက်ရသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကို နေရာရွှေ့ရပြောင်းနေမှာစိုးလို့၊ ဒါပေမယ့် နက်ဖြန်မနက်မှာ တွကျသေချာတဲ့ ခေတ်မှန် အဖြေတွေ လိုချင်သေးတယ်၊ ဟဲ့ဒီလောက်ထိ သည်းခံနိုင်ရဲ့လား'

'ကျွန်မ လုပ်ရမယ့် ကိစ္စကို ကျွန်မလုပ်မှာပဲ၊ ဒါပေမယ့် လောလောဆယ် မြင်ရတဲ့ ကျွန်မမျက်နှာ အနေအထားအရ တော့ရှင်....ဘယ်လို အဖြေထွက်လာမယ် ဆိုတာ မတွေးဝံ့လောက်အောင်ပဲ'

'ကျွန်တော်တို့ခွဲစိတ်ကုဆရာဝန်တွေဟာ လူနာရဲ့မျက်နှာ တစ်ခုလုံးကို ခွဲစိတ်ပြုပြင်ဖို့အခွင့်အရေး သိပ်မရကြပါဘူး၊ ဒါကြောင့် ခင်ဗျားကို အစအဆုံးပုံသွင်းပြုပြင်ပြီး ရင်ပေါ် ထွက်လာမယ့် မျက်နှာသွင်ပြင်ကို ကျွန်တော်နမူနာပုံသွင်းထားတယ်....အနက်ရောင်မျက်စိနှစ်လုံးနဲ့ပေါ့ဗျာ၊အဲဒီပုံစံကို မြင်ရရင် ခင်ဗျားသဘောကျသွားမှာ သေချာပါတယ်'

* * *



မိုက်က ဂျော့စတန်းဖီးထံ တယ်လီဖုန်းဆက်သည်။ သူ့တူမ သတိပြန်လည်လာပြီဖြစ်ကြောင်းနှင့်စဉ်းစားတွေးခေါ်နိုင်စွမ်းလည်း ရှိနေပုံရကြောင်း သတင်းပေးသည်။ မိုက်အိပ်ရာဝင်ချိန်မှာ ညဉ့်သန်းခေါင်ရှိနေပြီဖြစ်၏။

နမူနာ မျက်နှာပုံစံသွင်းထုမှုမှာ ညဦးပိုင်းကပင် ပြီးစီးသွားပြီ။ ဂျက်နက်အားခွဲစိတ်ခုံပေါ်တွင်တင်ပြီး ခွဲစိတ်ကုသသောအခါ သူယခု သွင်းထုထားသည့် မျက်နှာပုံစံအတိုင်းဖြစ်လာလိမ့်မည်ဆိုသည်ကို စိတ်ချယုံကြည်သည်။ သည်တော့စိတ်လက်ပေါ့ပါးစွာဖြင့် အိပ်ပျော်သွားသည်။

သူ့အတွက်ပြဿနာပေါ်နေသည့် မျက်နှာအစိတ်အပိုင်းမှာ တစ်ခုပဲရှိသည်။ ယင်းအစိတ်အပိုင်းကား ပါးစပ်။ သို့မဟုတ် နှုတ်ခမ်းများ။ သည်နှုတ်ခမ်းနှစ်လွှာကို ရုပ်ဆူ မျက်နှာတွင် ပုံသွင်းရာ၌ မိုက်၏ဆန္ဒအတိုင်းဖြစ်မလာ။ သူ၏ ဆင်ခြင်တုံတရားကိုဆန့်ကျင်သော အာရုံတစ်ခုခုက သူ၏ ညာဘက်လက်မှ ကြွက်သားများကို အတင်းခိုင်းစေနေသည် သို့ ရှိ၏။ ၎င်းအာရုံ၏ခိုင်းစေချက်မှာ ဂျက်နက်ဘတ်၏ နှုတ်ခမ်းနှစ်လွှာကို မထီတရိကွေးညွတ်နေသော နှုတ်ခမ်းများ ဖြစ်လာဖို့ဖြစ်၏။ ဂျက်နက်ဘတ်၏နှုတ်ခမ်းများသည် လက်ရှိအခြေအနေတွင် ယောင်ကိုင်းနေ၏။ ပုံပျက်ပန်းပျက်ဖြစ်နေ၏။ သို့တိုင် မထီတရီနှုတ်ခမ်းမျိုးမဟုတ်။

သို့ဖြင့် မိုက်က သည်နှုတ်ခမ်းနှစ်လွှာကို အကြိမ်ကြိမ်အခါခါ ပြုပြင်ပုံသွင်းသည်။ နောက်ဆုံး စိတ်ကျေနပ်ပြီဆိုမှ အလင်္ကာရိပ်လိုက်၏။ ခွဲစိတ်ပြုပြင်မှုပြုလုပ်ပြီး ဒဏ်ရာ

မျှား ပျောက်ကင်းချိန်တွင် ဂျက်နက်ဘတ် သည် မဟာအလှ မှိုင်ရှင်တစ်ယောက် ဖြစ်လာလိမ့်မည်။

သို့တိုင်....

အိပ်ရာမဝင်မီ မျက်နှာနမူနာပုံစံကို နောက်ဆုံးအကြိမ် အဖြစ် ကြည့်လိုက်၏။ ထိုအခါ မိုက်၏ရင်ထဲတွင် မအီမလည် ကြီးဖြစ်နေမိ၏။ ဘာကြောင့် မအီမလည်ဖြစ်မိမှန်းလည်း မသိ။ တစ်ခုခုတော့တစ်ခုခုပဲ။ သူ့ရုပ်တုသည် သူမကြာမီ ကလေးကမှ မြင်ခွင့်တွေ့ဖူးထားသူတစ်ဦးဦးနှင့် ဆင်ဆင်တူ နေသည်။ ထိုသူမှာ ဂျက်နက်ဘတ်မဟုတ်။ တစ်ဦးဦး၊ တစ် ယောက်ယောက်။ သို့သော် ဘယ်သူဘယ်ဝါရယ်လို့တော့ မိုက် အတိအကျမပြောတတ်။

★

၇။

'ဘတ်ဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာအတွင်းပိုင်းက တော် တော့်ကိုကြေမွပျက်စီးသွားတာပါကလား မိုက်'

နောက်နေ့နံနက်တွင် ခေတ်မှန်ဌာနသို့ မိုက် ရောက်လာ သောအခါ မိုက်၏မိတ်ဆွေဟောင်းလည်းဖြစ် ရှန်ဂျင် ရောင် ခြည်သုံး ခေတ်မှန်ဌာနမှူးလည်း ဖြစ်သည့် ဒေါက်တာ သောင်းဒိုက်က သတင်းပေးသည်။

'ကျုပ်ကတော့ အံ့ဩ တွေဝေနေတယ်ဗျို့၊ ခင်ဗျား တောင် သူ့ကို မဲ့ခွက်မျက်နှာကြီးကလွဲပြီး ဘာလုပ်ပေးနိုင် မှာလဲလို့'

'မဲ့ခွက်မျက်နှာ' ဆိုသည်မှာ မွေးကသည်းက ပုံပျက် ပန်းပျက်ဖြစ်လာသည့် မျက်နှာမျိုးကို တင်စားခေါ်ဝေါ် ခြင်း ဖြစ်၏။ သို့မဟုတ်ပါကလည်း မျက်နှာတွင် 'ဒဏ်ရာရ

သည်ကို ကနဦးကတည်းက ကျွမ်းကျွမ်း ကျင်ကျင် ခွဲစိတ်ကုသမှု မခံရသဖြင့် ပုံပျက်ပန်းပျက် ဖြစ်နေသည့် မျက်နှာမျိုးကို ရည်ညွှန်းခြင်းဖြစ်၏။

'သူ့နှာခေါင်းနဲ့ ပတ်သက်တဲ့ အစိတ်အပိုင်းတွေ ကြေမွကုန်တယ်'

ဒေါက်တာ သောင်းဒိုက်က သည်နေ့မနက်မှ ရိုက်ယူထားသည့် ဓာတ်မှန်ပြားတွေကို အောက်မှ အလင်းရောင်ထိုးထားသည့် မှန်သေတ္တာပေါ်တွင် တင်ရင်း ဆက်ပြောနေ၏။

'သူ့မေးစေ့ အပေါ်ခြမ်းလဲ ကျိုးပဲ့ကုန်တယ်၊ ပါးရိုးဆိုရင် လေးနေရာတောင် ကျိုးသွားတယ်၊ သော်ပါသေးရဲ့....အနေအထားတွေ ရွေ့ စောင်းမကုန်လို့'

'သူ စကား ပြောတော့ ပီပီသသ ပြောနိုင်ကတည်းက အရိုးတွေ ရွဲ့စောင်းမကုန်ဘူးဆိုတာတော့ ကျွန်တော် မှန်းမိတယ်ဗျ'

ဟု မိုက်က ဓာတ်မှန်ပြားတွေကို စေ့စေ့စပ်စပ် လေ့လာရင်း ပြော၏။

'သူ ဓာတ်မှန်ခန်းမှာပဲ ရှိနေသေးလား'

'ရှိနေသေးတယ်၊ ခင်ဗျားစိတ်ကျေနပ်အောင် ရိုက်မပြီးမချင်း သူ့ကို ပြန်မလွှတ်သေးဘူးလို့ ပြောထားတယ်'

'သူ့မေးရိုး အပေါ်ခြမ်းကို တာရှံထားတဲ့ အရိုးတွေရဲ့ အတွင်းပိုင်းက ဘယ်လောက် အကောင်း ကျန်နေသေးမလဲဆိုတာ ပြနိုင်မလား'



'ရပါတယ်၊ ပါးစပ်ထဲကနေ အာခေါင်ကို ရိုက်လိုက်ရင် ရပါတယ်၊ နေရာတကျဖြစ်အောင် ကျုပ်ကိုယ်တိုင် ရိုက်ပေးပါ့မယ်'

ဓာတ်မှန်ဆရာဝန်ကြီး ရုံခန်းအပြင်သို့ သွားနေခိုက် မိုက်က ရိုက်ထားသည့် ဓာတ်မှန်ပြားများကို နောက်တစ်ကြိမ်ထပ်ပြီး လေ့လာကြည့်သည်။ဂျက်နက်၏ မျက်နှာကို မည်သို့မည်ပုံ ပြန်လည်ဖွဲ့စည်းတည်ဆောက်ရမည်ဆိုသည်ကို စိတ်ထဲတွင် စီမံကိန်း ဆွဲနေ၏။

မေးရိုး အောက်ခြမ်းက လွယ်သည်။ သူ လုပ်ရမည်မှာ မေးစေ့ကို ရှေ့သို့ဆွဲထုတ်။ ပြီးတော့ ချိတ်ကလေးတွေ ပါသည့် သတ္တုပြား ကွေးကွေးကို သွားတွေရှေ့တွင် တွဲချည်ထား။ ထို့နောက် သင်တူ သတ္တုပြားကွေးကွေး တစ်ခုကို မေးရိုး အပေါ်ခြမ်းတွင် ကပ်ပြီး တွဲချည်ထား။ ထို့နောက် အပေါ်သွားအရှေ့ဘက်ရှိ သတ္တုပြားနှင့် အောက်သွားရှေ့ရှိ သတ္တုပြားကို ဆွဲစေ့ထားမည်။ပြီးတော့ သတ္တုပြားများတွင် ပါသည့် ချိတ်ကလေးတွေကို သားရေကြိုးကလေးများဖြင့် ဆိုင်းတွဲထားရမည်။ သို့မှ အရိုးတွေ နေရာတကျ ပြန်ဆက်သွားမည်။ ဒဏ်ရာပျောက်ကင်းအောင် စောင့်နေသည့် ကာလအတွင်း မေးရိုး အောက်ခြမ်းသည်လှုပ်ရှားလို့ ရမည်မဟုတ်။ မတော်တဆ အန်ချင်လျှင် အန်ဖတ်များ ဆို့မနေစေရန် သားရေကြိုးကလေးများကိုဖြတ်တောက်ပြီး ပါးစပ်ဖွင့်ပေးလို့ရသည်။

မည်သို့ဖြစ်စေ၊ မိုက်ဦးနှောက်ခြောက်နေသည်မှာမေးရိုးအပေါ်ခြမ်းကိစ္စဖြစ်၏။ မိန်းကလေး၏မျက်နှာကို သူပထမဦးစွာ စစ်ဆေးကြည့်လိုက်ကတည်းက ပါးရိုးတွေမှာခုံးမနေတော့ဘဲ ပြားချပ်နေသည်ကို တွေ့ခဲ့ရ၏။နောက်ပြီး သွားတွေ၏ အပေါ်ဘက်အာခေါင်ရှေ့ခြမ်းမှာတစ်စိတ်တစ်ပိုင်းကျိုးကြေသွားပုံရသည်။သည်ပျက်စီးမှုကိုတော့ နေရာတကျပြန်ဖြစ်အောင် အာခေါင်တွင်းမှပင် ပြန်ပြီး မြှင့်တင်လို့ရသည်။

'အာခေါင်ရှေ့ခြမ်းနံရံတွေကတော့ ခင်ဗျား ထင်ထားသလိုအထဲကို ကျွံဝင်သွားတယ် မိုက်'

ဒေါက်တာ သောင်းဒိုက်က လောလောလတ်လတ် ကူးဆေးလာသည့် ဓာတ်မှန်ပြားများကို ယူလာရင်း မိုက်အား သတင်းပေးသည်။

'ဒါပေမယ့် ပါးရိုးတွေ ကျိုးကြေသွားသလောက်တော့ အခြေအနေ မဆိုးဘူး၊ ခင်ဗျား သူ့မျက်နှာကို အစိတ်စိတ် အမွှာမွှာ ခွဲစိတ်လို့ဖြတ်တာတွေ မလုပ်ဘဲ အဲ့ဒီ အကျိုးအပဲ့တွေကို ပုံစံမပျက် ပြန်ပြီးပြုပြင်နိုင်တယ် ဆိုရင်တော့ ကျုပ်ခင်ဗျားကို မနာလိုမဖြစ်တော့ပါဘူး'

'ကုသမှုရဲ့အဓိက အစိတ်အပိုင်းကို ပါးစပ်ထဲကနေပြီး လုပ်မှာပါ'

ဒေါက်တာ သောင်းဒိုက်၏ မျက်ခုံးများ မြင့်တက်သွားသည်။



'သူ့ပါးပေါ်မှာ ချိတ်တွေမချိတ်ဘဲ ပါးရိုးခုံးများ မြှင့်တင်လို့ရအောင် ခင်ဗျား ဘယ်လိုစီစဉ်မလဲဗျ'

'သူ့ညာဘက်မျက်လုံးထောင့်က ဒဏ်ရာကလေးကို ခင်ဗျား တွေ့မိသလား'

'တွေ့တယ်လေ၊ ဒါပေမယ့်....'

'အဲဒီဒဏ်ရာက လက်မဝက်ကျယ်တဲ့ ဝန်မကိရိယာအလေးချိန်လို့ရလောက်အောင် ကြီးတယ်ဗျ၊ အဲ့ဒီ ဝန်မကိရိယာကလေးကို ပါးရိုးအပေါ်ဘက်က ချိတ်မယ်ဗျာ၊ အဲဒီကိရိယာမျိုး နောက်တစ်ခုနဲ့ သွားအပေါ်ဘက် သွားဖုံးအစပ် ပါးစပ်ထဲကနေပြီး ပါးရိုးကို မြှင့်တင်မယ်ဗျာ၊ အဲဒီနည်းနဲ့ လုပ်ရင် သူ့ပါးရိုးကို ကျွန်တော်ကြိုက်တဲ့ပုံစံရအောင်ပြုပြင်ပေးလို့ ရနိုင်တယ်ဗျာ'

'ဒဏ်ရာမရှိတဲ့ တခြားဘက်ခြမ်းကျတော့ကော'

'သူ့ညာဘက်မျက်လုံးထောင့်က ဒဏ်ရာရထားတနေရာ အတိုအကျအတိုင်း ဘယ်ဘက်မျက်လုံးထောင့်က အရေပြားကို ခွဲလိုက်မယ်ဗျာ၊ အဲဒီဒဏ်ရာနှစ်ခုကို ပြန်ချုပ်ပြီးတဲ့အခါ သူ့မျက်လုံးတွေဟာ အရှေ့တိုင်းဆန်ဆန် လှမနေဘူးလို့ ခင်ဗျား ပြောနိုင်မလား'

'မေးရိုးအပေါ်ခြမ်းရဲ့ အတွင်းနံရံတွေ ပြားချပ်သွားတာကိုကော ဘယ်လိုလုပ်မလဲ'

'အဲဒါကိုလဲ ပါးစပ်ထဲကနေပြီး ပြန်မြှင့်တင်နိုင်မယ်ထင်တာပဲ၊ အဲဒီလိုမှ လုပ်လို့မရရင် သူ့တင်ပါးရိုးက အရိုးစကလေးတစ်ခု ထုတ်ယူမယ်ဗျာ၊ ပြီးတော့ အဲဒီအရိုးကလေး

ကို ပုံသွင်း အစားထိုးပြီး အပေါ်နှုတ်ခမ်းကို သဘာဝ အနေအထားအတိုင်း ကြွတက်လာအောင် လုပ်မယ်ဗျာ၊ တကယ်တမ်း တိတိကျကျပြောရရင် နှာခေါင်းနဲ့ ပတ်သက်တဲ့ ကျိုးပဲ့မှုတွေက တော်တော်ပြင်းထန်တယ်ဗျ၊ ဒီတော့ သူ့နှာခေါင်းရိုးကို အသစ်တည်ဆောက်ပေးရမှာပဲ၊ အဲဒီလို တည်ဆောက်ပေးရမယ့် အတူတူ သူလိုချင်တဲ့နှာခေါင်းပုံစံအတိုင်း ကျွန်တော် လုပ်ပေးလို့ရတယ်ဗျ'

'အဲဒီနှာခေါင်းရိုး အသစ်ကို နေရာမရွေ့အောင် ခင်ဗျား ဘယ်လိုလုပ်ပြီး ထိန်းထားမလဲ'

'တင်ပါးရိုးထိပ်က အရိုးစကလေးတစ်ခု ထုတ်ယူမယ်ဗျာ၊ အဲဒီ အရိုးကလေးကို နှစ်ပိုင်းပိုင်းလိုက်မယ်၊ တစ်ပိုင်းကို အင်္ဂလိပ်စာလုံး 'အယ်လ်'ပုံစံသွင်းပြီး အလယ်မှာ အပေါက်ကလေး ဖောက်ထားမယ်၊ အဲဒါ တစ်ခုလုံးကို အပေါ်သွားတွေရဲ့ အထက် သွားဖုံးတွေထဲမှာ စိုက်ထားတယ်၊ အဲဒါက နှာခေါင်းထိပ်ပိုင်းပေါ့လေဗျာ၊ အဲဒီမြင်းခွာရဲ့ အလယ်ပေါက်မှာ အယ်လ် ပုံစံ အရိုးကိုချိတ်မယ်၊ အယ်လ်ရဲ့ လက်တံရှည်က နှာခေါင်းရိုးဖြစ်ပြီး လက်တံတိုက မြင်းခွာပေါက်နဲ့ ချိတ်ပြီး နှာခေါင်းထိပ်ပိုင်း ဖြစ်နေမယ်'

'ကိစ္စဝိစ္စတွေအားလုံးပြီးစီးသွားရင် သူ့မျက်နှာ သွင်ပြင်ဟာ ဘယ်လိုပုံစံမျိုးဖြစ်လာမယ်ဆိုတာ ခင်ဗျား သိပြီး နေပြီလို့ မပြောနဲ့ပေါ့ဗျာ'

'ဒီလိုကိစ္စမျိုးတွေမှာ ကျွန်တော်က နမူနာ ရုပ်တုကို ကြိုတင်ပြီး သွန်းထုထားလေ့ရှိတယ်ဗျ၊ ဒါမှ ဖြစ်ပေါ်လာ



မယ့်အနေအထားကို သက်ဆိုင်ရာ လူနာတွေ ကြိုပြီးသိထားရအောင်လေ'

မိုက်က ခါတ်မှန်ဗူခွန်သို့ ယူလာသည့်ဘူးကိုဖွင့်ပြီး အထဲမှ ပလာစတာရုပ်တုကို ဂရုတစိုက်ထုတ်ယူသည်။ ထို့နောက်....

'ဒီပုံစံဆို ဘယ့်နှယ်လဲ'

ဟု မေးသည်။

ဒေါက်တာ သောဝ်းဗိုက် မိုက် နှစ်ညတိုင်တိုင် အချိန်ကုန်ခံပြီး ထုလုပ်ထားသည့် နမူနာဦးခေါင်းပုံစံကိုစိုက်ကြည့်နေသည်။

'သူ့ကို ဒီပုံနဲ့တူအောင် လုပ်ပေးမယ်လို့ ခင်ဗျား သူ့ကို သွားပြောမလို့လားဟင်'

ဒေါက်တာသောဝ်းဗိုက်က မယုံကြည်နိုင်သလိုမေး၏။

'သူကသာ ခွင့်ပြုမယ်ဆိုရင် ကျွန်တော် အဲဒီအတိုင်းတူအောင် လုပ်မှာဗျ၊ ဒီပုံကို သူကြိုက်မယ်ထင်သလားဗျ'

'ကြိုက်မယ် ဟုတ်လား၊ အဲ့ဒီပုံနဲ့သာတူမယ်ဆိုရင် မိန်းမအားလုံးနီးပါးဟာ သူတို့ရဲ့အကျင့်သီလအပေါ်သဝင် ဘာကိုမဆို ပေးအပ်ကြမှာပဲ၊ ဒါပေမယ့် အဲဒါကို မလုပ်ပါနဲ့ မိုက်'

'ဟာ....ဘာကိစ္စ မလုပ်ရမှာလဲဗျ'

'ခင်ဗျား အောင်မြင်သွားရင် ခင်ဗျားသူ့ကို ခေတ်သစ်အလှနတ်ဘုရားမဖြစ်အောင် လုပ်ပေးရာ ရောက်သွားမယ်၊ အဲဒီလို အလှနတ်ဘုရားမ ဖြစ်သွားတဲ့အတွက် ဘာ အကျိုးကျေးဇူးမှ မရနိုင်ဘူး၊ အလှတရားကို ကိုးကွယ်တဲ့ လူတွေ

အတွက် စိတ်ဆင်းရဲမှုပဲ ရနိုင်တယ်၊ ဒီတော့ဗျာ....သူ့ကို လက်ရှိအတိုင်းပဲ ထား'

'သူ့မျက်နှာတစ်ခုလုံး ပြားချပ် နေတာကြီးနဲ့လား၊ ဘာမှ ဟုတ်တိပတ်တိ မရှိလှတဲ့ ကျွန်တော့်ရဲ့ စည်းစိမ်ကလေးပြုတ်သွားအောင် သူက တရားစွဲနိုင်တယ်နော်'

'ဒါဆိုလဲ အရင်က သူ့ရုပ်သွင်အတိုင်း ပြန်ဖြစ်အောင် လုပ်ပေးလိုက်ဗျာ'

မိုက်က သူယူလာသည့် စာအိတ်ကြီးထဲမှ ဂျော့စတန်းဖိုး ပို့ပေးထားသည့် ဓာတ်ပုံတွေထဲမှ တစ်ပုံကိုထုတ်ယူလိုက်၏။

'ဒီရုပ်မျိုးလား၊ သူဟာ 'အက်ဖရိုဒိုက်'နဲ့ တူနိုင်တဲ့ အနေအထား ရှိပါလျက်နဲ့ ဒီမျက်နှာမျိုး ပြန်လုပ်ပေးရမှာလား'

ဆရာဝန်ကြီးက ဓာတ်ပုံကို သေသေချာချာကြည့်သည်။ ပြီးတော့ နမူနာ ဦးခေါင်းရုပ်တုကို တစ်ကြိမ်ထပ်ကြည့်၏။

'ခင်ဗျားအနေနဲ့ အဆိုးအကောင်း ဝေဖန်တတ်တဲ့ စိတ်ကလေး မေးပြီး သူ့ကိုပဲ ရွေးချယ်ခွင့် ပေးသင့်တယ်၊ အရင်တုန်းက မျက်နှာမျိုး ပြန်လိုချင်သလား၊ ဒါမှမဟုတ် ခု ခင်ဗျား ပုံသွင်းထားတဲ့ မျက်နှာမျိုး လိုချင်သလား ဆိုတာလေ'

ဒေါက်တာ သောင်းဒိုက်က ဆုတ်ဆိုင်းဆိုင်းဖြင့် ဆက်ပြောသည်။



'သူ့အနေနဲ့ အရင်တုန်းကမျက်နှာမျိုးကိုပဲ နှစ်သက်ပြီး အဲဒီလို ပြန်ဖြစ်ဖို့ကိုပဲ ရွေးချယ်ပါစေလို့ ကျုပ် ဆုတောင်းတယ်ဗျာ၊ ဒီရုပ်တုအတိုင်း တူအောင် လုပ်ပေးလိုက်လို့ကတော့....သူဟာ လူသားတွေရဲ့အသည်းပေါင်းများစွာကို ခွဲတော့မှာပဲ၊ ပထမဦးဆုံး စပြီးကွဲတဲ့အသည်းဟာ ခင်ဗျားအသည်း ဖြစ်သွားနိုင်တယ်နော်'

☆

## ၉။

ဂျက်နက်ဘတ်အား ခေါက်မှန်ဌာနမှ နှလုံးရောဂါသည်များ အထပ်သို့ လှနာတင် တွန်းလှည်းဖြင့် ပြန်သယ်လာရာတွင် မိုက်ပါ တစ်ခါတည်း လိုက်လာခဲ့၏။

'ဟိုဘူးထဲက ဘာတွေလဲဟင်'

မိုက်က သူ့အား ခုတင်ပေါ်သို့ကူမ,တင်ပေးပြီးနောက် ဂျက်နက်က မေးသည်။

'ခင်ဗျားလေ၊ ဒါမှမဟုတ် ခင်ဗျား ဖြစ်နိုင်တဲ့သူပေါ့'

ဂျက်နက် ပခုံးတွန့်လိုက်ကာ....

'ကဲ....ဘူးကိုဖွင့်ပြီးအထဲက ပုံဆိုးပန်းဆိုးတွေကိုသာ ပြပါတော့ရှင်'

ဟု ပြန်ပြောသည်။

'မျက်လုံးတွေ မှိတ်ထားလေ'



ဂျက်နက်က ကျိုးနွံစွာပင် မျက်လုံးတွေကို မှိတ်လိုက်၏။ မိုက်က နမူနာရုပ်တုကို ဂျက်နက်၏ ခုတင်တစ်ဖက်ရှိ စားပွဲပေါ်တွင် တင်လိုက်သည်။ သို့မှ ဂျက်နက်မျက်စိတွေ ဖွင့်လိုက်လျှင် နမူနာရုပ်တုကို တည့်တည့်မြင်ရမည်။

'ကဲ....မျက်လုံးတွေ ဖွင့်နိုင်ပြီ'

စံပြရုပ်တုကို မြင်လိုက်သည်နှင့်ဂျက်နက်၏ မျက်လုံးတွေ အံ့အားတသင့်ဖြင့် ဝိုင်းစက်မြူးကျယ်သွားသည်။ ထို့နောက် ကြည်နူးရိပ်များ။ နောက်ဆုံးမှာတော့ မယုံကြည်နိုင်မှုများ။

'အို....မဖြစ်နိုင်၊ ရှင် ကျွန်မကို အဲ့ဒီအတိုင်း တူအောင် တကယ်လုပ်မပေးနိုင်ပါဘူး'

ဟု နောက်ဆုံးတွင် ပြော၏။ ထို့နောက်စူးစမ်းဇလှဲလာသော မျက်လုံးများဖြင့် မိုက်အား ကြည့်ကာ....

'ရှင် လုပ်နိုင်လို့လား'

ဟု မေးသည်။

'ရုပ်ပြင် ခွဲစိတ်ကုသမှုဆရာဝန်တစ်ဦးဆိုတဲ့ဂုဏ်သတင်းကို ကျွန်တော် စွန့်လွှတ်ဖို့ အသင့်ပါ'

'ဘာဖြစ်လို့'

'ဒီကိစ္စမှာ ခွဲစိတ်ကုသနည်းပညာတွေက ကျွန်တော့်ကို စိန်ခေါ်နေတာဗျ၊ ကျွန်တော် ဘာတွေလုပ်ဖို့ စီမံကိန်း ဆွဲထားတယ်ဆိုတာ ပြောပြရမလား'

အမျိုးသမီးက ခေါင်းခါလည်။

'အဲဒီအကြောင်းတွေ ကျွန်မ မကြားချင်ဘူး၊ တကယ်လို့ရှင် မအောင်မြင်ရင် ဘယ့်နှယ်လုပ်မလဲ'

'အရင်တုန်းက ခင်ဗျားမျက်နှာထက်ပို့ပြီး ရုပ်ဆိုးမသွား
နိုင်ဘူး၊ အရင်မျက်နှာကလဲ....'

မိုက်က ကမန်းကတန်း ဆက်ပြော၏။

'မဆိုးပါဘူး'

'ရှင် ကျွန်မကို လျှိုပြီးပြောစရာ မလိုပါဘူး ဒေါက်တာ
ကန်း၊ လင်းတောလ်မင်းကို မြင်ရတိုင်း အဲဒါတောင် သူ
အကျဉ်းထောင်ထဲမှာနေ၍ အဲ...သူ့ကို မြင်ရတိုင်း ကျွန်မ
ကိုယ်ကျွန်မ အကျည်းတန် ဘဲကလေးလို ခံစားရတယ်ရှင့်
ဒါပေမယ့် ဘဝကပေးတဲ့ အခြေအနေတိုင်း လက်ခံပြီး
အကောင်းဆုံးဖြစ်အောင် နေမယ်၊ ရုပ်ဆိုး အကျည်းတန်မှု
ကြောင့် ငါ့ဘဝ မနိမ့်ပါးစေရဘူးလို့ ကျွန်မ ဆုံးဖြတ်ထား
တာ ကြာပါပြီ'

'လင်းနဲ့ ချီကာဂို အကြမ်းဖက်မှုတွေအကြောင်း ခင်ဗျား
ရေးတဲ့ စာအုပ် ထွက်လာရင် လျှမ်းလျှမ်းတောက် ကျော်
ကြားသူတစ်ဦး ဖြစ်လာမှာပေါ့ဗျာ'

'ရှင် စိတ်ကူးထားတဲ့အတိုင်း ဖြစ်အောင် လုပ်ပေးလိုက်
နိုင်ရင်လဲ ကျွန်မ ဒီ့ထက်တောင်လျှမ်းလျှမ်းတောက် ကျော်
ကြားသွားဦးမှာရှင့်'

'အဲဒါလဲ မဆိုးပါဘူး'

'ငါသာ မဟာအလှပိုင်ရှင်ဖြစ်ခဲ့ရင် ဘယ်လိုနေမလဲဆိုတဲ့
အတွေးမျိုးကို မတွေးဖူးဘူးလို့ ကျွန်မ မပြောပါဘူး
ဝန်ခံချင်ခံ၊ ဝန်မခံချင်နေ မိန်းကလေးတိုင်း ဒီအတွေးမျိုး
တွေးမိကြတာချည်းပဲ၊ ဒါပေမယ့် ရှင် ကျွန်မကို ကမ်းလှမ်း



နေတဲ့ ကမ်းလှမ်းချက်ကတော့ ကျွန်မကိုအသက်ရှူမှားစေ
တာ အမှန်ပဲ'

'ခင်ဗျား ခုချက်ချင်းကြီး ဆုံးဖြတ်ဖို့ မလိုပါဘူး၊ခင်ဗျား
လေ့လာလို့ရအောင်နမူနာရုပ်တုကို ဒီမှာထားခဲ့မယ်၊မစ္စတာ
စတန်းဖီးကိုလဲ ပြလိုက်ပါဦး၊ ဒါမှ ခင်ဗျားတို့ နှစ်ယောက်
အတူဆုံးဖြတ်နိုင်မှာပေါ့'

'ကျွန်မရဲ့ ခင်ပွန်းလောင်း ဂျယ်ရယ်ဟတ်ချင်ဆန်ကမနေ့
က ညဥ့်နက်ပိုင်းမှ ချီကာဂိုကနေရောက်လာတယ်၊ ညွှ်သည်
ဝင်ချိန်လွန်မှပေါ့၊ ဒီတော့ ကျွန်မ သူ့ကိုဖုန်းနဲ့ပဲ စကား
ပြောရသေးတယ်၊ သူတို့ ဒီကို မနက်စာ စားပြီးချိန်လောက်
ရောက်လာကြလိမ့်မယ်၊ ဒါပေမယ့် ရှင် သူကျွန်မမျက်နှာကို
ခွဲစိတ်ကုသပြီးမှပဲ မြင်စေချင်ပါတော့တယ်'

'ခင်ဗျားခံစားချက်ကိုစာနာနားလည်ပါတယ်၊ဒါပေမယ့်
နမူနာရုပ်တုကိုကြည့်ပြီးနောက်ဆုံး ပေါ်ထွက်လာမယ့်အဖြေ
ကို သူ သိသွားနိုင်တာပေါ့'

မိန်းကလေးက မိုက်အား တွေးတွေးဆဆကြည့်နေသည်။
ပြီးမှ....

'ရှင့်မိန်းမကို အချစ်နတ်ဘုရားမနဲ့တူတဲ့ ရုပ်သွင်မျိုးနဲ့ ရှင်
မြင်ချင်သလား ဟင်'

ဟု မေးလိုက်၏။

'ဟုတ်ကဲ့၊ အထူးသဖြင့် ကျွန်တော်ကိုယ်တိုင်ကသူ့ကိုအဲဒီ
ရုပ်သွင်မျိုးဖြစ်အောင် လုပ်ပေးခဲ့ရင်ပေါ့ဗျာ'

ဂျက်နက်က ကြေမွပျက်စီးနေသည့်မျက်နှာဖြင့်ပင် တတ်
စွမ်းသမျှ ပြုံးပြသည်။

'ဂျက်ရယ်က ရှင့်လောက်မှ သဘောထားကြီးပါမလား
မသိဘူး ဒေါက်တာကန်း၊ သူက 'နဂိုနေအတိုင်း' ဆိုတာကို
သိပ်အစွဲကြီးတာရှင့်၊ ဒါထက် ရှင် စံပြအဖြစ်သုံးတဲ့ ရုပ်တုရဲ့
နာမည်ကို ထပ်ပြောပြပါဦး'

'ပရက်စီတလိဒ် ထုလုပ်ခဲ့တဲ့ အက်ဖရိုဒိုက်ရုပ်တုလေ၊ မိတ္တူ
ရုပ်တုတစ်ခုက ဗြိတိသျှပြတိုက်မှာ ရှိတယ်'

'အဲဒီကို ကျွန်မ တစ်ခါမှ မရောက်ဖူးဘူးရှင့်'

'ကျွန်တော် စွယ်စုံကျမ်းကို ယူလာခဲ့တယ်'

ဟု ပြောပြီး စွယ်စုံကျမ်းအထူကြီးကို ဖွင့်သည်။ နာမည်
အကြီးဆုံး ခေါမပန်းပုဆရာများကပင် အံ့သြချီးမွမ်းရသည့်
'အက်ဖရိုဒိုက်' ကိုယ်တစ်ပိုင်းပြတ်ရုပ်တု၏ ဓာတ်ပုံကို ဖော်ပြ
ထားသည့် စာမျက်နှာကို လှန်သည်။ ပြီးတော့ ဂျက်နက်
အလွယ်တကူ မြင်သာသည့် မှန်တင်ခုံပေါ်တွင် စာအုပ်ကို
ထောင်ထားပေးသည်။

'ကဲ....ဟော့ဒီမှာ'

ဟုလည်း ပြောသည်။

ဂျက်နက်က ဓာတ်ပုံကို သေသေချာချာ ကြည့်သည်။ ပြီး
တော့ နမူနာရုပ်တုကို တစ်ခါပြန်ကြည့်သည်။

'မူရင်းရုပ်တုရဲ့ အလှကျက်သရေလဲ မပျက်စေဘဲ ရှင့်
နမူနာရုပ်တုမှာ အပြောင်းအလဲကလေးတွေ လုပ်ထားတာ
တွေ့ရတယ်၊ ဒါထက် ရှင် ကျွန်မကို လင်းနဲ့ နည်းနည်းလေး



တူအောင် လုပ်ဖို့ ပြင်ဆင်ထားတယ် ဆိုတာကိုကော ရှင်
သတိထားမိရဲ့လား၊ အထူးသဖြင့် ပါးစပ်နဲ့ ပတ်သက်လို့
လေ'

'အဲဒီနေရာမှာ ကျွန်တော် ပြဿနာတက်တာပေါ့၊ အဲဒီ
နေရာကို ပုံသွင်းတော့ ကျွန်တော် ရည်ရွယ်တဲ့ပုံစံအတိုင်းဖြစ်
မလာဘဲ တခြားပုံစံတစ်ခု ဖြစ်လာအောင် ပလာစတာတွေ
က ကျွန်တော့် လက်ချောင်းတွေကို ဇွတ်အတင်း ခိုင်းသွား
သလိုပဲဗျ'

မိုက်က ဝန်ခံစကားပြော၏။ ဂျက်နက်က မျက်မှောင်ကြုတ်
သည်။

'ကျွန်မ သဘောမပေါက်ဘူး'

'ကျွန်တော်လဲ သဘောမပေါက်ဘူး၊ ဒါပေမယ့် တစ်နည်း
တစ်ဖုံအားဖြင့် ကျွန်တော့် လက်ချောင်းတွေ ကြိုးစား ထု
လုပ်နေတာက သရော်တော်တော်....မထိမဲ့မြင်နှုတ်ခမ်းကွေး
မျိုးတွေ ဖြစ်နေတယ်၊ အဲဒီနှုတ်ခမ်းမျိုး ခင်ဗျားမှာမှ မရှိ
တာ'

'လင်းမှာ ရှိတယ်၊ ရှင် သူ့ကို ဘယ်မှာသိခဲ့လဲ'

'လေဆိပ်အဆောက်အဦးထဲက ကြမ်းပြင်ပေါ်မှာလေ....
ခင်ဗျားနံဘေးမှာ အဆန့်သား သေနေတုန်းကပေါ့၊ အဲဒီ
တစ်ကြိမ်ကလွဲပြီး သူ့ကို ကျွန်တော် တစ်ခါမှမမြင်ဖူးခဲ့ဘူး၊
ဒါပေမယ့် သူ့မျက်နှာပေးကို ကျွန်တော် ဘယ်တော့မှ မေ့
မှာ မဟုတ်တော့ဘူး၊ အဲဒီတုန်းကဆို ကျွန်တော် ဘယ်လို
စဉ်းစားမိသလဲ ဆိုတော့...သူသာ အသက်ရှင်နေပြီး တစ်

ယောက်ယောက် အပေါ်ကို တစ်စုံတခ်ရာ ပုံချလိုက်ရလို့ အောင်မြင်သွားတဲ့အခါမှာ သူ့မျက်နှာပေးကအဲဒီလိုနေမှာပဲလို့ကို စဉ်းစားမိတာဗျ'

'ချီကာဂိုမှာ သူ့ကို လပေါင်းများစွာအနီးကပ်နေလာခဲ့တုန်းက အဲဒီမျက်နှာပေးမျိုး တစ်ကြိမ်အကြာမှာ တွေ့ခဲ့ဖူးတာပေါ့ရှင်'

'ခင်ဗျား သူနဲ့ အနည်းအကျဉ်းကလေး တူသွားမှာကို ကာန့်ကွက်စရာများ ရှိလားဟင်'

'တကယ်လို့ နမူနာရုပ်တုအတိုင်း ကျွန်မ ရုပ်သွင်ကိုရှင်က ပြန်လည်ဖန်ဆင်းပေးမှတော့ ကျွန်မဟာ အရမ်းလှနေမှာပဲ၊ ဒီတော့ လင်းနဲ့ အနည်းအကျဉ်းတူတာလောက်ကို ကန့်ကွက်နေစရာ မလိုပါဘူး၊ ဒါပေမယ့် ကျွန်မရဲ့မျက်လုံးတွေတည်နေပုံက အရှေ့တိုင်းဆန်ဆန် ခပ်စွေစွေကလေး ဖြစ်နေဖို့လိုလို့လားရှင်'

'ခင်ဗျာ့ညာဘက်မျက်လုံးဆောင့်က ပတ်တီးရဲ့ အောက်မှာ ပေါက်ပြဲသွားတဲ့ ဒဏ်ရာကလေးတစ်ခုရှိတယ်၊ ဖဲဒီဒဏ်ရာက တစ်လက်မတောင် မရှိဘူး၊ ဒါပေမယ့် အသားချင်တချို့ စုတ်ပြဲသွားတယ်၊ အဲဒီဒဏ်ရာကို ပြန်ချုပ်တဲ့အခါ အမာရွတ်ကလေး ရေးရေးထင်ကျန်ခဲ့လိမ့်မယ်၊ မျက်ခွံပုံစံကိုလဲ မဆိုစလောက်ကလေး ပြောင်းပစ်ရမယ်၊ဒီတော့ဟိုဘက်မျက်လုံးကိုလဲ ဒီဘက်မျက်လုံးနဲ့ ညီအောင် ပြောင်းပေးရတော့မှာပေါ့'

'ရှင်ပြောပုံကြီးကလဲ စက်ချုပ်သမား ကျနေတာပဲ'



ခိုက်ကပြုံးလိုက်၏။ ပြီးမှ....

'အောင်မြင်တဲ့ ရုပ်အလှပြင် ခွဲစိတ်ကုပညာမှာ စက်ချုပ်သမားရဲ့ အတတ်ပညာတွေ အများကြီး ပါဝင်နေတယ်ဗျ'

ဟု ပြောလိုက်၏။

'ကျွန်မလည်ချောင်းထဲက ပိုက်ကြီးက ဘယ်တော့မှတုတ်မှာလဲ'

'ခင်ဗျားကို မေ့ဆေးအပျော့စား ပေးခဲ့ရတယ်လေ၊ အဲဒီမေ့ဆေးရဲ့ဒဏ်တွေ လုံးဝကင်းစင်ပြီ ဆိုတဲ့ အခါကျတော့ တုတ်တာပေါ့ဗျာ၊ ဒီပိုက်ကို အပို အသက်ရှူပေါက်အနေနဲ့ ဆက်ပြီးထားချင်တယ်၊ ဦးနှောက်ထိခိုက်မှုရဲ့ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် အသက်ရှူရ ခက်ခဲလာရင် ခင်ဗျား အသက်ရှူရ လွယ်အောင်လို့ပေါ့ဗျာ'

'ဒါဆိုလဲ ဒီအတိုင်းပဲထားပါ၊ ကျွန်မ ပြန်လည်ရှင်သန်လာအောင် ရှင်က တစ်ကြိမ်လုပ်ပေးခဲ့ပြီ၊ဒါပေမယ့် နောက်တစ်ချိုဆိုရင်တော့ ကျွန်မတို့နှစ်ယောက်စလုံး အဲဒီလောက်ကံကောင်းချင်မှ ကောင်းတော့မယ်'

☆

## ၁၀။

နောက်နေ့နံနက် ဆယ်နာရီတွင် မိုက်၏ရုံးခန်းသို့ ဂျော့စတန်းဖီး တယ်လီဖုန်းဆက်သည်။

'ဂျယ်ရယ်ဟတ်ချင်ဆန်နဲ့ ဦးနဲ့ ခုလေးပဲ ဂျက်နက်နဲ့တွေ့ပြီး ဆေးရုံက ပြန်လာတယ်၊ ဂျယ်ရယ်က မောင်ရင်နဲ့သိပ်ပြီး စကားပြောချင်နေတယ်ကွယ့်၊ အဲဒါ မောင်ရင့်ရုံးခန်းကို ဝင်လာရင် မောင်ရင်မအားမလပ်များ ဖြစ်နေမလားလို့၊ ဦးတို့ရောက်နေတဲ့နေရာက မောင်ရင့်ရုံးနဲ့ တော်တော်လေးနီးတယ်လေ'

'နာရီဝက်အတွင်း ကျွန်တော့်မှာ ချိန်းထားတာ မရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် လာခဲ့ကြပါ'

ပုဂ္ဂိုလ်နှစ်ယောက်က ဆယ်မိနစ်အတွင်း ရောက်လာသည်။ ဂျယ်ရယ်ဟတ်ချင်ဆန်သည် တုတ်တုတ်ခိုင်ခိုင်နှင့် ခန့်



ချောချောသူဖြစ်၏။ သူ့ဆံပင်တွေက ကျောဘက်တွင် အရှည်ကြီးဖြစ်နေသည်။ စကားပြောရာတွင် သူ့အသံလှိုင်းမှာ သဘာဝအသံမဟုတ်ဘဲ တမင်လေ့ကျင့်ထားမှ ထွက်နိုင်သည့် အသံမျိုးဟု မိုက်ထင်သည်။ ရွှေကိုင်းမျက်မှန်နောက်မှ သူ့မျက်လုံးများကတော့ မီးခိုးရောင်။ သူ့ဟန်ပန်က သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိသည့်ပုံ။ လက်ဆွဲနှုတ်ဆက်လိုက်သည့် သူ့လက်ချောင်းများက သန်မာလှသည်။ တစ်ဖက်လူ၏ လက်ချောင်းတွေ ကြေမွသွားမည်လား ထင်ရသည်။ မိုက်၏ လက်ချောင်းများကလည်း တင်းနစ်ရိုက်ခြင်း၊ လက်ပစ်ဘော ကစားခြင်းတို့ကြောင့် သန်မာနေသဖြင့်သာ တော်တော့၏။

'ကျုပ် ဒီကိုမလာမီ ကွတ်မြို့နယ်ဆေးရုံက ဆေးဘက်ဆိုင်ရာ စာကြည့်တိုက်ကိုသွားပြီး အထူးကုဆရာဝန်တွေ စာရင်းမှာ ခင်ဗျာ့နာမည်ကိုရှာကြည့်ခဲ့တယ် ဒေါက်တာကာန်း၊ အဲဒီလမ်းညွှန်စာအုပ်ရဲ့ အဆိုအရဆိုရင် ခင်ဗျား အထူးကုဆရာဝန်ဖြစ်တာ လွန်ခဲ့တဲ့ နှစ်ကမှနော်'

'အဲဒါအမှန်ပါပဲ'

'ဟတ်ချင်ဆန်၏ ကိုယ်နှုတ်အမူအရာကို အကဲခတ်ကြည့်ခြင်းဖြင့် သည်လူဘာဆက်ပြောတော့မည်ကို မိုက်သိနေ၏။ သို့သော် သတင်းစာဆရာ ကိုလူထွားကြီးသည် ဂျက်နက်ဘက်ကို တကယ်ပင် ရင်ထဲအသည်းထဲကချစ်ပြီး တကယ်ပင် လက်ထပ်ယူဖို့ စီစဉ်ထားသည်ဆိုပါလျှင် သူ့ဇနီးလောင်း

အား အတော်ဆုံးဆရာဝန်များနှင့် ကုသရေးကိုတောင်းဆို ပိုင်ခွင့် ရှိနေပေသည်။

'ဒါဆို ခင်ဗျား အပြင်မှာဆေးကုတာ ဘာမှ မကြာသေးဘူးပေါ့နော်'

'တစ်နှစ် မပြည့်သေးပါဘူး၊ ကျွန်တော် ဒီတက္ကသိုလ်ဆေးရုံမှာ ရှပ်အလုပ်ပြင် ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းအပြီးမှာ အဲလ်ဗျူးကို သွားပြီးတော့ စမတ်တစ် ခွဲစိတ်ကုသမှုသင်တန်း သွားတက်ပါတယ်၊ အဲဒီသင်တန်းဒုတိယနှစ်မှာ အထူးကုဆရာဝန်ဘွဲ့ကို ရခဲ့ပါတယ်'

'ဒီပညာရပ်နဲ့ ဆိုင်လို့တော့ တက္ကသိုလ်ဆေးရုံကဌာနမှူးလဲဖြစ်၊ ဒီပညာရပ်နဲ့ ပတ်သက်တဲ့ စာအုပ်ကိုလဲ ပြုစုခဲ့တဲ့ ဒေါက်တာ အယ်လ်မိုဆိဘာတ်စတီယံဟာ အကျွမ်းကျင်ဆုံး ဖြစ်မယ် ထင်ပါရဲ့'

'ခင်ဗျားပြောတာ မှန်ပါတယ် မစ္စတာ ဟတ်ချင်ဆန်၊ ကျွန်တော်က ဒေါက်တာဆိဘာတ်စတီယံရဲ့ ဌာနမှာ လက်ထောက် ပါမောက္ခပါ'

'ဗျယ်ရယ်....'

ဗျော့စတန်းဖီးက ဝင်ပြီးဟန့်သည်။

'ဒီသတင်းတွေသိရဖို့ အမှန်တကယ်ပဲ လိုအပ်လို့လားကွာ'



'ကျွန်တော်က ကျွန်တော့်ဇနီးလောင်းအတွက် ဘာအကောင်းဆုံး ဖြစ်မလဲဆိုတာကိုသာ စဉ်းစားတာပါ'

ဟု ဟတ်ချင်ဆန်က ခပ်ဆတ်ဆတ်ကလေး ပြောသည်။

'လေဆိပ်မှာ ဒေါက်တာကန်းရဲ့ တီကျမြန်ဆန်တဲ့ဆောင်ရွက်မှုက ဂျက်နက်ရဲ့အသက်ကို ကယ်နိုင်ခဲ့တယ်ဆိုတာ ဘာယ်သူမှ မငြင်းပါဘူး၊ အဲဒီအတွက် ကျွန်တော်လဲ ကျေးဇူးတင်တယ်၊ ဒါပေမယ့် ခုဂျက်နက်ရဲ့မျက်နှာမှာ ရထားတဲ့ ဒဏ်ရာမျိုးကို ကုသတဲ့နေရာမှာ အရေးပေါ် လေပြန်အစားတစ်ပေးတဲ့ ကျွမ်းကျင်လိမ္မာမှုမျိုးထက် ပိုပြီး သာတဲ့ကျွမ်းကျင်လိမ္မာမှုမျိုးကို လိုအပ်ပါတယ်'

'တကယ်လို့ ဒေါက်တာဆိဘာတ်စတီယံကိုယ်တိုင် မီးစ်ဘာတ်ကို ကုသမှ မီးစ်ဘာတ်ရဲ့ နောင်ရေးအတွက် စိတ်အေးမယ်ဆိုရင် ကျွန်တော် ဒေါက်တာဆိဘာတ်စတီယံကိုပြောပေးပါ့မယ်'

'ကျုပ်ရဲ့စကားထဲမှာ အဲ့ဒီသဘော ပါသွားပြီထင်ပါတယ်'

ဟတ်ချင်ဆန်ကပြော၏။ မိုက်က တယ်လီဖုန်းကိုကောက်ကိုင်ပြီး ဒေါက်တာဆိဘာတ်စတီယံ၏ နံပါတ်လှည့်သည်။ ဆရာဝန်ကြီးက ပြောကြားသောအခါ အပြန်အလှန် ပြောစကားကို အများကြားနိုင်ရန် မိုက်က အသံချဲ့ခလုတ်ကို နှိပ်လိုက်၏။

'ကဲ....ဆိုစမ်းမိုက်၊ ဘာပြောချင်လဲ'

ပါမောက္ခကြီးက မေးသည်။

'ကျွန်တော့်ဆီမှာ လူနာတစ်ယောက် ရှိနေတယ်ဆရာ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ဒါးလက်စ် ၇၂၇ လေယာဉ်ကြီး ပျက်ကျတုန်းက ဒဏ်ရာရခဲ့တဲ့....'

'ငါသိတယ်၊ ငါကြားရသလောက်ဆိုရင် မင်းသာအဲဒီကို အချိန်မီရောက်မသွားရင် အဲဒီကောင်မလေး အသက်ရှင်မှာ မဟုတ်ဘူးတဲ့'

'ကျွန်တော်တို့ နှစ်ယောက်စလုံး ကံကောင်းပါတယ်ဆရာ၊ ခုကျွန်တော်ဖုန်းဆက်ရတဲ့အကြောင်းရင်းက အဲဒီမိန်းကလေးရဲ့ ခင်ပွန်းလောင်းက ကျွန်တော့်ဆီရောက်နေပါတယ်ဆရာ၊ အဲဒါမိန်းကလေးကို ကုသဖို့အတွက် ကျွန်တော်ဟာ အရည်အချင်းမီတဲ့ ဆရာဝန်မှ ဟုတ်ပါလေစလို့ သူက သံသယဝင်နေပုံရလို့ပါ'

'အရည်အချင်းမီတဲ့ ဆရာဝန်၊ ဟုတ်လား'

ဆီဘတ်စတီယံ၏အသံသည် သွေးနွေးပွဲအသံ၌ စက်ထဲမှ ဟိန်းထွက်လာသည်။

'ဘဲလ်ဗျူးမှာ နှစ်နှစ်သွားပြီးသင်တန်းတက်လာခဲ့တဲ့မင်းထာ အလှပြင်ခွဲစိတ်ကု အပိုင်းမှာ ငါမြင်တာထက်တောင်ဝိုင်းက ပိုပြီးမြင်နေသေးတယ်ကွ'



'လူနာမိန်းကလေးဆိုတာကို ဆရာကိုယ်တိုင် လာကြည့်မယ်ဆိုရင် ပိုပြီး စိတ်ချမ်းသာသွားမယ် ထင်ပါတယ် ဆရာ'

ရပါတယ်လေ၊ ငါနေ့လယ်စာစားဖို့သွားရင်း သူ့ကို ဝင်ကြည့်လိုက်မယ်၊ ပြီးရင် မင်းဆီကို ဖုန်းဆက်လိုက်မယ်'

'ဆရာမီးစ်ဘတ်ရဲ့ ခင်ပွန်းလောင်းဟာ မစ္စတာဂျယ်ရယ်ဟတ်ချင်ဆန်ရှိတဲ့ ဝါရှင်တန် စတားနဲ့ယူးသတင်းစာတိုက်ကိုပါ တယ်လီဖုန်း ဆက်ပေးပါဆရာ'

'ကောင်းပြီ၊ ဘာမှစိတ်မပူဖို့ သူ့ကိုသွားပြောလိုက်ကွာ၊ သူ့ဇနီးလောင်းဟာ ဒီတိုင်းပြည်မှာ အတော်ဆုံး ရုပ်အလှပြင် ခွဲစိတ်ကုဆရာဝန်တစ်ယောက်ရဲ့ လက်ထဲကိုရောက်နေတာပါလို့ ပြောလိုက်'

တစ်ဖက်မှ တယ်လီဖုန်းချသွားသည်နှင့် ဂျော့စတန်းဖီးက....

'ကဲ....လာဟေ့ ဂျယ်ရယ်'

ဟု ပြောလိုက်၏။ထို့နောက် မိုက်အား....

'မောင်ရင် ဘယ်တော့လောက် လုပ်ငန်းစဖို့ စီစဉ်ထားလဲ ဒေါက်တာ'

ဟု မေးသည်။

'တကယ်လို့ မီးစ်ဘတ်က ခွင့်ပြုလွှာပေါ်မှာ လက်မှတ်ထိုးပေးမယ်ဆိုရင် မနက်ဖြန် စပါမယ်၊ ဆေးရုံက ခွဲစိတ်

ခန်းတစ်ခန်းနဲ့ မေ့ဆေး ဆရာဝန်ကြီးတစ်ဦး ကျွန်တော့် အတွက် စီစဉ်ထားပေးပါတယ်၊ တကယ်လို့ စီစဉ်တဲ့အတိုင်း ချောချော မောမော ဖြစ်သွားရင် သူဟာ ဆယ်နာရီ ဆယ်နာရီခွဲလောက်မှာ နာလန်ထအခန်းထဲကိုပြန်ရောက်နေ ပါပြီ၊ ကိစ္စဝိစ္စ အားလုံးပြီးစီးတဲ့အခါ သူတို့နှစ်ယောက် စလုံးနဲ့ တွေ့ပါဦးမယ်’

☆

## ၁၁။

ဂိုက်၏ရုံးခန်းမှ သူနာပြုဆရာမက ယနေ့ ချိန်းထားသည့် လူနာတွေထဲမှ နောက်ဆုံး တစ်ယောက်အား ရုံးခန်းအဝ အထိလိုက်ပို့ပြီးချိန်တွင် နှစ်နာရီထိုးနေပြီ။ သို့သော် ဆရာမက ရုံးခန်းထဲသို့ ချက်ချင်းလို ပြန်ဝင်လာပြန်သည်။

‘ဒေါက်တာရန်း ဒေါ်မက်ကာသီဆိုတဲ့ လူတစ်ယောက် ဆရာနဲ့တွေ့ဖို့ စောင့်နေတယ်၊ ကျွန်မ သူ့ကို ခေါ်လာခဲ့ရ မလား’

‘မက်ကာသီ၊ ဟုတ်လား၊ ကျွန်တော် မမှတ်မိ....’

‘သူက စိတ်ကုဆရာဝန်လေ၊ တက္ကသိုလ်ဆေးရုံက လူနာ တစ်ယောက်ကို ကြည့်ပေးပါလို့ ဆရာက သူ့ကို မေတ္တာရပ်ခံ ထားတယ်တဲ့’

'ဩော်....ဟုတ်ပြီ၊ ခေါ်လာခဲ့ပါ'

ဒေါက်တာရန်း ဒေါမက်ကာသီသည် မိုက်နှင့် လုံးတူရုပ်တူလောက်ပဲရှိသည်။ အဝတ်အစားဝတ်ဆင်ပုံက သပ်ရပ်သည်။ သန့်ရှင်းသည်။ အသက်ငါးဆယ်လောက်ရှိပြီဟု မိုက်ခန့်မှန်းသည်။ ကိုယ်ခန္ဓာအချိုးအဆစ်က အားကစားသမားတစ်ယောက်လို ကျစ်ကျစ်လျစ်လျစ်ရှိပြီး လမ်းလျှောက်ပုံက ကျားကျားလျားလျား ရှိသည်။ သို့သော် သူ့မျက်နှာကတော့ သူ၏ အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းများလိုမဟုတ်။ တစ်မူထူးနေသည်။

သူ့မျက်လုံးတွေက မျက်တွင်းနက်နက်ထဲမှာ တည်ရှိနေသည်။ သို့သော် တောက်ပသည်။ ဉာဏ်ရည်ထက်မြက်ခြင်းကို ဖော်ကျူးနေသည့် မျက်လုံးများ။ သည်မျက်လုံးများဖြင့် ဖွဲ့စည်းထားသည့် မျက်နှာမှာမူ ရင့်ရော်သည်။ ဇရာ၏ ဖိစီးမှုကြောင့်၊ သို့မဟုတ် ဘဝကြမ်းကြောင့်ဖြစ်မည်။ မျက်လုံးများအောက်မှ မျက်အိမ်များမှာ ဖောင်းပြီး အိတွဲကျနေ၏။ နောက်ပြီး ပါးရေများလည်း အောက်သို့အိကျနေသည်။ သည်အချင်းအရာတွေက သူသည် စည်းမဲ့ကမ်းမဲ့နေထိုင်ခဲ့သူတစ်ဦး၊ သွင်ပြင်မျိုး ပေါက်နေစေ၏။ သက်တမ်းတစ်လျှောက်အတွင်း နှစ်ဘဝစံ၊ သုံးဘဝစံသူတစ်ဦး၏ သွင်ပြင်မျိုး ပေါက်နေစေ၏။ သူ၏မုတ်ဆိတ်မွေး သေးသေးချွန်ချွန်ကလေးက သူ့အား အသက်အရွယ်နှင့် မမျှအောင် အပျော်ကြူးသူတစ်ဦး၏ သွင်ပြင်မျိုးပေါက်နေစေ၏။ သူ၏ ထင်ရှားပေါ်လွင်လွန်းလှသော နှာခေါင်း ချွန်ချွန်ကြီးက



လည်း သူ့အပေါ် တစ်ဖက်သားကမြင်သည့် ကနဦးအမြင်များကို ချေဖျက်နိုင်စွမ်း မရှိပါချေ။

'ပြည်သူ့ကျင့်ဝတ် အသင်းတစ်ခုရဲ့ အစည်းအဝေးကို တက်ရင်း မြို့ထဲရောက်နေတာနဲ့ ခင်ဗျားဆီ လှည့်ဝင်လာတာပါ၊ ပြီးတော့ ခင်ဗျာ့လူနာ ဂျက်နက်ဘတ်နဲ့ ပတ်သက်ပြီး ပါးစပ်နဲ့ သတင်းပို့ခဲ့မယ် စိတ်ကူးရလို့၊ လူနာရဲ့ ဆေးမှတ်တမ်းမှာ ရေးထားဖို့လဲ ကျွန်တော် နှုတ်တိုက် ချပေးခဲ့ပါတယ်'

နှစ်ဦး လက်ဆွဲနှုတ်ဆက်နေခိုက် မက်ကာသီက ပြော၏။

'ကျွန်တော့်လူနာကို သွားကြည့်ရတဲ့အတွက် ဆရာကာသီကအောက် မဖြစ်ဘူးထင်ပါတယ်နော်'

မိုက်က သူ့စားပွဲရှေ့မှ ကုလားထိုင်ဆီသို့ လက်ငေ့ယမ်းပြသည်။

'မီးစ်ဘတ်က ကျွန်တော်တို့ မျှော်လင့်ထားတဲ့အချိန်မှာ သတိပြန်လည်မလာဘူး၊ နောက်ပြီး ဦးနှောက် လျှပ်စစ်မှတ်တမ်းစက်ပေါ်မှာလဲ 'သီတာ' လှိုင်းတွေ တစ်သီကြီး ပေါ်လာတယ်လေ၊ ဒီတော့ ဒီမိန်းကလေးဟာ အပြင်ပန်းအမြင်အရထက် ပိုပြီးသတိရှိနေတယ်လို့ ဒေါက်တာ ဖော်ဂါတီနဲ့ ကျွန်တော်က ထင်ကြတယ်'

မက်ကာသီ ပြုံးလိုက်၏။ သူ့အပြုံးက သူ့အား သာရေှာ်လှောဝ်ပြောင်နေသူတစ်ဦး၏ သွင်ပြင်မျိုး ပေါက်သွားစေသည်။

'လှည့်စားနေတယ်လို့ ဆိုလိုတာလား'

‘အဲဒီလိုမျိုး ဆိုပါတော့၊ အင်းလေ.... ခုတော့ သူက သတိလဲပြန်လည်လာပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းလဲ အပြည့်ရှိနေပြီဆိုတော့.... ကျွန်တော် ဆရာ့အချိန်တွေကို ဖြုန်းမိသလို ဖြစ်နေပြီထင်ပါရဲ့’

‘မဖြစ်ပါဘူး ဒေါက်တာ၊ မဖြစ်ပါဘူး၊ မီးစ်ဘတ်ဟာ အင်မတန် ဉာဏ်ရည်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ သူနဲ့စကားပြောရတာ ကျွန်တော်တော့အရမ်းကျေနပ်တာပဲ၊ အထူးသဖြင့် တောလ်မင်း ဆိုတဲ့ ကောင်မလေးအကြောင်း ပြောကြတဲ့အခါမှာပေါ့၊ အဲဒီလို စိတ်ရောဂါဆန်တဲ့ ကိုယ်ရည်ကိုယ်သွေးရှိတဲ့ လူမျိုးဆို ကျွန်တော်က အားကြီး စိတ်ဝင်စားတာဗျ၊ မီးစ်ဘတ်ဟာ ချီကာဂိုမှာတုန်းက လင်းတောလ်မင်းနဲ့ အတော်ကြာကြာ တရင်းတနှီး နေခဲ့ကြတာကိုး’

‘မီးစ်ဘတ်မှာ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်တစ်စုံတစ်ရာ များ တွေ့ရသလား ဆရာ’

‘သူက သံပင်အနီနဲ့ဗျ၊ သံပင်အနီနဲ့ဆိုကတည်းက အလိုအလျောက် ဖြစ်နေတာက စိတ်ကစဉ့်ကလျား....’

‘အဲဒီနေရာမှာ သံပင်အနီနဲ့ မိန်းမအတော်များများက ဆရာ့အဆိုကို သဘောတူကြမယ် မထင်ဘူး’

‘ခင်ဗျားပြောသလို မဟုတ်ရုံမကဘူး၊ မိန်းမအားလုံးနီးပါးက သူတို့မှာ ကိုယ်ရည်ကိုယ်သွေး တစ်မျိုးထက်မက ရှိတယ်လို့ ထင်ချင်ကြတာဗျ၊ တကယ်လဲ ရှိကြတယ်လေ၊ မိန်းမတစ်ယောက်ဆိုရင် နေ့လယ်နေ့ခင်းတိုင်း အပေါ်စား



မီဒီယိုဇာတ်လမ်းတွေကို ကြည့်တယ်၊ ပြီးတော့ အဲဒီဇာတ်လမ်းတွေထဲကအတိုင်း လိုက်လုပ်တာဗျ၊ တခြားတစ်ယောက်ကတော့ သူ့ယောက်ျား ရုံးသွားဖို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးတယ်၊ ကိုယ်တိုင်ကားမောင်းပြီး ကလေးတွေကို ကျောင်းပို့ပေးတယ်၊ ဂီတသင်တန်းတွေ၊ ကင်းထောက်အဖွဲ့ သင်တန်းတွေကို လိုက်ပို့ပေးတယ်၊ အဲဒါနှစ်ပေါင်းများစွာ ကြာအောင် အဲဒီလိုနေခဲ့တာ၊ တစ်နေ့မှာတော့ သူ့အဝတ်အစားတွေထုပ်ပိုးပြီးအိမ်ကထွက်သွားတယ်၊ သူ့အကြောင်းပြချက်က သူ့ဘဝသူထူထောင်ပြီး သူ့ဘဝသူကျောင်းချင်လို့တဲ့ဗျို့’

‘အများအားဖြင့် သံပင်နီနဲ့ မိန်းမတွေဟာ ပုံမှန်စံကိုက် မိန်းမတွေပါ ဒေါက်တာကန်း၊ တစ်ခုပဲရှိတယ်၊ သူတို့ဟာ သိုင်းရိုက်လွန်ကဲတဲ့ဘက်ကို နည်းနည်းလေး ရောက်နေတတ်ကြတယ်၊ အဲဒီလို ဖြစ်နေတဲ့အတွက် သူတို့ဟာ စွဲမက်စရာကောင်းတဲ့ သတ္တဝါတွေဖြစ်လာတယ်၊ အဲ....ခင်ဗျာ့ လူနာ မီးစ်ဘတ်အကြောင်း ပြန်ကောက်ရရင် သူဟာ ပုံမှန်စံကိုက် မိန်းမငယ်တစ်ယောက်....’

‘အဲဒါ မင်္ဂလာသတင်းပေါ့ဗျာ’

‘ကျွန်တော် သူ့ကို ဒီနေ့မနက်မှတွေ့ရတာ၊ ကျွန်တော် တက်ခဲ့တဲ့ ဒူတက္ကသိုလ်က စိတ်နယ်လွန် ပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှာ ရောက်နေလို့’

'ခင်ဗျား ဘယ်လိုဘယ်လိုလုပ်ပြီး ဆဋ္ဌမအာရုံအကြောင်း စိတ်ဝင်စားသွားရတာလဲ'

'ဒေါက်တာကန်းရေ....တဆိတ်လောက် ကျွန်တော်တို့နဲ့ ထိုက်တန်တဲ့ နာမည်ကလေးတော့ ခေါ်ဝေါ် သုံးနှုန်းပါဗျာ၊ ခင်ဗျားပြောတဲ့ ဆဋ္ဌမအာရုံဆိုတာကို သိပ္ပံနည်းကျ ခေါ်မယ်ဆိုရင် စိတ်နယ်လွန်ပညာရပ်လို့ ခေါ်တယ်ဗျ။

'ကျွန်တော် ဆေးကျောင်းတက်နေရင်း နွေတစ်နွေမှာ နယ်လှည့်မျက်လှည့်အဖွဲ့တစ်ဖွဲ့မှာ အလုပ်ဝင်လုပ်ဖြစ်တယ်ဗျ၊ အဲဒီမှာ စုံချိန်မီ မျက်လှည့်ပြကွက် တော်တော်များများကို ကျွန်တော် သိလာခဲ့တယ်၊ လေထဲမှာ ချာန်နဲ့ ပျံနေတာ၊ မြင်ကွင်းထဲက ပျောက်သွားတာ၊ အိပ်မွေ့ချထားတာလို ဟာမျိုးတွေပေါ့ဗျာ၊ အဲဒီအထဲမှာ မိန်းမတစ်ယောက်က စိတ်ဖတ်ပညာ၊ တစ်ဖက်သား၏ စိတ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို ပြောနိုင်တဲ့ ပညာပေါ့ဗျာ၊ အဲဒီပြကွက်ကို သရုပ်ဆောင်ရတယ်လေ၊ အဲဒီတော့ ကျွန်တော်ကသူနဲ့တွဲပြီး အများကြီး အလုပ်လုပ်ဖြစ်တာပေါ့'

'အဲဒီ ပြကွက်တွေဟာ သရုပ်ဆောင် ထားတာချည်းပဲ မဟုတ်လား'

'ထုံးစံအားဖြင့်တော့ ဟုတ်တယ်၊ ဒါပေမယ့် အဲဒီအမျိုးသမီးကော ကျွန်တော်ကော ရှင်းမပြနိုင်တဲ့ ကိစ္စ တချို့



ဖြစ်သွားတာတွေရှိတယ်ဗျ၊ ဒါနဲ့ နွေကျောင်းပိတ်ရက် ကုန်တော့ ဒါကိုပြန်ပြီး ဆရာဝန်ဘွဲ့ရအောင် ဆေးပညာကို ဆက်သင်ရင်း စိတ်နယ်လွန် ရောဂါ ပညာရပ်နဲ့ ပီအိပ်ချ်ဒီဘွဲ့ ပါရအောင်ဖြေဖို့ ပြင်ဆင်တော့တာပဲ'

'ဒါနဲ့ စကားမစပ်ပြောရဦးမယ်၊ မီးစ်ဘတ်ရဲ့မျက်နှာကို ပြန်လည်ပြုပြင်တည်ဆောက်ပြီးရင် တူလာမယ်ဆိုတဲ့ နမူနာ ရုပ်တုကို သူ့အခန်းထဲမှာ ကျွန်တော်တွေ့ခဲ့တယ်၊ အဲဒီ ရုပ်တုဟာ ပန်းပုပညာအရ တော်တော် လက်ရာမြောက်တာပဲ ဒေါက်တာ ကန်း'

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော်က ပန်းပုပညာကို မတောက်တခေါက် လေ့လာလိုက်စားတယ်၊ ဒါပေမယ့်.... အဲဒီပညာနဲ့ အသက်မွေးဖို့တော့ မရည်ရွယ်ပါဘူး'

'ကျွန်တော်ပြောတာကိုယုံ၊ ခင်ဗျားအောင်မြင်နိုင်တယ် ဗျ၊ ဒါပေမယ့် အဲဒီ ရုပ်တုအတိုင်းတူအောင် မီးစ်ဘတ်ကို လုပ်ပေးနိုင်ရင်တော့ ခင်ဗျားဟာ ပန်းပုဆရာ အဖြစ်ထက် ရုပ်အလှပြင်ခွဲစိတ်ကုဆရာဝန်အဖြစ်နဲ့ လူ့လောကကို အများကြီး အကျိုးပြုနိုင်တယ်ဗျ'

'ကျွန်တော်ကလဲ အဲဒီအတိုင်းပဲ ခံစားမိပါတယ်'

'ကျွန်တော် ဒီကိုဝင်လာခဲ့တဲ့ တခြားအကြောင်းတစ်ခုက တကယ်လို့ ကျွန်တော်က မီးစ်ဘတ်ကို စိတ်ပညာအရ လေ့လာကြည့်မယ်ဆိုရင် ခင်ဗျားအနေနဲ့ ကန့်ကွက်စရာများ ရှိသလားဆိုတာ မေးချင်လို့ပဲ၊ ဆိုလိုတာက ခင်ဗျား သူ့ကို ကုသပြီး သူနေကောင်းသွားမှပါ'

'သူ့ကို ဆေးရုံက ဆင်းခွင့်ပြုပြီးတာနဲ့ တစ်ပြိုင်နက် သူ ဘာလုပ်တယ်၊ ဘာမလုပ်ဘူးဆိုတာကို ကျွန်တော် ချုပ်ကိုင်ထားလို့ မရတော့ပါဘူး၊ ခင်ဗျားရဲ့ တောင်းဆိုချက်ကို ခွင့်ပြုနိုင်တာ သူတစ်ယောက်ပဲ ရှိပါတယ်၊ ဒေါက်တာ မက်ကာသီ'

'သူ ခွင့်ပြုလိမ့်မယ်ထင်ပါတယ်၊ ဒါပေမယ့် သူ ဆေးရုံမှာ ရှိနေတုန်း ကျွန်တော် သူ့ကို ကြုံရင်ကြုံသလို ဝင်တွေ့တာကို ခင်ဗျား မကန့်ကွက်တဲ့အကြောင်း စောစောစီးစီး သေချာသိထားချင်လို့ပါ'

'ကန့်ကွက်စရာ အကြောင်း မမြင်ပါဘူး၊ ဒါပေမယ့် လက်ခံပြီးတွေ့ပါလို့ သူ့ကို ကျွန်တော်အမိန့်မပေးနိုင်ဘူး၊ နောက်ပြီး ဆေးဝါးကုသခံထဲမှာလဲ ခင်ဗျားအတွက် ထည့်မပေးနိုင်ဘူး'

'ကျွန်တော် သူ့ကို သွားတွေ့တဲ့ အတွက် အခကြေးငွေ ယူဖို့ စိတ်မကူးပါဘူး၊ သူဟာ ခုချိန်ကစပြီး ကမ္ဘာ့အချောဆုံး အလှဆုံး မိန်းကလေး စာရင်းဝင်တော့မယ်လေ၊ အဲဒီ ပြောင်းလဲမှုဟာ သူ့ဘဝကို ဘယ်လို အကျိုးသက်ရောက်မှု ရှိမလဲဆိုတာကို စိတ်ရောဂါကုဆရာဝန် တစ်ယောက် အနေနဲ့ စိတ်ဝင်စားလွန်းလို့ပါ'

'ပြောင်းလဲမှုဟာ သူ့အတွက်ပိုကောင်းဖို့ ဖြစ်မယ်လို့ ခင်ဗျားထင်သလား'



'ဒီမိန်းကလေးက ဉာဏ်ရည်ထက်မြက်တယ်၊ ပါရမီပါတဲ့ စာရေးသူ တစ်ယောက်ဖြစ်တယ်၊ နောက်ပြီး သူက ရည်မှန်းချက်မြင့်မားတယ်၊ ဒီလိုမိန်းကလေးတစ်ယောက်အတွက် ဖြစ်ပေါ်လာမယ့် ပြောင်းလဲမှုဟာ ပိုကောင်းဖို့က လွဲပြီး တခြား ဘာများ ဖြစ်နိုင်ဦးမှာလဲ'

'ကျွန်တော်က ထွေရာ စိတ်ကူးကြည့်တာပါ'

မက်ကာသီ မတ်တတ်ရပ်လိုက်သည်။ ပြီးတော့ လက်တစ်ဖက် ကမ်းပေးသည်။

'မီးစ်ဘာတ်ကိုလာကြည့်ပေးဖို့ ဖိတ်ခေါ်တဲ့အတွက် ကျေးဇူး တင်ပါတယ်ဗျာ၊ သူဟာ ဆေးပညာပိုင်းအရ အလွန် စိတ်ဝင်စားစရာကောင်းတဲ့ လူနာတစ်ယောက် ဖြစ်မှာပဲဗျ၊ အဲဒီနေ့မနက်က ဒါးလက်စ်ကိုသွားတဲ့ လမ်းပေါ်မှာ ခင်ဗျားရောက်နေတာ သူ့အတွက် ဘယ်လောက် ကံကောင်းလိုက်သလဲနော်'

မိုက်က ရှုံးခန်းအပြင်ဘက်ရှိ ဧည့်ခန်းကလေးထဲ ရောက်သည်အထိ ဧည့်သည်ကို လိုက်ပို့သည်။ သူ့ သူနာပြု ဆရာမက တစ်နေ့တာအတွင်း လာရောက်ခဲ့သော လူနာများ၏ မှတ်တမ်းကို ပိုင်တွဲနေရာမှ မော့ကြည့်သည်။ သည် အမျိုးသမီးက ကလေးနှစ်ယောက် မိခင်ဖြစ်သည့်တိုင် ကိုယ်ခန္ဓာ အချိုးအဆက် ပြေပြစ်လှပသူ ဖြစ်၏။

'ဒီလူကို ဆရာ ဘယ်လို အကဲဖြတ်လို့ရသလဲ ဒေါက်တာ'

'ကျွန်တော်ကလဲ ခင်ဗျားကို အဲဒီမေးခွန်းပဲ မေးမလို့ဗျ'

'ဒီလူက ထူးခြားတာတော့အမှန်ပဲ၊ ဒါပေမယ့် တကယ့်ကို အဖိုးတန်တဲ့ အဖိုးသတ္တဝါပါပဲ၊ ဆရာ နောက်ဆုံးလူနာနဲ့တွေ့နေကတည်းက ဒီအခန်းထဲကို သူရောက်နေတာ၊ စုစုပေါင်း ဆယ်မိနစ်လောက်ရှိမှာပေါ့၊ အဲဒီတစ်ချိန်လုံး သူ့ဘကျွန်မကို စိတ်မျက်စိနဲ့ အဝတ်အစားတွေ ချွတ်ကြည့် နေတယ်လို့ ပဲ ကျွန်မဖြင့် ခံစားရတယ်'

☆

## ၁၂။

မျက်ကာသီပြန်သွားပြီး ခဏအကြာမှာပင် ဒေါက်တာ ဆီဘတ်စတီယံက တယ်လီဖုန်းဆက်သည်။

'မိုက်ရေ...မီးစ်ဘတ်ကို နေ့လယ်စာစားပြီး ဝင်တွေ့လိုက်တယ်၊ မင်း သူ့ကို ပြုပြင်ကုသပြီးရင် သူဟာ မင်းထုတားတဲ့ ပန်းပုရုပ်နဲ့ တူလိမ့်မယ်လို့ မင်း တကယ်ပဲ ထင်လား'

'အဲဒီရုပ်တုကို ထုပြီးကာစကတော့ တူလိမ့်မယ်လို့ ကျွန်တော် အတော်ကြီး ယုံကြည်စိတ်ချတယ်ခင်ဗျ၊ ဒါပေမယ့် အဲဒါကို လူအတော်များများက သံသယရှိနေတော့ ဒီနေ့ဆို ကျွန်တော့်ကိုယ်ကျွန်တော် မယုံမရဲ ဖြစ်နေပါပြီ'

'အေး...သူတို့ရဲ့ သံသယတွေက မင်းကို မတားဆီးစေနဲ့၊ တကယ်လို့ မင်း အဲဒီရုပ်တုနီးပါး လှအောင် ပြုပြင်ပေးနိုင်

တယ်ဆိုရင်ပဲ မင်းမှာ မှတ်လောက်သားလောက်တဲ့ အောင်မြင်မှု တစ်ရပ်ကို ရတာပဲကွ’

‘သူ့ခင်ပွန်းလောင်းကော အဲဒီမှာ ရှိနေသလားဆရာ’

‘ငါ့ကို စောင့်နေပါဗျာ၊ မင်းဟာဒီအလုပ်ကိုလုပ်ဖို့အရည်အချင်း မမီတဲ့လူဖြစ်ကြောင်း ငါ ဝန်ခံစကားကိုကြားရဖို့ မလွယ်ဘူးဆိုတာ သူ မြန်မြန်ဆန်ဆန်ပဲသဘောပေါက်သွားပါတယ်၊ ဒါပေမယ့် မီးစ်ဘတ်ဟာ ဒီလောက် ပြင်းပြင်းထန်ထန် ဦးနှောက်ထိခိုက်ခံရပြီးတဲ့နောက် သူဟာ မှန်မှန်ကန်ကန် စဉ်းစားချင့်ချိန်နိုင်စွမ်း မရှိဘူး ဆိုတာကိုတော့ ငါ လက်ခံလာအောင် ဇွတ်ပြောတယ်ကွ၊ အဲ့ဒီကိစ္စကိုလဲ ငါ သူ့ကို ဖျောင်းဖျနားချခဲ့ပါတယ်’

‘သူ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက်တောင် မလိုလားဖြစ်နေတယ်ဆိုတာ စဉ်းစားလို့ မရဘူးဆရာ၊ မနေ့က မီးစ်ဘတ်နဲ့ သူ့ဦးလေးက ကျွန်တော့်ကို ပြောမပြမချင်း ဒီလောကကြီးမှာ အဲဒီ လူတစ်ယောက် ရှိနေမှန်းတောင် ကျွန်တော် မသိခဲ့ဘူး’

‘ဟတ်ချင်ဆန်က ရုပ်ရည် ချောမောပြီး မာနကြီးတယ်၊ ဒီတော့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးမှာ သူကအပေါ်စီးကနေ လွှမ်းမိုးထားလိမ့်မယ်လို့ ငါ သံသယရှိတယ်၊ ဒီအနေအထားထဲမှာ သူ့ဇနီးလောင်းဟာ ရှားပါးတဲ့ အလှပိုင်ရှင်အဖြစ် နေ့ချင်းညချင်း ပြောင်းလဲသွားမယ့် အလားအလာ



ရှိနေတယ်၊ အဲဒါဆို ယောကျ်ား တော်တော်များများဟာ ကောင်မလေးကို စွဲမက်ကြတော့မယ်၊ မင်းက ကောင်မလေးကို ခေတ်သစ် အလှနတ်ဘုရားမအဖြစ်ဖန်ဆင်းပြီးတဲ့ အချိန်မှာ တို့ မိတ်ဆွေကြီးဟာ မေ့မှိန် ပျောက်ကွယ်သွားမှာကို စိုးရိမ်နေတာ ဖြစ်ရမယ်ကွ’

‘ဒေါက်တာ ရန်းဒေါ်မက်ကာသီလဲ မနေ့မနက်ပဲ လူနာကို ကြည့်ပြီးပြီ ဆရာ၊ သူ စောစောလေးကပဲ ပြန်သွားတယ်’

‘သူလဲ ခေတ္တလူ မဟုတ်ဘူးနော့’

‘ကျွန်တော်နဲ့သူ ပထမဆုံးတွေ့ဖူးတာပါဆရာ၊ ဒါပေမယ့် ကျွန်တော် သူ့ကိုအထင်ကြီးပါတယ်၊ သူကလဲ ဆရာ့လိုပဲ ဂျက်နက်ဘတ်ဟာ သူ့ဘာသာသူ ဆုံးဖြတ်နိုင်လောက်အောင် ဦးနှောက်ကောင်းနေပြီလို့ ပြောပါတယ်’

‘နေ့ခင်းကပဲ သူ ဆုံးဖြတ်ချက်တစ်ခု ချခဲ့သေးတယ်လေ၊ ခွဲစိတ်ကုသမှု သဘောတူခွင့်ပြုလွှာကို ငါ့ရှေ့မှာပဲလက်မှတ်ထိုးခဲ့တယ်၊ ဟတ်ချင်ဆန်ကတော့ နံဘေးမှာ ရပ်ပြီး လက်သည်းတွေကို သွားနဲ့ကိုက်နေတာပဲ။

‘ဒါထက် မက်ကာသီရဲ့ပုံက လူရှုပ်လူပွေပုံစံမျိုး ပေါက်တယ်နော်၊ အဲဒါလဲ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အဲ့ဒီလို ဖြစ်နေလို့ ဆိုပြီး သူ့ကို လျှော့မတွက်လိုက်လေနဲ့၊ သူနဲ့ ဆိုင်တဲ့ စိတ်နယ်လွန်ရောဂါဆိုင်ရာပညာပိုင်းမှာတော့ သူ့ကိုတလေး

တစားရှိကြတယ်ကွ၊ ငါက မင်းကိုလျှို့ဝှက်ချက် တစ်ခုလဲ ပြောပြရဦးမယ်၊ အဲဒါကတော့ တက္ကသိုလ်စိတ်ပညာ ဌာနနဲ့ ဆေးကျောင်းစိတ်ရောဂါကုဌာနနှစ်ခုပူးပေါင်းပြီး မက်ကာသီအတွက် သုတေသနစီမံကိန်း တစ်ခု ထူထောင်ပေးထားတယ်၊ အထူးသဖြင့် သူတို့အခေါ်အရ အငွေ့ကို ရှုမြင်ခြင်း ဆိုတဲ့ အကြောင်းအရာကို သုတေသနပြုမှာတဲ့ကွ’

‘ကျွန်တော်ဖြင့် တစ်ခါမှ မကြားဖူးဘူး’

‘ဆဋ္ဌမအာရုံရဲ့ ပုံစံတစ်မျိုးပေါ့ကွာ၊ စတန်းဖို့သုတေသနဌာနကအထူးပြု လေ့လာနေတဲ့ကြိုတင်သိမြင်ခြင်းအကြောင်းပေါ့၊ မက်ကာသီရဲ့ လက်တွေ့စမ်းသပ်မှုအဖြေတချို့ကို ငါ တွေ့ဖူးတယ်၊ အတော်တော့ ဆန်းပြားတယ်ကွ’

‘ကျွန်တော်ဘဲလ်ဗျူးမှာသင်တန်းသွားတက်နေရတဲ့နှစ်နှစ်က အတော်ကြီးကို အားထုတ်ဖို့ကြိုးစားရတာ ခင်ဗျ၊ ဒီတော့ ကျွန်တော် မှာ သတင်းစာတောင် မဖတ်နိုင်ခဲ့ဘူး’

‘တစ်ခါတစ်ရံ မက်ကာသီနဲ့စကားပြောကြည့်ကွ၊ အဲ့ဒီအခါကျ မင့်စိတ်ထဲမှာ မှန်ဘယ်လို့ လက်ခံယုံကြည်ထားတဲ့ ကိစ္စ အတော်များများကို ဟုတ်မှဟုတ်ပါ့လေဆိုပြီး အံ့သြတွေဝေ ကျန်ခဲ့လိမ့်မယ်။

‘ဒါထက် စကားမစပ် ပြောရဦးမယ်၊ နက်ဖြန်ကျ မင်း လုပ်တာကိုင်တာတို့ကို ငါတို့ ချောင်းကြည့်လို့ ရမလား၊ ကျိုးသွားတဲ့ ပါးရိုးတွေကို မင်း ဘယ်လိုမြှင့်တင်မယ် ဆိုတဲ့ အကြောင်း ချာလီသောင်းဒိုက်က ပြောပြလို့ ငါ အရမ်း



အံ့သြစိတ်ဝင်စားနေတယ်ကွ၊ တကယ်လို့ မင့်နည်းကအလုပ်ဖြစ်တယ်ဆိုရင် ငါရေးထားတဲ့ ကျောင်းသုံးစာအုပ်နောက် တစ်ကြိမ် ထပ်ရိုက်တဲ့အခါ ထည့်ရေးမလို့’

‘ဆရာ့ကို ဖိတ်ခေါ်ပါတယ် ဆရာ၊ ဆရာတို့ ရှိနေရင် ကျွန်တော်လဲ လုပ်ရကိုင်ရတာ ယုံကြည်စိတ်ချမှု ရှိတာပေါ့’

‘ငါတို့ကလဲ မင်းကို ဆရာဝန်ဘွဲ့နဲ့အတူ အဲ့ဒီ ယုံကြည်စိတ်ချမှုကိုပါ ပေးလိုက်တာပဲဟာ၊ အောင်မြင်ပါစေကွာ’

၁၃။

ညနေ ငါးနာရီမထိုးမီကလေးတွင် မိုက်က လူနာများကို လှည့်လည်စစ်ဆေးကြည့်သည်။ ဂျက်နက်ဘတ်အား ခုတင်နှပေါ်တွင် ကိုယ်တစ်ပိုင်းထောင်ပြီး လဲလျောင်းနေသည်ကို တွေ့ရ၏။ မည်သို့ဖြစ်စေ အမျိုးသမီးသည် သူ့ကိုမြင်လိုက်ရသဖြင့် ဝမ်းသာအယ်လဲ ဖြစ်ပုံမရ။

'ရှင်က ကျွန်မကို စစ်ဆေးဖို့ဆိုပြီး ဘာကိစ္စဟိုစိတ္တဇဆရာဝန်ကို လွှတ်လိုက်ရတာလဲ'

ဂျက်နက်က ရန်တွေ့သည်။

'ခင်ဗျား သတိမေ့နေတုန်းက ဦးခေါင်းထိခိုက်မှုကြောင့် ခင်ဗျားဦးနှောက်တွေ ဘယ်လောက်ထိခိုက်သွားတယ်ဆိုတာ ကျွန်တော်တို့ မပြောနိုင်ဘူးလေ၊ ဒါနဲ့ အကြံဉာဏ်တောင်းရအောင် ဆိုပြီး သူ့ကို မေတ္တာရပ်ခံလိုက်တာ၊ ခင်ဗျား သတိပြန်လည်လာပြီး ခင်ဗျားဦးနှောက်ကလဲ ပုံမှန် အနေ



အထား ရှိနေတော့ သူ့ကိုမှာထားတာ ပြန်ဖျက်ဖို့မေ့သွားတယ်ဗျ၊ ဒါထက် ခင်ဗျားနဲ့ ဒေါက်တာမက်ကာသီနဲ့အဆင်မပြေကြဘူးလား'

'အိုး....သူနဲ့ အဆင်ပြေပါတယ်၊ ကျွန်မ ဂျယ်ရယ်နဲ့အခြေအတင် ပြောရလွန်းလို့ စိတ်တိုနေမိတာထင်ပါ့၊ သူကကျွန်မကို ရှင် မကုစေချင်ဘူးလေ'

'အဲဒါ အတော်ကြီးကို လျှော့လျှော့ပေါ့ပေါ့ ပြောထားတာဗျ'

ဟု မိုက်က ပြုံးပြီးပြောသည်။

'သူက ချီကာဂိုကနေ ဒီကိုမလာခင်ကတည်းက အလှူးကုဆရာဝန်များလမ်းညွှန် စာအုပ်ကို လှန်ကြည့်ပြီး ခင်ဗျားကို ဒေါက်တာဆီဘတ်စတီယံပဲ ကုသင့်တယ်လို့ ဆုံးဖြတ်လာတာ'

'သူလဲ ဒီကို ရောက်လာသေးတယ်'

'ကျွန်တော် သိတယ်၊ ခင်ဗျားခင်ပွန်းလောင်းရဲ့ ခံစားချက်ကို သိသိချင်းပဲ ဌာနမှူးဆီ ဖုန်းဆက်ပြီး ခင်ဗျားကို လာကြည့်ပေးဖို့ ကျွန်တော်ပဲပြောခဲ့တာပါ၊ သူကကျွန်တော် စီစဉ်ထားတဲ့ ပြုပြင်ကုသနည်းကို အဆန်းတကြယ် ဖြစ်နေတာဗျ၊ ဒါတင်မဟုတ်သေးဘူး....နမူနာရုပ်တုနဲ့ပတ်သက်လို့လဲ စိတ်ဝင်စားနေတာ'

'ဂျယ်ရင်က အဲဒီရုပ်တုဟာအယုံသွင်းထားတဲ့ရုပ်တုတဲ့၊ ကျွန်မကို ခွဲစိတ်ကုသခွင့်ရအောင် စည်းရုံးဖို့ ရုပ်ပြုလုပ်ထားတာတဲ့လေ'

'ခင်ဗျားသဘောကကော ဘယ်လိုလဲ'

သည်တော့မှ ဂျက်နက် ပြုံးဖော်ရသည်။

'တကယ်လို့ အဲ့ဒီရုပ်တုနဲ့ တစ်ခက်လောက် တူအောင် လုပ်ပေးနိုင်ရင်တောင် ကျွန်မ အရင်ကရုပ်ရည်ထက် နှစ်ဆလောက် လှနေပြီလို့ သူ့ကို ကျွန်မ ပြောပစ်လိုက်တယ်၊ ဂျယ်ရယ်ဟာ ရှင့်ကို မတွေ့ရခင်ကတည်းက သဘော မကျဘူး ဆိုတာ သိသာတယ်၊ အဲဒီအထဲမှာ ဒေါက်တာဆီဘတ်စတီယံက ရှင့်ကို အကြီးအကျယ်ထောက်ခံတော့ ယမ်းပုံ မီးကျ ဖြစ်တော့တာပေါ့၊ နောက်ပိုင်းမှာ သူနဲ့ ကျွန်မနဲ့သတ်မခန်း ဖြတ်မခန်း ဖြစ်ရတာရှင့်၊ ကျွန်မလက်စွပ်ကိုသာ မီးခံသေတ္တာထဲ ထည့်ပြီး သော့ခတ်မထားခဲ့ရင် ကျွန်မ အဲ့ဒီလက်စွပ်နဲ့ သူ့မျက်နှာကို ပေါက်ပစ်မိမှာပဲ'

'စေ့စပ် ကြောင်းလမ်းထားတာကို ဖျက်သိမ်းဖို့အထိ အရေးကြီးတဲ့ ဆုံးဖြတ်ချက်မျိုးကိုတော့ ခွဲစိတ်ကုသမှုပြီးတဲ့အထိ စောင့်လိုက်ပါဦးဗျာ၊ ကျွန်တော့်ကြောင့် အဲ့ဒီလိုဖြစ်သွားရလေခြင်း ဆိုတဲ့ လိပ်ပြာမသန့်စိတ်ကြီး ကျွန်တော့်ရင်ထဲမှာ စွဲမနေချင်လို့ပါ'

'တကယ်တမ်းပြောရရင် ရှင် ကျွန်မကို နမူနာရုပ်တုနဲ့ တကယ်တူအောင် လုပ်ပေးလိုက်နိုင်မှာကို သူကြောက်နေတာရှင့်၊ ဒါကြောင့် သူ ဒီလောက် အကျောက်အကန်ပြောနေတာ၊ သူက ဒုတိယလူနေရာမှာ မနေနိုင်တဲ့လူ၊ ဒီတော့ ပရက်စီတလီစ်ရဲ့အက်ဖရိုဒိုက်လောက် လှတဲ့ဇနီးတစ်ယောက်နဲ့ ဆိုရင်....'



'ခင်ဗျားတို့နှစ်ယောက် အတူတွဲသွားတိုင်း သူဂုဏ်တက်မှာပေါ့ဗျ'

ဂျက်နက်က မိုက်အား နှစ်နှစ်ကာကာ ကြည့်လိုက်၏။

'သူ့နေရာမှာ ရှင်ဆိုရင် ရှင် စိတ်ညစ်မှာလားဟင်'

'တစ်စက်ကလေးမှ မဖြစ်ဘူး၊ ကုန်ကုန်ပြောရရင်ဗျာ.... ခင်ဗျားက ရုပ်အလှပြင် ခွဲစိတ်ကုအရာဝန်ဖြစ်တဲ့ ကျွန်တော့်ရဲ့ ကျွမ်းကျင် လိမ္မာမှုကို ကြော်ငြာပေးနေမယ့် လမ်းလျှောက် ကြော်ငြာတစ်ခုပဲမဟုတ်လား၊ ဒါထက်ဒေါက်တာမက်ကာသီအကြောင်း ပြန်ကောက်လိုက်ဦးမယ်၊ ခင်ဗျား သူ့ကို ဘာဖြစ်လို့ သဘောမကျတာလဲ'

'ကျွန်မ သူ့ကို သဘောမကျစရာအကြောင်း ဘာမှမရှိပါဘူး၊ သူက စကားပြောရတာ အရမ်းကို အားတက် ရှင်လန်းစရာ ကောင်းတဲ့လူပါ၊ ဒါပေမယ့်ရှင်....သူက ကျွန်မကို လင်းတောလ်မင်းလောက် စိတ်ဝင်စားတာ မဟုတ်ဘူးရှင့်၊ သူ ကျွန်မကို လင်းအကြောင်း မေးမြန်းစုံစမ်းနေပုံကြီးက သူဟာ ကျွန်မကနေတစ်ဆင့် လင်းရဲ့စိတ်ကို စီစစ်ကြည့်နေသလိုပဲ'

'သူက စိတ်ရောဂါကု ဆရာဝန်သက်သက်မဟုတ်ဘူး၊ စိတ်နယ်လွန်ပညာ....အဲဒီ့မအာရုံပေါ့ဗျာ၊ အဲ့ဒါနဲ့ ပတ်သက်လို့လဲ အထူးကုဆရာဝန်ဗျ၊ ခင်ဗျား သတိလည်မလာခင်က ခင်ဗျားရဲ့ ဦးနှောက်လျှပ်စစ်တိုင်း ကိရိယာပေါ်မှာ ထူးခြားတဲ့ လျှပ်စစ်လှိုင်းတွေ တစ်သီကြီး ပေါ်ပေါ်လာတတ်တယ်၊ အဓိပ္ပာယ်က ခင်ဗျားရဲ့အသိစိတ်ကထိုးဖောက်ထွက်ဖို့

ကြိုးစားနေတဲ့ပုံမျိုး၊ ဒါနဲ့ ဒေါက်တာ မက်ကာသီ ဆိုရင် ဒီလျှပ်စစ်လှိုင်းတွေကိုကြည့်ပြီးတစ်စုံတစ်ရာတော့ပြောနိုင်မှာပဲလို့ ဖောင်ဂါတီက တွေးခဲ့တာကိုး'

'အဲ့ဒီအကြောင်းပြောမှ သတိရလို့မေးရဦးမယ်၊ ကျွန်မခေါင်းမှာစိုက်ထားတဲ့အပ်တွေက လိုအပ်နေသေးလို့လား ဟင်၊ ကျွန်မရဲ့ဆံပင်မှာ စေးကပ်နေတဲ့သွေးတွေကိုရေလျှော်ပစ်ချင်လို့'

'ခေါင်းလျှော်လို့ မရနိုင်စရာအကြောင်း မရှိပါဘူး၊ ကျွန်တော်ပြန်တဲ့အခါ သူနာပြုဆရာမတွေကိုမှာခဲ့ပါ့မယ်'

'ဟို...စိတ္တဇဆရာဝန်က ကျွန်မအကြောင်း ဘာများပြောသွားသေးလဲ'

'ခင်ဗျားက ဆံပင်အနီနဲ့ဆိုတော့ စိတ်ကစဉ့်ကလျားရောဂါအပျော့စားကလေး ရှိတယ်ဆိုတာပဲ ပြောပါတယ်၊ ဒါပေမယ့် အဲဒါကလဲ ပုံမှန်ပါပဲတဲ့'

'နောက်ပြီး သူက မေးသွားသေးတယ်၊ ကျွန်မရေးနေတဲ့စာအုပ်က ဘယ်လောက်ထိပြီးသွားပြီလဲတဲ့၊ ဒါပေမယ့် အဲ့ဒီမေးခွန်းကို ကျွန်မမဖြေနိုင်လိုက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လေယာဉ်တိုက်ပြီး မီးအခလောင်မှာ ကျွန်မရဲ့လက်ဆွဲအိတ် ပါသွားသလားမပါသွားလား မသိရသေးဘူးလေ'

'ပါမသွားဘူး၊ လက်ဆွဲအိတ်က ခင်ဗျား ဦးခေါင်းဆီမှာ'

'သူက ဘာဖြစ်လို့ ကျွန်မကိုမပြောရတာလဲ'



'ဘာဖြစ်လို့လဲဆိုတော့ ဘုန်း အက်ဖ်ဘီအိုင်က သတင်းတစ်ခုဖြန့်လိုက်တယ်ဗျ၊ ခင်ဗျားလက်ဆွဲအိတ်ထဲမှာ ပါတဲ့စာရွက်စာတန်းတွေနဲ့တိပ်ခွေတွေကချီကာဂိုမှာလင်းတောလ်မင်းတို့လုပ်ခဲ့တဲ့ အကြမ်းဖက်မှုတွေအကြောင်း အတော်ကြီးဖော်ထုတ်ထားတယ်လို့ အဲဒီသတင်းကဆိုတယ်'

'ဒါပေမယ့် ပါမှမပါတဲ၊ ကျွန်မက သူ့ဆီကအသေးစိတ်သိရအောင် ကြိုးစားတယ်၊ ဒါပေမယ့် သူက ရေငုံနှုတ်ပိတ်နေတာရှင့်'

'အဲဒါကို ကျွန်တော်တို့သိပြီးသားပါ၊ ဒါပေမယ့် အက်ဖ်ဘီအိုင်ကဖြစ်စေချင်တာက မိစ္ဆာဝါဒီဂိုဏ်းရဲ့ လှုပ်ရှားမှုတွေအကြောင်း လင်းတောလ်မင်းက အတော်များများ ဖော်ထုတ်သွားတယ်လို့ ထင်စေချင်တာ၊ ယုတ်စွအဆုံး ချီကာဂိုဂိုဏ်းသားတွေက အဲဒီလိုထင်ရင်တော်ပြီဗျာ၊ အက်ဖ်ဘီအိုင်က လင်းရဲ့လုပ်ဖော်ကိုင်ဖက်တွေ သွေးလန့်ပြီး အပြင်ထွက်လာအောင်လုပ်တာ'

'ကျွန်မကိုတည်ကြက်လုပ်ပြီးတော့ပေါ့လေ'

'အဲဒါက အကြမ်းဖျင်းသဘောပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားအခန်း အပြင်ဘက်မှာ အက်ဖ်ဘီအိုင်စုံထောက်တစ်ယောက်က နှစ်ဆယ့်လေးနာရီပတ်လုံး စောင့်ကြပ်ပေးနေတယ်၊ ဒီတော့ ခင်ဗျားမှာ အန္တရာယ်မရှိနိုင်ပါဘူး'

'ဒီအစီအစဉ်ကို ကျွန်မမကြိုက်နိုင်သေးဘူး၊ လင်းချော သေသွားရှာပြီ...ဘာကြောင့်လဲဆိုတော့ ကျွန်မကြောင့်၊ ခု တစ်ခါ သူ့ဂိုဏ်းသားတွေ ပင်ကွင်းထဲကိုထွက်လာအောင်

ခြောက်လှန့်တုတ်ဖို့ အက်ဖ်ဘီအိုင်က ကျွန်မကိုအသုံးချနေပြန်ပြီ၊ အဲဒီအပြုအမူဟာ နည်းနည်းလေးကောက်ကျစ်ရာမရောက်ဘူးလား ဟင်'

'လင်းနဲ့သူ့အဖွဲ့သားတွေ လုပ်ခဲ့တဲ့လုပ်ရပ်တွေနဲ့ယှဉ်ပြီးစဉ်းစားမယ်ဆိုရင် ကောက်ကျစ်ရာမရောက်ဘူး'

'ရှင်ပြောတာမှန်ပါလိမ့်မယ်'

'ဒါထက် စကားမစပ်ပြောရဦးမယ်ဗျ၊ ခင်ဗျားရှုပ်သွင်ပြောင်းလဲသွားပြီး နောက်တစ်လနှစ်လ ကြာတဲ့အခါကျတော့ ခင်ဗျားအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေဖြစ်လာမလဲဆိုတာကို ဒေါက်တာမက်ကာသီက လေ့လာချင်ပါတယ်တဲ့'

'ဆရာသဘောတူသား'

'ခင်ဗျားက မကန့်ကွက်ဘူးဆိုရင်ပေါ့'

'အင်း....စိတ်ဝင်စားစရာ ကောင်းမှာပါ၊ နောက်ပြီးဒီလူက ဟာသဓာတ်ခံရှိတယ်ရှင့်၊ သူ့ကိုပြောလိုက်ပါရှင်၊ ကျွန်မက သဘောတူပါတယ်လို့'

'ကိစ္စဝိစ္စအားလုံးပြီးသွားတဲ့အခါ သူ့ဆီဖုန်းဆက်လိုက်ပါ့မယ်၊ ကျွန်တော်မသွားခင် မနက်ဖြန်ကိစ္စနဲ့ပတ်သက်ပြီးဘာမေးချင်တာများရှိသေးလဲ'

'ဆရာလုပ်ငန်းမစခင် ဆရာ့ကိုကျွန်မ မတွေ့ရတော့ဘူးလား'

'ခင်ဗျားကျွန်တော့်ကိုတွေ့လိမ့်မယ်၊ဒါပေမယ့် ခင်ဗျားကျွန်တော့်ကို မှတ်မိမှာမဟုတ်တော့ဘူး၊ မေ့ဆေးဆရာဝန်



ဒေါက်တာပက်ထရီက ခင်ဗျားကိုကြိုတင်ပြီး မေ့ဆေး ခပ်ပြင်းပြင်း ပေးထားလိမ့်မယ်၊ ဒါမှကုသမှုပြုနေချိန်အတွင်းမှာ မေ့ဆေးတွေအများကြီးမသုံးရအောင်လေ'

'သူတို့ ကျွန်မကို ခွဲစိတ်ခန်းထဲခေါ်မသွားခင်ကတည်းက လုံးဝ သတိမေ့နေအောင်လုပ်ပေးပါလို့ ပြောပေးပါနော်၊ ဘာတွေဖြစ်နေတယ်ဆိုတာကို ကျွန်မသိမနေချင်ဘူး....'

'ခင်ဗျား ဘာတစ်ခုမှသိမနေစေရပါဘူး'

မိုက်က အခန်းတံခါးဝဆီသို့လျှောက်သွားရင်း ကတိပေးလိုက်၏။

'ဒေါက်တာကန်း'

တံခါးလက်ကိုင်တုပေါ်တွင်လက်တင်လျက် မိုက်ရပ်တန့်လိုက်၏။ နောက်ပြီး ခဏအားဖြင့် ကြောင်စီစီဖြစ်သွားသည်။ မီမီမမြင်လိုက်ဘဲ အခန်းထဲသို့ မိန်းမတစ်ယောက်ယောက်များ ဝင်နေသလား။ အခြား မိန်းမတစ်ဦး၏ အသံက သူ့နာမည်ကိုခေါ်လိုက်သည်။သို့တိုင် တံခါးပေါက်ဆီမှ လှည့်ကြည့်လိုက်တော့ အခန်းထဲတွင် သူနှင့် ဂျက်နက်ဘတ်မှလွဲပြီး တခြား ဘယ်သူ့ကိုမျှမတွေ့ရ။

မည်သို့ဆိုစေ အသံကတော့ လုံးဝမတူ။ ဂျက်နက်ဘတ်၏အသံ မဟုတ်။ စောစောက သူ့နာမည်ကိုခေါ်လိုက်သည့် အသံမှာ အက်ကက်တက် စူးရှရှ အသံ။ မိုက် ခုတင်ဆီသို့ ပြန်လျှောက်သွားသည်။ သူတွေ့လိုက်သည့် ဂျက်နက်ဘတ်၏ မျက်နှာပေးသည် သူမျှော်လင့်ထားသည့် မျက်နှာ

ပေးမျိုး မဟုတ်တော့။ ပြောင်းလဲနေသည်။ စောစောက ဂျက်နက်၏ မျက်နှာသွင်ပြင်မှာ မနက်ဖြန် ကံစွနှင့်ပတ်သက်ပြီး စိတ်ဝင်တစား ရှိနေသည်။ စိုးရိမ်သောကရိပ်ကလေး မဆိုစလောက်လွှမ်းနေသည်။ ခုတော့ သူ့မျက်နှာပေးက ကြွစောင်းစောင်း ဖြစ်နေသည်။ စိန်ခေါ်နေသည်။ နောက်ပြီး မထိတထိ ရန်စသည့် ဟန်မျိုးပင် ပေါ်ပေါက်နေ လိုက်သေး။ မျက်လုံးတွေကိုကြည့်လိုက်တော့ မိုက် အရင်က မမြင်ဖူးခဲ့သည့် လှောင်ပြောင်ပြက်ရယ်ပြုသည့် အရောင်များကို တွေ့ရ၏။ တကယ်တော့ သူသိနေပါသည်။ ကောင်းကောင်းကြီး သိနေပါသည်။ ခုတင်ပေါ်မှ မိန်းကလေးသည် ဂျက်နက်ဘတ်မှ ဂျက်နက်ဘတ်အဖြစ်ပါပဲ။ ထိုသို့ သိသာမထားလျှင် ဂျက်နက်ဘတ်နေရာတွင် တခြားမိန်းကလေး တစ်ယောက် ဝင်ပြီးလဲလျောင်းနေသည်ဟု အလွယ်တကူယုံကြည်မိမှာမလွဲ။

'ဘာပြောမလို့လဲ'

မိုက်က မေး၏။

'ဩော်....ဟို အက်ဖရူဒိုက်ရဲ့ ရုပ်တုကို တွေ့ခဲ့တာ ခုမှ သတိရလို့ ဗြိတိသျှ ပြတိုက်ထဲမှာလေ၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ်'

'အဲ....ရှင် ကျွန်မကို အဲဒီနတ်ဘုရားမနဲ့ တူအောင်ပြုပြင်ဖန်တီးပေးတဲ့ နောက်မှတော့ နတ်ဘုရားမတပါးမှာ ရှိသင့်



ရှိထိုက်တဲ့ ရင်သားမျိုးပါ ဖန်တီးပေးပါလား။ လန်ဒန်ပြတိုက်ထဲက ကိုယ်တစ်ပိုင်းရုပ်တုလိုလေ'

လေသံမှာ စောစောကအတိုင်း ရိတိတိ သရော်တော့်တော်လေသံ။ ဂျက်နက်ဘတ် ပုံမှန်ပြောလေ့ရှိသည့်အသံမျိုးလုံးလုံးမဟုတ်။

'ခင်ဗျား ဘာရာစီယာနံပါတ် ဘယ်လောက်ဝတ်လဲ'

'သုံးဆယ့်နှစ် အေ၊ ဝတ်တဲ့အခါမှာပေါ့လေ၊ ဒါပေမယ့် အမြဲတမ်းတော့လဲ မဝတ်ဘူးရှင့်'

'ခင်ဗျားက ဘယ်အရွယ်အစားလောက် ဖြစ်ချင်လို့လဲ'

'ရှင်ကဆရာဝန်ပဲ၊ ရှင်ကသတ်မှတ်ပေါ့'

'သုံးဆယ့်ခြောက်ဘီဆိုရင် ဘယ့်နှယ်နေမလဲ၊ ခင်ဗျားအရပ်၊ ခင်ဗျာ့ကိုယ် အလေးချိန်နဲ့ ဆိုရင် ဒီလောက်က အတော်ပဲ'

'ကောင်းသားပဲ၊ ရှင်လုပ်ပေးနိုင်ရင်ပေါ့လေ'

အသံမှာ စူးစူးရှရှဖြစ်နေဆဲ။ ထို့ပြင် ထူးထူးဆန်းဆန်း မြူညို့သည့် လေသံမျိုးလည်း စွက်နေသည်။ သည်စကားလုံးများကို ပြောနေသည့် မိန်းကလေး၏နှုတ်ခမ်းတွေ လှုပ်နေသည်ကို မိုက်မြင်တွေ့ရ၏။ ထိုသို့ အသံကို ကြားလိုက်ရတော့ ဂျက်နက်ဘတ်ကိုယ်တိုင် ပြောနေကြောင်းကိုအတော်ကြီး ယုံရခက်နေ၏။

'ခင်ဗျာ့ ရင်သားတွေကို မနက်ဖြန်မှာ ပြုပြင်ပေးမယ်လို့တော့ ကျွန်တော် ကတိမပေးနိုင်ဘူး၊ ခင်ဗျာ့ မျက်နှာကို ပြုပြင် တာ အချိန် ဘယ် လောက် ကုန်မလဲဆိုတဲ့

အပေါ်မှာ မှုတည်နေတယ်၊ ဒါပေမယ့် မနက်ဖြန် မဟုတ် ခေတ်ာင် နောက်တစ်ရက်နှစ်ရက်အကြာမှာလုပ်လို့ရပါတယ်၊ ခွဲစိတ်ပြုပြင်မှုက ရိုးရိုးစင်းစင်းကလေးပါ၊ ခွဲစိတ်မှုက ခင် ဗျား ချိုင်းအောက်မှာပဲရှိမယ်၊ ဒီတော့ ခင်ဗျားအပေါ်ပိုင်း ဗလာဖြစ်နေတာတောင် ခွဲစိတ်ထားတာကို မမြင်ရဘူး'

'သဘောတူခွင့်ပြုလွှာမှာ ကျွန်မလက်မှတ်ထိုးပေးမယ် လေ၊ နောက်ပြီး ဒေါက်တာ့ကန်း....'

'ပြောပါ'

'အဲဒီအတွက် ရှင် နောင်တမရစေရပါဘူး၊ ကျွန်မ ကတိ ပေးတယ်'

နောက်ဆုံးစကားလုံး ခြောက်လုံးကို ထူးထူးခြားခြား သိသိသာသာ ပြောလိုက်သည်မှာ ယုံမှားသံသယ ဖြစ်စရာ မလို။ သည်လေသံ သည်ဟန်ပန်နှင့် သည်စကားလုံးတွေကို ပြောလိုက်တော့ ဖြစ်ပေါ်လာသည့် အဓိပ္ပာယ်မှာ တစ်မျိုး တည်းသာ ရှိနိုင်တော့၏။ သွေးအေးလှပါသည် ဆိုသည့် မိုက်သည်ပင် ဒိုင်းခနဲ သွေးခုန်နှုန်း ဆောင့်တက်သွား သည်။

'ဒါဆို အမေးအယူ တည့်ပြီလားဟင်'

'စောစောက ခင်ဗျားပြောခဲ့သလိုပေါ့ဗျာ၊ ကျွန်တော် က ဆရာဝန်ပဲ'

ပြောပြောဆိုဆိုပင် ခုတင်တက်သိမ့် ကိုယ်ကိုလှည့်ရင် ဦးနှောက် လျှပ်စစ်တိုင်းစက်ပေါ်တွင် ထင်ဟပ် နေသည့် လျှပ်စစ်လှိုင်းများကို ကြည့်လိုက်မိ၏။ မိုက်သည် ပြက်နက်



အသံနှင့် မျက်နှာပေး ရုတ်တရက်ပြောင်းသွားစဉ်က တွန့် လှုပ်သည်ထက် ပိုပြီးတုန်လှုပ်သွား၏။ ဂျက်နက် သတိလည် လာကတည်းက ပုံမှန်ပေါ်နေသည့် ဦးနှောက်လျှပ်စစ်လှိုင်း ပုံစံ နေရာတွင် ထူးဆန်းသော သီတာလှိုင်းတွန့်ကြီးတွေ တစ်သီကြီး ပေါ်နေသည်ကို တွေ့ရ၏။

ဆေးရုံမှ အိမ်သို့အပြန်လမ်းတစ်ဝက်ရောက်မှ သူ့ခေါင်း ထဲကို အတွေးတစ်ခု ရုတ်ခြည်း ဝင်လာသည်။ ဖြိုတိသျှ တိုက်ထဲမှ ကိုယ်တစ်ပိုင်းရုပ်တုအကြောင်း ဂျက်နက်က ပြော လိုက်သည်။ လိုသော် သည်နေ့မနက်ကပဲ ဖြိတိသျှပြတိုက်သို့ သူမရောက်ဖူးကြောင်း ပြောခဲ့သည် မဟုတ်လား။ သည် အချက်ကား ဂျက်နက်ဘက်နှင့် ပတ်သက်သော ထူးဆန်း ဖြစ်စဉ်တွေထဲမှ ဖြစ်စဉ်တစ်ခုမျှသာ ဖြစ်၏။ လေယာဉ်တိုက် မိစဉ်က လေယာဉ်စက်ခန်း၏ ကွဲသွားသော မှန်ပေါက်ထဲမှ လွင့်ထွက်လာသည့်အဖြစ်။

သတိမလည်မီက ဦးနှောက် လျှပ်စစ် လှိုင်းတွေထဲတွင် 'သီတာ'လှိုင်းတွေ ပေါ်ခဲ့သူမှ ယခုတစ်ဖန် ပြန်ပေါ်လာ ခြင်း။ သူ့ရှင်သားများ ကြီးထွားလာအောင် လုပ်ပေးဖို့ ပြောသည့် သူ့လေသံနှင့် သူ့မူဟန်များ ပြောင်းလဲသွား ခြင်း၊ နောက်ပြီး ဗြိတိသျှပြတိုက်ထဲရှိ အက်ဖရိုဒိုက် ရုပ်တု အကြောင်းပြောခြင်း။

အထိတ်တလန့်ဖြစ်စရာ အကောင်းဆုံးမှာ ဂျက်နတ်ဘက် ၏ ဒုတိယအသံကို မိုက်ကိုယ်တိုင် ယခင်က တစ်ကြိမ်ကြားဖူး ခဲ့ပါကလားဟု သတိရလိုက်ခြင်းပင်ဖြစ်၏။ ထိုတစ်ကြိမ်မှာ

လင်းတောလ်မင်းအား သေတွင်းသို့ သယ်ဆောင်လာသည့် လေယာဉ်ကြီးပေါ်မှ မြည်ကြွေးလိုက်သည့် အသံကို မိမိ၏ အသံဖမ်းစက်ထဲမှတစ်ဆင့် ကြားလိုက်ရတုန်းက ဖြစ်၏။

'သခင်ကြီး ကယ်တော်မူပါ'

အသံဖမ်းစက်ထဲမှ ကြားခဲ့ရသည့် အသံ။ ဘုရားဝတ်ပြုဆုတောင်းသည့်အခါ တောင်းပန်တိုးလျှိုးသည့် အသံမျိုး။ စောစောက မိမိနှာ:ဖြင့် ဆတ်ဆတ် ကြားလိုက်ရသည့် အသံမှာလည်း သည်အသံပါပဲ။ ဟိုးတုန်းကတော့ သည်အသံ၏ နောက်တွင် နှလုံးသွေးပျက်လုခမန်း အော်ဟစ်လိုက်သည့် အသံတစ်ခုပါ ကပ်ပါလာ၏။ ထိုအသံမှာ အခြားကမ္ဘာတစ်ခုမှ သတ္တဝါတစ်ကောင်၏ လည်ချောင်းထဲမှ ထွက်လာသည့် အသံမျိုး၊ ထိုအသံကိုကြားလိုက်တော့ မိုက်သည်ပင် ကျောထဲစိမ့်သွားခဲ့သည် မဟုတ်လား။

★

၁၄။

နောက်တစ်နေ့ နံနက်တွင် မိုက်က ကိုယ်လက် သန့်စင်ခန်းမှ ထွက်ကာ အခန်းချင်း ဆက်လျက်ရှိသည့် ခွဲစိတ်ခန်းထဲသို့ ဝင်ခဲ့သည်။ ခွဲစိတ်ခန်းထဲတွင် ဒေါက်တာဟဲလ်ပက်ထရိုက ဂျက်နက်ဘတ်၏ လက်မောင်း သွေးကြောထဲသို့ ဆေးထိုးဖို့ ပြင်ဆင်နေသည်။ သူ့ ဆေးဆိုးအပ်၏ အထက်ရှိ ပိုက်ပြွန်ထဲတွင် ဆိုဒီယံ ပင်တိုသဲလ်ဆေးရည်တွေရှိသည်။

သည်ဆေးရည်က မေ့ဆေးကို ထုတ်လုပ်ပေး လိမ့်မည်။ မိုက်က သူ့မျက်နှာဖုံးမှ ကြိုးစနှစ်စကို ဆွဲချည်ရင်း ခွဲစိတ် စားပွဲဆီသို့ လျှောက်လာသည်။ ခွဲစိတ် စားပွဲပေါ်တွင် လဲလျောင်းနေသည့် မိန်းကလေးကို ငုံကြည့်သည်။

မိန်းကလေး၏ ဆံပင်များကို သူနာပြု ဆရာမများက ခေါင်းလျှော်ရည်ဖြင့် လျှော်ပေးထားပြီး။ ဦးရေပြားတွင်

စိုက်ထားလည့် လျှပ်စီးအပ်ချောင်းများကိုလည်း ပြန်လည်ဖြုတ်ထားပြီး။ မိန်းကလေး၏ ဆံပင်အရောင်မှာ မိုက် ထင်ထားသည့် အနီရောင်သက် ပိုပြီး အရောင်နုသည်။ ယခု မြင်တွေ့နေရသည့် အရောင်သည် ရွှေဝါရောင် စွက်သည့် အနီရောင်ဖြစ်နေ၏။

'ခုစကားပြောနေတာ ဒေါက်တာကန်းလေ'

ဟု သူက ကောင်မလေး၏နားအနီးသို့ကပ်ပြီး ပြောလိုက်သည်။

'ကျွန်တော်ပြောတာ ကြားရသလား မီးစ်ဘတ်'

မျက်လုံးတွေ ဖွင့်လိုက်၏။ မိုက် နောက်တစ်ကြိမ် တုန်လှုပ်သွားပြန်သည်။ သည်တစ်ကြိမ်တွေ့ရသည့် မျက်လုံးမှာ စိမ်းရောင်ရင့်ရင့်။ မနေ့ညက သူ့ကို တံခါးဝ ရောက်မှ ပြန်ခေါ်ပြီး အလှနတ်ဘုရားမ တစ်ပါးမှာ ရှိသင့်သည့် ရုပ်သွင်များဖြစ်လာအောင် ပြုပြင်ပေးဖို့ စိမ်ခေါ်စဉ်က တွေ့မြင်ခဲ့ရသည့် မျက်လုံးအရောင်တွေကို စိုးစဉ်းမျှမတွေ့ရတော့။ ထိုစဉ်က မြင်တွေ့ခဲ့ရသည့် အညိုညီးညီး တောက်နေသော အရောင်တွေကို စိုးစဉ်းမျှမတွေ့ရတော့။

'ဟဲလို...ဒေါက်တာ'

မေ့ဆေးအရှိန်ကြောင့် သူ့အသံသည် လေးတွဲ့နေ၏။ သို့သော် အသံကတော့ ဂျက်နက်ဘတ်၏ အသံပါပဲ။

'အစစအရာရာ အဆင်ချောသွားမှာပါ၊ ခင်ဗျား အိပ်ပျော်သွားအောင် ဒေါက်တာပက်ထရိုက တစ်ခုခု လုပ်ပေးလိမ့်မယ်'



မေ့ဆေးဆရာဝန်က လက်မောင်းသွေးကြောထဲသို့ ဆေးထိုးအပ်ကို ထိုးစိုက်ထားပြီး။ ဆေးသွင်းပေးဖို့ အသင့်ဖြစ်နေ၏။

'မီးစ်ဘတ်ရေ...တစ်ကနေစပြီး ရေတွက်ဗျာ၊ နိုးနိုင်သမျှ နေးအောင် ရွတ်ချင်ရွတ်၊ ဒါမှမဟုတ် မြန်နိုင်သမျှ မြန်အောင်ရွတ်'

'တစ်...နှစ်...သုံး...'

သူ့နှုတ်ခမ်းတွေ တရွရွလှုပ်နေ၏။ ပက်ထရိုက မေ့ဆေးရည်ကို သူ့သွေးကြောအတွင်းသို့ တဖြည်းဖြည်းချင်း သွင်းပေးသည်။

'လေး....ငါး....ခြောက်...'

မိုက်က အခန်းချင်းဆက်နေသည့် ကိုယ်လက် သန့်စင်ခန်းသို့ သွားရန် ဟန်ပြင်သည်။ ခွဲစိတ်ကုသမှုအတွက် အသင့်ဖြစ်အောင် ပြင်ဆင်ရဦးမည်ဖြစ်၏။ ထိုအခိုက်တွင် ဖြည်းဖြည်းလေးလေး ရွတ်ဆိုနေသော ရေတွက်သံသည် ရုတ်ခြည်းပြောင်းလဲသွားသည်ကို ကြားလိုက်ရ၏။ ပြောင်းသွားသည့် အသံမှာ မနေ့က သူကြားခဲ့ရသည့် စူးရှရှအက်ကွဲကွဲ အသံမျိုး ဖြစ်နေ၏။ တစ်ခုပဲရှိသည်။ သည်တစ်ကြိမ် ပြောသည့် အသံက ကျယ်လောင်သည်။ ပီလသည်။ နောက်ပြီး ဆဲရေးတိုင်းထွာမှုတွေ၊ ကြမ်းတမ်းသည့် စကားလုံးတွေပါ အလျဉ်မပြတ် တရစပ်ပါလာသည်။ မမျှော်လင့်သည့်ဖြစ်ရပ်ကြောင့် ခွဲစိတ်ခန်းထဲမှ လှုပ်ရှားမှုအားလုံး ရပ်တန့်သွားသည်။

ရှန့်ရင်းကြမ်းတမ်းသော စကားလုံးများကြောင့် အလန့်တကြား ဖြစ်သွားသည့် ဒေါက်တာ ပက်ထရီက ဆေးထိုးမိုက်ထဲမှ မေ့ဆေးရည်များကို ခပ်သွက်သွက် သွင်းပေးလိုက်သည်။ မြင်းထန်သော မေ့ဆေးရည်က အစွမ်းပြလာသည်နှင့် ဝရစပ် ထွက်နေသည့် ကြမ်းကြမ်း တမ်းတမ်း စကားလုံးများသည် ချက်ချင်းရပ်တန့်သွားတော့၏။

'ဘုရားရေ့! အဲဒါ ဘာဖြစ်တာလဲဗျ'

ပက်ထရီ့အသံတွင် မယုံကြည်နိုင်မှုတွေပါဝင်နေသည်။

'သူဟာ စက်ဆုပ်စရာကောင်းတဲ့ လူတချို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ရတယ်၊ မှတ်မှတ်ရရ ပြောရရင် လင်းတောလ်မင်း ဆိုပါတော့ဗျာ'

ဟု မိုက်က ကမန်းကတန်းပြောသည်။

'ခင်ဗျားရဲ့ မေ့ဆေးက သူ့သိမှတ်စိတ်ထဲကအကြောင်းအရာ တချို့ကို ခဏတဖြုတ် လွတ်ထွက်လာအောင် လုပ်ပေးလိုက်တယ်ထင်ပါရဲ့ ဟဲလ်'

'ကျွန်တော် စိတ်ရောဂါဝေဒနာရှင် အတော်များများကို ဆိုဒီယံပင်တိုသဲလ်ဆေးရည် အကြိမ်ကြိမ် ထိုးပေးဖူးပါတယ်ဗျာ၊ တစ်ခါမှ အဲ့ဒါမျိုးတွေ မကြားခဲ့ရပါဘူး'

ရှန့်ရင်းကြမ်းတမ်းသော စကားများ၊ ဆဲရေးတိုင်းထွာမှုများကြောင့် ရပ်တန့်သွားသည့် မြင်ဆင်မှုများကို ပြန်ပြီးလုပ်ကြသည်။ သို့သော် မိုက်ကတော့ သူ့ လက်များကို ဆေးကြောသန့်စင်ရင်း ရင်ထဲမှာ ဆန္ဒဘစ်ခုဖြစ်ပေါ်နေမိသည်။



ဂျက်နက်ဘတ်အား ဦးနှောက် လျှပ်စစ်တိုင်းကိရိယာဖြင့် ဆက်သွယ်ထားဆဲဖြစ်လျှင် အကောင်းသား။ ထိုသို့ဆက်သွယ်ထားခဲ့လျှင် မနေ့က သူ အလန့်တကြား မြင်တွေ့ခဲ့ရသည့် သိတာလှိုင်းများကို ယခုလည်း တွေ့မြင်ရမှာ သေချာသည်။

မိုက်က ဂျက်နက်ဘတ်၏အခန်းထဲမှ နမူနာရှင်တုကို ယူလာခဲ့သည်။ ပြီးတော့ သူ အလုပ်လုပ်ရင်း အလွယ်တကူကြည့်နိုင်မည့်နေရာတွင် တင်ထားသည်။

'ခင်ဗျား ခွဲစိတ်ပြုပြင်ပြီးရင် သူဟာ အဲဒီရုပ်တုနဲ့ တူမယ်လို့ ခင်ဗျား တကယ်ပဲ ထင်သလားဟင်'

မိုက်က သူနာပြုဆရာမတစ်ဦး၏ အကူအညီဖြင့်လက်အိတ်တွေ စွပ်သည်။ ခွဲစိတ်ခန်း ဝတ်ရုံကို ခြုံသည်။ ထိုအတွင်း ဟဲလ်ပက်ထရီက နမူနာရုပ်တုကို ကြည့်လျက် မေးလိုက်၏။

'သူ့ကို ကျွန်တော် ကတိပေးထားတာ အဲဒီအတိုင်းပဲ'

'စာရွက် စာတမ်းနဲ့တော့ မဟုတ်ဘူး ထင်ပါရဲ့'

'သက်သေတွေရှေ့မှာကို လက်မှတ်ထိုးထားတာ၊ ခင်ဗျားက ကျွန်တော် မလုပ်နိုင်ဘူး ထင်လို့လား'

'ခင်ဗျား အဲဒီလောက်ထိ ယုံကြည် စိတ်ချနေရင်တော့ လုပ်နိုင်ကောင်း လုပ်နိုင်မှာပါ၊ ဒါပေမယ့် ခင်ဗျား ဒုက္ခရောက်ဖို့ အခွင့်အရေး အများကြီးရှိတယ်နော့၊ ကောင်မလေး သတိရလာမယ်၊ သူဟာ အဲဒီရုပ်တုလောက် လှနေပြီဆိုတာလဲ သိတယ်၊ ဒါပေမယ့် သူဟာ လူသစ်တစ်ယောက်နဲ့ မတူချင်ပါဘူးဆိုပြီး မမှန်မကန် ခွဲစိတ်ပြုပြင်မှုနဲ့ ခင်ဗျားကို တရားစွဲမယ်ဗျာ'

'သူ့မှာ ခင်ပွန်းလောင်းတစ်ယောက် တယ်ဗျ၊ အဲ့ဒီလူက ကျွန်တော့်ကို အဲ့ဒီအတိုင်း လုပ်ချင်လွန်းလို့ လက်ယားနေတဲ့လူဗျ'

'ကျွန်တော်သိပါတယ်၊ ခွဲစိတ်ခန်းကို ကောင်မလေးနဲ့ အတူ လိုက်လာတယ်လေ၊ နောက်ပြီး ကောင်မလေးရဲ့ အက်ဖ်ဘီအိုင် အာစောင့်ကတော့ ချောင်းကြည့်ပေါက်မှာ ရှိနေလေရဲ့'

မိုက် မော့ကြည့်လိုက်၏။ ခွဲစိတ်ခန်း၏ ထင်ဇက်ခြမ်း အပေါ်ဘက်ရှိမှန်ခန်းကလေးထဲတွင် ထိုင်နေသည့်စုံထောက် မက်အိုင်ဗာကို မှတ်မိလိုက်၏။

'အချစ်တော်ကြီးကရော'

မိုက်က မေးတော့ ပက်ထရီက ရယ်မောလိုက်၏။

'စုံထောက် မက်အိုင်ဗာကို စောင့်ကြည့်ခွင့် ကျွန်တော် ပေးတာကို ဟာဘ်ချင်ဆန် ကြားသွားပဲ၊ ဒါပေမယ့် သူ့အတွက် ဘာမှ မပြောဘူး၊၊ ကြည့်ရတာ သူ့ဝမ်းဗိုက်က သူ့ရဲ့ တခြားကိုယ်ခန္ဓာအစိတ်အပိုင်းတွေလို မပာကျောဘူး ထင်ပါရဲ့၊ နေပါဦး....ချီကာဂိုကလင်းတောလ်မင်းရဲ့ပိုက်ဖ်းက မီးစ်ဘတ်ကို အပြတ်ရှင်းမယ့် အန္တရာယ် တကယ် ရှိတယ်လို့ ခင်ဗျား ထင်လား၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဂိုဏ်းသားတွေ ဘယ်သူဘယ်ဝါဆိုတာ မီးစ်ဘတ် သိထားတယ်လို့ သူတို့က ထင်လို့လေ'



'အဲ့ဒီအန္တရာယ်ကိုအက်ဖ်ဘီအိုင်ကအလေးအနက်သဘောထားတယ်၊ ဒါကြောင့် သူ့ကို ခွဲစိတ်ခန်းထဲ ရောက်နေတာတောင် အလစ်မပေးဘဲ စောင့်ကြပ်ပေးနေတာပေါ့'

မိုက်က ရှင်းပြသည်။ လက်အိတ်စွပ်ပြီး ဝတ်ရုံဝတ်ပြီးပြီမို့ မိုက်က ခွဲစိတ်စားပွဲနားသို့ သွားသည်။

'ခင်ဗျား ခွဲစိတ်ပြုပြင်တာ အောင်မြင်တဲ့ တိုင်အောင် ကောင်မလေးမှာ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေပေါ်လာနိုင်သေးတယ်၊ အဲ့ဒီလို စိတ်ပြောင်းစိတ်လွဲကလေး ဖြစ်လာလို့ကတော့ သူ့ခင်ပွန်းလောင်းက သူ့ကို သိမ်းသွင်းပြီး ခင်ဗျားကို ကုလုံးမှားပုဒ်မနဲ့ ဒုက္ခပေးလိမ့်မယ်နော်'

ပက်ထရီက သတိပေးသည်။

'အဲ့ဒါတော့ ကျွန်တော်လဲမတတ်နိုင်ဘူးလေ၊ ကျွန်တော့် အနေနဲ့ကတော့ သူ့ကို ကမ္ဘာပေါ်မှာ အလှဆုံးမိန်းကလေး တစ်ယောက် ဖြစ်လာအောင်လုပ်ပေးဖို့ပဲ ရှိတယ်၊ မဟုတ်ဘူးလားဗျာ'

မိုက်က ကိုရီယာတန်ဆာပလာကိုင်သည့် သူနာပြုဆရာမ လှမ်းပေးသည့် ခွဲစိတ်ဓားကိုယူရင်း ပြန်ပြောသည်။

'ဒီတော့ ခင်ဗျားရဲ့ သောက်ကျိုးနည်း အားပေးစကားတွေကို ရပ်တော့၊ လူနာရဲ့ အရေးတကြီး လက္ခဏာတွေကို စောင့်ကြည့်ပေတော့'

'ပိုင်ပါတယ်၊ အဲ့ဒီမေ့ဆေးကို စက်ရုပ်လူတစ်ခုကိုတောင် ပေးလို့ရတယ်'

'အဲဒီစက်ရုပ်လူကို အနီးအနားလာခွင့်မပေးနဲ့၊ မဟုတ်ရင် ခင်ဗျာ့နေရာမှာ လူစားဝင်သွားလိမ့်မယ်'

ဂျက်နက်ဘတ်၏ အပေါ်နှုတ်ခမ်းကို မ,ပြီးလှန်လိုက်၏။ ပြီးတော့ နှုတ်ခမ်းအစပ်နှင့် ဆက်နေသည့် သွားဖုံးပေါ်မှ အရေပြားကို 'ယူ' ပုံစံ ခွဲလိုက်၏။ ထိုပုံအတိုင်းသွားဖုံးအောက်ရှိ အရိုးသို့ ထိသည့်တိုင် ဆက်ခွဲ၏။ ဓားကို ဆွဲချလိုက်၏။ အဖျားတစ်ဖက်တွင် ပြားထားသည့် သံမဏိချောင်းကလေးကို ယူသည်။ ပြီးတော့ သွားအခြေဆီမှ လိုဏ်ခေါင်းများ ကောင်းကောင်းပေါ်လာသည့်တိုင် သွားဖုံးပေါ်မှ အမြေးပါးကို ပင့်တင်သည်။

တစ်ချိန်တည်းမှာပင် ဆေးရုံမှ မှတ်တမ်းတင်ဓာတ်ပုံဆရာက ခွေးခြေတစ်လုံးပေါ်တွင် မတ်တတ်ရပ်ပြီး ခွဲစိတ်ကုသပုံကို ဓာတ်ပုံရိုက်ယူနေသည်။ ခွဲစိတ်ကုသမှုတွင် တိုက်ရိုက်ပါဝင်ခြင်း မရှိသည့်အလွတ်သူနာပြုဆရာမနှစ်ဦးလိုပင်ဓာတ်ပုံဆရာသည်လည်း ခေါင်းဆောင်းမျက်နှာဖုံးနှင့် ခွဲစိတ်ခန်းဝတ်ရုံကို ဆင်မြန်းသားလေသည်။

☆

၁၅။

'ရင်သားပြုပြင်မှုကော ဒီနေ့ တစ်ခါတည်း လုပ်မှာလား မိုက်'

မိုက်ကယ်ကာန်း၏ အတွေးကွန်ရက်ကို မေ့ဆေးဆရာဝန်၏ အသံက နှောင့်ယှက် ဖျက်ဆီးပစ်လိုက်၏။ နူးညံ့သိမ်မွေ့လှသည့် ခွဲစိတ်ကုသမှုထဲတွင် အာရုံကို နှစ်မြှုပ်ထားခဲ့သည်မှာ တစ်နာရီခွဲ ကြာသွားပြီ။

'တစ်ခါတည်း လုပ်လိုက်ချင်တယ်၊ သူ့ အခြေအနေ ကောင်းရဲ့လား'

'ခင်ဗျား လုပ်နေတာတွေကို သူက ခုချိန်ထိတော့ မမှုသေးဘူးဗျ၊ ဒါပေမယ့် ကျွန်တော်ကတော့ မှုနေတယ်'

'ဘာဖြစ်လို့လဲ ဟဲလ်'

'သူ့ကို ခင်ဗျား ထုထားတဲ့ရုပ်တုနဲ့တူအောင် တကယ်ပဲ လုပ်ပေးပြီးပြီလား၊ ခုလို သူ့မျက်လုံးရဲ့ အောက်ဘက်နဲ့

ပါးရိုး အပေါ်ဘက်က အရေပြားတွေ စုတ်ပြဲကုန်ပုံနဲ့ဆို ဘယ်သူ အာမခံနိုင်ပါဦးမလဲ’

‘ပက်တီးခတွေ မခွာမချင်း၊ သွေးထွက်နေတာတွေမတိတ် မချင်း ကျွန်တော်တို့ တပ်အပ် မပြောနိုင်ဘူး၊ အားလုံး ခြောက်ပတ်ကနေ ရှစ်ပတ်လောက်အထိ ကြာလိမ့်မယ်၊ ဒါ ပေမယ့် ကျွန်တော်ကတော့ကုသပြုပြင်ခဲ့မြိုးမြိုးမြက်မြက်ကြီး ကို ရဦးမှာဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ပေါ်ထွက်လာမယ့် အပြေက စီစဉ်ထားတဲ့အတိုင်း ဖြစ်လာမှာကိုး’

အပေါ် သွားအမြစ်များ၏ အထက်နားမှ သွားဖုံးကို ပြီးခဲ့လိုက်ကတည်းက သူ နောက်ထပ် ဘာတွေ ဆက်လုပ်ရ မည်ကို မိုက် အတိအကျသိပြီးသားဖြစ်၏။ အပေါ်နှုတ်ခမ်း ကို ဆွဲလှန်လိုက်သောအခါ မေးရိုးအပေါ်ခြမ်း၏ အတွင်း သားတွေ ပေါ်လာ၏။

ထိုအခါ ရေမြှုပ်လို ခပ်ပွပွအရိုးတွေထဲမှ အခေါင်းများ ကို တွေ့ရ၏။ ထိုအခေါင်းများကို ကာရံထားသည့် ရှေ့နံရံ အရိုးများမှာ ကျိုးပဲ့ပြီး အတွင်းသို့ကျုံ့ဝင်သွားသည်ကိုတွေ့ ရ၏။ မိုက်က သွားအခေါင်းများဆီသို့ရောက်အောင် သွား အမြစ်များ အထက်နားဆီမှ အပေါက်တစ်ပေါက်စီဖောက် လိုက်သည်။

သွားအခေါင်းထဲမှနေပြီး အတွင်းသို့ ကျုံ့ဝင်လာသည့် သွားတွေကို ပုံမှန်အနေအထားနီးပါးရောက်အောင် ပြန်ပြီး မြှင့်တင်ရသည်မှာ သိပ်အခက်အခဲမရှိလှပေ။ သည်နောက် ဒဏ်ချက်ပြင်းစွာဖြင့် ကျိုးကြေသွားသည့် အရိုးတွေကို ပုံမှန်



အနေအထားအတိုင်း ပြန်ဖြစ်အောင်လုပ်ဖို့တော့ မလွယ်။ ထို့ကြောင့် ထိုသို့ဖြစ်လာအောင်လည်း သူက မကြိုးစား။ အထူးသဖြင့် အပေါ်ဘက်မှ နှာခေါင်း တည်ဆောက်ရန် ထုထည်ခိုင်မာသော အောက်ခံလိုအပ်နေသည့်အနေအထား မျိုးတွင် သူက အားထုတ်ခြင်း ပြုမနေတော့။

ထိုနောက်မှာတော့ မိုက်က ထိပ်တုံးတုံးဝက်အူလှည့်နှင့် သဏ္ဍာန်တူသည့် ဝန်မ့ကိရိယာကို ညာဘက်မျက်လုံးထောင့် နားရှိ ဒဏ်ရာအပေါက်ထဲမှ အတွင်းသို့ ထိုးထည့်လိုက်၏။ ထိုနောက် ဝန်မ့ကိရိယာ နောက်တစ်ချောင်းကို ဖောက် ထားသည့် သွားဖုံးထဲမှ အပေါ်ဘက်သို့ ထိုးထည့်လိုက်၏။ ထိုနောက် ဝန်မ့ကိရိယာတစ်ခုစီကို လက်တစ်ဖက်စီဖြင့် ကိုင် ထား၏။

ပြီးတော့ ဝန်မ့ကိရိယာကို ကုတ်သဖွယ် အသုံးပြုကာ ကျိုးနေသည့် ပါးရိုးကို မြှင့်တင်လိုက်၏။ သူက ပါးရိုးကိုပို၍ ထင်ရှားအောင် မူလအနေအထားထက် ပို၍အနည်းငယ်မြင့် အောင် မြှင့်တင်သည်။

ဘယ်ဘက်ကျတော့ ညာဘက်မျက်လုံးထောင့်မှအပေါက် ကလေးနှင့် တူညီသည့်နေရာတွင် အပေါက်ကလေး ဖောက် သည်။ ပြီးတော့ ညာဘက်ပါးရိုးကို မြှင့်တင်သလိုပင် မြှင့် တင်၏။ ပါးရိုးနှစ်ဖက်ကို မိမိစိတ်တိုင်းကျနီးပါး ပြုပြင်ပြီး သောအခါ မျက်စိနှစ်လုံး၏ ထောင့်မှ အပေါက်များကို ဂရုတစိုက် ပြန်ပိတ်သည်။ သို့မှ ဒဏ်ရာများ ပျောက်သွား

သောအခါ အမာရွတ် မကျန်သလောက်နီးပါး ဖြစ်သွားမည်။

အတော်ကြီး ဆိုးဝါးစွာ ပြားချပ်သွားသည့် နှာခေါင်းကို ပြန်လည်မတည်ဆောက်မီ ဂျက်နက်၏ ဘယ်ဘက်တင်ပါးကို ခွဲသည်။ ပြီးတော့ တင်ပါးရိုးတစ်ဘုံးကို ဖြတ်ယူသည်။ သူ့အား ကူညီနေသည့် လက်ထောက်ဆရာဝန်က တင်ပါးပေါ်မှ ခွဲထားသည့်ဒဏ်ရာကို ပြန်ချုပ်နေသည်။ ထိုအခိုက် မိုက်က ထုတ်ယူထားသည့် အရိုးကို နှစ်ပိုင်း ချိုးလိုက်၏။ တစ်ပိုင်းကို လှေပုံစံလုပ်လိုက်၏။ သို့သော် တော်တော်ပြားသည်။

အကြမ်းဖျင်းအားဖြင့် 'ယူ' ပုံခံကဲ့သို့ ဖြစ်၏။ နောက်တစ်ပိုင်းကိုတော့ 'အယ်လ်' ပုံစံ ပြုလုပ်သည်။ ခေတ်မှန်ရိုးခန်းထဲတွင် ဒေါက်တာသောင်းဒိုက်အား ရှင်းပြခဲ့သည့် ပုံစံအတိုင်း ဖြစ်၏။

ယခုတော့ သူက လှေပုံစံအရိုးကို သွားဖုံးအစပ် ခွဲထားသည့် နေရာတွင် နေရာတကျတပ်လိုက်၏။ ထိုအခါ ၎င်းအရိုးသည် ကျိုးကြေသွားသော အပေါ်သွားဖုံးအတွက် အမာခံဖြစ်သွားသည်။ နှုတ်ခမ်းသည်လည်း ပုံမှန်ကောက်ကြောင်းအတိုင်း ပေါ်လာသည်။ မိုက်က မိန်းကလေး၏ နှာခေါင်းထိပ်ဖျား နေရာတွင် ခပ်သေးသေးခွဲလိုက်သည်။ ကြေမွနေသော နှာခေါင်းရိုးကို ဖယ်ထုတ်သည်။ ပြီးတော့ 'အယ်လ်' ပုံစံ ပြုလုပ်ထားသည့် အရိုးကို နေရာတကျ ထည့်လိုက်သည်။



ထိုအခါ ဖြောင့်တန်းသွယ်စင်းသည့် နှာခေါင်း ကောက်ကြောင်း ပြန်ပေါ်လာသည်။

'အယ်လ်' ပုံစံအရိုး၏ လက်တံအတိုကို လှေပုံစံအရိုး၏ အလယ်ရှိ ချိုင့်ကလေးနှင့် ချိတ်လိုက်၏။ အရိုးတစ်ခုက နှာခေါင်းပုံစံကို ဖော်ပေးပြီး ကျန်အရိုးတစ်ခုက သွားဖုံးပုံစံကို ဖော်ပေးထားသည်ကို တွေ့ရ၏။ နှာခေါင်းထိပ်ဖျားမှ အပေါက်ကလေးကို ပင့်ကူအိမ်မျှင်လို သေးငယ် ပေါ့ပါးသော ပိုးကြိုးကလေးဖြင့် ပြန်ချုပ်ပေးသည်။ ၎င်းပိုးကြိုးဖြင့်ပင် အပေါ်နှုတ်ခမ်းနှင့် သွားဖုံးအစပ်တွင် ခွဲထားသည့် ဒဏ်ရာကို ချုပ်ပေးသည်။

မိုက်က မေးရိုးအောက်ခြမ်းကို မကိုင်မီ ပလတ်စတစ်ပြား တစ်ပြားကို ရေနွေးထဲစိမ်သည်။ ပြီးတော့ ပလတ်စတစ်ပြားကို သူပြုပြင်ထားသည့် နှာခေါင်း၊ ပါးရိုးတို့နှင့် အံဝင်ခွင်ကျဖြစ်အောင် ပုံသွင်းသည်။

ထိုနောက် ပုံသွင်းထားသည့် ပလတ်စတစ်ပြားကို အနာများ ပေါ်တွင် စည်းထားသည့် ပတ်တီးများပေါ်မှ ထပ်အုပ်ပေးလိုက်၏။ ပုံစံအားဖြင့် ရုပ်ဖျက်ပွဲတော်များတွင် ရွှေပွဲလာ ပရိသတ်များ မျက်နှာပေါ်တွင် တပ်ဆင်လာသည့် လိပ်ပြာပုံ မျက်နှာဖုံးကဲ့သို့ဖြစ်သွားသည်။ ထိုသို့ ထပ်ပေးခြင်းဖြင့် ပြုပြင်ထားသော နှာခေါင်းနှင့် သွားဖုံးများ နေရာမရွေ့အောင် ကျပ်စည်းထားသလို ဖြစ်သွား၏။

မေးရိုးအောက်ခြမ်းကတော့ ပြုပြင်ရ လွယ်ပါသည်။ ကံကောင်းထောက်မစွာပင် လူနာ၏ မေးစေ့ပုံစံမှာ နဂိုက

'ကဲ....ဒေါက်တာ ပက်ထရိုနဲ့ ဒေါက်တာဆီဘတ်စတီယံတို့က ဆက်လုပ်ဖို့ မီးစိမ်းပြနေတော့ ကျွန်တော်တို့ ရင်သားခွဲစိတ်ပြုပြင်မှုကိုလဲ ဒီနေ့ပဲ ဆက်လုပ်လိုက်ကြရအောင်'

မိုက်က ခွဲစိတ်အဖွဲ့နှင့် ကြည့်စင်ပေါ်မှ ဆေးကျောင်းသားများ၊ သူနာပြုများကိုပြောလိုက်၏။ သူ၏လက်ထောက်အရာဝန်က နောက်ဆုံး သားရေကွင်းတစ်ကွင်းကို နေရာတကျဖြစ်အောင်လိမ်သည်။ သို့ဖြင့် ဂျက်နက်ဘတ်၏မေးရိုးနှစ်ခုကို ဆွဲစေ့ထားလိုက်သည်။

'ဒီတော့ ကျွန်တော်တို့ ပြင်ဆင်မှုအသစ်လုပ်ဖို့ လိုအပ်လိမ့်မယ်၊ လက်အိတ်တွေ၊ ဝတ်ရုံတွေကအစ အသစ်လဲကြပါ'

'အားလုံးအဆင်သင့်ပဲဒေါက်တာ၊ ခွဲစိတ်ခန်းကိုဆောင်ပေးစေချင်သလား ဆရာ'

ကြီးကြပ်သူနာပြုဆရာမက မေးလိုက်၏။

'ဟုတ်ကဲ့၊ တစ်ဆိတ်လောက်' ဟု မိုက်က ပြန်ပြောရင်း ဝတ်ထားသည့်ဝတ်ရုံကို ချွတ်သည်။ စောစောပိုင်းက သုံးထားသည့် လက်အိတ်များကိုချွတ်ရာ၌ သူ့လက်တွေ ပေကျံမကုန်အောင် ဂရုတစိုက်ချွတ်သည်။ ပြီးမှ ကြီးကြပ်သူနာပြုဆရာမလေးအား 'လေးဆယ့်ငါး ဒီဂရီလောက် ရောက်အောင် ထောင်နိုင်လေ အလုပ်မြန်မြန်ပြီးလေပဲဗျို့....' ဟု ပြောလိုက်၏။

လိုအပ်သည့်အပြောင်းအလဲများကို ပြုလုပ်သည်။ ခွဲစိတ်အဖွဲ့တစ်ဖွဲ့လုံး ပိုးသတ်ထားသည့် လက်အိတ်အသစ်များ၊



ဝတ်ရုံအသစ်များကို ပြောင်းလဲဝတ်ဆင်ကြသည်။ ထို့နောက် ကြီးကြပ်သူနာပြုဆရာမက ခွဲစိတ်မည့်နေရာတစ်ဝိုက်ကို အုပ်ထားသည့် တဘက်ကိုဆွဲခွာလိုက်၏။ သူတို့က ခွဲစိတ်မည့်နေရာကို အထူးသန့်စင်ဆေးကြောထား၏။ အပေါ်မှ အုပ်ထားသည့် တဘက်မှာလည်း ပိုးသတ် ပေါင်းတင် ထားသည့် တဘက်ဖြစ်၏။

မိုက်က ပေါ်လာသည့် ရင်သားများကို လေ့လာကြည့်သည်။ ပထမဦးဆုံးအကြိမ် စစ်ဆေးကြည့်စဉ်က မိုက် သတိပြုမိခဲ့သည့်အတိုင်း ရင်သားတွေက သေးသည်။ သို့သော် ပုံစံလှပြီး တင်းတင်းရင်းရင်းရှိသည်။

'ဒီလိုရင်သားမျိုးတွေအတွက် အကောင်းဆုံး ခွဲစိတ်ပြုပြင်နည်းက ချိုင်းအောက်နဲ့စိတ်နည်းပဲ ဖြစ်တယ်'

သူက အဖွဲ့သားတွေကို ပြောသည်။ အဖွဲ့သားတွေက ခွဲစိတ်မှု နောက်ဆုံးအပိုင်းအတွက် ပြင်ဆင်ရင်း အလုပ်ရှုပ်နေကြသည်။

'လူနာကို နေရာအလိုက် ထုံဆေးပေးထားရုံနဲ့ ရင်အုပ်ကြွက်သားကြီးတွေရဲ့ အောက်မှာရှိတဲ့ ရင်အုပ်ကြွက်သားအစွန်းကို ဖော်ထုတ်လို့ရတယ်၊ အဲဒီနေရာမှာပဲ ဓားချက်ခပ်ရှည်ရှည်နဲ့ပြီး အပေါက် ဖောက်လိုက်မယ်၊ ပြီးတော့ အဲဒီအပေါက်ကနေ အစားထိုး ပစ္စည်းကို ထိုးထည့်မယ်၊ နို့သီးခေါင်းကို အပေါ်ဘက်ကို တွန်းတင်ပြီး ရင်သားအရွယ်အစားကို လူနာ နှစ်သက်တဲ့ အနေအထား အထိ ရအောင်ချဲ့ယူမယ်'

'ခင်ဗျား စောစောက သူ့မျက်နှာကို ပြုပြင်ပေးခဲ့သလို မျိုး သူ့ရင်သားတွေကိုလဲ ပြုပြင်ပေးနိုင်မယ် ဆိုရင်တော့ ဒီကလေးမ ဘာရာစီယာတောင် ဝတ်နေဖို့ မလိုတော့ဘူးဗျ'

ပက်ထရီက မှတ်ချက်ချသည်။

'သူ ဘာရာစီယာတော့ ဝတ်ရမယ်၊ မဝတ်ရင် သူ ကျွန်တော့်ရဲ့ အကြံမ်းအမောင်းဒဏ်ကို ငရဲပွက်သလို ခံရမှာ ပေါ့'

မိုက်က ပြန်ပြောရင်း ခွာတ်ပုံဆရာကို လှမ်းကြည့်သည်။ ဓာတ်ပုံဆရာက သေးသော်လည်း ပုံပန်းကျသည့် ရင်သား သေးသေးကလေးများကို 'မှပြုပြင်မီ' ပုံများရိုက်ပြီးပြီဖြစ်၏။ မိုက် ဓာတ်ပုံဆရာအား 'အဆင်သင့်ပဲလား ဂျို' ဟု မေး သည်။

'ကျွန်တော့် ဘက်ကတော့ အဆင်သင့်ပဲ ဒေါက်တာ'

'အားလုံး အသင့်ပဲ'ဟု ကြီးကြပ်သူနာပြုဆရာမက ပြော သည်။ 'ဆရာမှာထားတဲ့အတိုင်း အစားထိုးပစ္စည်း အရွယ် အစား နှစ်မျိုးကို ပိုးသတ်ပေါင်းတင်ထားပါတယ်'

'ကြည့်စင်ပေါ်က ဆေးပညာနဲ့ မပတ်သက်တဲ့ လူတွေ နားလည်အောင်ပြောရရင် ရင်သား ကြီးထွားလာအောင် ခွဲစိတ်ပြုပြင်ပေးရမှာ နေရာအလိုက် ထုံဆေးပေးပြီး ချိုင်း အောက်က ခွဲစိတ်ပြုပြင်ပေးနည်းဟာ အရိုးဆုံး အကောင်း ဆုံးနည်းပဲ၊ ကျွန်တော်တို့ ဓားချက်ကို ချိုင်းမွေးရှိတဲ့နေရာ မှာ ပေးမယ်၊ ဒါမှ အနာကျက်သွားတဲ့အခါမှာ ဓားချက် တို့ ဖုံးကွယ်ပြီးသားဖြစ်နေမယ်၊ နောက်ပြီး မတော်တဆမှု



တွေကို တားဆီးတဲ့အနေနဲ့ ကျွန်တော်တို့ ရင်သားရဲ့အသား ဆိုင်တွေကို မလှီးရ မဖြတ်ရဘူး၊ ဒါမှ နောင်တစ်ချိန်မှာ နို့ရည်ထုတ်လုပ်မှုကို မထိခိုက်မှာ'

သူက ပြောရင်းဆိုရင်းပင် ရင်အုပ်ကြွက်သားကြီး၏ အစွန်း၊ ချိုင်းမွေးပိုင်း၏ နောက်နားကလေးဆီမှ နေပြီး အောက်ဘက်သို့ ဓားရာပေးလိုက်၏။ လက်ထောက်များက လိုက်လာသည့်သွေးတွေ တိတ်အောင် အရေပြားကိုညှပ် ကလေးများဖြင့် ညှပ်ထားကြသည်။ အနာချုပ်ကြိုးဖြင့် ချည်ထားကြသည်။ မိုက်က ရင်သားနှင့်ရင်သားအောက်ခံ ကြွက်သားအပြားကြီးကြားတွင် အပေါက်တစ်ပေါက်ဖွင့် သည်။ ပြီးတော့ ညှပ်ကြီး၏အသွားများကိုအသုံးပြု၍လည်း ကောင်း၊ လက်အိတ်စွပ်ထားသော လက်ချောင်းများကို သုံး၍လည်းကောင်းထိုအပေါက်ကိုဖြည်းဖြည်းချဲ့ခဲ့သည်။ သို့ဖြင့် ရင်သားနှင့်ကြွက်သားကြားတွင် အစားထိုးပစ္စည်း ထည့်လို့ရသည့်အိတ်တစ်အိတ် ဖြစ်သွားသည်။

'ခင်ဗျားတို့ သတိထားမိကြလိမ့်မယ်'

မိုက်က ကြည့်စင်ပေါ်မှလေ့လာသူများအားရည်ညွှန်း၍ ပြောသည်။

'ကျွန်တော်ဖွင့်တဲ့နေရာဟာ ဒုတိယမြောက် နို့ရိုးထက် မမြင့်ဘူး၊ ကိုယ်ခန္ဓာရဲ့အလယ်မျဉ်းနဲ့နှစ်လက်မ၊ ဒါမှမဟုတ် နှစ်လက်မကျော်ကျော်ကလေးခွာပြီးခွဲတယ်၊ ဒီခွဲကြောင်း

ဟာ ဆဌမခြောက်နှံရှိုးထက်လဲမကျော်ရဘူး၊ မဟုတ်ရင် ထည့်လိုက်တဲ့ အစားထိုးပစ္စည်းဟာ အောက်ကိုလျှောကျပြီး ပြုပြင်ထားတဲ့ ရင်သားရဲ့ပုံသဏ္ဌာန် ပျက်သွားနိုင်တယ်’

ရင်သားအတု၏အောက်ခံအတွက်ပြင်ဆင်မှုမှာ ပြီးသွားပြီဖြစ်၏။ မိုက်က သူဖန်တီးထားသည့်အခေါင်းကို သေသေချာချာ စစ်ဆေးကြည့်သည်။ သွေးထွက်ခြင်း မရှိတော့။ သွေးထွက်ခြင်းကို ဂရုတစိုက်ထိန်းချုပ်ထားပြီးပြီ။

‘ရင်သားအစားထိုးပစ္စည်းတွေက ဆီလီကွန်အိတ်ထဲမှာ ထည့်ထားတဲ့ ဆီလီကွန်စေးခဲအရည်တွေပါတယ်၊ အဲဒီ ဆီလီကွန်အိတ်ဘေးမှာ ‘ဒက်ကရွန်’အိတ်ကလေးတွေ ကပ်ထားတယ်၊ အဲဒီပစ္စည်းတွေကို စောစောက ကျွန်တော်ဖွင့်ထားတဲ့ အခေါင်းပေါက်ထဲကိုထည့်ရမယ်၊ အဲဒီပစ္စည်းတွေ နေရာရွေ့မသွားအောင် ချုပ်စက်ချက်တွေနဲ့ ထိန်းပေးထားမယ်’

မိုက်က ပလတ်စတစ်အိတ်ဝိုင်းဝိုင်းကလေးကို ထောင်ပြရင်း ပြော၏။

‘ကြုံတုန်းပြောရဦးမယ်၊ ကျွန်တော်တို့ သဘာဝအလှရှုဒေါင့်သက်သက်ကနေ ပြောရမယ်ဆိုရင် အိတ်ကလေးထဲက ဆီလီကွန်စေးခဲအရည်ဟာ ရင်သားထဲက သဘာဝ အသားမျှင်ကလေးတွေလိုပဲ နူးညံ့ပျော့ပျောင်းပါတယ်’



မိုက်က ခွဲစိတ်ထားသည့်အခေါင်းပေါက်နှုတ်ခမ်းကို ဆွဲလှန်သည်။ ပြီးတော့ အခေါင်းပေါက်ထဲသို့ ဆီလီကွန် အိတ်ကလေးကို ထည့်လိုက်၏။

‘အစားထိုး ပစ္စည်းတွေဟာ ရင်အုပ်ကြွက်သားကြီးရဲ့ အပေါ်မှာ ကျွန်တော်ဖွင့်ထားတဲ့အခေါင်းပေါက် ထဲကို လုံးဝဥဿုံဝင်သွားတယ်ဆိုတာ ခင်ဗျားတို့တွေ့လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ခွဲစိတ်လှီးဖြတ်တဲ့အခါမှာ နို့အုံအသားမျှင်ကလေးတွေကို လုံးဝမထိခိုက်စေရဘူး၊ ဒါမှ နို့အုံအသားမျှင်ကလေးတွေဟာ သူတို့ရဲ့အလုပ်ကိုဆက်လုပ်နေနိုင်မှာဖြစ်တယ်၊ ကဲ...ခုဆိုရင် အထဲကပစ္စည်းတွေနေရာတကျရှိနေအောင် ချုပ်ဆက်မှုတွေလုပ်မယ်၊ ပြီးရင် ဒဏ်ရာကို ပိတ်ပစ်လိုက်လို့ရပြီ’

သူ့လက်ထောက်များက ခွဲစိတ်သောအခါပေါ်လာသည့် အရေပြား၊ အသားအလွှာအထပ်ထပ်ကို ချုပ်ချက်အသေးကလေးပေါင်းများစွာဖြင့်ချုပ်သည်။ ဆက်သည်။

မိုက်က အခြားတစ်ဖက်သို့ရွှေ့သွားပြီး အခြား ရင်သားတစ်ဖက်အတွက် စောစောကအတိုင်း ခွဲစိတ်မှုများပြုလုပ်သည်။ သူ၏လက်ထောက်ဆရာဝန်ကညာဘက်တွင်နောက်ဆုံးချုပ်ချက်ကိုချုပ်ပြီးချိန်တွင် မိုက်က ဘယ်ဘက်မှဒဏ်ရာကို စတင်ပိတ်နေပြီဖြစ်၏။

သူ ခွဲစိတ်ဝေးပွဲနားမှခွာလိုက်သောအခါ ကြည့်စင်ဘက်ဆီမှ ဩဘာသံများထွက်ပေါ်လာ၏။ ခေတ်ပုံဆရာက လှပ

ချစ်စဖွယ်ကောင်းသော နောက်ဆုံးရလဒ်ကို အနီးကပ်ဓာတ်ပုံရိုက်ယူရန် နေရာယူလိုက်၏။

'တကယ့်ကိုအနုပညာမြောက်တဲ့လက်ရာပဲဟေ့....နောက်ပြီး လှလိုက်တဲ့ပန်းချီကားကလေးပဲ' ဟု ဒေါက်တာပက်ထရိက ပြော၏။ 'တစ်ခုတော့သေချာတယ်ဗျို့၊ သူဟာ သူ့ရဲ့ မျက်နှာအသစ်ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရင်သားပြုပြင်မှုနဲ့ပတ်သက်လို့တော့ ခင်ဗျားကိုတရားမစွဲဘူး မှတ်'

☆

၁၆။

ဂျော့စတန်းဖို့နှင့် ဂျယ်ရယ်ဟတ်ချင်ဆန်တို့က ဂျက်နက်၏ အခန်းထဲမှ စောင့်နေကြသည်။

'သူအခြေအနေကောင်းပါတယ်၊ သူ့ကိုသတိပြန်လည်လာတဲ့အထိ နာလန်ထအခန်းထဲမှာ ထားကြလိမ့်ဦးမယ်၊ ဒါကလဲ ကြိုတင်ကာကွယ်မှုသဘောနဲ့ထားတာပါ၊ မတော်တဆ အော့ချင်အန်ချင်ရင် မေးရိုးကသားရေကျွင်းတွေကို ကမန်းကတန်းဖြုတ်ပေးဖို့ လိုအပ်လို့ပါ'

မိုက်ကပြောပြ၏။

'ဒါဆို သူ နေကောင်းသွားမှာပေါ့နော်'

စတန်းဖိုးကမေး၏။

'အဲဒီအတွက် ဘာမှ ဒိ့ဟဖြစ်စရာမရှိပါဘူး၊ ဒေါက်တာ အိဘတ်စတီယံလဲ ကြည့်စင်ပေါ်ကနေပြီးကြည့်နေပါတယ်၊

ကုထုံးကုနည်းအစအဆုံးကို သူက အပြည့်အဝထောက်ခံပါ တယ်၊ တိတိကျကျပြောရရင် ကျိုးသွားတဲ့ပါးရိုး တွေကို ပြန်ပြီးမြှင့်တင်ဖို့ ကျွန်တော်သုံးသွားတဲ့နည်းကို နောက် တစ်ကြိမ်ရိုက်မယ့် သူ့စာအုပ်ထဲမှာ ထည့်သွင်းမယ်လို့တောင် ပြောပါတယ်'

'ဟား....အဲဒါ သိပ်ကောင်းတာပေါ့'

ဂျော့ခတန်းဖီးကပြော၏။

'ရင်သားခွဲစိတ်ပြုပြင်တဲ့ကိစ္စကလဲ သူ့ကို ဘာမှ မထိခိုက် နိုင်ပါဘူး'

မိုက်ကထပ်ပြောသည်။

ဂျယ်ရယ်ဟတ်ချင်ဆန်က ပြတင်းပေါက်မှအပြင်သို့ငေး နေသည်။ မိုက်က ရင်သားခွဲစိတ်ပြုပြင်မှုအကြောင်း ပြောပြ ချိန်ထိ တစ်ခွန်းတစ်ပါဒမျှ ထင်မြင်ချက်မပေး။ ယခု မိုက်က ရင်သားပြုပြင်မှုအကြောင်းပြောလိုက်မှ ချာခနဲ လှည့်လာ သည်။

'ရင်သားပြုပြင်မှု ဟုတ်လား၊ အဲဒါက ဘာအဓိပ္ပာယ်လဲ'

'အဲဒါက ခွဲစိတ်ပြုပြင်မှုလေ....သူ့ရင်သားတွေကြီးထွား လာအောင် ပြုပြင်ပေးတာ'

'ရင်သားခွဲစိတ်ပြုပြင်မှုဆိုတာ ကျုပ်နားလည်တယ်.... မိန်းမတစ်ယောက်ရဲ့ ဝင့်ဝါမှုကို ကလိမ်ကျပြီးအမြတ်ထုတ်တဲ့နည်းပဲ၊ အဲဒါလုပ်ဖို့ ခင်ဗျားကိုဘယ်သူက ခွင့်ပြုခဲ့လို့လဲ'

'မနေ့ညက ကျွန်တော်လူနာတွေလှည့်လည်စစ်ဆေးတော့ သူကပြောတာ၊ ဒီမနက် သူ့မျက်နှာကိုခွဲစိတ်ပြုပြင် ပြီးရင်



သူ့ရင်သားကိုခွဲစိတ်ပြုပြင်ပေးနိုင်မလားတဲ့၊ သူ့ အတွေး အခေါ်က သူ့ကိုနတ်ဘုရားမနဲ့တူအောင် ပြုပြင်ပေးတဲ့ နောက်မှတော့ နတ်ဘုရားမတစ်ဦးမှာရှိသင့်တဲ့ ရင်သားမျိုး ရလာအောင်လဲ ပြုပြင်ပေးသင့်တယ်တဲ့'

'ဦးတော့ ခုမှပဲကြားရတာကွယ့်'

စတန်းဖီးက ပြော၏။

'မနေ့ညက ဦးတို့နှစ်ယောက် ဘယ်အချိန်ထိ ဒီမှာရှိနေ လဲ....'

'ဦးက သုံးနာရီလောက်မှာ ရောက်လာတာပဲ'

'ကျုပ်က လေးနာရီလောက်အထိ ဒီမှာရှိနေတယ်၊ ညဘက်မှာ သင်တန်းပို့ချပွဲတစ်ပွဲ ရှိနေတာနဲ့'

ဟတ်ချင်ဆန် ဝင်ပြော၏။

'ဒီရင်သား ပြုပြင်မှုကိစ္စကို ခင်ဗျားတို့ပြန်သွားပြီး မှဆုံး ဖြတ်လိုက်ပုံရပါတယ်၊ ငါးနာရီ ကျွန်တော်ပြန်ပြီး ပြီးချင်း ပဲ သဘောတူခွင့်ပြုလွှာမှာ သူလက်မှတ်ထိုးခဲ့တယ်၊ ဒီတော့ သူ ဘာလုပ်နေတယ်ဆိုတာကို သူ ကောင်းကောင်းသိတာ ထင်ရှားပါတယ်၊ ပြောရမယ်ဆိုရင် ဒီခွဲစိတ်မှုက အသေး စား ခွဲစိတ်မှုပါ၊ ရုပ်ပြင်ခွဲစိတ်ကုဆရာဝန်အတော်များများ ဆိုရင် အဲဒီခွဲစိတ်မှုမျိုးကို သူတို့ရုံးခန်းတွေထဲမှာပဲ လုပ်နေ ကြပြီခင်ဗျ၊ သူ့မျက်နှာကို ခွဲစိတ်ပြုပြင်ပြီးချိန်မှာ သူ့ အခြေအနေက ကောင်းနေတယ်၊ ဒါနဲ့ ရင်သားကိစ္စကို ကျွန်တော်ဆက်လုပ်လိုက်တယ်၊ ဒီကိစ္စအကြောင်း ခင်ဗျား တို့ မသိဘူးဆိုရင် ကျွန်တော်စိတ်မကောင်းပါဘူး'

'အတုတွေတပ်ဆင်တာနဲ့ပတ်သက်လို့ ဂျက်နက်က နောက်ပြောင် ပြောလေ့ ရှိတယ် ကွယ့်၊ ဒါပေမယ့် ဒီကိစ္စကို သူ ဒီလောက် အလေးထားတယ်ဆိုတာ ဦးမသိခဲ့ဘူး၊ မနေ့က ဦးတို့ပြန်သွားမှ ဒီကိစ္စကိုလဲ မောင်ရင်ပြုပြင်ပေးရင် ရတာပဲလို့ အတွေးပေါက်သွားပုံရပါတယ်'

'ဦးလေး ဒီထက်မက ဥာဏ်ရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်'

ဂျယ်ရယ်ဟာတ်ချင်ဆန်၏ လေသံမှာ လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကို ရယ်သွမ်းသွေးနေသည်သို့ရှိ၏။

'ဂျက်နက်ကသူ့ကိုပြောချင်ပြောမှာပေါ့၊ ဦးလေးကောကျွန်တော်ကော သူ့ကိုတားဆီးဖို့ ပြန်လာမှာ မဟုတ်တော့ဘူးလို့၊ ဒီတော့ ဂျက်နက်ရဲ့ချင့်ချိန်နိုင်စွမ်း နည်းပါးနေတဲ့ အခြေအနေကို အခွင့်ကောင်းယူပြီး ငွေကုန်ကြေးကျများမယ့် နောက်ထပ် ခွဲစိတ်မှုတစ်ခုလုပ်ချင်လာအောင် ဆွယ်တရားဟောမှာပေါ့၊ ဒါမှ ခွဲစိပ်ခ တနင့်တပိုးရမယ်မဟုတ်လား'

သူက မိုက်ဘက်သို့ လှည့်လိုက်၏။

'ဒီတစ်ခါတော့ ဂျက်နက်ဟာ ခေါင်းကို ထိခိုက်ခံခဲ့ရပေမယ့် စိတ်မှန်နေပါတယ်လို့ ခင်ဗျား ပြောလို့ မရတော့ဘူး မဟုတ်လား'

'သူ့ကြည့်ရတာ စိတ်လှုပ်ရှားနေပုံရှိပြီး ပုံမှန် အနေအထားမျိုးတော့ မဟုတ်ဘူး'



မိုက်၏ မေးရာပါဖြောင့်မတ်စိတ်က ဝန်ခံစကားကိုပြောဖြစ်အောင် တွန်းအား ပေးနေ၏။

'သူ့ရဲ့ရင်သား ခွဲစိတ်ပြုပြင်မှုကို ဘယ်တော့လုပ်နိုင်မလဲဆိုတဲ့ သူ့အသံဟာ တခြားတစ်စုံတစ်ယောက်ရဲ့အသံမျိုးဖြစ်နေတာတော့ အမှန်ပဲဗျ'

'ဘာအဓိပ္ပာယ်လဲကွယ့်၊ သူ့အသံက တစ်စုံတစ်ယောက်ရဲ့အသံနဲ့ တူနေတယ်ဆိုတာက'

စတန်းဗီးက မေးသည်။

'ဒီအတိုင်းပါပဲ၊ သူ့ရင်သားကို ခွဲဖို့စိတ်ဖို့ပြောရတော့ ရှက်ရှုံ့နေလို့ ဖြစ်မှာပဲလို့ ကျွန်တော်က ယူဆလိုက်တယ် ခင်ဗျ၊ ဒါပေမယ့် တခြား ထူးခြားတဲ့ကိစ္စလေးတွေလဲ ဖြစ်ခဲ့သေးတယ်'

မိုက်က ဂျက်နက်၏ ဦးနှောက်လှုပ်စစ်တိုင်း ကိရိယာပေါ်တွင် ထူးခြားသည့် လိုင်းများပေါ်ခဲ့သဖြင့် ဆွေးနွေးတိုင်ပင်ရန် ဒေါက်တာ ရန်းဒေါမက်ကာသိ ခေါ်ခဲ့ရသည့် အကြောင်းများကို ရှင်းပြသည်။

'ခက်ကာသီ ဟုတ်လား'

ဟာတ်ချင်ဆန် မျက်မှောင်ကြီးကြုတ်လျက် မေး၏။

'သူဒီတက္ကသိုလ်မှာ စာသင်ဖို့ရောက်လာပြီး နောက်ပိုင်း သတင်းစာတွေထဲမှာ အရှုပ်သတင်းတွေ ပါလာတာပဲမဟုတ်လား'

‘ကျွန်တော် မသိပါဘူး၊ အဲဒီအချိန်တုန်းက ကျွန်တော်ဟာ နယူးယောက်မှာ အလုပ်လုပ်နေပါတယ်’

‘ဦးရုံးကို ပြန်ရောက်တဲ့အခါ ဒီကိစ္စကို စစ်ကြည့်လိုက်ပါမယ်၊ ဒါပေမယ့် အရှုပ်ဇာတ်လမ်းတွေ ဖြစ်တယ်လို့တော့ ဦး မမှတ်မိဘူး’

‘ဂျက်နက်ရဲ့ လက်ဆွဲအိတ်ထဲမှာပါတဲ့ စာရွက်စာတမ်းတွေနဲ့ တိပ်ခွေကို အက်ဖ်ဘီအိုင်က မိတ္တူကူးပြီး သူ့ကိုပေးမယ်လို့ ကျွန်တော့်ကိုပြောခဲ့သလားလို့၊ လင်းတောလမင်းနဲ့ တွေ့ဆုံဆွေးနွေးခဲ့တာတွေလေ’

‘ဦးဆီမှာက မူရင်းတွေ၊ အက်ဖ်ဘီအိုင်က မိတ္တူတွေကို သိမ်းထားတာ’

‘ကျွန်တော် အဲဒီတိပ်ခွေတွေထဲက တချို့ကို နားထောင်လို့ရမလားဟင်’

‘ရပါတယ်’

ဟု ပြောပြီး စတန်းဗီးက စူးစမ်းသည့် အကြည့်ဖြင့် ကြည့်သည်။

‘ညနေ ငါးနာရီလောက် ဦးရဲ့ရုံးခန်းကို လာခဲ့လေ၊ အဲဒီအချိန်လောက်ဆို ဒေါက်တာမက်ကာသီနဲ့ ပတ်သက်တဲ့ သတင်းကိုလဲ စုံစမ်းလို့ရလောက်ပြီလေ’

‘နောက်ထပ် ဒေါက်တာရမ်းကု တစ်ယောက်သား’

ဂျယ်ရယ်ဟတ်ချင်ဆန်က သရော်သည်။



‘ဂျက်နက်ဟာ တွေးခေါ်ချင့်ချိန်နိုင်စွမ်း မရှိသေးတာ သေချာပါလျက်နဲ့ ချင့်ချိန်နိုင်စွမ်း ရှိနေပါပြီလို့ ခင်ဗျား သူ့ဆီက ထောက်ခံချက်ရအောင် ယူနိုင်တာ သိပ်မဆန်းပါဘူး’

ဟတ်ချင်ဆန်၏ထိုးနှက်ချက်ကို မိုက်က ဥပမာပြုလိုက်၏။ ထိုသို့မှ ဥပေက္ခာမပြုလျှင်လည်း သည်ငနဲကြီးကို ထထိုးပစ်လိုက်ဖို့ပဲရှိတော့သည်။

☆

## ၁၇။

'မောင်ရင် နားထောင်ချင်တဲ့တိပ်ခွေကို ဦးတို့အသံစတူဒီယိုထဲမှာ ဖွင့်ကြည့်ကြတာပေါ့'

ညနေပိုင်းတွင် သတင်းစာဆရာကြီး၏ ရုံးခန်းထဲသို့ မိုက်ဝင်သွားတော့ ဂျော့စတန်းဖီးက ပြောသည်။

'လောလောဆယ် ဒေါက်တာမက်ကာသီနဲ့ ပတ်သက်တဲ့ သတင်းတချို့ တွေ့ထားတယ်၊ မောင်ရင့် ဖတ်ကြည့်ချင်မလားလို့'

ရုံးခန်းထဲတွင် ဂျယ်ရယ်ဟတ်ချင်ဆန်လည်း ရှိနေသည်။ သို့သော် မိုက်ဝင်လာကတည်းက စကားတစ်ခွန်းမျှမပြော။ ဒေါက်တာ မက်ကာသီနှင့် ပတ်သက်သည့်သတင်းမှာ သည်တက္ကသိုလ်သို့ သူရောက်ပြီး နောက်ပိုင်းတွင် စိတ်နှယ်လွန် ရောဂါနှင့် ပတ်သက်၍ အံ့ဩစရာ ကောင်းလောက်အောင်



ပြသခဲ့သည့် လက်တွေ့ စမ်းသပ်မှုများအကြောင်း ရေးထားသည်။သည်တော့မှ မိုက်က ဒေါက်တာဆီဘာတ်စတီယံ ပြောခဲ့သည့် စကားကို အမှတ်ရမိ၏။ဒေါက်တာဆီဘာတ်စတီယံက စိတ်နှယ်လွန်ပညာနှင့်ပတ်သက်၍ ဒေါက်တာမက်ကာသီအား အထင်ကြီးကြောင်းပြောခဲ့သည် မဟုတ်လား။သတင်းစာ ဆောင်းပါးများကို မိုက် ဖတ်၍ မပြီးတတ်သေးမီမှာပင် တယ်လီဖုန်းခေါ်သံ မြည်လာသည်။ စတန်းဖီးကဖြေသည်။

'အသံစတူဒီယိုထဲမှာ သူတို့အသင့်ဖြစ်နေကြပြီ မိုက်'

'ကောင်းတာပေါ့၊ ကျွန်တော်လဲ ဆေးရုံမှာ ညနေဘက် လှည့်စစ်ဆေးရမယ့်တာဝန် ရှိသေးတယ်'

အသံစတူဒီယိုကလေးထဲရှိ ဆုံလည် ကုလားထိုင်များတွင် ထိုင်ကြသည်။

'မင်း အဆင်သင့်ဖြစ်ရင် ဖွင့်လေကွာ'

ဟု စတန်းဖီးက အော်ပရေတာအား ပြောလိုက်၏။ထို့နောက် 'ကလစ်'ခနဲ မြည်သံနှင့်အတူ ဂျက်နက်ဘတ်၏ အသံကို အသံချဲ့စက်များမှတစ်ဆင့် ကြားကြရ၏။

'တိပ်အမှတ်သုံး၊ လင်းဟောလ်မင်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ကောင်းပြီ လင်း၊ သူငယ်ချင်း ဘယ်လိုဖြစ်ပြီးဗုံးတွေ ဖောက်ခွဲနေတဲ့ အုပ်စုနဲ့ ပေါင်းမိသွားတယ်ဆိုတာ ကိုယ့်ကို ပြောပြပါလား'

အသံချဲ့စက်ထဲမှ ရုန့်ရင်းကြမ်းတမ်းသည့် စကားများ တသီကြီး ထွက်လာသည်။ မိုက်၏ တစ်ကိုယ်လုံး ရှုတ်ခြည်း တောင့်တောင့်ကြီး ဖြစ်သွားသည်။ သည်အသံကို သူ မှတ်မိနေသည်။ အက်တက်တက် ရှတတအသံ။ ပထမဆုံး စကား တစ်လုံးကို စတင်ကြားလိုက်ရကတည်းက မှတ်မိနေသည်။ မနေ့ညနေက ဂျက်နက်ဘတ်၏ဆေးရုံအခန်းထဲတွင် ဂျက်နက်ဘတ်က သူ့ရင်သားကို ခွဲစိတ်ပြုပြင်ပေးဖို့ ပြောတုန်းက တစ်ကြိမ်။ ပြီးတော့ သည်နေ့မနက်ဟဲလ်ပက်ထရီ မေ့ဆေး ထိုးပေးစဉ် တစ်ကြိမ်။

'ဘာဖြစ်လို့လဲ ဒေါက်တာ'.

ဂျော့စတန်းဖီးက မေးသည်။

'မဖြစ်ပါဘူး၊ ဘာဖြစ်လို့ မေးတာလဲဟင်'

'မောင်ရင့် ကြည့်ရတာ သရဲတစ်ကောင် မြင်လိုက်ရတဲ့ပုံမျိုး ဖြစ်နေလို့'

'မြင်လိုက်ရတာ မဟုတ်ဘူး၊ ကြားလိုက်ရတာ ဦးရေ့'

မိုက်သည် လျှင်လျှင်မြန်မြန်ပင်ကိုယ့်ကိုကိုယ်ယုံကြည်မှုတွေ ပြန်ပြည့်လာ၏။

'လင်းတောလ်မင်းကို ကျွန်တော် ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် တွေ့လိုက်ရတာ လေဆိပ် အဆောက်အဦးထဲက ကြမ်းပြင်ပေါ်မှာ သေနေတုန်းကဗျ၊ခု သူ့အသံကို



ကြားလိုက်ရတော့ ကျွန်တော့်ရင်ထဲမှာ တုန်လှုပ်သွားသလို ပဲ....'

သူက အဖြစ်မှန်ကို ဂျော့စတန်းဖီးအား ပြောမပြလိုက်။ ထို့အတူ သူ့အား မယုံသင်္ကာမျက်လုံးများဖြင့် ကြည့်နေသည့် ဂျယ်ရယ်ဟတ်ချင်ဆန်ကိုလည်း ပြောမပြလိုက်။ တကယ် တော့ သူသည် သည်အသံကို နှစ်ဆယ့်လေးနာရီ အတွင်း နှစ်ကြိမ်တိတိ ကြားခဲ့ရသည်။ နှစ်ကြိမ်စလုံး ဂျက်နက်၏ နှုတ်များမှ ပြောခဲ့သည်ချည်း ဖြစ်၏။ ထိုမျှ မကသေး၊ နောက် တစ်ကြိမ် ရှိသေးသည်။ ထိုတစ်ကြိမ်ကတော့ လေယာဉ်ကြီး တိုက်ခိုက်မှု ဖြစ်တော့မည့်ဆဲဆဲတွင် လေယာဉ်မှူး၏ အသံ လွှင့်စက်ထဲသို့ ဝင်လာသည့်အသံကို မိမိ၏ကား အသံဖမ်း စက်ထဲသို့ ဝင်လာသည့် အသံကို ကြားရစဉ်ကဖြစ်၏။ ထိုအသံ မှာ ကြောက်လန့်တကြားဖြင့် စူးစူးဝါးဝါး အော်ဟစ်လိုက် သည့်....

'သခင်ကြီး....ကယ်တော်မူပါ'

ဟူသည့်အသံ ဖြစ်၏။

ထိုစဉ်ကတော့ ထိုအသံသည် လင်းတောလ်မင်း အသက် ရှင်လျက်ရှိနေစဉ် လင်းတောလ်မင်း၏အသံကြိုးများမှ ထွက် လာသည့်အသံ ဖြစ်၏။ သူ့အား ကယ်မပါရန် အသနားခံ လိုက်သည့် တန်ခိုးရှင်ကား မိစ္ဆာထိပ်ခေါင် မာရ်နတ်မင်းမှ တစ်ပါး တခြား မဖြစ်နိုင်ပေ။ သည်တော့ ကောက်ချက်

ဆွဲစရာဆိုလို့ တစ်ခုပဲ ရှိတော့သည်။ ကောက်ချက် ဆိုသည်ထက် မိုက်၏ ယုံကြည်ယူဆချက်ဆိုက ပိုမှန်မည်။ သူသည် ဂျက်နက်၏ ဦးနှောက် လျှပ်စစ်တိုင်း ကိရိယာပေါ်တွင် ထူးဆန်းသောလှိုင်းများ ပေါ်လာသည်ကို ပထမဆုံးအကြိမ် တွေ့မြင်လိုက်ရကတည်းက သည်ယူဆချက်ရှိခဲ့၏။ သို့သော် သူသည် တတ်နိုင်သမျှ သည်ယူဆချက်ကို ရှောင်လွှဲနေခဲ့၏။ သို့သော် ယခုတော့ မရတော့။ သည်ကောက်ချက်ကိုပဲ ဆွဲရတော့မည်။

လင်းတောလ်မင်း၏အလောင်းသည် ဆေးရုံရေခဲတိုက်ထဲ ရောက်နေပြီ ဖြစ်၏။ တနည်းဆိုသော် လင်းတောလ်မင်းသည် သေပြီ ဖြစ်၏။ သို့သော် လူငါးဆယ်ကျော် သေကြေသည်အထိအကြမ်းဖက်မှုများကိုလုပ်ဆောင်ခဲ့သည့် မကောင်းဆိုးဝါး၊ သို့မဟုတ် နတ်ဆိုးသည် ရှင်သန်နေဆဲ ဖြစ်၏။ ကျန်းမာနေဆဲ ဖြစ်၏။

မည်သို့ဖြစ်စေ၊ လင်းတောလ်မင်း၏ မကောင်းဆိုးဝါး ဝိညာဉ်သည် ဂျက်နက်ဘတ်၏ကိုယ်ခန္ဓာကို တစ်နည်း တစ်ဖုံအားဖြင့် ဝင်ရောက် ပူးကပ်သွားခြင်း ဖြစ်၏။ လေဆိပ်အဆောက်အဦးကို လေယာဉ်ကြီးဝင်တိုက်ချိန်တွင်ဝင်ရောက်ပူးကပ်သွားမှာ သေချာသည်။

ကဲ...ခုတော့ သည်နေ့ နံနက်ပိုင်းကပဲ မိုက်က သူ ကျွမ်းကျင်လိမ္မာသော လက်ချောင်းကလေးများဖြင့် ဂျက်နက်ဘတ်အား အသွင် ပြောင်းပေးခဲ့ပြီ။ ဂျက်နက်ဘတ်သည်



ကမ္ဘာ့အလှဆုံး အမျိုးသမီးစာရင်းဝင်တစ်ဦး ဖြစ်တော့မည်။ ဤကား ဖြစ်ပေါ်ခဲ့သမျှ ဖြစ်ရပ်တွေထဲတွင် အဆိုးဆုံး ဖြစ်သွားပြီ။ အဘယ့်ကြောင့် ဆိုသော် ဂျက်နက် ကိုယ်တိုင်ပင် အဆိုးတကာ့ အဆိုးဆုံး နတ်ဆိုးမလေးဘဝလို ခံယူနိုင်စွမ်း ရှိသွားမည် ဖြစ်သောကြောင့်ပင်။ အဘယ်ကြောင့် ဆိုသော် မိုက်သည် ထွက်ပေါက်မရှိသော ဖြစ်ရပ်မှန် တစ်ခုထဲတွင် ချောင်ပိတ်မိနေပြီ ဖြစ်ပြီး သူထိုသို့ ဖြစ်နေကြောင်းကို အဘယ်သူကမျှ ယုံကြည်လိမ့်မည် မဟုတ်သောကြောင့်ပင်။

## ၁၀။

မိုက်ကယ်ကန်းက သတင်းစာတိုက် ညွှန်ကြားခန်းရှိတယ်လီဖုန်းရုံကလေးထဲသို့မဝင်မီ တယ်လီဖုန်းလမ်းညွှန်စာအုပ်ကိုလှန်ပြီး နံပါတ်တစ်ခုကိုရှာသည်။ ပြီးမှ တယ်လီဖုန်းရုံကလေးထဲသို့ ဝင်ပြီး ရှာထားသည့်နံပါတ်ကို လှည့်သည်။

'ဒေါက်တာ မက်ကာသီရဲ့ ရုံးခန်းကပါ'

ယောကျ်ားသံတစ်သံက ဖြေသည်။

'ခု စကားပြောနေတာ ဘယ်သူများလဲ ခင်ဗျာ'

'ခု ပြောနေတာ ရန်းဒေါ်မက်ကာသီပါ၊ ခုဆက်နေတာ ကန်းလား၊ ကျွန်တော်တောင် ခုလေးပဲခင်ဗျား အကြောင်း စဉ်းစားနေတာ'

'ကျွန်တော်လဲ ဒဲ့ဒီအတိုင်းပဲ၊ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် တယ်လီဖုန်းဆက်နေဖို့တောင် မလိုတော့ဘူး



ထင်ပါရဲ့၊ ဒါပေမယ့် ခု ဆက်ပြီးနေမှတော့ တယ်လီဖုန်းထဲကပဲ ပြောလိုက်ပါတော့မယ်လေ၊ခင်ဗျား အဲဒီမှာ နောက်ထပ် နာရီဝက်လောက်ထိ ရှိနေဦးမလား ဒေါက်တာ'

'သေချာပေါက်ရှိတယ်၊ နှိုးနှော ဖလှယ်ပွဲတစ်ခု တက်ဖို့ဒူရမ်ကို သွားနေတုန်း ဒီမှာ စုပုံနေတဲ့ ဥာဏ်စမ်းပုစ္ဆာ အဖြေလွှာတွေကို စစ်နေရတယ်ဗျ၊ ကျွန်တော့်ရုံးခန်းက ဆေးကျောင်း အဆောင်းမှာ ရှိတယ်၊ တိုက်နံပတ် ၁၃ ဒီ၊အခန်းနံပတ် ၃၁၄၊ ခင်ဗျား အဲဒီကိုလာဖို့ ဘယ်လောက် ကြာမလဲ'

'ဆယ့်ငါးမိနစ်လောက်ပေါ့၊ ကျွန်တော့် စကား သတင်းစာတိုက်ထဲက ထွက်လာတာ၊ ခုလေးပဲ ဂျော့စတန်းဖိုးနဲ့ သူ့တူမအကြောင်း ပြောနေတာ'

'သူ့ အခြေအနေ ကောင်းတယ် မဟုတ်လား၊ ကျွန်တော် တောင် နေ့လယ်စာ စားပြီးတော့ သူ့အခန်းကို ဝင်ခဲ့သေးတယ်၊ သူ့ကြည့်ရတာ အခြေအနေကောင်းလာမှာ သေချာပါတယ်'

'ဩြော်....ဒါဆို ကျွန်တော် သူနဲ့ တွေ့ပြီးတဲ့နောက်မှ ခင်ဗျား တွေ့ပြီးပြီပေါ့၊ ကျွန်တော် ခင်ဗျားဆီကို ဆယ့်ငါးမိနစ်အတွင်း ရောက်လာမယ်လေ'

ဆေးကျောင်းမှာ ရောမ အဆောက်အဦး စီမံကိန်း တစ်ခု၏ အလယ်တွင် ရှိသည်။ တိုက်နံပါတ် ၁၃ ဒီနှင့် အခန်းနံပါတ် ၃၁၄ ကို ခက်ခက်ခဲခဲ ရှာဖွေမနေရဘဲ တွေ့သည်။ အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် မိုက်တွန့်ခနဲ ဖြစ်သွား

သည်။ ရန်းဒေါ်မက်ကာသီက စာရေးစားပွဲကြီးတစ်လုံး၏ နောက်ဘက်တွင် ထိုင်နေသည်။ ဆူးကုလားထိုင်၏ နောက်ဘက်ရှိ နံရံပေါ်တွင် လူ့ဦးခေါင်းတစ်လုံး ချိတ်ဆွဲထားသည်။ ရှည်လျားသော ဆံပင်များက နားရွက်ဖျားကို ကျော်ပြီး တွဲလောင်းကျနေသည်။ မျက်လုံးများ ကတော့ အကြည်ဓာတ်ကင်းမဲ့နေပြီဖြစ်သော ကြောင်တောင်တောင် မျက်လုံးများ။ ဦးခေါင်းတစ်ခုလုံးမှာ ခြောက်ပြီးကြုံ့နေပြီ။ မျက်နှာပေါ်မှ အရေပြားများမှာ တွန့်နေ၏။ ချိုင့်နေ၏။ သက်ရင့်သားရေပြားတစ်ချပ်လို ဖြစ်နေ၏။

‘လာဗျာ ဒေါက်တာကန်း’

စာမေးပွဲ အဖြေလွှာတွေ အပုံလိုက် ဖြစ်နေသည့် စားပွဲပေါ်မှကျော်ပြီး မက်ကာသီ မော့ကြည့်သည်။ ပြီးတော့... လက်တစ်ဖက်ကမ်းပေးသည်။

‘ဒီဟာတွေကြည့်ပြီး စိတ် ကသိကအောက် မဖြစ်နဲ့ဗျို့၊ ကျွန်တော်က စာသင်နှစ်ဝက်လောက်ကြာအောင် အမေဇုံ အထက်ပိုင်း၊ ဂျီဗာရိုအင်ဒီယန်းတွေနဲ့အတူ နေခဲ့တာဗျ၊ သူတို့မှာ လူရိုင်းတွေရဲ့ ထုံးတမ်းစဉ်လာတွေရှိတယ်၊ အဲဒါက အမဲလိုက်ရာမှာ ရတဲ့ သားကောင်တွေ၊ ဒါမှမဟုတ် တိုက်ပွဲမှာ ကျတဲ့ ရန်သူရဲ့ အသားကိုစားတဲ့ ထုံးတမ်းစဉ်လာပဲ၊ ဒါပေမယ့် သူတို့ ရဲစွမ်းသတ္တိရှိမှုကို သက်သေထူတဲ့ အနေနဲ့ အဲဒီသားကောင်တွေရဲ့ ဦးခေါင်းတွေကို မပုပ်မသိုးအောင် ပြုပြင်စီမံထားတတ်ကြတယ်’

‘အင်း....နည်းနည်းတော့ ရင်တုန်စရာပဲ’



‘ကျွန်တော့် တခြားဟာတွေကတော့ ကျွန်တော် လေ့လာရေး ခရီးတစ်ခေါက် တုန်းက စုဆောင်းခဲ့တဲ့ဟာတွေပေါ့၊ အာဖရိကအလယ်ပိုင်းက ပစ္စည်းတွေပါတယ်၊ ဟေတီကဟာတွေလဲပါတယ်’

သူက ပစ္စည်းတွေ တင်ထားသည့်ဘက်သို့ ဘယ်ဘက်လက်ဖြင့် ဝှေ့ယမ်းပြသည်။ သူ့လက်ချောင်းတွေက ရှည်ရှည်သွယ်သွယ်။ ဝှေ့ယမ်းပြပုံမှာ အားမပါလှ။ လက်ချောင်းတစ်ချောင်းပေါ်တွင် ရွှေလက်စွပ်ကြီးတစ်ကွင်း စွပ်ထားသည်။ လက်စွပ်ပေါ်တွင် အရောင်တဖိတ်ဖိတ်ထွက်နေသည့် မြတစ်လုံးမြှုပ်ထားသည်။ ဝိညာဉ်လောကနှင့် ဆိုင်သည့် ပစ္စည်းတစ်ခုဖြစ်မည်။ တန်ဖိုးမရှိသည့် ရှေးဟောင်းပစ္စည်းတွေဖြစ်မည်ဟုလည်း မိုက်စိတ်ထဲက မှတ်ချက် ချလိုက်၏။

‘ဟိုဟာလေးက ကာဝေအရုပ်ကလေးနဲ့ တူလိုက်တာ’

စားပွဲပေါ်ရှိ အရုပ်ကလေး တစ်ရုပ်ကို ညွှန်ပြပြီး ပြောလိုက်၏။ အရုပ်ကလေး၏ ဝမ်းဗိုက်တွင် အပ်ချောင်းကြီးတွေ ထိုးစိုက်ထားသည်။

‘အသုံးချပြီးသား ကာဝေရုပ်လေ၊ ဟေတီက မှော်ဆရာ တစ်ဦးဆီက ဝယ်လာတာ၊ ဒီအရုပ်က သူ့တာဝန်သူထမ်း ပြီးပြီလေ၊ အမှုလာအပ်တဲ့လူရဲ့ ရန်သူကို အသေ သတ်ပစ် လိုက်တာ၊ သေပုံသေနည်းကလဲ ထူးဆန်းပါ့ဗျာ၊ သေသူရဲ့ ကိုယ်ပေါ်မှာ အရာကလေးတစ်ခုတောင် မထင်ဘူး၊ ဒါပေ မယ့် သူ့ဗိုက်ထဲမှာ နေရာတစ်ဒါဇင်လောက် ပေါက်ပြဲစုတ် ပြတ်ကုန်ပြီး ဝမ်းတွင်းမြှေးယောင်ရမ်းတဲ့ရောဂါနဲ့ သေတာ

ပဲ၊ အဲ့ဒီရောဂါနဲ့ သေတယ်ဆိုတာကို အလေဝင်းကို ခွဲစိတ်ကြည့်မှ သိရတာ၊ ငှာနေဆေးဆရာတစ်ဦးက အဲဒီလို ခွဲစိတ်ကြည့်တာကို လွန်ခဲ့တဲ့ မေလက ကျွန်တော်ကိုယ်တိုင်မြင်ခဲ့ရတာဗျ'

'ဘာကယ့်တကယ်တော့ မှော်အတတ်ပညာကိုခင်ဗျားမယုံဘူး မဟုတ်လား ဒေါက်တာ'

'မယုံဘူး၊ ဒါပေမယ့် ကျွန်တော် သတိထားမိတာ တစ်ခုက မှော်ဆရာတွေဟာ သူတို့ရဲ့ အစီအရင်တွေ အကြောင်း သူတို့ရည်ရွယ်တဲ့ ကာယကံရှင်ရဲ့နားထဲ ရောက်အောင် အမြဲတမ်း သတင်းပို့လေ့ရှိတယ်၊ ဥပမာ....အရုပ်ကလေး တစ်ရုပ်လုပ်ပြီး အဲဒီအရုပ်ရဲ့ ဝမ်းဗိုက်မှာ အပ်တွေစိုက်ထားတာမျိုးပေါ့ဗျာ၊ သူတော့ အဲဒီလိုစီရင်လိုက်ပြီ ဆိုတာ ကာယကံရှင်သိအောင် လုပ်တယ်၊အဲဒီလိုလုပ်ပြီ ဆိုတာကို ကာယကံရှင်က သိတာနဲ့ တစ်ပြိုင်နက် အဲဒီကာယကံရှင်ရဲ့ ဝမ်းတွင်းမြွေးတွေပေါက်ပြဲ စုတ်ပြတ်ကုန်တော့တာပဲ၊ အဲဒီလို ဖြစ်တာဟာ သောကဖိစီးမှုနဲ့ စိတ်တင်းကျပ်မှုကြောင့် အစာအိမ်ရောဂါ ဖြစ်လာတာမျိုးနဲ့ တူတယ်လို့ မဆိုနိုင်ဘူးလား'

'ဟင့်အင်း....မတူနိုင်ဘူးထင်တယ်'

'အင်း....တယ်လိုတယ်လို ဖြစ်လာတယ်ဆိုတာတော့ ရှင်းရ နည်းနည်းခက်တယ်၊ ဒါပေမယ့် အဲဒီအမှုကို လေ့လာကြည့်တော့ အရုပ်ကလေးရဲ့ဗိုက်မှာ အပ်ခြောက်ချောင်းစိုက်ထားတယ်၊ သေတဲ့လူရဲ့ ဝမ်းတွင်းမြွေးတွေမှာ ဆယ့်နှစ်နေရာတိတိ ပေါက်ပြဲနေတယ်၊ ကဲ....ဘယ့်နှယ်လုပ်မလဲ'



မိုက် ပခုံးတွန့်လိုက်၏။

'ဒီကိစ္စမျိုးတွေနဲ့ ပတ်သက်လာရင်တော့ကိုယ်ယုံချင်ရာယုံလို့ပဲ ပြောရတော့မှာပဲ'

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ တွေးထင်ထားတဲ့ ကိစ္စတွေကို ဖြစ်နိုင်တယ်လို့ယုံကြည်လာတာဟာ ကျွန်တော့် ပညာနဲ့ပဲ ပတ်သက်ပါတယ်ဒေါက်တာ၊ ခင်ဗျာ့ပညာနဲ့ မဆိုင်ပါဘူး၊ဆေးလောကကြီးတစ်ခုလုံးမှာ ခွဲစိတ်ကုဆရာဝန်တွေဟာ လက်ငင်းအကျိုးတရားကိုအကြည့်တတ်ဆုံး ပုဂ္ဂိုလ်တွေလို့ ဆိုရမယ် မဟုတ်လား၊ ကဲ.... ဒီတော့ ဒီနေ့ ခင်ဗျား ဘာစိတ်အနှောင့်အယှက်ဖြစ်နေလဲ၊ ပြော'

မိုက်က သူနှင့် ဂျော့စတန်းဖီး ပြောခဲ့သည့် အကြောင်းအရာတို့ အကျဉ်းချုပ် ပြောပြသည်။ပြီးတော့ ဂျက်နက်ဘတ်နှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့သော ခပ်ဆန်းဆန်းဖြစ်ရပ်များ အကြောင်းကိုလည်း စီကာစဉ်ကာ ပြောပြသည်။ စိတ်ကုဆရာဝန်က မိုက် ပြောပြပြီးသည်အထိ စူးစူးစိုက်စိုက် နားထောင်သည်။ ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်သည်။ သူ၏ သေးသေးချွန်ချွန် မုတ်ဆိတ်မွေးကလေး လှုပ်ယမ်းနေပုံမှာ ညစ်ကျယ်ကျယ် ပညာရှိ ဆိတ်အိုကြီး၏မုတ်ဆိတ်မွေးနှင့် တူသည်ဟု မိုက် တွေးမိ၏။

'ဒီတစ်ခါတော့ ခင်ဗျား စောစောက ပြောခဲ့သလို ကိုယ်ထင်ရာ ကိုယ်ယုံနေဖို့ မလိုဘူး ဒေါက်တာကန်း၊ အဖြေကရှင်းရှင်းကလေးပါ'

‘ခင်ဗျားအတွက် ရှင်းကောင်းရှင်းမှာပေါ့၊ ကျွန်တော့် အတွက်တော့ မရှင်းဘူးဗျို့၊ ကျွန်တော်စိတ်ကူးနဲ့မှန်းဆပြီး ထုတ်လိုက်တဲ့အဖြေတိုင်းဟာ ယုတ္တိဗေဒနဲ့ ချိန်တိုးကြည့်လိုက်တော့ မဖြစ်နိုင်တာတွေချည်း ဖြစ်နေတယ်၊ ခုတော့ လင်းတောလ်မင်းရဲ့ မကောင်းဆိုးဝါး ဝိညာဉ်ဟာ ဂျက်နက်ဘတ်ရဲ့ ကိုယ်ခန္ဓာမှာ ဝင်ပြီးပူးကပ်နေပြီလို့ ယုံချင်သလိုဖြစ်လာပြီဗျာ’

‘အဲဒီမဖြစ်နိုင်ခြေကိုတော့ ခင်ဗျားသွားပြီးယုံလို့ မဖြစ်ဘူး ဒေါက်တာဘာနန်း၊ နတ်ဆိုးတို့ မကောင်းဆိုးဝါးဝိညာဉ်တို့ဆိုတာတွေဟာ တကယ်ရှိတာမဟုတ်ဘူး၊ အဲဒါတွေဟာ ယုံလွယ်တတ်သူတွေရဲ့ စိတ်ထဲမှာပဲ ရှိတာ၊ ဒါမှမဟုတ် ဒီအကြောင်းတွေရေးရင် ရောင်းကောင်းမယ် ဆိုတာ သိတဲ့ စာရေးဆရာတွေရဲ့ စိတ်ကူးထဲမှာပဲရှိတာ၊ အဲဒီလို ယုံမယ့်အစား ခင်ဗျားလူနာမှာ မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေး ရောဂါရှိနေတယ်လို့ပဲ ကြိုးစားပြီး ယုံလိုက်ပါ၊ အဲဒီလိုဖြစ်နေတဲ့ ဝေဒနာရှင်တွေကို ကျွန်တော်တို့ စိတ်ရောဂါကုလောကမှာ အမြဲတွေ့နေရတာကလား၊ အထူးသဖြင့် စိတ်ကစဉ့်ကလျားဖြစ်နေတဲ့ ဝေဒနာရှင်တွေမှာပေါ့၊ ဒါပေမယ့်လဲ ဒီရောဂါဟာ လူဦးရေအများစုထဲမှာ ခင်ဗျားထင်ထားတာထက် ပိုပြီးရှိနေပြီဗျ’

‘ဒါဆို နတ်ဆိုးတို့ မကောင်းဆိုးဝါးတို့ ဆိုတာတွေကို ခင်ဗျား တကယ်ကိုမယုံဘူးလို့ ပြောနေတာလား’



‘ခင်ဗျား ဘာကိစ္စမရှိတာကို အရှုပ်ဖြစ်အောင် ဖန်တီးချင်ရတာလဲဗျာ၊ ကမ္ဘာကြီးမှာ အကုသိုလ် ပွားများအောင် ပြုလုပ်နေတဲ့လူတွေရှိတယ်၊ အဲဒီအောက်တန်းကျစိတ်ဓာတ်နဲ့ လူတွေဟာ လိုတာထက်တောင် ပိုများနေပါပြီဗျာ၊ ဒါကို ခင်ဗျားက ထပ်ပြီးဖြည့်စွက်ဦးမလို့လား၊ အဲဒါနဲ့ပတ်သက်လို့ အကောင်းဆုံး သာဓကကတော့ လင်းတောလ်မင်းပဲပေါ့’

‘ဂျက်နက်ဘတ်ရဲ့အသံဟာ တိပ်ခွေထဲက လင်းတောလ်မင်းရဲ့ အသံမျိုး ပြောင်းသွားတာကျတော့ကော’

‘ဒုတိယကိုယ်ရည်ကိုယ်သွေး၊ ဒါမှမဟုတ် တတိယ ကိုယ်ရည်ကိုယ်သွေးက ပထမဦးဆုံးအကြိမ် ပေါ်လာတဲ့အခါမှာ ဝေဒနာရှင်ရဲ့ ပင်ကိုအသံ၊ ပင်ကိုအကျင့်စရိုက်တွေနဲ့ကွဲပြားခြားနားပြီး ပေါ်လာလေ့ရှိတယ်၊ တကယ်လို့ ဝေဒနာရှင်က ခင်ဗျားသိတဲ့ လူတစ်ယောက်နဲ့တူအောင် လိုက်တုပြီဆိုတဲ့အခါကျ အထိတ်တလန့်ဖြစ်စရာ ကောင်းတော့တာပေါ့၊ မနေ့တနေ့ ဒီမနက် ခင်ဗျားဖြစ်သလိုပေါ့’

‘ဒါပေမယ့် ဘာကိစ္စ လင်းတောလ်မင်းကိုမှ သွားတုရတာလဲ’

‘ကျွန်တော့်အထင်တော့ မီးဇ်ဘတ်ဟာ လင်းတောလ်မင်းကို တိတ်တိတ်ကလေး ကိုတ်ပြီးအားကျနေလို့...’

‘လင်းရဲ့ဒုစရိုက်မှုမှာ သာယာတဲ့ ဇာတိစိတ်တွေကိုတော့ မဟုတ်ပါကူးနော်’

‘မဟုတ်တန်ကောင်းပါဘူး၊ ခွဲစိတ်ကုသမှုတွေ မလုပ်ခင်က ခင်ဗျားလူနာကို ကျွန်တော် စကားပြော ကြည့်ခဲ့တယ်

လေ၊ အဲဒီတုန်းက သူပြောပြတယ်၊ လင်းတောလ်မင်း ဘယ်လောက် ချောတဲ့လှတဲ့အကြောင်း၊ သူသဘောကျတဲ့ ဘယ်ယောကျ်ားမဆို သူ ရအောင် ဆွဲဆောင်နိုင်တယ်လို့ လင်းတောလ်မင်းက ကြွားတဲ့အကြောင်းတွေပေါ့၊ အဲဒီမှာ သူဟာ လင်းတောလ်မင်းကို ကျိတ်ပြီး အားကျမနာလိုဖြစ်နေတဲ့ပုံမျိုးလေး ကျွန်တော် သတိထားမိတယ်။

'ဂျက်နက်ဘတ်က မချောဘူး၊ ဒါပေမယ့် သူ့ အခန်းထဲမှာ မြင်ခဲ့ရတဲ့ နမူနာရုပ်တုနဲ့ တူပြီဆိုရင်တော့ ချောလှလာတော့မှာပဲ၊ ဒီတော့ လေယာဉ်တိုက်မှု ဖြစ်တုန်းက သူ့ခေါင်းကို ခိုက်မိမယ်၊ အဲဒီ ခိုက်မိတဲ့အရှိန်ကြောင့် သူ့ဦးနှောက်ကြီးထဲက ကလာပ်စည်းတွေ တုန်ခါသွားမယ်၊ အဲဒီတုန်ခါမှုက ဒုတိယကိုယ်ရည်ကိုယ်သွေးပေါ်လာလောက်အောင် ပြင်းထန်လိမ့်မယ်၊ အဲဒီလိုပေါ်လာတဲ့အခါကျ မသိစိတ်မှာစွဲနေတဲ့ တစ်စုံတစ်ယောက်ဆိုပါတော့ လင်းတောလ်မင်းလို ချောတဲ့လှတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးမျိုး တစ်စိတ်တစ်ပိုင်းပေါ်လာတာဟာ သဘာဝပဲ....'

ဤကား နားလည်ရန် ခက်ခဲသော ပြဿနာတစ်ရပ်ကို ဖြူစင်ပွင့်လင်းပြီး ယုတ္တိတန်သည့် ဖြေရှင်းချက် ဖြစ်သည်ဟု မိုက် ယူဆသည်။ နောက်ပြီး သည်အဖြေကို နူးညံ့သိမ်မွေ့သော စိတ်ရောဂါကုဆရာဝန်က လွယ်လွယ်ကူကူလက်ခံသလို မိမိက ဘာကြောင့် လက်မခံနိုင်ခဲ့ပါလိမ့်ဟုလည်း အတွေးပွားမိ၏။



'အဲဒီအခြေအနေမျိုးကဘယ်လောက်ကြာကြာထိအောင် ဖြစ်နေမယ်ထင်လဲ'

'သိပ်မကြာဘူးလို့ထင်ပါတယ်၊ တကယ်လို့ ခွဲစိတ်ပြုပြင်ပြီး အခြေအနေတွေ မဖောက်ပြန်ဘူးဆိုရင် သူဟာ သူမတူအောင် လှတဲ့မိန်းကလေးတစ်ယောက် ဖြစ်သွားတော့မယ်၊ လင်းတောလ်မင်းထက်တောင် လှနေဦးမယ်၊ တိတိကျကျ ပြောရရင် ကျားသတ္တဝါတွေဟာ သူ့နောက်ကို အုပ်ဖွဲ့ပြီး လိုက်ကြလိမ့်မယ်၊ အဲဒီလို အာသာငမ်းငမ်းနဲ့ လိုက်ရမှာကို ကျွန်တော်တောင် သဘောကျတယ်ဗျ'

မက်ကာသီက မိုက်အား လှစ်ခနဲ စူးစမ်းစွာကြည့်သည်။

'အဲဒါကလဲ ခင်ဗျား ဖန်ဆင်းထားတဲ့ အလှပစ္စည်းကလေးဟာ ခင်ဗျာ့အတွက်ပဲလို့ လျာထားတာ မဟုတ်ရင် ပြောတာပါ'

'အဲဒါနဲ့ ပတ်သက်လို့တော့ မစိုးရိမ်ပါနဲ့' ဟု မိုက်က ခိုင်ခိုင်မာမာ ပြောလိုက်၏။ 'ကျွန်တော် နယူးယောက်ကို သွားပြီး ရုပ်အလှပြင် ခွဲစိတ်ကုသမှုပညာကိုသင်ကတည်းက ကျွန်တော် ပြုပြင်ကုသပေးရမယ့် လူနာအများစုဟာ မိန်းမတွေဖြစ်မယ်ဆိုတာ သိပြီးသားပါ၊ သူတို့က သူတို့ရဲ့ အသွင်အပြင်တွေကို ပြောင်းပစ်ချင်ကြမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားတွေကို ညှို့ယူဖမ်းစားချင်လို့၊ ယောကျ်ားတွေဆိုရာမှာ သူတို့ရဲ့ခင်ပွန်းတွေ၊ ချစ်ဖော်တွေ၊ ဒါမှမဟုတ် သူတို့ရဲ့ တစ်ယောက်ယောက်ပေါ့ဗျာ၊ ဒီတော့ ကျွန်တော့်ရဲ့

အသက်မွေးဝမ်းကျောင်း အလုပ်နဲ့ လူမှုရေးကို တစ်ကန့်
ခြားထားဖို့ အမြဲတမ်း သတိထားပါတယ်'

မက်ကာသီ ပခုံးတွန့်လိုက်၏။

'တကယ်လို့ ခင်ပွန်းသည်တွေဟာချစ်ဖော်တွေလိုတာဝ
ကျေကြမယ် ဆိုရင် ခင်ဗျားကော ကျွန်တော်ကော အလု
သိပ်များမှာ မဟုတ်ဘူး၊ စိတ်ရောဂါသန့်သန့်ဖြစ်တဲ့ လူန
တွေကလွဲရင် စိတ်ကုဆရာဝန်တစ်ယောက် ကုသပေးနေရ
လူနာအများစုဟာ အချစ်ငတ်နေတဲ့ မိန်းမတွေဗျ၊ သူတို့ဟ
အချစ်ခံချင်ကြတယ်၊ မကြာမကြာကြုံရတတ်တာက သူတို့
ရောဂါပျောက်အောင် ကြိုးစားကုသပေးနေတဲ့ ဆရာဝန်
အချစ်ကိုတောင် ခံယူချင်ကြတာဗျ'

'ရုပ်အလှပြင်ခွဲစိတ်ကုသမှုပညာရဲ့ အစွမ်းကို သိထား
ဆရာဝန်တစ်ယောက် ဆိုတော့ ကျွန်တော် သန္နိဋ္ဌာန်တစ်ခု
ထားပါတယ်၊ အဲဒါကတော့ ကိုယ်ကုပေးတဲ့အမျိုးသမီးတေ
နဲ့ စိတ်ကူးယဉ်အချစ်ဇာတ်လမ်းတွေ မပေါ်ပေါက်စေရ
ဆိုတဲ့ စိတ်ဆုံးဖြတ်ချက်ပါပဲ'

'အင်း....အဲဒါကတော့ ခင်ဗျား လုပ်ဖော်ကိုင်ဖက်တေ
ထက် အများကြီးသာတဲ့ ထိန်းသိမ်းမှုတစ်ခုပဲ၊ ဒီမြို့ပေါ်မှ
ရှိတဲ့ ရုပ်အလှပြင် ဆရာဝန်တချို့....နောက်ပြီး အနောက
ဘက် ကမ်းခြေက ဆရာဝန်အတော်များများဟာ ပျိုမေ
အချစ်တော်ကြီး ကက်ဆာနိုဗာလို မနူးမနပ် ကောင်လေ
တစ်ယောက် ဖြစ်သွားလောက်အောင် အစွမ်းပြနေကြတ
ကကား'



'ခင်ဗျား မီးစ်ဘတ်ကို ထပ်တွေ့ပြီး ကိုယ်ရည်ကိုယ်သွေး ဖောက်ပြန်မှုကို ကြပ်မတ်ကုသပေးမှာလား၊ တကယ်လို့ သူ ဖြစ်နေတာ အဲ့ဒီရောဂါဆိုရင်လေ'

'ကုပေးမှာပေါ့ဗျာ၊ တကယ်တမ်းပြောရရင် ခင်ဗျား ကျွန်တော့်ကို ခင်ဗျာ့လူနာအဖြစ် လက်ခံပါလား၊ အဲဒါဆို ရင် ကျွန်တော် ဆေးရုံမှာ ခဏတစ်ဖြုတ် လာနေဖို့ စီစဉ် မယ်၊ အဲဒီလိုနေလိုက်ရင်း မီးစ်ဘတ်ကိုလဲ နေ့တိုင်း တွေ့လို့ရ မယ်လေ'

'ကျွန်တော်က ခင်ဗျားကို ဘာလုပ်ပေးနိုင်မှာမို့လို့လဲ'

'ကျွန်တော့် အတွက် နွေရာသီအားလပ်ရက်က မနက်ဖြန် စပြီဗျ၊ အဲဒါကျွန်တော့် မျက်နှာကို ပြုပြင်မလားလို့စဉ်းစား တယ်၊ အဲ့ဒီလို ပြောလိုက်လို့ ခင်ဗျား အံ့အားသင့်သွား လား'

'လုံးဝ မအံ့အားသင့်ပါဘူးဗျာ၊ ဒီခေတ် ဒီအခါမှာ ယောကျ်ားတွေလဲ ဒါတွေ လုပ်နေကြတာပဲဟာ၊ ဒါပေမယ့် လာလုပ်တဲ့ လူတွေက ခင်ဗျားထက် အသက်ကြီးပုံ ရကြတာ တော့ အမှန်ပဲ'

'ကျွန်တော်က လေးဆယ့်ခုနစ်နှစ် ရှိပြီ၊ ဒါပေမယ့် ဖန် တစ်ရာတေနေတဲ့ စကားဟောင်းကြီးအတိုင်း ပြောရရင် ကျွန်တော် အဝက ကြမ်းတမ်းခဲ့တယ်ပေါ့ဗျာ၊ အဲ့ဒါကို ကျွန်တော့် မျက်နှာက သက်သေထူနေပါတယ်၊ ကျံအာ

လျော်စွာ တခြားကိုယ်ခန္ဓာ အစိတ်အပိုင်းတွေက သန်မာ ဖျတ်လတ်နေလို့ တော်ပါသေးရဲ့၊ ခင်ဗျား ကျွန်တော့်ကို ဒီထက်နုပျိုတဲ့ရုပ်မျိုး ပေါ်လာအောင် ဆောင်ကြဉ်းပေးနိုင် မယ် ထင်လား’

မိုက်က သူ့အနီးသို့ ကပ်သွားသည်။ စားပွဲတင်မီးကို မက် ကာသီ့ မျက်နှာပေါ်သို့ ထိုးသည်။ ပြီးတော့ ခဏတာမျှ အနီးကပ် လေ့လာကြည့်သည်။

‘အတော်ကြီး ယိုယွင်းနေပြီ မဟုတ်လား’

စိတ်ရောဂါကု ဆရာဝန်က ခြောက်ကပ်စွာ ပြုံးလျက် မေးသည်။

‘ပိုဆိုးတာကို ကျွန်တော်တွေ့နေရတယ်၊ ခင်ဗျား ဘာဖြစ်လို့ ဒီမုတ်ဆိတ်မွေးချွန်ချွန်ကို မွေးထားတယ်ဆိုတာ ပြောပြ နိုင်မလား’

‘ကျွန်တော် အရှက်ကြီးရှက်နေတဲ့ကိစ္စကိုခင်ဗျားသိမှဖြစ် မယ်ဆိုရင် ပြောပြပါ့မယ်၊ အဲ့ဒီမုတ်ဆိတ်မွေးက တိုနေတဲ့ မေးစေ့ကို ဖုံးကွယ်ဖို့ မွေးထားတာဗျ’

‘အဲ့ဒီလောက်ထိတော့ ကျွန်တော် စဉ်းစားမိပါတယ်’

မိုက်က စားပွဲတင်မီးကိုပိတ်ပြီး မူလအနေအထားအတိုင်း ပြန်ရွှေ့ထားလိုက်၏။

‘မုတ်ဆိတ်မွေး ထားရတာကို အထူးတလည် ကြိုက်လို့ လား’



‘မျက်ရစ်တွေ ဖောင်းနေတာ၊ ပါးရည်တွေ တွဲကျနေ တာ၊ မေးစေ့တိုနေတာထက် ပိုပြီး မကြိုက်ပါဘူး’

‘ဒါဆိုရင် မျက်နှာတစ်ခုလုံး ပြုပြင်ဖို့ ကျွန်တော် အကြံ ပေးမယ်ဗျာ၊ မျက်လုံးအောက်က အဆီအိတ်တွေ ဖယ်ထုတ် မယ်၊ နှာခေါင်းရိုး ချွန်ကောက်နေတာ ဖြောင့်စင်းသွား အောင် ညှိပစ်မယ်၊ နှာရိုးအလယ်မှာ ဖုနေတဲ့ ဘုကြီးကို ညှိပစ်ရင်း ပိုလာတဲ့ အရိုးကို မေးစေ့မှာ ပြန်ဖြည့်ပစ် မယ်’

‘ခင်ဗျား အဲ့ဒါတွေ အကုန်လုံးကို တစ်ထိုင်တည်းနဲ့ လုပ် နိုင်လို့လား’

‘သိပ်လုပ်နိုင်တာပေါ့၊ မေးစေ့ကိုဖြည့်ဖို့ နှာရိုးအဖုကိုယူ တာဟာ အရိုးရှာရတာ အလွယ်ဆုံးပဲ၊ ဒါပေမယ့် ခင်ဗျား မျက်နှာနဲ့ လိုက်ဖက်တဲ့ မေးစေ့အချိုးအစား ရအောင် အရိုးက လုံလောက်ချင်မှ လုံလောက်မယ်၊ အဲ့ဒါဆို ခင်ဗျား တင်ပါးရိုးကနေ ခင်လွယ်လွယ်ထုတ်ယူလို့ရတယ်၊ဒါမှမဟုတ် နံရိုးလွတ်တွေက ရိုးဆက်အရွတ်တချို့ကို ထုတ်ယူမယ်ဗျာ’

‘ကဲ....ခင်ဗျားမှာ လူနာတစ်ယောက် ရပြီလို့ မှတ်လိုက် ဗျာ၊ ဒါပေမယ့် နှာခေါင်းနဲ့ ပတ်သက်လို့တော့ ကျွန်တော် နည်းနည်းစဉ်းစားဦးမယ်၊ ဒီနှာခေါင်းကို ကျွန်တော် တွယ် တာသလို ဖြစ်နေမိလို့’

‘ခင်ဗျား သဘောကျတယ်ဆိုရင် နှာခေါင်းကို ဒီအတိုင်း ထားလေ၊ မေးစေ့အတွက် အရိုးကတော့ တင်ပါးရိုးကနေ အလွယ်တကူ ထုတ်ယူလို့ ရပါတယ်’

'ဘယ်တော့လောက် ခွဲစိတ်နိုင်မလဲ'

'ခင်ဗျားအားပြီဆိုတာနဲ့ လုပ်လို့ရတယ်၊ ကျွန်တော်က ရုပ်အလှပြင် ခွဲစိတ်ကုသတဲ့ အလုပ်ကို လုပ်ရတာ နည်းနေသေးတယ်ဗျ'

'တနင်္လာမနက်ဆို အဆင်ပြေမလား'

'ကျွန်တော် ခဏနေရင် ဂျက်နက်ဘတ်ကို ကြည့်ဖို့ တက္ကသိုလ် ဆေးရုံကို သွားမှာပဲ၊ အဲဒီကျတော့မှပဲ အခန်းတစ်ခန်းရဖို့နဲ့ ခွဲစိတ်ခန်းပြင်ဆင်ထားဖို့ ကျွန်တော်စီစဉ်ထားပါ့မယ်၊ သမားတော်ကြီး ဘယ်လောက်ကျမယ်ဆိုတာ ခင်ဗျားမသိချင်ဘူးလား'

'မွေးသက်ကျမ်းစာထဲက တစ်နေရာရာမှာရေးထားတယ်ဗျ၊ အလုပ်ကြမ်းသမားတောင် သူ့ကြေးနဲ့သူရှိတယ်၊ အသေးစိတ် သိချင်ရင်တော့ ခင်ဗျားဘာသာ ခင်ဗျားရှာကြည့်'

'အဲ့ဒီလောက်လက်စင်တဲ့အလုပ်တစ်ခုအတွက် ကျွန်တော့် သူနေကျကြေးက ဒေါ်လာငါးထောင်ပဲ၊ လုပ်ဖော်ကိုင်ဖက် ဆရာဝန် တစ်ယောက်မို့လို့ လျှော့ပေးရမယ်ဆိုရင် သုံးထောင်အထိ လျှော့ပေးလို့ ရပါတယ်'

'ကျွန်တော် သဘောတူနိုင်တဲ့အနေအထားမှာရှိပါတယ်'

'ဒါဆို ခင်ဗျားဆေးရုံတက်ဖို့ စီစဉ်တော့လေ၊ စနေနေ့ ညနေပိုင်းမှာ မေ့ဆေးမသုံးမီ ကြိုတင်စမ်းသပ်မှုတွေ လုပ်ရ



မယ်၊ စနေ တနင်္ဂနွေ ရုံးပိတ်ရက်မှာ ကျွန်တော်မြို့ထဲမှာပဲ ရှိနေမယ်၊ ဒီတော့ တနင်္ဂနွေမနက်ကျတော့ ဆေးရုံကို ဝင်လာပြီး ခင်ဗျားကို မုတ်ဆိတ်မွေးမပါဘဲ ဓာတ်ပုံတွေ ရိုက်ကြည့်မယ်'

'အဲဒီအကြောင်း တွေးကြည့်ရမှာတောင် ကျောချမ်းတယ်ဗျို့'

ဟု မက်ကာသီက ပြောင်ချော်ချော် ပြော၏။ ပြီးမှ...

'တနင်္ဂနွေနေ့ကျမှ တွေ့မယ်လေ ဒေါက်တာ'

ဟု ဆက်ပြောလိုက်၏။

## ၁၉။

နောက်နေ့နံနက်တွင် မိုက်သည် တက္ကသိုလ်ဆေးရုံရှိဂျက်နက်ဘတ်၏ အခန်းထဲသို့ ဝင်သွားသောအခါ ဂျက်နက်ဘတ် အိပ်ရာမှနိုးနေပြီဖြစ်ကြောင်း တွေ့ရ၏။ ဆေးမှတ်တမ်း စာရွက်တွင် ညက အိပ်ဆေးတစ်လုံးသာ ထိုးပေးရကြောင်း ဖော်ပြထားသည်။

'ခင်ဗျားကို ကြည့်ရတာ အတော်အခြေအနေကောင်းနေပါလား'

'လူလိမ်ကြီး၊ ကျွန်မကိုကြည့်ရတာ သံချပ်မျက်နှာဖုံးစွပ်ထားတဲ့လူလိုပဲ၊ ဒီအစည်းအနှောင်တွေကို ဘယ်လောက်ကြာကြာဆက်ပြီး စည်းနေရဦးမှာလဲ'

'နှစ်ပတ်လောက်၊ကျိုးသွားတဲ့အရိုးတွေပြန်ဆက်တဲ့အထိပေါ့'



'အစစအရာရာ ရှင်လိုချင်တဲ့ပုံစံအတိုင်း ဖြစ်ရဲ့လား'

'စင်းလုံးချောပဲ၊ ကျွန်တော် လေပြွန်ပိုက်ကိုထုတ်ပေးမယ်'

'နမူနာရုပ်တုကလေးမရှိတော့တာကို ဒီနေ့မနက် တွေ့ရတော့ အရုပ်ကလေးကို ရှင်ယူသွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အဲဒီအရုပ်နဲ့တူတော့မှာ မဟုတ်လို့ ဆိုပြီး ကျွန်မ စိတ်မကောင်း ဖြစ်လိုက်ရသေးတယ်'

မိုက်က သူ့လည်ပင်းမှ အနာကလေးကို ပတ်တီးစည်းပေးနေခိုက် ဂျက်နက်က ဝန်ခံစကားဆို၏။

'အဲဒီအရုပ်ကို ကြေးသွန်းဖို့ ဒီမနက်ပဲ ဆေးရုံကို လာရင်း ကြေးသွန်းအလုပ်ရုံမှာ ဝင်ပေးခဲ့တယ်လေ'

'ရှင် အမြဲတမ်း ဒီလိုပဲ ကိုယ့်အလုပ်ကိုယ်ယုံကြည်စိတ်ချသလားဟင်'

'ကျွန်တော် ခင်ဗျားကို ကတိပေးထားတယ်မဟုတ်လား၊ ခင်ဗျားစိတ်တိုင်းကျအလှဆုံးဖြစ်အောင် လုပ်ပေးမယ်လို့၊ ခုချိန်ထိ ဘာများမကျေနပ်တာရှိလဲ'

'တစ်ခုပဲရှိပါတယ်၊ ကျွန်မရင်ဘက်မှာ ဘာဖြစ်လို့မျော့ ပတ်တီးကြီး စည်းထားရတာလဲ၊ အသက်ပြင်းပြင်း ရှူလိုက်တိုင်း အဲဒီပတ်တီးကြီး စန့်တွက်လာတာကို ခံစားလို့ ရနေတယ်၊ တစ်ခါတလေကျတော့လဲ လက်မောင်းတွေ အောက်က နာတယ်ရှင့်'

'အဲဒါကတော့ အစားထိုးပစ္စည်းတွေရဲ့ ပတ်လည်မှာ သွေးတွေစုမနေအောင် တားဆီးဖို့'

'ဘာအစားထိုး ပစ္စည်းတွေလဲရှင်'

'ခင်ဗျာ့ရင်သားနှစ်မြွာရဲ့အောက်မှာ ကျွန်တော် ထည့်ပေးသွားတဲ့ ဆီလီကွန် အဆီခဲအိတ်တွေလေ'

'ကျွန်မ ချီကာဂိုမှာ ရင်သားပြုပြင်မှုနဲ့ ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ် ရေးဖူးတယ်၊ ဒီတော့ ရင်သားပြုပြင်တဲ့အခါမှာ ရှင်တို့ ပလတ်စတစ်ဆရာဝန်တွေ ဘာလုပ်ကြတယ်ဆိုတာ ကျွန်မသိပါတယ်၊ ခုရှင်ပြောနေတာက ကျွန်မကိုလဲ အဲဒီလိုအစား တစ်ခုနှစ်ခု ထိုးလိုက်တယ်လို့ ပြောတာလား'

'မျက်နှာ ခွဲစိတ်ပြုပြင်မှုတွေပြီးသွားတော့ ခင်ဗျာ့အခြေအနေက သိပ်ကောင်းနေတယ်၊ ဒီတော့ တစ်ဆက်တည်းပဲ ခင်ဗျာ့ရင်သားနှစ်မြွာအောက်မှာ ဆီလီကွန်အဆီခဲအိတ်တွေ ထည့်ပေးလိုက်တယ်၊ ခင်ဗျား မေတ္တာရပ်ခံခဲ့တဲ့အတိုင်းအတိအကျပဲလေ'

'ကျွန်မရင်သားကို ဘာလုပ်ပေးပါ ညာလုပ်ပေးပါလို့ ပြောမိလို့လား၊ ကျွန်မတော့ မမှတ်မိတော့ဘူး ဒေါက်တာ'

သူ့အသံသည် ဒေါသကြောင့်မာဆတ်နေ၏။

'ခင်ဗျားကို မခွဲခင်ညနေက ကျွန်တော်ပြန်မယ်လုပ်တုန်း ခင်ဗျားက ကျွန်တော့်ကိုပြန်ခေါ်တယ်၊ ပြီးတော့ ခင်ဗျားက ပြောတယ်၊ 'ရှင် ကျွန်မကို အဲဒီနတ်ဘုရားမနဲ့တူအောင် ပြုပြင်ဖန်တီးပေးတဲ့နောက်မှတော့ နတ်ဘုရားမတစ်ပါးမှာ ရှိသင့်ရှိထိုက်တဲ့ ရင်သားမျိုးပါ ဖန်တီးပေးပါလား'တဲ့၊



အဲဒီခွဲစိတ်ပြုပြင်မှုအတွက် သဘောတူခွင့်ပြုလွှာကိုလဲခင်ဗျား လက်မှတ်ထိုးပေးခဲ့တာပဲ'

'အဲဒီစာရွက်ကို ကြည့်ပါရစေ'

သူ့လေသံတွင် ဒေါသရိပ်ကလေး မဆိုစလောက်လျော့သွားသည်။ ယုတ်စွအဆုံး မိမိနားကြားမှားတာမဟုတ်ပါစေနဲ့ဟု မိုက်ဆုတောင်းမိ၏။

'ကျွန်မတော့ ခုထိ သတိမရသေးဘူးရှင့်'

မိုက်က လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။ တာဝန်ကျဆရာမကဌာနတွင်းစကားပြောစက်ဖြင့်ဖြေသည်။

'တစ်ဆိတ်လောက်ဗျာ....မီးစ်ဘတ်ရဲ့ ခွဲစိတ်ကုသမှုခွင့်ပြုလွှာတွေ ကျွန်တော့်ထံ လာပေးပါလား၊ နှစ်စောင်စလုံးနော်'

'ဟုတ်ကဲ့....ဒေါက်တာ၊ ခုချက်ချင်း လာခဲ့ပါမယ်'

ခဏနေတော့ တံခါးကို ခပ်ဖွဖွခေါက်သံ ကြားရသည်။ သူနာပြုဆရာမဝင်လာပြီး မိုက်အား စာညှပ်ကတ်ပြားတစ်ခု ပေးသည်။ စာညှပ်ကတ်ပြားတွင် ညှပ်ထားသည်မှာ ခွင့်ပြုလွှာ နှစ်စောင်။ မိုက်က ကတ်ပြားကို ဂျက်နက်အား လှမ်းပေးသည်။ ဂျက်နက်က စာနှစ်စောင်ကို စေ့စေ့ကြည့်နေသည်။ ခဏအကြာတွင် မိုက်က....

'ခွင့်ပြုလွှာ နှစ်စောင်ပေါ်က လက်မှတ်တွေဟာ ခင်ဗျာ့လက်မှတ်တွေ ဟုတ်ရဲ့လား'

ဟု မေးလိုက်၏။

'ကြည့်ရတာ ကျွန်မ လက်မှတ်တွေလိုပါပဲ၊ ဒါပေမယ့် ရှင်သား ခွဲစိတ်ဖို့အကြောင်း ရှင့်ကို ပြောမိတယ်လို့ ကျွန်မ အစဖော်ကြည့်လို့ မရသေးဘူးရှင့်'

သူက သူနာပြုဆရာမအား စာညှပ်ကတ်ပြားကို လှမ်းပေးသည်။ ဆရာမ အခန်းထဲမှ ထွက်သွားသည်။

'အဲဒါတင်မဟုတ်သေးဘူး၊ ရှင့်ကို အဲ့ဒီလို လုပ်ခွင့်ပေးဖို့ ခွင့်ပြုလွှာပေါ်မှာ လက်မှတ်ထိုးပေးတာကိုလဲသတိမရဘူး'

'ပတ်တီးကြီးခွာပြီး ခင်ဗျားမှာ အက်ဖရိုဒိုက်ရဲ့ ရင်သားမျိုး ရှိနေပြီဆိုတာကို ခင်ဗျားကိုယ်တိုင် သိလာရတဲ့ အခါကျတော့ ခင်ဗျား လက်မှတ်ထိုးခဲ့မိတဲ့အတွက် ကျေနပ် ဝမ်းသာသွားမှာပါ'

ဂျက်နက် ပခုံးတွန့်လိုက်၏။ ခံစားလိုက်ရသည့်နာကျင်မှုဝေဒနာကြောင့် သူ့မျက်နှာ ရှုံ့မဲ့သွားသည်။

'ကျွန်မမှာ သွားတွေနဲ့ သားရေကြိုး ကန့်ယက်တွေရဲ့ကြားထဲက သွင်းပေးတဲ့ ကလေးအစားအစာကို မျိုချနေရတာရှင့်၊ ဒါပေမယ့်လေ.... ကျွန်မ အသက် ရှင်နေတာကိုပဲ ကျေးဇူးတင် ဝမ်းမြောက်ရမယ် ထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မ ကိုယ်ပေါ်မှာ အလေးချိန်တွေ သိပ်များနေတယ်လေ၊ ဒီတော့ ကလေးအစားအစာတွေပဲ မျိုနေရတဲ့အတွက် အခြေအနေတွေ ပိုဆိုးမလာနိုင်တော့ပါဘူး'

'ဒါထက် စကားမစပ်ပြောရဦးမယ်၊ တနင်္လာနေ့ကျရင် ခင်ဗျားသိတဲ့ လူတစ်ယောက်ကို ခွဲစိတ်ကုသပေးရဦးမယ်ဗျ၊ ဒေါက်တာ မက်ကာသီက သူ့မျက်နှာကို ခွဲစိတ်ပြုပြင်မလို့တဲ့'



'သူ့ရဲ့ လက်ရှိမျက်နှာနဲ့ဆိုရင် ရှင် ဘာပဲ လုပ်ပေး လုပ်ပေး ပိုကောင်းလာဖို့ပဲ ရှိတယ်၊ ကျွန်မဟာ ရှင့်အတွက် ကံကောင်းမှုကို ဆောင်ကြဉ်း လာသူများ ဖြစ်နေမလား ဒေါက်တာကန်း'

'ကံကောင်းမှုက ခုပဲစနေပါပြီ။ လူတော်သူတော်ထဲကို ခင်ဗျား ပြန်ဝင်တဲ့ အခါကျတော့ ခင်ဗျား ဘယ်လောက်ချောတယ် လှတယ်ဆိုတာကို လူတွေမြင်ကြတွေ့ကြလိမ့်မယ်၊ ခင်ဗျားနဲ့ ချိန်းတွေ့ခွင့်ရဖို့အတွက် ယောကျ်ားတွေက အလုအယက် ကြိုးစားကြလိမ့်မယ်လေ'

☆

၂၀။

ထိုနေ့ညနေပိုင်းတွင် ဂျော့စတန်းဖီး တယ်လီဖုန်းဆက်သည်။ သတင်းစာတိုက်ပိုင်ရှင်သည် စိတ် ကသိကအောက် ဖြစ်နေပုံရ၏။

'ညနေ ငါးနာရီကျရင် ဦးနဲ့ဂျယ်ရယ်ကို ဦးရဲ့ရုံးခန်းမှာ လာတွေ့နိုင်မလား မိုက်'

'ဟုတ်ကဲ့ ရပါတယ်၊ ဘာများဖြစ်လို့လဲ ခင်ဗျ'

'ဂျက်နက်နဲ့ပတ်သက်တဲ့ကိစ္စပါ၊ ဒါပေမယ့် ဦး တယ်လီဖုန်းထဲက မပြောချင်ဘူး'

'ငါးနာရီ အရောက်လာပါမယ်၊ ခု ကျွန်တော် နောက်ဆုံး လူနာကို ကြည့်နေပါပြီ'

စကားပြောခွက်ကို ပြန်ချိတ်လိုက်၏။ ပြီးတော့ စကားပြောခွက်ကို အကြာကြီးစိုက်ကြည့်နေသည်။ သည် သတင်း



စာ ဆရာကြီး ဘာဖြစ်နေပါလိမ့်၊ သူ့တူမ၏ ကျန်းမာရေးမှာ သည်လောက်ကောင်းမွန်နေပါလျက် ဘာတွေ ပြဿနာ ဖြစ်နေပါသလဲ။ ဂျယ်ရယ်ဟာတ်ချင်ဆန်က ပြဿနာ ရှာကောင်း ရှာမည်။ ထားပါ။ ဒါကို မိမိ မျှော်လင့်ထားပြီး ဖြစ်၏။ သို့သော်....စတန်းဖီးကတော့ မိမိကို ဒုက္ခပေးမည် မထင်။

ထို့နောက် စိတ်ထဲမှာ ဖျတ်ခနဲ အတွေးပေါ်လာသည့်အတိုင်း တက္ကသိုလ်ဆေးရုံသို့ လှမ်းဆက်လိုက်၏။ ပြီးတော့ ဂျက်နက်၏အခန်းရှိမည့် အထပ်သို့ ဆက်သွယ်သည်။ တယ်လီဖုန်း ဖြေသူမှာ အယ်လင်စထရာဘို။

'ခု ပြောနေတာ ဒေါက်တာကန်းပါ၊ ဒီနေ့ မီးစ်ဘာတ်ဆီကို ဧည့်သည်များ လာသေးလား'

'သူ့ဦးလေး မစ္စတာစတန်းဖီးနဲ့ သူ့ ခင်ပွန်းလောင်းပဲ လာပါတယ်၊ ဆရာပဲမှာထားတယ် မဟုတ်လား၊ သူတို့ နှစ်ယောက်ကတော့ လူနာကို အချိန်မရွေး ဝင်ကြည့်နိုင်တယ်လို့၊ ဒါတောင် ကျွန်မ ဆရာ့ဆီ လှမ်းဆက်နေတာ'

'ဘာကိစ္စ....'

'မီးစ်ဘာတ်နဲ့ စကားလဲပြောပြီးရော မစ္စတာစတန်းဖီးက အပြင်ဘက်ထွက်လာပြီး မီးစ်ဘာတ်ရဲ့ခွဲစိတ်ကုသမှု သဘောတူခွင့်ပြုလွှာတွေကို မိတ္တူ ကူးပေးနိုင်မလားလို့ မေးတယ်၊ မီးစ်ဘာတ်အတွက် ငွေရေးကြေးရေး ကိစ္စတွေ တာဝန်ယူဖို့ မစ္စတာ စတန်းဖီးဟာ မီးစ်ဘာတ်ရဲ့ အရင်းဆုံး ဆွေမျိုးလို့ ဆေးရုံမှတ်တမ်းမှာ စာရင်းသွင်းထားတာ တွေ့ရတယ်လေ၊

ဒီတော့ ခွင့်ပြုလွှာတွေကို မှတ်တမ်းဌာနကယူပြီး မိတ္တူကူး ပေးတာ ဘာမှ ပြဿနာမရှိနိုင်ဘူးလို့ ကျွန်မ ယူဆလိုက်တယ် ဆရာ'

'သူတို့နဲ့ တွေ့ရတဲ့အတွက် လူနာမှာ စိတ်အနှောင့်အယှက် ဖြစ်ပုံပေါ်နေလား'

'နည်းနည်းတော့ ဖြစ်ပုံရတယ်၊ သူတို့လဲ ပြန်သွားရော တာဝန်ကျဆရာမကို ခေါ်ပြီး ဆရာမှာသွားတဲ့အတိုင်း အိပ် ဆေးထိုးပေးဖို့ ပြောတာနဲ့ ကျွန်မတို့လဲ အိပ်ဆေး ထိုးပေး လိုက်တယ်၊ မွန်းလွဲပိုင်း တစ်ချိန်လုံးလို အိပ်နေတော့တာပဲ'

ဂျော့စတန်းဖီး၏ ရုံးခန်းထဲသို့ မိုက်ဝင်သွားတော့ ဂျယ် ရယ် ဟတ်ချင်ဆန်ကိုပါ တွေ့ရသည်။ သည်အတွက် မိုက် မအံ့သြ။ မိုက် အံ့သြမိသည်မှာ အခန်းထဲတွင် မျက်မှန်အထူ ကြီး တပ်ထားသည့် ပုပုဝဝ လူတစ်ယောက်ပါ ရှိနေခြင်း ပင်။

'သူက ပါမောက္ခ လိုင်ဘိုဝစ်၊ သူက ဒေါက်တာ ကန်း'

သတင်းစာ ဆရာကြီး၏ အသံသည် တယ်လီဖုန်းထဲက အသံထက် ပို၍ ဆတ်နေသည်။ အမူအရာမှာ ခါတိုင်းထက် ပို၍ ခပ်တန်းတန်း ဖြစ်နေသည်။ ဂျယ်ရယ်ဟတ်ချင်ဆန်၏ မျက်လုံးများကတော့ ကြည်နူးပီတိရိပ်ကိုသာ ပြနေ၏။ ရောမ ခေတ်က အားကစားကွင်းဟုခေါ်သော လူသတ်ကွင်းထဲတွင် သူရဲကောင်း နှစ်ဦး လက်နက်စွဲကိုင် တိုက်ခိုက်နေသည်ကို ကြည့်ပြီး ကျေနပ်ပီတိဖြစ်နေသည့်ပမာ။



'တရားရုံးမှာ အမှုတစ်ခုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နှစ်ယောက်စလုံး သက်သေအဖြစ် ထွက်ဆိုခဲ့ဖူးတယ် ခင်ဗျ၊ အဲဒီတုန်းက လိုင်ဘိုဝစ်နဲ့ဆုံဖူးပါတယ်'

မိုက်က လက်ရေးပါရဂူဖြစ်သူနှင့် လက်ဆွဲ နှုတ်ဆက်ရင်း ပြောလိုက်၏။

'ဦးတို့ ရှေ့ဆက်မပြောခင် ဦး စန့်ခံစရာတစ်ခုရှိနေတယ် ကွယ်'

'သဘောတူ ခွင့်ပြုလွှာတွေကို မိတ္တူ ကူးယူလာတာနဲ့ ပတ်သက်လို့လား'

'ဟုတ်တယ်၊ မောင်ရင်က ဘယ်လိုလုပ်ပြီး သိနေလဲ'

'စောစောက ဦး တယ်လီဖုန်း ဆက်ပြီးတော့ မီးစ်ဘာတ်ရဲ့ အခြေအနေပြောင်းလဲမှုများရှိသလား သိရအောင် ဆေးရုံကို ဖုန်းဆက်ကြည့်တယ်လေ၊ အဲဒီမှာ တာဝန်ကျဆရာမ မီးစ်စထရာဘိုက ပြောတယ်၊ ဦးက ခွင့်ပြုလွှာတွေကို မိတ္တူ ကူး ပေးပါဆိုလို့ ပေးလိုက်တယ်တဲ့'

'ဦး ဖဲဒီလိုမတောင်းမိမောင်ရင့်ဆီကိုကြိုတင်တယ်လီဖုန်း ဆက်သင့်ပါတယ်'

စတန်းဖီး ဝန်ခံစကား ဆို၏။

'ဒီနေ့ မွန်းလွဲစောစောပိုင်းမှာ ဦးတို့ဂျက်နက်ဆီ သွား တော့ သူ့ ခုတင်ခြေရင်းမှာ ဆေးမှတ်တမ်းစာရွက်ကို ချိတ် ထားတာ တွေ့တယ်၊ ဒါနဲ့ ဂျယ်ရယ်က အဲဒီ စာရွက်တွေကို လှန်လှောကြည့်ခဲ့တယ်'

'ခွင့်ပြုလွှာ နှစ်စောင်ပေါ်မှာ ထိုးထားတဲ့ လက်မှတ်တွေ ဟာ တစ်ခုနဲ့တစ်ခု မတူတာကို ကျုပ်တွေ့ရတယ်'

ဟတ်ချင်ဆန်က ကိုယ်တိုင် ဇာတ်ကြောင်းပြန်သည်။

'ခွင့်ပြုလွှာ တစ်စောင်ပေါ်က လက်မှတ်တွေဟာ အတု ဖြစ်နေတာ ထင်ရှားတယ်၊ ဒါနဲ့ အဲဒီ ခွင့်ပြုလွှာတွေကို မိတ္တူကူးယူခဲ့ပြီး လက်ရေး ပါရဂူ တစ်ယောက်ယောက်ကို ပြကြည့်ဖို့ ဂျော့ကို ကျုပ်ဇွတ်ခိုင်းခဲ့တာ'

'ဒီတော့ ဦးလဲ ဒေါက်တာ လိုင်ဘိုဝစ်ကိုပဲ သတိရမိတာ ပေါ့ကွယ်၊ မောင်ရင်လဲ သိချင်မှာပေါ့၊ လက်ရေးနဲ့ ပတ်သက် လာရင် သူ့ယူဆချက်တွေဟာ ခိုင်လုံယုံကြည်လောက်တယ် ဆိုတာလေ၊ ဒါကို တရားရုံးချုပ်ကတောင် အသိအမှတ်ပြု တယ်'

'ပါရဂူကြီးရဲ့ ယူဆချက်ကို ကျွန်တော်ကြားပါရစေ'

မိုက်က တိုးတိတ်စွာ ပြော၏။

'ခွင့်ပြုလွှာ နှစ်စောင်ပေါ်က လက်မှတ်တွေ မတူတာကို ပါရဂူကြီး တွေ့ကောင်းတွေ့ပါလိမ့်မယ်၊ ဒါပေမယ့် အဲဒီ နှစ်စောင်စလုံးကို မီးစ်ဘတ် ကိုယ်တိုင် လက်မှတ်ထိုးခဲ့တာ ဆိုတာကိုတော့ ကျွန်တော် မဲရဲရဲကြီး ပြောနိုင်ပါတယ်'

ဂျယ်ရယ်ဟတ်ချင်ဆန်က ဟွန်းခနဲ အသံထွက်ပြီး ပြက်ရယ် ပြု၏။ သို့သော်-ဝေဖန်ချက်တော့ မပေး။

'ကဲ....ဆက်လုပ်ပါဦး ပါရဂူကြီး'

စတန်းဖီးက ပြောသည်။ လိုင်ဘိုဝစ်က မိတ္တူကူးထား သည့် စာသုံးစောင်ကို စတန်းဖီး၏ စားပွဲပေါ်တွင် စီပြီး



ခင်းသည်။ ပြီးတော့ စားပွဲတင်မီးကိုဖွင့်ကာ စာရွက်များ ပေါ်သို့ ထိုးထားသည်။ ကုတ်အင်္ကျီ ပွပွကြီး၏ အိတ်ထဲမှ မှန်ဘီလူးတစ်ချပ် ထုတ်ယူသည်။

'ဒီ သက်သေခံပစ္စည်းသုံးခုကို အေ၊ ဘီနဲ့စီလို့ အမှတ် အသား လုပ်ထားတယ်'

သူ့လေသံမှာ တရားရုံးတွင်ထွက်ဆိုချက်ပေးသည့်အတိုင်း ဖြစ်နေသည်ဟု မိုက် တွေးမိ၏။

'အထောက်အထားပစ္စည်း အေက လွန်ခဲ့တဲ့ နှစ်ပတ်က မစ္စတာ စတန်းဖီးဆီကို မီးစ်ဘတ်ရေးခဲ့တဲ့စာ၊ အထောက် အထားပစ္စည်း ဘီက ခွဲစိတ်ကုသမှု သဘောတူ ခွင့်ပြုလွှာ၊ ဒီခွင့်ပြုလွှာပေါ်မှာ မီးစ်ဘတ် လက်မှတ်ထိုးပြီး သူနာပြု ဆရာမ အမန်ဒါ ရှက်ဖ်တဲက သက်သေအဖြစ် လက်မှတ်ထိုး ထားတယ်'

'မစ္စစ် ရှက်ဖ်တဲက အဲဒီအထပ်မှာ မနက်ပိုင်း တာဝန်ကျ ဆရာမပါ'

မိုက်က ရှင်းပြသည်။

'ဒီစာရွက်ကို မီးစ်ဘတ်ကို လိုအပ်တဲ့ ခွဲစိတ်မှုတွေကို ဒေါက်တာကန်းက ပြုလုပ်ပေးဖို့ ခွင့်ပြုကြောင်း ဖော်ပြ ထားပြီး ဒီစာကို မီးစ်ဘတ်ကိုယ်တိုင် လက်မှတ်ထိုးထားပုံ ရတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီစာပေါ်က လက်မှတ်နဲ့ မစ္စတာစတန်းဖီးဆီကို ပို့တဲ့စာပေါ်ကလက်မှတ်ဟာ ထပ်တူ ထပ်မျှ တူနေလို့ပဲ'

'ဒါဆို ဒုတိယပုံစံပေါ်က လက်မှတ်ဟာ သူကိုယ်တိုင်ထိုးသွားတာ မဟုတ်ဘူးလို့ ပါရဂူကြီးက ပြောနေတာလား'

မိုက်က မေးလိုက်၏။

'ပါရဂူကြီးလိုင်ဘိုဝစ် ထွက်ဆိုဖို့ပြင်ဆင်နေတဲ့အတိုင်းပါပဲ၊ ဒီစာကို ဂျက်နက် လက်မှတ်ထိုးထားတာ မဟုတ်ဘူး ဆိုတာ သေချာတယ်'

ဟတ်ချင်ဆန်က အောင်မြင်သောလေသံဖြင့် ခပ်စွာစွာ ပြော၏။

'လူကြီးမင်းတို့....တစ်ဆိတ်လောက်ဗျာ....'

ဟု လက်ရေးပါရဂူက မေတ္တာရပ်ခံသည်။ ပြီးမှ....

'ကျွန်တော့်ရဲ့ ချဲခြမ်းစိတ်ဖြာ တင်ပြမှုကို ဆက်ပြောပါရစေဦး၊ ပြီးမှ ဘာအဓိပ္ပာယ်လဲ ဆိုတာ ဆွေးနွေးကြတာပေါ့'

ဟု ပြောသည်။

'ကျွန်တော် တောင်းပန်ပါတယ် ပါရဂူကြီး၊ တစ်ဆိတ်လောက် ဆက်ပြောပါ'

မိုက်က တောင်းပန်စကားဆိုလိုက်၏။

'အထောက်အထားပြပစ္စည်း 'ခ'ကတော့ 'ဘီ'နဲ့ ပုံစံတူ ခွင့်ပြုလွှာပဲ၊ ဒီစာမှာ မီးစ်ဘတ်ရဲ့ ရင်သားနှစ်မွှာကို ကြီးထွားလာအောင် ခွဲစိတ်ပြုပြင်ဖို့ ဒေါက်တာကန်းကို ခွင့်ပြုကြောင်း ဖော်ပြထားတယ်'

'နောက်ပြီးတော့ အဲဒီညနေမှာပဲ သူကိုယ်တိုင် လက်မှတ်ထိုးခဲ့တယ်'



မိုက်က ခိုင်ခိုင်မာမာကြီး ဝင်ပြောသည်။

'ဒီစာပေါ်မှာ သူ့နာမည်နဲ့ လက်မှတ်ထိုးထားတယ်'

လိုင်ဘိုဝစ်ကလည်း မိုက်လိုပင် ခိုင်ခိုင်မာမာကြီး ပြောသည်။

'ဒါပေမယ့် ဖစ္စတာစတန်းဖီးဆီကို ရေးခဲ့တဲ့အထောက်အထားပြပစ္စည်း 'အေ'ရယ်၊ သဘောတူခွင့်ပြုလွှာ ဖြစ်တဲ့ အထောက်အထားပြပစ္စည်း 'ဘီ'ရယ်ပေါ်မှာ လက်မှတ်ထိုးတဲ့ လက်နဲ့ ထိုးထားတာမဟုတ်ဘူး'

'အဲဒါ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး'

မိုက် ဟစ်ကြွေးလိုက်၏။

'တကယ်ဖြစ်နိုင်ခြေရှိတာကို ခင်ဗျား မျက်စိလျှမ်းနေတာဘိုး ဒေါက်တာ'

ဂျယ်ရယ်ဟတ်ချင်ဆန်က ခပ်ဆတ်ဆတ် ဝင်ပြောသည်။ ပြီးမှ....

'လက်မှတ်တုလေဗျာ'

ဟု ဆက်ပြောသည်။

'အဲဒါ လိမ်တာ'

မိုက် ခပ်ပြတ်ပြတ် ပြောပစ်လိုက်၏။

'အဲဒီစွပ်စွဲချက်အတွက် ခင်ဗျား တရားရုံးမှာ အပြေပေးရလိမ့်မယ်'

'ကျုပ်တို့ကလဲ အဲဒီအတိုင်း မျှော်လင့်ထားပါတယ်'

ဟု ဟတ်ချင်ဆန်ကလည်း ယုံကြည်မှုအပြည့်ဖြင့် ပြန်ပြော၏။

'လူကြီးမင်းတို့၊ တစ်ဆိတ်လောက်ကွယ်....ခုချိန်မှာဘယ်သူက ဘယ်သူ့ကို တရားစွဲမယ်ဆိုတဲ့ ကိစ္စ မပေါ်သေးပါဘူး၊ ဂျက်နက်ရဲ့ အရင်းဆုံး ဆွေမျိုးတစ်ယောက်အနေနဲ့ ဦးလုပ်ဖို့ ကြိုးစားနေတာက ဘာတွေဖြစ်ကုန်တာလဲ ဆိုတာကို ဖော်ထုတ်ဖို့ပဲ၊ ကဲ....ပါရဂူကြီး၊ ဆက်ပြောပါဦး'

'ဒုတိယပုံစံပေါ်မှာ သက်သေအဖြစ် လက်မှတ်ထိုးတာက တခြားတစ်ယောက် ဖြစ်နေတယ်၊ သူ့နာမည်က ဖတ်ရတာခက်တယ်၊ ဒါပေမယ့် ကြည့်ရတာ စထရာဘိုဖြစ်မယ်.... အယ်လင်စထရာဘို'

'မီးစ်အယ်လင်စထရာဘိုက သုံးနာရီ– ဆယ့်တစ်နာရီ တာဝန်ကျ ဆရာမပါ၊ မီးစ်ဘာတ်က ရင်သားခွဲစိတ်ပြုပြင်မှုလုပ်ပေးဖို့ ကျွန်တော့်ကိုပြောတာ မျက်နှာခွဲစိတ်ပြုပြင်မှု မလုပ်မီ အကြိုနေ့ ညနေငါးနာရီ....သူ့အခန်းကကျွန်တော် ပြန်မယ့်အလုပ်မှာ ပြောတာပါ၊ဒါနဲ့ ကျွန်တော်က မီးစ်စထရာဘိုကို ခွင့်ပြုလွှာတစ်စောင် ပြင်ဆင်ပြီး မီးစ်ဘာတ်ကို လက်မှတ်ထိုးခိုင်းဖို့၊ပြီးတော့ သက်သေအဖြစ် သူပါလက်မှတ်ထိုးဖို့ မှာခဲ့ပါတယ်၊ မီးစ်စထရာဘိုက ကျွန်တော် မှာခဲ့တဲ့အတိုင်း ဆောင်ရွက်ခဲ့တယ်၊ ဒါဟာ ဆေးရုံမှာ လုပ်ရိုး လုပ်စဉ် အလုပ်တစ်ခုပါ၊ ဒါပေမယ့် ခုမှဘယ်လိုဖြစ်ပြီးမီးစ်ဘာတ်ရဲ့ လက်မှတ် မဟုတ်ဘူး ဆိုတဲ့ ပြဿနာက ပေါ်လာရတာလဲ'

'သက်သေအထောက်အထားက တော်တော်လေးခိုင်လုံနေတယ် ဒေါက်တာကန်း၊ မီးစ်ဘာတ်ရဲ့လက်မှတ်ကို ထိုးသူ



ဟာ သူ့လက်မှတ်နဲ့ တူအောင် တော်တော် ကြိုးစားပြီးထိုးတယ်၊ ဒါပေမယ့် နောက်ဆုံးလက်မှတ်က ရှေ့လက်မှတ်နှစ်ခုနဲ့ မတူဘူး၊ အဆွဲအသတ်ကလေးတွေမှာ နည်းနည်းကွဲလွဲနေတယ်'

ပါရဂူလိုင်ဘိုဝစ်က ရှင်းပြသည်။

'ဒါဆိုလဲ ဘာဖြစ်လို့ မီးစ်ဘာတ်ကို ခင်ဗျားကိုယ်တိုင်မေးမကြည့်လဲ'

မိုက် တောင်းဆိုလိုက်၏။

'ကျုပ်တို့ မေးပြီးပြီ၊ ဒုတိယခွင့်ပြုလွှာကို သူ့ကို ပြကြည့်တော့ သူ လက်မှတ်ထိုးခဲ့တယ် ဆိုတာကို သတိမရဘူးတဲ့'

ဂျယ်ရယ်ဟာတ်ချင်ဆန်က ဝင်ပြောသည်။

မထင်မှတ်သည့် ဖြစ်ရပ်များကြောင့် မိုက်မှာ အံ့အားတသင့် ဖြစ်နေသည်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ သည်ပြဿနာကို ဖြေရှင်းရန် သူ့မှာ လောလောဆယ် အဖြေ မရှိ။ ထို့ကြောင့် သူ့အတွေ့အကြုံကို တွေးတွေးဆဆ ပြောလိုက်၏။

'သူ့ရင်သား နှစ်မြွာကို ခွဲစိတ်ပြုပြင်ခဲ့တဲ့ အကြောင်း ဒီမနက် ကျွန်တော် ပြောပြတုန်းက သူ အံ့အားသင့်သွားတာတော့အမှန်ပဲ၊ ဒါပေမယ့် သူ့ကြည့်ရတာစိတ်အနှောင့်အယှက် ဖြစ်ပုံတော့ မရဘူးခင်ဗျ'

'နောက်ပိုင်းကျတော့ ဖြစ်တယ်၊ အကြီးအကျယ်ကို စိတ်အနှောင့်အယှက် ဖြစ်တာပေါ့'

ဂျယ်ရယ်ဟာတ်ချင်ဆန်က ပြောသည်။

'ဘယ်လိုပဲဖြစ်ဖြစ်လေ၊ သူ လက်မှတ်ထိုးထားတဲ့ ပထမ ခွင့်ပြုလွှာထဲမှာ လိုအပ်သလိုခဲ့စိတ်ပါလို့ ကျွန်တော့်ကိုခွင့်ပြုထားတာပဲ'

'တရားရုံးတော်မှာဆိုရင် ခင်ဗျားရဲ့လျှောက်လဲချက်ဟာ ဒုတိယခွင့်ပြုလွှာအတွက် အကျုံးဝင်မယ်မထင်ဘူး ဒေါက်တာ ကန်း'

ပါရဂူ လိုင်ဘိုဝစ်က ပြော၏။

'ဘာဖြစ်လို့ အကျုံးမဝင်ရမှာလဲ'

'ရင်သားခွဲစိတ် ပြုပြင်ဖို့ဟာ တကယ့်လိုအပ်ချက်လား'

'ရုပ်အလှပြုပြင်ဖို့အတွက် သေချာပေါက် လိုအပ်တာပေါ့'

'လေယာဉ်တိုက်မှုကြောင့် ဒဏ်ရာရသွားတဲ့ မီးစ်ဘတ်ရဲ့ ကိုယ်ခန္ဓာကိုပြုပြင်တာနဲ့ ရင်သားခွဲစိတ် ပြုပြင်မှုဟာ ဆက်စပ်နေလို့လား'

'မဆက်စပ်ဘူး၊ ဒါပေမယ့် ရင်သားခွဲစိတ် ပြုပြင်မှုကို ကျွန်တော် လုပ်ခဲ့တာဟာ သူ့ရဲ့ မေတ္တာရပ်ခံချက်ကြောင့် လုပ်ခဲ့တာဗျ၊ နေဦး....နေဦး၊ ဆေးရုံမှာရှိနေတဲ့ မီးစ်အယ်လင်စထရာဘိုကို လှမ်းဆက်ကြည့်လိုက်ရင် ဒီပြဿနာကြီး တစ်ခုလုံး ရှင်းသွားနိုင်တယ်'

မိုက်က ဂျော့စတန်းဖီး၏ စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်ရင်း 'ကျွန်တော် ဒီဟာသုံးလို့ ရမလား' ဟု မေးလိုက်၏။

'ရပါတယ်'



'တစ်ဆိတ်လောက် အသံချဲ့စက်နဲ့ ဆက်ပေးပါလား၊ သူပြောတာကို ဦးတို့အားလုံး ကြားစေချင်လို့ပါ'

မိုက်ကပြောရင်း တက္ကသိုလ်ဆေးရုံနံပါတ်ကို လှည့်သည်။ ပြီးတော့ ဂျက်နက်ဘတ် ဆိုသော လူနာရှိသည့် အထပ်မှ သူနာပြုဆရာမစားပွဲသို့ ဆက်သွယ်ပေးရန် ပြောလိုက်၏။ အဆက်အသွယ်ရသောအခါ မိုက်က စပြော၏။

'မီးစ်စထရာဘို....မီးစ်ဘတ်ကို မခွဲစိတ်မီ အကြိုနေ့ညနေပိုင်းမှာ ရင်သားခွဲစိတ်ပြုပြင်ဖို့ ခွင့်ပြုလွှာကိုယူပြီး အခန်းထဲ ဝင်သွားတဲ့အချိန်ကစပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ အတိအကျ ပြောပြစမ်းပါဗျာ'

'ဆရာဝန်တစ်ဦးက ခိုင်းရင် လုပ်နေကျအတိုင်း ခွင့်ပြုလွှာပုံစံပေါ်မှာ ခွဲစိတ်မှုအမျိုးအမည်ကိုဖြည့်တယ်၊ ပြီးတော့ လူနာရဲ့နာမည်ကိုဖြည့်တယ်၊ ပြီးတော့ အဲဒီပုံစံကို အခန်းထဲ ယူသွားပါတယ်'

'သူ လက်မှတ်ထိုးဖို့ တုံ့ဆိုင်းနေသေးလား'

'မတုံ့ဆိုင်းပါဘူး ဒေါက်တာ၊ ဒါပေမယ့် သူ့ကိုကြည့်ရတာ စိတ်လှုပ်ရှားနေသလိုပဲ၊ သူ ဘာသာသူ တစ်ယောက်တည်း ရယ်နေတယ်၊ နောက်ပြီး ခွင့်ပြုလွှာပုံစံကိုကြည့်လိုက်တဲ့အခါ သူ့မျက်လုံးတွေက တောက်ပနေတယ်၊ မျက်လုံးတွေထဲမှာ ထူးခြားတဲ့ အရောင်ကလေး လက်နေတယ်'

'ဘယ်ပုံဘယ်နည်း ထူးခြားတာလဲ'

'ဒဲ....ကောက်ကျစ်တဲ့အကြည့်လို့ ပြောရမယ် ထင်ပါရဲ့'

မိုက်သည်ထိုမေးခွန်းကိုမေးစဉ် လူအများကြားသာသည့် အသံချဲ့စက်နားတွင် ခါးကိုင်းပြီးထိုင်နေသည်။ယခု သူနာပြု ဆရာမ၏ အဖြေကိုကြားလိုက်ရသောအခါ ခါးကို ဆတ်ခနဲ ဆန့်လိုက်၏။ သူ့မျက်နှာမှာ လန့်ဖျပ်သွားသည့် အသွင် ပေါ်နေ၏။

'ခင်ဗျား ဘာပြောလိုက်တယ်၊ ကောက်ကျစ်တဲ့အကြည့် ဟုတ်လား'

'ဟုတ်ကဲ့၊ သိတယ် မဟုတ်လား၊ စိတ်လှုပ်ရှားနေတယ် လေ၊ တစ်စုံတစ်ယောက်ကို ဒုက္ခပေးလိုက်ရလို့ စိတ်လှုပ်ရှား နေပုံမျိုးပေါ့၊ သူ့အသံကလဲ ပြောင်းနေတယ်၊ အက်တက် တက် အသံမျိုး၊ ခွင့်ပြုလွှာပုံစံပေါ်မှာ လက်မှတ်ထိုးတော့ သူ့လက်တွေ နည်းနည်းတုန်နေတယ်ရှင့်'

'ဒါပေမယ့် လက်မှတ်ထိုးဖို့တော့ မငြင်းဘူးမဟုတ်လား'

'အို....မငြင်းပါဘူး၊ တိတိကျကျပြောရရင် အဲဒီပုံစံကို ဖတ်ကြည့်ဖော်ကောင် မရဘူး၊ ကျွန်မက သက်သေအဖြစ် လက်မှတ်ထိုးနေတော့ သူက ရယ်ရယ်မောမောနဲ့ပြောသေး တယ်၊ 'ဆရာမရေ....ကျွန်မတော့ ကမ္ဘာပေါ်မှာ အလှဆုံး ရင်သားတွေကို ပိုင်ဆိုင်ရတော့မှာပဲ'....တဲ့'

'အဲဒီစကားကတော့ ဟာသပဲဗျို့၊ ဂျက်နက်က ဘယ် တော့မှ အဲဒီစကားမျိုး မပြောဘူး'

ဂျယ်ရယ်ဟာတ်ချင်ဆန်က ခပ်ဆတ်ဆတ်စင်ပြော၏။

'သူပြောတာ အဲဒါအကုန်ပဲလား မီးစ်စထရာဘို'



'အဲ....မဟုတ်ဘူးရှင့်၊ သူက ကျွန်မကို ကတိတောင်း သေးတယ်၊ ညနေပိုင်းမှာ သူ့ဦးလေးနဲ့သူ့ ခင်ပွန်းလောင်း လာလို့ရှိရင် ရင်သားခွဲစိတ်ပြုပြင်မှုအကြောင်း ဘာမှမပြော ပါနဲ့တဲ့'

'ဘာဖြစ်လို့လဲလို့ ခင်ဗျားက မေးသေးလား'

'မမေးဘူး၊ သူ့အရပ်အမောင်းနဲ့ယှဉ်ရင် သူ့ရင်သား တွေက သေးနေတယ်လေ၊ ဒီတော့ ရင်သားအသစ်တွေဟာ သူ့ရဲ့ မင်္ဂလာလက်ဖွဲ့ ဖြစ်မှာပဲလို့ ကျွန်မက ယူဆလိုက်တာ ကိုး....'

ဂျယ်ရယ်ဟာတ်ချင်ဆန်သည် နှလုံးရောဂါဖြစ်ပြီး ပုံလျက် လဲတော့မလို ဖြစ်သွား၏။ သူက စကားပြောခွက် နားသို့ နီးအောင် ခါးကိုင်းကာ....

'ခုပြောနေတာ ဂျယ်ရယ်ဟာတ်ချင်ဆန်ပါ၊ ခွဲစိတ်မှုနဲ့ ပတ်သက်လို့ ကျုပ်တို့ကို မပြောပါနဲ့လို့ ခင်ဗျားကို မှာတဲ့ သူဟာ ဒေါက်တာကန်း မဟုတ်ဘူးဆိုတာ သေချာရဲ့လား'

ဟု မေးလိုက်၏။

'အို....မဟုတ်ပါဘူး'

အယ်လင်စထရာဘို မဆိုင်းမတွဖြေသည်။

'အဲဒီတုန်းက ဒေါက်တာကန်း ပြန်သွားပြီရှင့်၊ ဒါပေ မယ့် ကျွန်မ သတိထားမိတာ တစ်ခုတော့ရှိတယ်၊ လူနာကို ဦးနှောက် လျှပ်စစ်တိုင်းစက်နဲ့ ဆက်သွယ်ထားတုန်း ဆိုတော့ ဒေါက်တာကန်းက ကျွန်မကိုမှာသွားတယ်၊ သူမကြာမကြာ တွေ့နေရတဲ့ 'သီတာ'လှိုင်းတွေ ပိုပြီးပေါ်လာမလားဆိုတာ

ဂရုစိုက်ကြည့်လိုက်ပါတဲ့၊ အဲဒီစကားတွေပြောနေတဲ့အချိန်မှာ 'သီတာ'လှိုင်းတွေ မှတ်တမ်းတင်စက်ပေါ်မှာ အများကြီး ပေါ်နေတယ်ရှင့်'

'ကျေးဇူးပဲ မီးစ်စထရာအို'

မိုက်ကပြောပြီး အသံချဲ့စက် ခလုတ်ကိုပိတ်လိုက်၏။

'အဲ့ဒီ သီတာလှိုင်းဆိုတာတွေက ဘာသဘောလဲ'

ဂျယ်ရယ်ဟတ်ချင်ဆန်က သိသယဖြင့်မေးလိုက်၏။

'ကျွန်တော်တို့ မကြာမကြာ ဆိုသလို ဦးနှောက် လျှပ်စစ်တိုင်းစက်ပေါ်မှာ ပုံမှန်မဟုတ်တဲ့ လှိုင်းတွေကို တွေ့တွေ့နေရတယ်၊ ဒါတွေဟာ ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်သွားတဲ့အတွက် ဖြစ်ပေါ်ခဲ့တဲ့ဖောက်ပြန်မှုတွေထဲက အကြွင်းအကျန်ကလေးတွေ ဖြစ်မှာပါ'

သည်လျှောက်လဲချက်ကို ဟိုလူနှစ်ယောက် လက်ခံနိုင်ပါစေဟု သူ ဆုတောင်းသည်။ သို့သော် သည်လျှောက်လဲချက်သည် သူ့ စိတ်ထဲမှာ ပုံပေါ်နေပြီဖြစ်သည့်ယူဆချက်နှင့်တော့ တခြားစီဖြစ်နေ၏။

'ခင်ဗျားနဲ့ သူနာပြု ဆရာမဟာ တစ်ကျိတ်တည်း တစ်ဥာဏ်တည်းဆိုတာ သိသာပါတယ်'

ဟတ်ချင်ဆန်က ပြော၏။ မိုက်က ဒေါသကို ထိန်းထားလိုက်ရသည်။ တော်တော်ကြီး ကြိုးစားပြီး ထိန်းထားလိုက်ရသည်။



'မီးစ်ဘတ်ဟာ စိတ်လှုပ်ရှားနေပုံရတယ်လို့ သူပြောတာ ခင်ဗျားကြားတယ် မဟုတ်လား၊ အဲဒါဟာ လက်မှတ်နှစ်ခု မတူတဲ့အကြောင်းရင်း ဖြစ်နိုင်တာပေါ့'

'ကျွန်တော် လက်မခံဘူး'

လက်ရေးပါရဂူကြီးက မထင်မှတ်ဘဲ ဝင်ပြောသည်။

'ကွာခြားမှုတွေက ခင်ဗျားပြောတာလောက်ထက် ပိုပြီး ဆိုးနေတယ်'

'အဲ့ဒါဆို ကွာခြားချက်တွေကို ကျွန်တော့်ကိုပြ၊ အစွပ်စွဲခံရတဲ့ လူဟာ သက်သေ အထောက်အထားကို ကိုယ်တိုင်စစ်ဆေးကြည့်ခွင့် ရှိတယ်'

'မိုက်...မောင်ရင့်ကို ဦးဘယ်လိုမှ စွပ်စွဲနေတာ မဟုတ်ဘူးနော်၊ ဦးအနေနဲ့ ပြောရရင်တော့ မောင်ရင်ရှင်းပြတာဟာ လုံလောက်နေပါပြီ'

ဂျော့စတန်းဖီးကပြောသည်။ သို့သော် ဂျယ်ရယ်ဟတ်ချင်ဆန်က....

'ကျွန်တော့် အတွက် မလုံလောက်ဘူး၊ ဒီတော့ ဆက်ပြောပါ ဆရာကြီး'

ဟု ကန့်ကွက်သည်။

လက်ရေးပါရဂူက အထောက်အထားပြ စာရွက်သုံးရွက်ကို တစ်ခုနှင့်တစ်ခု ပူးကပ်ထားသည်။ ပြီးတော့ မှန်ဘီလူးကို မိုက်အားပေးလိုက်၏။

'ပထမ ခွင့်ပြုလွှာကို လေ့လာကြည့် ဒေါက်တာ၊ ထိုးသွားတဲ့ လက်မှတ်ဆွဲပုံဟာ တိကျတယ်၊ ရဲတယ်ဆိုတာ တွေ့

ရလိမ့်မယ်၊ ဂျေစာလုံးကြီးဆွဲပုံကညက်တယ်၊ အချိုးအစားညီတယ်၊ အေအသေးလေးနဲ့ အန်အသေးလေး ဆွဲထားပုံကပုံစံကျတယ်၊ အီးအသေးလေးနဲ့ တီးအလေးလေးကို တစ်ဆက်တည်း ဆွဲထားတယ်၊ ဘတ်ဆိုတဲ့ နာမည်မှာပါတဲ့ စာလုံးတွေလဲ ဒီအတိုင်းပဲ၊ အထူးသဖြင့် လက်မှတ်တစ်ခုမှာ ကေစာလုံး အသေးလေးက မပီမသဖြစ်နေတတ်တယ်'

'ကျွန်တော် တွေ့ပါတယ်'

'အဲ....နောက်ဆုံးခွင့်ပြုလွှာပုံစံကိုကြည့်၊ ဂျေစာလုံးကြီး ရေးပုံက ပထမခွင့်ပြုလွှာမှာလို လက်ရေးပုံစံမဟုတ်ဘဲ ပုံနှိပ်စာလုံးပုံစံ ဖြစ်နေတယ်၊ အန်အသေးလေးနဲ့ အီးအသေးလေး ကြားမှာ ပြတ်နေတယ်၊ နောက်ပြီး တီအသေးလေး ရေးပုံက ကွဲပြားနေတယ်၊ မစ္စတာစတန်းဖီးဆီကိုရေးတဲ့ စာမှာကော ပထမ ခွင့်ပြုလွှာမှာကော သူ့နာမည်ရဲ့ နောက်ဆုံးက တီကလေး ရေးပုံကိုကြည့်၊ တီကို ဖြတ်ဆွဲတဲ့ တုတ်ချောင်းကလေးဟာတိုတယ်အလျားလိုက်တည့်တည့်ဆွဲတယ်၊ နောက်ဆုံး ခွင့်ပြုလွှာပေါ်က လက်မှတ်မှာ ကျတော့ တီကလေးကို ဖြတ်ဆွဲတဲ့တုတ်ချောင်းဟာ နှစ်ဆလောက်ပိုရှည်နေတယ်၊ ပြီးတော့ ဆွဲပုံက ခပ်ထောင်ထောင် ဖြစ်နေတယ်'

'ဒီတော့ ဆရာကြီးရဲ့ ကောက်ချက်က ပုံစံ နှစ်ရွက်ကို လူနှစ်ယောက်က လက်မှတ်ထိုးထားတယ်လို့ ဆိုလိုတာပေါ့၊ ဟုတ်လား'

မိုက်က မေးလိုက်၏။



'ယုတ်စွအဆုံး လက်ရေးနှစ်မျိုးနဲ့ လက်မှတ်ထိုးတယ်ဗျာ၊ သက်သေအထောက်အထားက အငြင်းပွားစရာ မရှိဘူး၊ အဲ့ဒါကို တရားရုံးမှာ ထွက်ဆိုဖို့လဲ ကျွန်တော့်ဘက်က အသင့်ပဲ'

'မောင်ရင့်ကို စော်ကားတယ် လို့တော့ မယူဆနဲ့နော် မိုက်၊ ဒါပေမယ့် တာဝန်မဲ့ ကုသမှုနဲ့ တရားစွဲခံရရင် ထက်မြက်တဲ့ရှေ့နေတွေထဲက ဘယ်ရှေ့နေမဆို မလွဲမသွေ မေးမယ့် မေးခွန်းတစ်ခု ရှိနေတယ် မိုက်'

ဂျော့စတန်းဖီးက ဣန္ဒြေကြီးတစ်ခွဲသားဖြင့် ပြောသည်။

'အဲဒီလို မေးခွန်းမျိုးတွေ မေးတာကို ခံရမယ့် အနေအထား ဖြစ်နေပါပြီ ဦး၊ ဒီတော့ မေးသာမေးပါ'

မိုက်က စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်၏။

'အယ်လင်စထရာဘိုနဲ့မောင်ရင်နဲ့ ဘယ်လောက်ထိရင်းနှီးသလဲ'

'ကျွန်တော်နဲ့သူ သုံးလေးကြိမ်လောက် ချိန်းပြီး အပြင်ထွက်လည်ဖူးတယ်၊ ကျွန်တော့် ခွဲစိတ်ကုသခတနင့်တပိုးကြီးရအောင် မီးစ်စထရာဘိုက ကူညီပြီး ခွင့်ပြုလွှာပုံစံကို အတုလုပ်တာလားလို့ မေးတာဆိုရင်တော့မဟုတ်ဘူးလို့ ဖြေရပါမယ်၊ တကယ်လို့ အဲ့ဒီနေ့က ပုံစံနှစ်စောင်ကို လူနှစ်ယောက်က လက်မှတ်ထိုးခဲ့တယ် ဆိုရင် အဲဒီလူနှစ်ယောက်ဟာ ကိုယ်ခန္ဓာ တစ်ခုတည်းမှာ ပူးကပ်နေတာ'

မိုက် ရုတ်ခြည်း စကားရပ်လိုက်၏။ ပြီးတော့ လက်ရေးပါရဂူ လိုင်ဘိုဝစ်ဘက်သို့ လှည့်လိုက်၏။

'အဲဒါပဲ အဖြေဖြစ်ရမယ်၊ဆရာကြီး အဲဒီအမှုမျိုး ကြုံဖူးလား၊ လူတစ်ယောက်တည်းက လူနှစ်ယောက် ဖြစ်နေတာမျိုးလေ'

'အဲဒီနှစ်ယောက်ရဲ့ လက်ရေးတွေဟာ အယ်အခါမှာမဆို တူညီနေသလား'

'ဟင့်အင်း၊ လက်ရေးနှစ်ခုကတော်တော်ခြားနားတယ်၊ ဒီစာနှစ်စောင်လိုပေါ့'

'အဲဒါပဲဗျ၊ အဲဒါက ပြဿနာတစ်ရပ်လုံးကိုဖြေရှင်းလိုက်တာပဲ'

မိုက်က အောင်မြင်ဝင့်ကြွားစွာ ပြောလိုက်၏။

'ဂျက်နက်ဟာ စိတ် ကယောင်ချောက်ချား ဖြစ်တဲ့ လက္ခဏာ၊ ဒါမှမဟုတ် ကိုယ်ရည်ကိုယ်သွေး ဖောက်ပြန်တဲ့ လက္ခဏာတွေ တစ်ခါမှမပြခဲ့ဖူးတာကလွဲလို့ပေါ့၊ဟုတ်လား၊ အဲဒီကိစ္စကို တရားရုံးမှာ လျှောက်လဲတဲ့အခါ ခင်ဗျား တော်တော်ကြီး ဒုက္ခတွေ့လိမ့်မယ်နော့'

ဂျယ်ရယ်ဟတ်ချင်ဆန်က ကန့်ကွက်စကားဆို၏။

'ဦးခေါင်းမှာ ဒီလောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီး အသက်မသေဘဲ ရှင်ကျန်နေတဲ့ လူနာတစ်ယောက်အတွက် ဒီလျှောက်လဲချက်ကို တင်ရတာ ဒုက္ခ မရောက်နိုင်ပါဘူး၊ မီးစ်ဘတ်မှာမျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေးရှိတဲ့ လက္ခဏာတွေ ပြနေတယ်လို့ ဒေါက်တာ ရန်းဒေါမက်ကာသီက ယူဆထားပါတယ်'

'မက်ကာသီ....ဟုတ်လား၊ လာပြန်ပြီလား ဒီမက်ကာသီ'



ဂျယ်ရယ်ဟတ်ချင်ဆန်က ဒေါ်ကြီးမောကြီး ပြော၏။

'မောင်ရင် ဘာတွေပြောနေတာလဲ မိုက်'

ဂျော့စတာန်းဖီးက မေးသည်။

'လူနာကို မက်ကာသီ လာကြည့်ပေးဖို့ ကျွန်တော်က မေတ္တာရပ်ခံခဲ့တဲ့အကြောင်း ဦးတို့ကို ကျွန်တော်ပြောပြခဲ့....'

'ဟုတ်ပါတယ်၊ဦး မှတ်မိပါတယ်၊ ဒါပေမယ့်ပြုပြင်ခဲ့စိတ်မှု မပြုသင့်ပါဘူးလို့ အကြံပြုရလောက်အောင် မူလဒဏ်ရာရဲ့ နောက်ဆက်တွဲရောဂါတွေ မရှိပါဘူးလို့ သူပဲ ပြောခဲ့တယ် မဟုတ်လား'

'အဲဒီအချိန်တုန်းက မျိုးပေါင်းစုံ ကိုယ်ရည် ကိုယ်သွေး ဖြစ်ပေါ်မှုလဲ မရှိခဲ့ပါဘူး ဦး၊ ဒါပေမယ့် ရင်သား ခွဲစိတ်ပြုပြင်ပေးဖို့ မေတ္တာရပ်ခံမှုနဲ့ပတ်သက်ပြီး လူနာရဲ့ထူးခြားတဲ့ အမူအကျင့်တွေ အကြောင်း မက်ကာသီကို ဒီနေ့ မနက်ပဲ ကျွန်တော် မေးကြည့်ခဲ့တယ်၊ ဒီတော့ သူက ကိုယ်ရည်ကိုယ်သွေး နှစ်မျိုး ယာယီဖြစ်ပေါ်လာလို့ အဲဒီလို ဖြစ်တာပါလို့ ပြောပြပါတယ်'

'ဒါဆိုရင်တော့ ဂျက်နက်ကို မက်ကာသီက ဆက်ပြီး လေ့လာကြည့်ဖို့ လိုအပ်နေပြီပေါ့၊ ပြီးတော့ မှတ်တမ်းတင်ထားဖို့ အစီရင်ခံစာ တစ်စောင်ပါပေါ့'

'အဲဒီလိုလုပ်လို့ ဘာအကျိုးရှိမှာလဲ၊ သူက ကန်းပြောသလိုပဲ ပြောမှာပေါ့၊သိတယ်မဟုတ်လား၊ဆရာဝန်တွေဟာ တစ်ယောက်ကိုတစ်ယောက် ဆန့်ကျင်ပြီး ထွက်ဆိုချက်မပေးဘူးဆိုတာ ....'

ဂျယ်ရယ် ဟတ်ချင်ဆန်က ဒေါ်သတကြီး ဝင်ပြော၏။ ဒျော့စတန်းဖီးက ဂျယ်ရယ်ဟတ်ချင်ဆန် ရှည်ရှည်ဝေးဝေး ဆက်မပြောနိုင်မီ....

'ဂျက်နက်ကို မြန်နိုင်သမျှအမြန်ဆုံး စမ်းသပ် စစ်ဆေးပေးဖို့ မက်ကာသီကို မောင်ရင် ပြောပေးနိုင်မလား'

ဟု မိုက်အား မေးသည်။

'ရပါတယ်၊ သူ မနက်ဖြန်လောက်ဆို ကြည့်နိုင်မှာပါ'

ဂျယ်ရယ် ဟတ်ချင်ဆန်က ကန့်ကွက်ဖို့ ဟန်ပြင်သည်။ သို့သော် စတန်းဖီး၏ မာထန်သော အာဏာသံကြောင့် တန့်သွားသည်။

'တော်စမ်း ဂျယ်ရယ်၊ ငါတို့ ဒေါက်တာကန်းကို တစ်နေ့တာအတွက် ဒုက္ခပေးသင့်သလောက် ပေးပြီးပြီ'

☆

၂၁။

ဂျက်နက်ဘတ်၏အခန်းရှိသည့်အထပ်သို့ရောက်တော့ ခြောက်နာရီ ထိုးခါနီးနေပြီ။ အယ်လင်စထရာဘိုသည် သူနာပြုစားပွဲတွင် ထိုင်ပြီး အလုပ်လုပ်နေသည်ကို တွေ့ရ၏။ ရွှေဝါရောင်ဆံပင်နှင့် ထောင်ထောင်မောင်းမောင်း သူငယ်မသည် ဖျတ်လတ်သည်။ လန်းဆန်း တက်ကြွသည်။ အမှုထမ်းတွေထဲတွင် လူချစ်လူခင် ပေါသည်။အထူးသဖြင့် ဖိုသတ္တဝါတွေကသူ့ကို ပိုပြီး ချစ်ကြသည်။

'ဆရာ....စောစောလေးက မေးတဲ့ ခွင့်ပြုလွှာပေါ်မှာ ကျွန်မ သက်သေအဖြစ် လက်မှတ်ထိုးတဲ့ကိစ္စတွေက ဘာတွေလဲ ဆရာရဲ့၊ ဆရာ ပြဿနာများ တက်နေလို့လား'

'ခွင့်ပြုလွှာနှစ်စောင်ပေါ်က လက်မှတ်တွေဟာ မတူဘူးလို့ လက်ရေးပါရဂူတစ်ယောက်က ပြောနေလို့'

'အဲဒီစာရွက်ပေါ်မှာ မီးစ်ဘတ် လက်မှတ်ထိုးတာကို ကျွန်မ တွေ့တယ်၊ ပြီးနောက်ပြီး လက်မှတ်ထိုးတာ သူကိုယ်တိုင်ပဲ ဆိုတာလဲ ကျွန်မ သိတယ်၊ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ တစ်စုံတစ်ယောက်ကို ရှင် ကြည့်နေတယ်၊ ရှင်ကြည့်နေတာ ဘယ်သူဘယ်ဝါလဲဆိုတာလဲ ကောင်းကောင်းသိတယ်၊ အဲဒီ-နောက် ရုတ်တရက်ဆိုသလို ရှင် ကြည့်နေသူဟာ တခြား တစ်ယောက်ဖြစ်နေတာကို တွေ့ရတယ်၊ အဲဒီလို ဖြစ်သွားတာ ရှင့်'

'ဘယ်ပုံဘယ်နည်းနဲ့ တခြား တစ်ယောက် ဖြစ်သွားတာလဲ'

'ရှင်းပြရတော့ တော်တော်ခက်သား၊ ဒါပေမယ့် သူ့လေသံ၊ သူ့ လှုပ်ရှားမှုတွေ၊ သူ့ မျက်လုံးတွေထဲက အရိပ်....'

'တယ်လီဖုန်းထဲမှာတုန်းက 'အောက်ကျစ်တဲ့အကြည့်' လို့ ခင်ဗျား ပြောခဲ့တယ်လေ'

'သူ ကြည့်ပုံကြည့်နည်းက အဲဒီအတိုင်းအတိအကျပဲ၊ သူ့ မျက်လုံးတွေက အရောင်တောက်နေတယ်၊ ပြီးတော့ သူနဲ့ ပတ်သက်တာတွေ အကုန်လုံး တစ်နည်းတစ်ဖုံ ပြောင်းလဲနေတယ်'

'ဟိုနေ့က သူ့အခန်းထဲက ထွက်ခါနီးမှာ ကျွန်တော် ကို ပြုံးခေါ်ပြီး ရင်သားခွဲစိတ်မှု လုပ်ပေးဖို့ ပြောတုန်းက ကျွန်တော်လဲ အဲဒီလို ပြောင်းလဲမှုတွေကို သတိထားခဲ့မိတယ်'



'ဒုဇာဇိယာ ခွဲစိတ်ကုသမှုဟာ သူ့အတွက်လိုအပ်တယ်ဆိုတာ ဘုရားသခင် သိပါတယ်၊ အဲ့ဒါကို သူက ဘာလာပြီးရစ်နေရတာလဲ'

'သူက ရစ်တာလို့တော့ အတိအကျမပြောနိုင်ဘူး၊ အဲဒီနေ့ကသူ့ အမူအရာတွေနဲ့သူ့ သွင်ပြင်ကိုခင်ဗျားမြင်တဲ့အတိုင်း ဆေးမှတ်တမ်းမှာ ရေးလိုက်သေးလား'

သူနာပြုဆရာမက ခေါင်းကို ယမ်းခါ၏။

'ရေးစရာအကြောင်းရှိမယ် မထင်ဘူးလေ၊ အထူးသဖြင့် သူ့ဦးလေးနဲ့ ဟိုဟိုတစ်လုံး ဟန်တစ်လုံး သေနာကောင်ခင်ပွန်းလောင်းကိုတောင် ဘာမှမပြောပါနဲ့လို့ သူက မှာထားတဲ့နောက် မရေးသင့်ဘူးထင်တယ်လေ၊ ဒါ့ထက် ခွင့်ပြုလွှာပုံစံပေါ်မှာ သူလက်မှတ်ထိုးနေတော့ ကျွန်မ သူ့ကို စေ့စေ့ စိုက်ကြည့်နေခဲ့တယ်၊ အဲ့ဒီအချိန်မှာ သူဘယ်သူလဲဆိုတာ ကျွန်မသေသေချာချာ သိပါတယ်'

'အဲ့ဒီအချိန်တုန်းက သူဘယ်သူဖြစ်နေတယ်ဆိုတာကို ခင်ဗျားကော ကျွန်တော်ကော မသိတာလဲ ဖြစ်ချင်ဖြစ်နေမှာပေါ့'

ဟုမိုက်တွေး၏။ ပြီးတော့ မိုက်က ဆေးမှတ်တမ်းစာရွက်ကို ကောက်ယူပြီး ဂျက်နက်ဘတ်၏ အခန်းရှိရာအက်သို့ လျှောက်သွားသည်။

ဂျက်နက်သည် ခုတင်ပေါ်တွင် ကိုယ်တစ်ပိုင်းထောင်ပြီး လဲလျောင်းနေသည်။ သူသည် စားပွဲပုကလေးပေါ်မှမှန်နှ ဆင်စွယ်ရိုးတပ် ဓက်မင်တီးကိုသုံးပြီး ခေါင်းဖြီးဖြီးစပဲ နှ

သေးသည်။ စားပွဲပုကလေးပေါ်ရှိ ကြည့်မှန် နံဘေးတွင် ဂျော်ဟူသော ရွှေရောင်စာလုံးနှစ်လုံးထိုးထားသည့် ဘီးတစ်ချောင်းကို တွေ့ရ၏။

'နေရထိုင်ရသက်သာရဲ့လား'

'သက်သာသလိုပါပဲ၊ ဒါပေမယ့် အရမ်းအားနည်းနေတယ်၊ ရေအိမ်ကိုသွားဖို့ ခုလေးပဲ မီးစ်စထရာဘိုက လိုက်ပို့ပေးရတယ်၊ ကျွန်မအင်အားနဲ့ ကျွန်မဆိုရင် သွားနိုင်မှာမဟုတ်ဘူး'

'ကျွန်တော်တို့ ခင်ဗျားကိုသွေးသွင်းပေးတဲ့ပမာဏထက်များတဲ့သွေးတွေကို ခင်ဗျားဆုံးရှုံးခဲ့တယ်လေ၊ ဒါပေမယ့် ခင်ဗျားကြောင်စာထက်မကစားနိုင်သောက်နိုင်လာတဲ့အခါကျ အားအင်တွေ ပြန်ပြည့်လာမှာပေါ့'

အမျိုးသမီးက သူ့လက်ပတ်နာရီကို ကြည့်လိုက်၏။

'ဒီနေ့လူနာတွေလျှောက်ကြည့်ဖို့ရှင်နောက်ကျတယ်နော်'

'ခင်ဗျာ့ဦးလေးနဲ့ ရုံးခန်းမှာ ခင်ဗျားနဲ့ ပတ်သက်တဲ့ဆွေးနွေးပွဲတစ်ခုကို တက်ခဲ့ရတာဗျ'

'ကျွန်မနဲ့ပတ်သက်လို့ဟုတ်လား၊ ဘာဖြစ်လို့လဲ'

သူ့ကြည့်ရတာအမှန်တကယ်ပင်အံ့အားသင့်နေဟန်ရှိ၏။

'ရင်သား ခွဲစိတ်ပြုပြင်မှုခွင့်ပြုလွှာပေါ်မှာ ခင်ဗျားလက်မှတ်ထိုးခဲ့တာ မဟုတ်ဘူးဆိုတဲ့အကြောင်းကို ခင်ဗျာ့ခင်ပွန်းလောင်းက သက်သေထူနေတာဗျ'

'ဪ....ဂျယ်ရယ်....ဂျယ်ရယ်၊ ကျွန်မတို့နှစ်ယောက်အတူရှိနေတိုင်း သူက ကျွန်မကိုနောက်တန်းမှာထားဖို့ အမြဲ ကြိုး



စားခဲ့တာပါရှင်၊ ဒါပေမယ့် ကျွန်မသာ ရှင်ပြောသလို လှလာမယ်ဆိုရင်.... သူဟာ အဖြည့်ခံလူပဲ ဖြစ်တော့မယ်လို့ တွေးတယ် ထင်ပါရဲ့'

'အဲဒီလိုဖြစ်တာကို ခင်ဗျားမစိုးရိမ်ဘူးလား၊ အိမ်ထောင်ရေးအတွက် အခြေခံတစ်ခုအနေနဲ့လေ'

'အဲ့ဒီအကြောင်းကို ကျွန်မအရင်က တစ်ခါမှမစဉ်းစားမိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက အရမ်းတက်ကြွ ထက်မြက်တဲ့ လူရှင့်၊ ဒီတော့ အဖြည့်ခံနေရာက နေရမှာကျွန်မပဲလို့ တွက်ထားတာကိုး၊ အင်း....ဒါပေမယ့် ခုတော့'

စကားရပ်လိုက်၏ ပြီးမှ ဆက်ပြောသည်။-

'ခုဆို ခွဲစိတ်ပြုပြင်မှုကို လုပ်ပေးပြီးပြီရှင်၊ ရလာတဲ့ရလဒ်ကိုလဲ ကျွန်မကနှစ်သက်တယ်ရှင်၊ ဒီတော့ ကျွန်မလက်မှတ်ထိုးထိုး မထိုးထိုး ဘာထူးတော့မှာမို့လို့လဲ'

'အဲဒီတုန်းက ဒုတိယပုံစံပေါ်မှာ ခင်ဗျားလက်မှတ်ထိုးတာကို မီးစ် စထရာဘိုလဲ ကြည့်နေသားပဲ၊ ဒါပေမယ့် ပထမလက်မှတ်နဲ့ မတူဘူးဆိုတာကိုလဲ သတိမထားမိလိုက်ဘူး'

'ဘယ်လိုမတူတာလဲ'

သူယူလာသည့် စာအိတ်အညိုကြီးထဲတွင် ခွင့်ပြုလွှာမိတ္တူ တွေပါသည်။ နောက်ပြီး ဒေါက်တာရန်း ဒေါမက်ကာသိ ကြည့်ချင်လျှင် ကြည့်ဖို့ဆိုပြီး ဂျော့စတန်းဖီးက ထည့်ပေးလိုက်သည့် လက်ရေးပါရဂူ လိုင်ဘိုဝစ်၏ အစီရင်ခံစာတစ်စောင်လည်းပါသည်။ မိုက်က အဆိုပါ စာရွက်များကို ထုတ်ပေးသည်။

'လက်ရေးပါရဂူ၏ အစီရင်ခံစာကိုဖတ်ကြည့်၊ ဘယ်နေရာတွေကို ကြည့်ရမယ်ဆိုတာ သိထားရင် ခြားနားချက်တွေကို ကြည့်ရမယ်ဆိုတာ သိထားရင် ခြားနားချက်တွေ ပိုပြီး လွယ်လွယ်နဲ့ တွေ့နိုင်တယ်'

'အဲဒီခြားနားချက်တွေကို ကျွန်မတွေ့ပြီးပါပြီ၊ ကြည့်ရတာ ကျွန်မလက်မှတ်ကို ထစ်ယောက်ယောက်က အတုထိုးဖို့ ကြိုးစားထားသလိုပဲ၊ ထိုးထားတာလဲ တော်တော်သေသပ်တယ်ရှင့်၊ မတူတာလေး နည်းနည်းပါးပါးကလွဲရင် ကျွန်မတောင် ကိုယ့်လက်မှတ်ပါပဲလို့ ယုံမိမှာပဲ'

'မတူတာလေးတွေ ပြောပါဦး'

'ချက်နက်မှာပါတဲ့ ဂဏန်းစာလုံး၊ တစ်ခုက လက်ရေးဆိုတယ်၊ ကျွန်မ ရေးပုံအတိုင်းပဲ၊ နောက်တစ်ခု ကျတော့ ပုံနှိပ်စာလုံးဆန်တယ်၊ ထိပ်မှာ အညွန့်ကလေးဆွဲထားတယ်၊ လင်းတောလ်မင်းရေးလေ့ရှိတဲ့ဂျေမျိုးပဲ၊ အေတို့၊ အီးတို့နဲ့ တခြားစာလုံးတွေလဲ မတူဘူး'

'အဲဒါတွေအကုန်လုံးကို လက်ရေးပါရဂူက သူ့အစီရင်ခံစာထဲမှာ ထည့်ရေးထားတယ်'

ချက်နက်က ပုံစံစာရွက်ကို ကြည့်နေရာမှ မော့ကြည့်သည်။

'ဒီတော့ အဲဒါက ဘာအဓိပ္ပာယ်လဲ'

'ရင်သားခွဲစိတ်ပြုပြင်ဖို့ ကျွန်တော့်ကိုပြောတာကိုခင်ဗျား ဘကယ်ပဲ သတိမရဘူးဆိုရင်'



'ကျွန်မကတော့ ကျွန်မရင်ဘတ်မှာစည်းထားတဲ့ မျှော့ပတ်တီးကြီးအကြောင်း ရှင့်ကိုမေးမိတဲ့အချိန်အထိ ရှင်ခွဲစိတ်ထားတာကို မသိခဲ့ဘူး'

သူ့လေသံမှာ မိုက်အတွက် တကယ်ပင် စိတ်မကောင်းဖြစ်နေဟန်ရှိ၏။ သို့သော် သူ့ကိုကြည့်နေရင်းဖင် သူသည် အလန့်တကြားဖြစ်စရာကောင်းလောက်အောင် ပြောင်းလဲသွားသည်ဟု မိုက်ထင်လိုက်၏။သူသည် ရုတ်တရက် အခြားသူတစ်ဦး ဖြစ်သွားသည့်နှယ်။ သူ့အား ခွဲစိတ်ကုသမှုမပြုမီ တစ်ရက်က မြင်တွေ့ခဲ့ရသည့် မျှော်လင့်ခြင်းကင်းမဲ့သော အရောင်တောက်တောက်ကို သူ့မျက်လုံးတွေထဲတွင် ရုတ်တရက် ပြန်လည်မြင်တွေ့နေရပြန်ပြီ။ စကားပြောသောအခါ အသံလည်း ပြောင်းနေသည်။ အက်တက်တက်ရှတတအသံ။ ဟိုတုန်းက အတိုင်းပါပဲ။သူ့အမူအရာတွေမှာ မိုက်အခန်းထဲသို့ ဝင်လာခါစတုန်းက အမူအရာများနှင့်မတူတော့။ နေ့နှင့်ညကွာခြားသလို ကွာခြားနေ၏။

'ဟေး'

ရုတ်တရက် မြူးတူးတက်ကြွလာသည့် လေသံမျိုးဖြင့် ဟစ်ကြေးလိုက်၏။

'ကျွန်မ ရှင့်ကိုတရားစွဲလို့ရတယ်နော်၊ မဟုတ်ဘူးလား'

'ခင်ဗျားစွဲချင်ရင် စွဲလို့ရတာပေါ့'

မိုက်က ခပ်တင်းတင်းပြန်ပြောသည်။

'ဒါပေမယ့် ကျွန်တော်မလိမ်....'

'ဟေ့လူ၊ ကျွန်မ ရှင့်ကို ချစ်ခြုံကျသွားအောင်လုပ်နိုင်တယ်နော၊ တစ်နေရာရာမှာတော့ သူ....အဲ့....ကျွန်မရဲ့ရှင်ဟာ ဘယ်လောက်ပြားချပ်နေတယ်ဆိုတာကို သက်သေပြနိုင်တဲ့ ဓာတ်ပုံတွေရှိမှာပဲ၊အဲဒီဓာတ်ပုံတွေကိုအထောက်အထားပြပစ္စည်း 'အေ'အနေနဲ့ပြမယ်၊ပြီးတော့ ရှင်ပြုပြင်ပေးထားတဲ့ ရင်သားအသစ်ရဲ့ပုံကို အထောက်အထားပြပစ္စည်း'ဘီ'အနေနဲ့ပြမယ်၊ ဒါဆိုရင် တရားသူကြီးအဖွဲ့က ရှင့်ကို နေရာမရွေ့စေဘဲ တစ်ထိုင်တည်းအပြစ်ပေးလိုက်မှာ သေချာပေါက်ပဲ'

'ခွဲစိတ်ပြုပြင်မှုရဲ့အဖြေတွေကိုမှ ခင်ဗျား မတွေ့ရသေးဘဲကိုး....'

မိုက်က သတိပေးသည်။

'ကျွန်မရဲ့အရေပြားအောက်မှာ ရှင်ထည့်ပေးတဲ့ အိတ်အတုတွေ....ဘယ်လိုခေါ်တယ်'

'အစားထိုးပစ္စည်းတွေ'

'အင်း၊ ဘာတွေပဲဖြစ်နေဖြစ်နေလေ....အဲဒါတွေ ထည့်ထားတော့ ကျွန်မဟာ သံဆည်ကိုယ်ကျပ်ကြီးတွေဝတ်ထားသလို ခံစားရမှာပေါ့'

'ဆီလီကွန်အဆီခဲဟာ ရင်သားအသားမျှင်တွေလိုပဲ နူးညံ့ပါတယ်၊ အဆီခဲထည့်ထားတဲ့ ပလတ်စတစ်အိတ်ကို အရမ်းညှစ်မကြည့်လိုက်တော့ အစားထိုးပစ္စည်းတွေထည့်ထားတယ်ဆိုတာ မသိရပါဘူး'

'ရှင် ကျွန်မကို ဘယ်အရွယ်အစားလုပ်ပေးလိုက်လဲဟင်'



'သုံးဆယ့်ခြောက်ဘီခွက်အရွယ်လေ'

'တော်တော်ရက်ရောတယ်နော်၊ မဟုတ်ဘူးလား'

သူ့အသံသည် စောစောကအတိုင်း စူးရှရှပင်ဖြစ်၏။ သို့သော် ခုတော့ သရော်လှောင်ပြောင်သံကလေးပင် စွက်လာပြန်သည်။

'ကျွန်မသာ ရှင့်ကိုတရားစွဲရင် ရှင့်စကားနဲ့ကျွန်မစကားအနိုင်လုရမှာပဲ၊ ဒါပေမယ့် တရားသူကြီးတစ်ဦးဟာ မိန်းမတစ်ယောက်ရဲ့စကားကိုယုံမှာပဲ....အထူးသဖြင့် ရှင်ထည့်ပေးထားတဲ့ ဆီလီကွန်အိတ်တွေကို ပြလိုက်ရင်ပေါ့ရှင်'

'ခွင့်ပြုလွှာပေါ်မှာ ခင်ဗျားလက်မှတ်ထိုးတာကို မီးစ်စထရာဘိုက သက်သေခံထားတယ်ဆိုတာ ခင်ဗျားမေ့နေတယ်ထင်ပါရဲ့'

မိုက်က မာမာထန်ထန်ပြော၏။ သို့သော် အမျိုးသမီးက ရယ်နေသည်။ စောစောကအတိုင်း ညစ်ကျယ်ကျယ် သရော်တော်တော် လေသံ။

'ရှေ့နေကောင်းတစ်ယောက်ဟာ သူ့ရဲ့ ထွက်ဆိုချက်ကို တစ်စစီဆွဲဖြဲပစ်လိုက်မှာပေါ့၊ရှင် ဒီကိုမလာခင်တစ်ညနေလုံး သူက ကျွန်မကိုထိန်းထားတာရှင့်၊ သူက ရှင့်အကြောင်းတွေပြောနေတာကလား၊ သူက ရှင့်ကို အရူးအမူး ဖြစ်နေတာ မိုက်ရေ၊ ရှင်ကသာခေါ်မယ်ဆိုရင်လေ...သူက ဘယ်ကိုပဲဖြစ်ဖြစ် လိုက်မှာရှင်ရဲ့၊ဒီတော့ ကျွန်မရဲ့စကားကိုနားထောင်၊ သူ့ကိုခေါ်ထုတ်ပေတော့၊သူက အကောင်းစားကြီးပါ'

မိုက် ခုခိုငြင်းပယ်စကားမပြောနိုင်မီမှာပင် မျက်နှာကြီး နီမြန်းသွားခြင်းက အမှန်တရားကိုပေါ်သွားစေ၏။ ထိုအခါ ခုတင်ပေါ်မှမိန်းကလေး၏ စူးရှရှရယ်မောသံ လွင့်ပျံလာပြန်သည်။ သည်ရယ်သံကား အသံကြွားသတ်ချင်ပါစေဟူသော ဆုတောင်းပြည့်သည့် နားကြားပြင်းကတ်စရာ ရယ်သံဖြစ်၏။ သည်ရယ်သံကိုကြားရတော့ မိုက် ကျောထဲစိမ့်ပြီး တုန်သွားသည်။

'ဟော…ကြည့်၊ ကျွန်မ ရှင့်ကိုတုန်လှုပ်သွားအောင်လုပ် လိုက်နိုင်ပြီ မဟုတ်လား'

အောင်မြင်ဝင့်ကြွားစွာ ကြွေးကြော်လိုက်၏။

'ဘယ်လုပ်နိုင်လိမ့်မလဲဗျာ၊ ကျွန်တော် ဒီ့ဒီလောက် မအုံးပါဘူး'

သူက စိတ်ကသိကအောက်ဖြစ်နေသည့်လေသံကို ဖုံးကွယ်ဖို့ ကြိုးစားမနေတော့။

အမျိုးသမီးက သူ့အား ခဏတာမျှ မှိန်းမှိန်းဆဆကြည့်နေသည်။ ကြည့်ပုံကြည့်နည်းက ရဲတင်းလွန်းလှသည်။ မြူဆွယ်နှိုးဆွလွန်းလှသည်။ သည်အကြည့်က မိုက်၏လည်ကုပ်နှင့် ကျောပြင်တစ်လျှောက်တွင် ကြက်သီးဖမ္ဗးညင်းများ ထောင်ထသွားစေ၏။

'ဟုတ်ကဲ့၊ မအုံးပါဘူး၊ ရှင် အဲဒီလောက် မအုံးဘူးလို့ ကျွန်မထင်ပါတယ်၊ ဒါပေမယ့် အဲဒီလောက်အဆီအဝင်းဝင်း ဖြစ်နေတဲ့အသားတုံးကြီးကိုမစားဘူးလို့ငြင်းမယ့်ယောကျ်ား မျိုးလဲ မဟုတ်ပါဘူး'



'ကဲ…ကျွန်တော့်ရဲ့ သွေးသားကိစ္စကိုခင်ဗျားဆွေးနွေးပြီးပြီဆိုရင်…'

'ရှင့်မှာလဲ ပုံမှန်အဖိုဓာတ်စိတ် ရှိတာပါပဲလို့ စွပ်စွဲရုံလောက်နဲ့တော့ စိတ်မတိုပါနဲ့ မောင်မောင်ရယ်'

မိုက် ချာခနဲလှည့်သည်။ တံခါးပေါက်ဆီသို့ သွားသည်။ ကလိသလိုလို ရိသလိုလို ရယ်သံက သူ့နောက်မှ ကပ်လိုက်လာသည်။ အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်မှ ရယ်သံကို မကြားရတော့။ မိုက်၏ရင်ထဲတွင် ဒေါသတွေ ပွက်ပွက်ဆူနေ၏။ သို့သော် သူ ယုံကြည်လို့ကိုမရ။ သူစောစောက နားဆောင်ခဲ့ရသည့် စကားလုံးများ။ သည်စကားလုံးတွေသည် သူ ခွဲစိတ်မှုမပေးမီက သိခဲ့သော ဂျက်နက်ဘတ်၏ နှုတ်ဖျားမှ ထွက်လာသည့် စကားလုံးများမှ ဟုတ်ပါလေစ။

သူနှာပြူစားပွဲသို့ ရောက်သောအခါ လူနာအခြေအနေ ကောင်းကြောင်းကို ဆေးမှတ်တမ်းထဲတွင် ရေးလိုက်၏။ သို့သော် လူနာ၏သွင်ပြင်နှင့် အမူအကျင့်ပြောင်းလဲမှုများကို တွေ့ခဲ့ရကြောင်းကိုမူ ထည့်ရေးမနေတော့။

'ရှင့်ကြည့်ရတာ သိပ် ပျော်ပျော်ရွှင်ရွှင် ရှိပုံ မရပါလား'

အယ်လင်ဗထရောဘိုက ဆေးမှတ်တမ်းကို စာရွက်စာတမ်းစာဗ္ဗဒင်ပေါ်သို့ ပြန်တင်ရင်းပြော၏။

ခင်ဗျား သူ့ကို ကြည့်နေရမ်း…. ကုန်ကုန် ပြောရရင် ခင်ဗျား သူ့ကို စကားပြောနေရင်းကိုပဲ ဘယ်လိုဘယ်လို ဖြစ်

ပြီး အသွင်မတူတဲ့ လူနှစ်ယောက် ဖြစ်သွားတယ်ဆိုတာ ကျွန်တော်ဖြင့် နားမလည်နိုင်လောက်အောင်ပဲ'

'စိတ်ရောဂါကုလူနာဆောင်က ညပိုင်းကြီးကြပ်သူနာပြု ဆရာမနေရာမှာ ကျွန်မက တစ်ပတ်တစ်ကြိမ်နှစ်ကြိမ်လောက် လူစားဝင်ပေးရတယ်၊ အဲဒီမှာ တကယ့်ကို ဩချလောက်တဲ့ ဝေဒနာရှင်နှစ်ယောက် ရှိတယ် ဆရာရဲ့၊ သူတို့ကိုကြည့်လိုက်၊ ခုပဲ နှုတ်ခွန်းချိုသာ ပသီပလာနဲ့ တကယ့်ကိုချစ်စရာ၊ အဲ.... ရှင် သူတို့နဲ့ စကားပြောနေရင်းမှာပဲ လုံးဝဥဿုံအသွင်ခြားတဲ့ လူတစ်ယောက် ဖြစ်သွားပါလေရော၊ အဲဒါ ရှင်ခေါင်း အဖြတ်မခံရအောင်သာ ကြည့်ရှောင်ပေတော့၊ တကယ်လို့ ရှင့်လူနာလဲ စိတ်ဝေဒနာရှင်ဖြစ်ဖို့ အလားအလာ ရှိနေရင် ရှင့်ကို တစ်ခုခု ရူးရူးမိုက်မိုက် မလုပ်နိုင်ခင် စိတ်ရောဂါကု လူနာဆောင်ကိုသာ ပြောင်းထားလိုက်ပေတော့'

'သူ့ကို ခါတိုင်းထက် နည်းနည်းလေးသာ ပိုပြီးဂရုစိုက်ကြည့်လိုက်ပါ၊ တကယ်လို့ နောက်တစ်ကြိမ် တပ်ပြီး ဒုတိယ ရုပ်သွင် ပေါ်လာတယ်ဆိုရင် ကျွန်တော့်ကို အသိပေးပါ'

'သူ့ အမူကျင့်ကို ဆေးမှတ်တမ်းထဲမှာ ရေးမှတ်ထားရမလား ဆရာ'

'ရေးမနေပါနဲ့ဗျာ'

'ကောင်းပါပြီ မိုက်၊ ရှင်ကဆရာဝန်ပဲ'



သို့သော် ညနေပိုင်း ကားကျပ်ကျပ် လမ်းကျပ်ကျပ်ထဲတွင် ကားမောင်းပြီး အိမ်သို့ပြန်လာရင်း မိုက် အတွေးနက်လာသည်။ မက်ကာသီကတော့ ဂျက်နက်ဖြစ်နေသည့်ရောဂါမှာ ကိုယ်ရည်ကိုယ်သွေး နှစ်ထပ်ဖြစ်ခြင်းဟု ဆိုသည်။ သို့မဟုတ်ပါကလည်း နှစ်ကိုယ်ပွားရောဂါဟု ဆိုရမည်။ သည်လိုရောဂါအမည်တပ်ခြင်းကို ဂျော့စတန်းဖိုးက လက်ခံသည်။ သို့အတွက် မိမိအား တရားမစွဲအောင် သူ့တူမကို ဖျောင်းဖျကောင်း ဖျောင်းဖျလိမ့်မည်။ သို့ပေမယ့် မက်ကာသီ၏ အဆိုကို လက်မခံနိုင်သူမှာ ဂျယ်ရယ်ဟတ်ချင်ဆန်ဖြစ်၏။ ခက်သည်မှာ ဂျယ်ရယ်ဟတ်ချင်ဆန်လို ဘဝင်မကျနိုင်သည့် နောက်တစ်ဦးမှာ မိမိကိုယ်တိုင် ဖြစ်နေခြင်းပင်။

လမ်းထိပ်မုန့်ပြားသလက်ဆိုင်မှ ဝယ်လာသည့် မုန့်ပြားသလက်ကို ရေခဲသေတ္တာထဲမှဘီယာတစ်ဘူးနှင့်မျှောချသည်။ ပြီးတော့ ရုပ်မြင်သံကြား အစီအစဉ်ကြည့်ဖို့ အလုပ်ခန်းလည်း ဖြစ်၊ နားနေခန်းလည်းဖြစ်သည့် အခန်းကလေးထဲသို့ ဝင်ခဲ့သည်။ ရုပ်မြင်သံကြားစက်ကို မဖွင့်မီ သူ့မျက်လုံးတွေက စွယ်စုံကျမ်းကြီးပေါ်သို့ ရောက်သွားသည်။ စွယ်စုံကျမ်းစာအုပ်ကြီးမှာ 'အက်ဖရိုဒိုက်'၏ခေတ်ပုံပါသည့်စာမျက်နှာတွင် ဖွင့်ထားဆဲဖြစ်၏။

ချစ်စရာရုပ်တုကလေးကို စူးစူးစိုက်စိုက်လေ့လာကြည့်နေမိ၏။ ထိုသို့စိုက်ကြည့်နေရင်း စိတ်ကူးကလေးတစ်ချက် ကွန့်မြူးလာသည်။ အ[illegible]မဲ့သည့် ရုပ်တု၏မျက်လုံး

တွေထဲတွင် အရောင်တစ်ခု ထင်ဟပ်လာသည်။ ဆိုးသွမ်းကောက်ကျစ်မှုကို ဖော်ကျူးနေသည့် အရောင်။ ညနေကဆေးရုံပေါ်မှ ဂျက်နက်ဘတ်၏မျက်လုံးတွေထဲတွင် မြင်တွေ့ခဲ့ရသည့် အရောင်။

နောက်တော့ ရုတ်ခြည်းပင် စိတ်အာရုံထဲမှအရောင်သည် ပျောက်ကွယ်သွားသည်။ သူ့အကြည့်ကို ရင်ဆိုင်နေရသည်မှာ အချစ်နတ်ဘုရားမကလေးသာ ဖြစ်နေ၏။ လှပသောမျက်နှာနှင့် ရင်သားများကိုပိုင်ဆိုင်သည့် အချစ်နတ်ဘုရားမ၊ အေးစက်မာကျောသော ကျောက်သားကိုထွင်းထုထားသည့် အချစ်နတ်ဘုရားမသာ ဖြစ်နေ၏။

သို့သော်....

ထိုညက မိုက် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင်သူ့ရင်ခွင်ထဲသို့ တိုးဝင်ပူးကပ်လာသည့် အချစ်နတ်ဘုရားမကလေးကတော့ အေးစက်နေခြင်းမရှိ။ မာကျောနေခြင်း မရှိ။ ကျောက်ဆစ်ရုပ်ကလေးလည်း မဟုတ်။ အသက်ရှူနေသည့် မိန်းမတစ်ယောက် ဖြစ်နေသည်။ သည်မိန်းမက ဘယ်သူနှင့်တူသလဲဆိုတော့ ဂျက်နက်ဘတ်နှင့် တူသည်။ မိမိကိုယ်တိုင် မိမိလက်ချောင်းများဖြင့် ခွဲ တိပ်ပြုပြင် အလှဆင်ပေးခဲ့သည့် အနာများ ပျောက်ကင်းသည့်အခါ ဖြစ်ပေါ်လာမည့် ဂျက်နက်ဘတ်၏ ရုပ်သွင်နှင့် တူနေသည်။

နောက်ပြီး....



အိပ်မက်ထဲတွင် မိန်းကလေး၏ ကိုယ်ခန္ဓာသည်နွေးထွေးနေ၏။ မိမိ၏ အထွေးအပွေ့များကို မှတ်မှတ်သိပ်သိပ်တုံ့ပြန်နေ၏။ သူ့နှုတ်ခမ်းများသည် မိမိနှုတ်ခမ်းများအောက်တွင် တပ်မက်ခြင်းဖြင့် ပူလောင်နေ၏။ တစ်စုံတစ်ရာကိုတောင်းဆိုနေ၏။ သည်ဆန္ဒ၊ သည်ရမ္မက်များကိုအချစ်နတ်ဘုရားမအား တည်းကပ် ကိုးကွယ်သူတို့ကသာ ဖြည့်ဆည်းပေးနိုင်လိမ့်မည် ဖြစ်၏။

☆

၂၂။

'ဒီလိုမေးစေ့မျိုး ရှိနေတယ် ဆိုတော့လဲ ဒီလူ ဆိတ်သိုး မုတ်ဆိတ်မျိုးမွေးထားတာ မဆန်းပါဘူး'

ကိုယ်လက်သန့်စင်ခန်းထဲမှ မိုက်က အခန်းချင်းဆက်နေသည့် ခွဲစိတ်ကုသခန်းထဲသို့ လှမ်းကြည့်လိုက်သောအခါ မေ့ဆေးဆရာဝန် ဟဲလ်ပက်ထရီက လှမ်းပြောလိုက်၏။

'ဒီမေးစေ့ကိုထပ်ဖြည့်ဖို့ သူ့နှုတ်သီးကြီးကရတဲ့ အရိုးနဲ့ လုံလောက်ပါ့မလား'

'သူက သူ့နှာခေါင်းကြီးကို ဒီအတိုင်း ထားချင်တယ်တဲ့ဗျ၊ ဒီနှာခေါင်းကြီးက သူ့ကို သိသာထင်ရှားစေတယ်တဲ့'

'ဒီနှုတ်သီးက ခန့်ညားထယ်ဝါတဲ့ နှုတ်သီးကြီးဖြစ်တာတော့ အမှန်ပဲ၊ ဒီနှာခေါင်းကြီးနဲ့ ထောထနေတဲ့ မျက်ခုံး



မွေးတွေ ပေါင်းစပ်လိုက်တဲ့အခါ ဒီလူ မာရိနတ်ထက်နှစ်ဆ ဆိုးတဲ့လူ ဖြစ်သွားနိုင်တယ်နော်'

မိုက် အထိတ်အလန့် ဖြစ်သွားပြီး သူ့လက်ကို ပွတ်တိုက်ဆေးကြောနေသည့် ဝက်မင်ဘီးမှာ သူ့လက်ထဲမှ လွတ်ကျသွားသည်။ ဂျော့စတန်းဖီး၏ ရုံးခန်းထဲတွင်အကြိတ်အနယ် ငြင်းခုံဆွေးနွေးပြီး နောက်နေ့မှာပင် ဒေါက်တာရန်းဒေါ မက်ကာသီက ဂျက်နက်ဘာတ်အား စစ်ဆေးကြည့်ရှုခဲ့သည်။ သူက ဂျက်နက်ဘာတ်သည် ဦးခေါင်းကို ပြင်းစွာထိခိုက်ခံခဲ့ရသဖြင့် မျိုးပေါင်းစုံ ကိုယ်ရည်ကိုယ်သွေး ဖြစ်ပေါ်သည့် ရောဂါကို ယာယီခံစားနေရခြင်း ဖြစ်ကြောင်း ရောဂါအမည်တပ်ခဲ့၏။ သို့ဖြင့် မိုက်မှာ ဂျယ်ရယ်ဟာတ်ချင်ဆန်၏ အန္တရာယ်မှ လွတ်မြောက်ခဲ့ရ၏။

မည်သို့ဖြစ်စေ ဟဲလ်ပက်ထရီ၏ မှတ်ချက်က မေးခွန်းအသစ်တစ်ခုကို ဖော်ထုတ်ပေးလိုက်၏။ သည်မေးခွန်းကား စိတ်ဒုက္ခပေးမည့် မေးခွန်းလည်းဖြစ်၏။ လင်းတောလ်မင်းသည် အပြစ်မဲ့များစွာတို့သေကြအောင် ချီကာဂိုဗုံးဖောက်ခွဲမှုများကို စီစဉ်ညွှန်ကြားခဲ့သူဖြစ်၏။ လင်းတောလ်မင်း၏ မကောင်းဆိုးဝါးဝိညာဉ်သည် ဂျက်နက်ဘာတ်၏ ကိုယ်ခန္ဓာတွင် ဝင်ရောက်ပူးကပ်နေသည်ဟု မိုက်က ယူဆထားသည်။ ယခု သူခွဲစိတ်ဖို့ပြင်ဆင်နေသည့် လူနာသည်လည်း ဂျက်နက်ဘာတ်လို ဖြစ်နေလျှင် ဂျက်နက်ဘာတ်၏ရောဂါကို အမည်တပ်ခြင်းသည် သူ့ရောဂါကို သူပြန်ပြောခြင်းသာ ဖြစ်နေပေတော့မည်။ ဝိညာဉ်ဆိုး၊ သို့မဟုတ် နတ်ဆိုးတစ်ပါး၏ပြဿနာ

များကို ဖြေရှင်းရသည်နှင့်ပင် ဦးနှောက် ခြောက်လှပါပြီ။ ယခုတော့ မိုက်မှာ နတ်ဆိုးနှစ်ပါးနှင့် ဆက်ဆံရမလို ဖြစ်နေပါပြီကော။

လက်များကို ဆေးကြောသန့်စင်ပြီးပြီ။ ခွဲစိတ်ခန်းဝတ်ရုံကို ဝတ်ပြီးပြီ။ ခွဲစိတ်ခန်းလက်အိတ်တွေလည်း စွပ်ပြီးပြီ။ မိုက်က ရန်းဒေါ်မက်ကာသီ လဲလျောင်းနေသည့် ခွဲစိတ်စားပွဲနားသို့ ချဉ်းကပ်သွားသည်။ မက်ကာသီ၏ တစ်ကိုယ်လုံးကို ပိုးသတ်ဝေါ်င်း တင်ထားသည့် အဝတ်စဖြင့် လွှမ်းထားသည်။ တစ်ကိုယ်လုံးတွင် လှတ်သည့်နေရာ နှစ်နေရာပဲ ရှိသည်။ တစ်နေရာက မျက်နှာ။ နောက်တစ်နေရာက လေးလောင့်အကွက်ကလေး လှပ်ထားသည့် ဘယ်ဘက် တစ်ပါးစောင်း။ မေးစေ့တွင်ထပ်ဖြည့်ထိုး အရိုးကို ဘယ်ဘက်တင်ပါးရိုးမှ ထုတ်ယူဖို့ စီစဉ်ထားသည်။

ခွဲစိတ်ကိရိယာကိုစ် သူနာပြုဆရာမက ခရမ်းပြာဆေးရည် တို့ထားသည့်ဂွမ်းဖတ်ကလေးကို မိုက်အားပေးသည်။ မိုက်က သူဓားချက်ပေးမည့် နေရာများကို ခရမ်းပြာဆေးရည်ဖြင့် ဂရုတစိုက် လိုက်ပြီး မှတ်သားလျှာထားသည်။

ပထမဦးစွာ မက်ကာသီ မျက်လုံးများ အောက်ရှိ မို့ဖောင်းနေသော မျက်ရစ်များနေရာတွင် သုံးရက်လ ပုံစံကွေးကွေးကလေးနှစ်ခု မှတ်သားလိုက်၏။ ထို့နောက် မျက်နှာ အသားအရေ တင်းအောင် ခွဲစိတ်ပြုပြင်ရန် အတွက် အမှတ်အသားများ တောင်ပြုလုပ်သည်။ အမှတ်အသားကို နားရွက်အပေါ်ဘက်မှ စသည်။ ပြီးတော့ နဖူးတည့်တည့်



ဆံစနားတွင် နှစ်လက်မရှည်အောင် အရာပေးသည်။ နဖူးမှ တစ်ဆင့် နားရွက်ရှေ့ဘက်ထောင့်အထိဆွဲချသည်။ နားရွက်ရှေ့ဘက်မှ အောက်ခြေအထိ အရာပေး မှတ်သားသည်။ ပြီးတော့ နားရွက် အဖျားသားကို မှ,ပြီး နားရွက်ကို အောက်ဘက်မှ ကွေ့ရစ်ပြီးရေးဆွဲသည်။ ပြီးတော့ နားရွက် နောက်ဘက်မှ လည်ကုပ် တစ်ဝက်ကျော်လောက်ထိ ဆံပင်အတိုင်း ဆက်ပြီးရေးဆွဲသွားသည်။

နောက်တစ်ဆင့်အဖြစ် ပိုးကြိုးအနက်ကလေး ထိုးသားသည့် အပ်သေးသေးတစ်ချောင်းကိုယူပြီး နားရွက်အောက် များ အသားကို ထိုးဖောက်လိုက်၏။ ထို့နောက် နားအလယ်ပိုင်းတွင် တစ်ပေါက် ထပ်ဖောက်ပြီး ကြိုးထိုးထားသည်။ သည်ကြိုးနှစ်ချောင်းသည် သူ အလုပ်လုပ်နေစဉ် အတွင်း အရေပြားကို ဆွဲထားရန်ဖြစ်ပြီ, အလုပ်ပြီးလျှင် ပြန်ဖြုတ်ပစ်မည်ဖြစ်၏။ သူက မက်ကာသီ၏ခေါင်းကို တစ်ဖက်သို့စောင်းပြီး ကျန်နားတစ်ဖက်တွင်လည်း စောစောကအတိုင်းပြုလုပ်သည်။

ထို့နောက် တင်ပါးရိုးနေရာတွင် ဓားချက်သေးသေး ပေးပြီး အထဲမှ တင်ပါးရိုးကို တစ်လက်မလောက် ထုတ်ယူသည်။ ထိုအရိုးကို စိတ်ရှည်လက်ရှည်ပုံသွင်းသည်။ ပြီးတော့ မက်ကာသီ၏ အောက်နှုတ်ခမ်းကို ဆွဲလှန်သည်။ ရှေ့ဘက် အောက်သွားများ၏ အခြေရှိ အာငေ်ရပါးကို ခွဲလိုက်သည်။

သူက ပေါ်လာသည့် အသားမျှင်များကို အောက်ဘက်သို့ ဂရုတစိုက်ပြန်ထိုးထည့်သည်။ သို့မှ အဆိုပါအသား

မျှင်များက မေးစေ့အရိုးကို ပြန်အုပ်ထားနိုင်မည် ဖြစ်၏။ ထိုသို့ ပြင်ဆင်ပြီးသည်နှင့် သွင်းထားသည့်အရိုးကို မေးစေ့နေရာတွင် တပ်ဆင့်တပ်ပေးသည်။ သို့ဖြင့် သူ့ လူနာသည် ယခင်က မရှိခဲ့သည့် ပုံမှန်မေးစေ့ အရွယ်အစားကို ရသွားလေသည်။

ထို့နောက် ခွဲထားသည့် အရေပါးကိုချုပ်ပြီး ဒဏ်ရာကို ပိတ်လိုက်၏။ ထို့နောက် ခွဲစိတ်ကုအဖွဲ့သားအားလုံး ဝတ်ရုံအသစ်များ၊ လက်အိတ်အသစ်များ လဲလှယ် ဝတ်ဆင်ကြသည်။ ယခုအခါ သူတို့အားလုံး အဓိက ခွဲစိတ်ပြုပြင်မှု အပိုင်းကို ဆောင်ရွက်ဖို့ အသင့်ဖြစ်နေကြပြီ။

မိုက်က ခွဲစိတ်ဓားဆီသို့ ပြန်သွားသည်။ ပထမဦးစွာ ညာဖက်မျက်လုံးအောက်ဘက်၊ သူ တေးမှတ်ထားသည့်အရာ အတိုင်း ကွေးကွေးကလေး ခွဲသည်။ တေးမှတ်ထားသည့် မျဉ်းကွေးအတွင်းမှ အရေပြားကို ခွာထုတ်သည်။ မျက်လုံး အောက်ဘက်ရှိ ကြွက်သား များတွင် ကပ်တွယ် နေသည့် အဆီအိတ်များကို ခြစ်ထုတ်ပစ်သည်။

ပြီးတော့ အရေပြားကို ချုပ်ရိုး သေးသေးကလေးများ ဖြင့် ဂရုတစိုက် ပြန်ချုပ်ပေးသည်။ ထိုအခါ မက်ကာသီ၏ ညာဘက် မျက်လုံးအောက်မှ ဖောင်းအိနေသော မျက်ရစ် ကြီး မရှိတော့။ ဘယ်ဘက် ခြမ်းကိုလည်း ထိုနည်းအတိုင်း ခွဲစိတ်ပြုပြင်ရာ မိနစ်အနည်းငယ်မျှဖြင့်ပြီးစီးသွားလေသည်။

'မျက်လုံးတွေ အောက်မှာရှိတဲ့ အသားမျှင် အပိုတွေနဲ့ အဆီတွေကို ပထမဖယ်ထုတ် လိုက်တယ်'



မိုက်က ခွဲစိတ်ကုသမှုအဖွဲ့သားများနှင့် ကြည့်စင်ပေါ်မှ လေ့လာသူ အနည်းငယ်ကို ရှင်းပြသည်။

'ဘာဖြစ်လို့လဲဆိုတော့၊ 'ရှင်တီဒိုပလာစတီ'လို့ ခေါ်တဲ့ မျက်နှာ အသားအရေတင်းအောင် ပြုပြင်ခွဲစိတ်ကုသမှု ပြီး သွားရင် ခွဲစိတ်ထားတဲ့ အရေပြားတွေကို ပြန်ပြီး ချုပ်ရ မယ်၊ အဲဒီလို ချုပ်တဲ့အခါ ချုပ်ရိုးတစ်လျှောက် နည်းနည်း လေး တင်းနေတတ်တယ်၊ အဲဒီလို ချုပ်ရိုး တင်းနေရင် အရေပြားကို ဆွဲစေ့ဖို့ အခက်အခဲ တွေ့ရတတ်လို့ပဲ'

မိုက်က ခွဲစိတ်ဓား အသစ် တစ်ချောင်းကို ကိုင်သည်။ မျက်နှာ ညာဘက်ခြမ်းတွင် အရာပေးထားသည့် ခရမ်းပြာ မျဉ်းကြောင်းအတိုင်း အရေပြားကို ခွဲချသွားသည်။ သူနှင့် သူ့လက်ထောက်တို့က ခွဲလိုက်သည့် အရေပြား အနားစွန်း တစ်လျှောက်တွင် ဆယ်နေရာလောက် ပိုးကြိုးဖြင့်ဖျောက်ပြီး ချည်ထားသည်။ မိုက်က ၎င်းကြိုး များကို ကိုင်ပြီး အရေ ပြားကို နားခေါင်းဘက်သို့ ဆွဲလှန်သည်။ ကတ်ကြေး သေး သေးလေးဖြင့် အရေပြားကို အောက်ဘက်ရှိ မျက်နှာပြင် ကြွက်သားများနှင့် ကွာအောင် ခွာထုတ်သည်။

သူ့လက်ထောက်က သွေးထွက်သည့်နေရာများတွင် သွေး ကြော ညှပ်ကလေးများဖြင့် လိုက်ညှပ်ပြီး သွေးတိတ်အောင် လုပ်သည်။ သွေးကြောညှပ်ကလေး ခြောက်ခုလောက်ဖြင့် ညှပ်ပြီးသောအခါ သွေးကြောများကို လျှပ်စစ်ဓားကလေး ဖြင့် လိုက်ပိတ်သည်။ ဤသို့ဖြင့် မေးရိုးအောက်ဘက် လည်

ပင်းတွင် လည်စလုတ်အထိ နောက်ဘက်တွင် လည်ကုပ်အထိ အရေပြားကို ခွဲသည်။ လှန်သည်။ အသားတွေထဲက အဆီပိုတွေ ရှိနေလျှင် ခြစ်ထုတ်သည်။

'ကဲ….အခု အခက်ဆုံးအပိုင်းကိုရောက်ပြီ၊ အရေပြားကို ဘယ်အတိုင်းအတာအထိ ဖြတ်တောက်ပစ်မလဲဆိုတာ ဆုံးဖြတ်ရတော့မယ်'

ညှပ်ကြီးတစ်ချောင်းကို အသားများနှင့် ကင်းကွာနေသည့် အရေပြားအောက်သို့ သွင်းသည်။ အရေပြားအစပ်ကို နားရွက်ဆီသို့ မယူသည်။ အရေပြား အနေတော်ကလေး တင်းသွားသောအခါ ပိုနေသည့် အရေပြားများကို ကတ်ကြေးဖြင့်ညှပ်ထုတ်ပစ်လိုက်၏။ ထို့နောက်တော့ အရေပြားအနားတစ်လျှောက်ကို အနက်ရောင် ပိုးကြိုးကလေးများဖြင့် လိုက်ချုပ်သည်။ နောက်ဆုံး ချုပ်ချက်ကို ချုပ်ပြီးမှ မိုက်ခေါင်းမော့နိုင်သည်။ ပြီးတော့ နာရီကို မော့ကြည့်သည်။

'မိနစ်လေးဆယ်ကြာတယ်၊ ကျွန်တော် ပညာသွားသင်ခဲ့တဲ့ ဘဲလ်ဗျူးဆေးရုံက ပါရဂူ ကာဗိုဇာဆိုရင် ဒီခွဲစိတ်မှုမျိုးကို မိနစ်နှစ်ဆယ်နဲ့ ပြီးအောင်လုပ်နိုင်တယ်'

'ခင်ဗျား သူ့လောက်အတွေ့အကြုံများလာရင် ခင်ဗျားလဲ အဲဒီလောက်တော့ မြန်လာမှာပေါ့'

ပက်ထရိုက အားပေးသည်။

'မျက်နှာ ဟိုဘက်ခြမ်းကျရင် ဒီ့ထက်မြန်လာမယ် ထင်ပါရဲ့'



မျက်နှာဘယ်ဘက်အခြမ်းကို ခွဲစိတ်ပြုပြင်ပြီး ခွဲစိတ်စားပွဲနားမှ မိုက် ခွာလိုက်သောအခါ ခွဲစိတ်မှုအစအဆုံး မိနစ်သုံးဆယ်ပဲကြာသည်ကိုတွေ့ရ၏။ လေ့လာသူများ၏ ပွဲကြည့်စင်ဖက်ဆီမှ သြဘာပေးသံ ခပ်တဲ့ သဲ့ ထွက်ပေါ်လာသည်။

'သူ့ကို သီတင်းခြောက်ပတ်အချိန်ပေးရမယ်၊ သုံးပတ်က အနာတွေကျက်ဖို့၊ နောက် သုံးပတ်က သွေးခဲညိုညိုတွေ ပျောက်ဖို့၊ ဒါမှနှုကို အသားအရေအတိုင်း ပြန်ဖြစ်သွားမှာ၊ အဲဒီအခါကျ သူဟာ အနည်းဆုံး ဆယ်နှစ်လောက် နုပျိုသွားလိမ့်မယ်၊ အဲဒီထက်တောင် ပိုချင်ပိုဦးမယ်'

မိုက်က လက်အိတ်များကို ချွတ်ရင်းပြောပြသည်။

'အဲဒါမှ သူ့အကျင့်နဲ့ ကိုက်ညီသွားမယ်'

ခွဲစိတ်ကိရိယာများကို ထိန်းသိမ်းသည့် သူနာပြု အရာမလေးက ပြောသည်။

'မနှစ်က သူပို့ချတဲ့ သင်တန်းတစ်ခုကို ကျွန်မ တက်ဖူးတယ်လေ၊ သူ့အကိုင်အတွယ်ကို မခံရဘဲ သူ့ရုံးခန်းထဲက ပြန်ထွက်လာရတဲ့ မိန်းကလေးဆိုရင် သိပ်ကံကောင်းတဲ့ မိန်းကလေးလို့ ဆိုရမယ်'

'ဒါမှမဟုတ် ကံဆိုးတယ်လို့လဲ ပြောလို့ရပါတယ်'

အခြား သူနာပြု အရာမကလေးတစ်ယောက်က ဝင်ပြောသည်။

'အဲဒီသင်တန်းမှာ မင်းဘယ်အဆင့်နဲ့ အောင်သလဲဆိုတာ ဘယ်လောက် အကိုင်အတွယ် ခံသလဲဆိုတဲ့အပေါ်မှာ တည်နေတယ်ဆိုတာ လူတိုင်းသိပါတယ်ကွာ'

'ဒါနဲ့ မေးရဦးမယ် မီးစ်စကားလက်၊ ညည်းက ဘယ် အဆင့်နဲ့ အောင်ခဲ့သလဲ'

တဲလ်ျက်ထရီက မသိကျိုးကျွံ ဟန်ဖြင့် မေးလိုက်သည်။

'ကျွန်မ ဘီနဲ့ အောင်တယ်လေ'

သူနာပြု ဆရာမကလေးက ဝန်ခံသကားဆို၏။ ထို့နောက် ဟက်ခနဲ ရယ်မောလျက်....

'ကျွန်မသာ သိပ်ပြီး အကဲမဆတ်ခဲ့ရင် ကျွန်မ 'အေ' အဆင့်နဲ့ အောင်မှာရှင့်'

ဟု ပြောလိုက်လေသည်။

* * *

မိုက်ကဲ လိုအပ်သည့် ညွှန်ကြားချက်များကို လူနာ၏ ဆေးမှတ်တမ်းထဲတွင် ရေးပေးခဲ့၏။ ထို့နောက် ရေချိုးသည်။ အဝတ်အစားလဲသည်။ပြီးတော့ ဂျက်နက်ဘတ်၏အခန်းဘက်သို့ ထွက်လာသည်။ မြို့ပြင်တွင် ရုံးပိတ်ရက် နှစ်ရက်တာ နားနေခဲ့ပြီး ဟိုနေ့ညက အိပ်မက်လည်း မက်ထားတော့ ဂျက်



နက်ဘတ်၏ အခန်းထဲသို့ ဝင်ဖို့ပင် ရှုံတွန့်တွန့် ဖြစ်နေသည်။ သို့သော် ဂျက်နက်ဘတ်ကို ခုတင်နံဘေးရှိကုလားထိုင်တစ်လုံးတွင် ထိုင်ပြီး စာဖတ်နေသည်ကို တွေ့ရသဖြင့် တော်သေးသည်။ ဆံပင်ကို နောက်ဘက်တွင် ဖဲကြိုးဖြင့် စုချည်ထားသည်။ မျက်လုံးထဲတွင် ထူးခြားသော အရောင်တစ်မျိုး လင်းလက်နေပြီး မထီတရီ သရော်တော်တော် သတ္တဝါမလေးမဟုတ်ဘဲ နဂို ဂျက်နက်ဘတ်ဖြစ်နေသည်ကိုတွေ့ရသဖြင့် မိုက် ဝမ်းသာသွားသည်။ မျက်နှာပေါ်တွင် ယောင်ယမ်းမှုဟူ လျော့လာသည်နှင့်အမျှ မိန်းကလေး၏ မျက်လုံးများသည် ပို၍....ပို၍ လှလာသည်ကို မိုက် သတိထားမိ၏။

'ကျွန်တော်တို့ မိတ်ဆွေကြီး ဒေါက်တာ မက်ကာသီကို ခုပဲ မျက်နှာခွဲစိတ်ပြုပြင်မှု လုပ်ပေးခဲ့တယ်'

'ကျွန်မ သိတယ်၊ သူလဲ ဒီအထပ်မှာပဲလေ၊ မနေ့ညက သူရောက်လာပြီး ပြောပြတယ်၊ ရှင်က သူ့နှာခေါင်းက အရိုးတွေကို ထုတ်ပြီး တိုနေတဲ့ မေးစေ့မှာဖြည့်ဖို့ ပြောတဲ့ အကြောင်းလဲ ပါတယ်'

'သူက သူ့နှတ်သီးကြီးကို ဒီအတိုင်းထားဖို့ဆုံးဖြတ်လိုက်တယ်လေ၊ ဒါနဲ့ သူ့မေးစေ့မှာ ဖြည့်ဖို့ တင်ပါးရိုးကနေ ဖြတ်ထုတ်ပေးလိုက်တယ်'

'ကျွန်မရဲ့ မေးရိုး အပေါ်ခြမ်းကို ရှင် လုပ်ပေးသလို လား'

'အကြမ်းဖျဉ်းအားဖြင့် အတူတူပါပဲ၊ သူ့ကို ခင်ဗျား ဘယ်လိုသဘောရသလဲ'

'မနေ့ညကတော့ သူကြည့်ရတာ တော်တော် ရည်ရည်မွန်မွန်ပါပဲ၊ ကျွန်မတို့ အစကပြောတာကတော့လင်းတောလ်မင်း အကြောင်းပါပဲ၊ လင်းတောလ်မင်းဟာ ဘာကြောင့် အဲဒီလိုဖြစ်ရတယ်ဆိုတာ သူက ရှင်းပြတယ်လေ'

'ဟုတ်လား၊ သူက ဘာကြောင့်တဲ့လဲ'

'လင်းတောလ်မင်းဟာ စိတ်ရောဂါဆန်သူလို့ သူကထင်တယ်၊ ဒီ မိန်းကလေးဟာ မွေးလာကတည်းက ပိုင်းခြားဝေဖန်တတ်တဲ့စိတ်၊ ဒါမှမဟုတ် ကိုယ်ကျင့်တရားမရှိခဲ့ဘူးတဲ့၊ သူ့ရဲ့ အကျင့်စရိုက်တွေဟာ သူ့ရဲ့ ယဉ်ဘဝ အနေအထား ကြောင့် ပိုပြီး ဆိုးလာတယ်တဲ့၊ သူ ပြောတာတွေက ကျွန်မ လင်းအကြောင်းသိထားတာတွေနဲ့ သွားပြီးကိုက်ညီနေတယ်၊ သူ့ဘဝအကြောင်း သူကိုယ်တိုင် ကျွန်မကို ပြောပြခဲ့တာတွေ လေ'

'သူဟာ ဘယ်လိုမှ ထွက်ပေါက်မရှိဘဲ ဒီအတိုင်း ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ ဘဝမျိုးနဲ့ တူပါတယ်၊ အဲဒီနောက်မှာတော့ ဘာအကြောင်းမှမရှိဘဲ တော်လှန် ပုန်ကန်နေတဲ့သူ တစ်ယောက် ဖြစ်လာတာပေါ့'

'အိုး....လင်းမှာ အကြောင်းတရားရှိတာပေါ့ရှင်၊ သူက သူ့လို မတွေးမမြင်တဲ့လူ မွန်သမျှကို မုန်းတီးတော့တာရှင့်'



'ခင်ဗျားကတော့ အဲဒီလို မတွေးတတ်တာ သိသာပါတယ်၊ သူက ဘာဖြစ်လို့ ခင်ဗျားကို ယုံကြည်အားထားတယ်လို့ ထင်လဲ'

'တကယ်တမ်းပြောရရင် ကျွန်မတို့နှစ်ယောက်က တချို့နေရာတွေမှာ တော်တော်တူတယ်ရှင့်'

မိုက်က မိန်းကလေးအား အလန့်တကြား ကြည့်လိုက်၏။

ပထမပိုင်းပြီး။

(ဒုတိယပိုင်း ကို ဆက်လက် ဖတ်ရှုပါရန်)

ပင် ချစ်စရာကောင်းနေသည်။ သည်တော့ မိုက်က မေးရိုး အပေါ်ခြမ်းကိုကော အောက်ခြမ်းကိုပါ ချိတ်ကောက်တစ်ခုစီ တပ်သည်။ ချိတ်ကောက်များကို သွားများနှင့် တွဲချည်သည်။

ပြီးတော့ အပေါ်ချိတ်နှင့် အောက်ချိတ်ကို သားရေကွင်းများဖြင့် တွဲလိုက်သည်။ ထိုအခါ အောက်မေးရိုးကို အပေါ်ဘက်သို့ ဆွဲတင်ပြီး အပေါ်မေးရိုးနှင့်ကပ်နေစေပြီးသား ဖြစ်သွား၏။

'ရုပ်ပြင်ခွဲစိတ်ကု ဆရာဝန်တွေ ခု ခင်ဗျား လုပ်သလို မေးစပ်ထိန်းကိုက်ပြီး ခွဲစိတ်နေတာ တွေ့ရတိုင်း ကျွန်တော်တော့ ကျောစိမ့်မိတယ်၊ ဒါပေမယ့် ခင်ဗျားတို့လက်ချက်ကြောင့် ဖြစ်ပေါ်လာတဲ့အနာတွေမှာ တစ်ခါမှ ရောဂါပိုးဝင်ပုံ မရဘူး၊ တခြား ခွဲစိတ်ကုဆရာဝန်တွေလဲ ရောဂါပိုးသတ်ပြီး သန့်သန့်ရှင်းရှင်း ခွဲကြစိတ်ကြတာပဲ၊ ဒါပေမယ့် အဲဒီအနာတွေကျ ရောဂါပိုးဝင်တာကို တော်တော်များများ တွေ့ရတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲ'

ဟဲလ်ပက်ထရီက မေးသည်။

'အကြောင်းတစ်ခုက မျက်နှာပြင်တစ်ခုလုံးဟာ သွေးအလျှံပယ်ရနိုင်တဲ့နေရာ ဖြစ်လို့ပဲ၊ နောက်အကြောင်း တစ်ခုကတော့ ကျွန်တော်တို့ သူ့ကို နောက်ထပ်ငါးရက် ဆက်တိုက်၊ ဒါမှမဟုတ် လိုရင်လိုသလို ရက်တိုးပြီး ပင်နီဆီလင် အသားဆေး ထိုးပေးမယ်လေ'

မိုက်က ရှင်းပြသည်။



'အဲဒါကတော့ အတော့်ကိုလှပတဲ့ ပြန်လည်ပြုပြင်မှု လက်ရာပဲ ဒေါက်တာကန်း'

ဒေါက်တာဆီဘတ်စတီယံ၏ အသံသည် အသံချဲ့စက်ထဲမှ ဟိန်းထွက်လာ၏။ လေ့လာသူများအတွက် သတ်မှတ်ပေးထားသော ကြည့်စင်တွင် မရှင်းလင်းသည်များကို မေးမြန်းနိုင်ရန် စကားပြောခွက် တပ်ဆင်ထားပေးသည်။

'ဒီနည်းကို နောက်တစ်ကြိမ် ရိုက်မယ့် ငါ့စာအုပ်ထဲမှာ သေချာပေါက် ထည့်ပေးရတော့မယ်ကွ'

'ကျေးဇူးတင်ပါတယ် ဆရာ'

မိုက်က လက်အိတ်နှင့် ဝတ်ရုံအသစ် လဲလှယ်ဝတ်ဆင်ရန် ခွဲစိတ်စားပွဲမှ ခွာရင်း ပြောလိုက်၏။

'ကာယကံရှင်က ရင်သားခွဲစိတ်ပြုပြင်မှုလဲလုပ်ချင်တယ်လို့ ပြောပါတယ်၊ အဲ့ဒီခွဲစိတ်မှုကို ခု ကျွန်တော် ပြုလုပ်ပြီးတာနဲ့ တစ်ဆက်တည်းလုပ်ရမလား ဆရာ'

'ဒေါက်တာပက်ထရီက လူနာရဲ့အခြေအနေ ကောင်းတယ်လို့ပြောရင် တစ်ခါတည်းဆက်မလုပ်ဖို့ အကြောင်းမရှိပါဘူး၊ မင်း နယူးယောက်က သင်လာတဲ့ချိုင်းအောက် ခွဲစိတ်နည်းကို သုံးမှာလား'

ဌာနမှူးက မေးသည်။

'ကျွန်တော် အဲဒီနည်းကိုသုံးဖို့ စီစဉ်ထားပါတယ်'

'ဒါဆို လူနာမှာ နောက်တစ်ခါ ခွဲစိတ်ခံရမယ့် ဒုက္ခနဲ့ ကင်းသွားတာပေါ့၊ ငါ့ကိုကြည့်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေကွာ'